http://www.thevoicemyanmar.com

SILVER STAR
FASHION SHOP

# The VOICE Weekly




Vol.12 / No.34

Monday, September 19 - 25, 2016



# ခွပ်ဒေါင်းနှင့် ဗျာလ မဆုံသောလမ်း

**ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီး**

**အမေရိကန် – နိုင်ငံခြားရေး ပေါ်လစီ ကွေ့ကြီးငါးကွေ့**
စာ 17

**အမေရိကန်ခရီး ဤသို့မြင်သည်**
စာ 35

**အမေရိကန်ကို ဘာရောင်းကြမလဲ**
စာ 13

**အောက်အဆင့်များအတွက် မွဲဆေး – မြစ်ဖွားနာ စီးပွားရေး**
စာ 14

**လူသားတို့ အန္တရာယ်အရှိဆုံးအကောင်**
စာ 36

**မန်းစည်ပင် ကော်မတီဝင်လောင်း ပြိုင်ပွဲ**
စာ 24



# Contents


## EDITORIAL
20 ကိုဗီအာနန်၊ ရခိုင်ပြဿနာနှင့် သတိပြုစရာ အစွဲ

## FEATURE
10 ပြည်သူ့ဝန်ကို ထမ်းသည်လော





## PERSPECTIVE
19 ရခိုင်ပြည်နယ် ပြဿနာဇာစ်မြစ်နှင့် ဖြေရှင်းမှုပုံသဏ္ဌာန်များ






ရေလိုင်းကြားက မီးအိမ်ရှင်

## SOCIETY
16 မန္တလေးက သုတဘဏ်

## ENVIRONMENT
34 မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် အတုယူစရာ

## INTERVIEW
8 "မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးအသိုက်အမြုံထဲကို ပိုပြီးတိုးဝင်လာတာနဲ့အမျှ အင်္ဂလိပ်စာတတ်မြောက်မှုကလည်း ပိုပြီးလိုလာမှာပါ"




Peace Corps Myanmar Facebook

www.thevoicemyanmar.com Like us on


**The VOICE Weekly**

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Chief Editor**
Kyaw Min Swe

**Deputy Chief Editor**
Zeya Thu

**Editor in-Charge**
Thu Rein Hlaing@Khunn Thu

**Managing Editor**
Kyaw Naing

**Contributor**
Nathan Maung

**Senior Executive Editors**
Khine Cho Zaw Win Tin, Zin Zin Thaw, Mya Hnin Aye

**Proof Editor**
U Nine Bu

**Photo Editor**
Moe Kyaw Lwin

**Foreign Affairs**
Aung Nyein Chan

**Editors**
Moe Khine, Zin Marlar Htay@Green, Aung Myint Htun, Naw Ko Ko, Ye Naing Oo

**Special Correspondent**
Online Wunna

**Senior Reporters**
Sid Nyein Thu

**Graphic Editors**
Hein Tint, Ei Mon Kyaw

**Reporters**
Aung Myo Htet, Ohmar Lwin, Naing Lin Aung, Ya Lay, Khine Khine

**Editorial Assistant**
Swe Nyein Aye, Chan Nyein Phyu, Su Eindray Oo

**Photographer**
Tun Tun Myint

**Mandalay**
Myat (Kalay)











# ခွပ်ဒေါင်းနှင့် ဗျာလ - မဆုံသောလမ်း

**The Voice**

ရခိုင်ပြည်နယ်အရေးအပေါ် NLD အစိုးရ၏လုပ်ဆောင်ချက်ကို ရခိုင်အမျိုးသားပါတီ (ANP) က ဆက်တိုက်ကန့်ကွက်နေသည်။

NLD အစိုးရက ဖွဲ့စည်းသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ANP က ကန့်ကွက်သည်။

ယင်းကော်မရှင်ကို ပြည်တွင်းက တတ်သိပညာရှင်များဖြင့်သာ ဖွဲ့စည်းရန် ANP က ပြည်သူ့လွှတ်တော်တွင် အရေးကြီး အဆိုတင်သည်။ ပြည်နယ်လွှတ်တော်တွင်မူ ကော်မရှင်ကို အသိအမှတ်မပြုကြောင်း အရေးကြီးအဆိုတင်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကြီးစိုးသည့် ပြည်သူ့လွှတ်တော်က အဆိုကို အတည်မပြုသော်လည်း ANP ကြီးစိုးသည့် ပြည်နယ်လွှတ်တော်တွင် ကန့်ကွက်သူမရှိအတည်ပြုလိုက်သည်။ NLD ပါတီနှင့် ANP ပါတီတို့အကြားတင်းမာမှုမှာ ယခုမှအစပြုခြင်း မဟုတ်ပေ။

လက်ရှိ အာဏာရပါတီဖြစ်သည့် NLD နှင့် ရခိုင်ပြည်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအများစု အနိုင်ရသော်လည်း ပြည်နယ်အစိုးရအဖွဲ့ကို ဦးဆောင်ခွင့်မရခဲ့သည့် ANP တို့ကြား တင်းမာမှု ဇာတ်ရှိန်မှာ မြင့်သထက် မြင့်လာခြင်းသာ ဖြစ်သည်။

## ၁။ ပြည်နယ်အစိုးရ ဖွဲ့စည်းရေး

ပြည်နယ်အစိုးရ ဖွဲ့စည်းရေးမှာ ပါတီနှစ်ခုကြား ဆက်ဆံရေးကို အနုတ်လက္ခဏာဆောင်စေခဲ့သည်။





ဓာတ်ပုံ-အောင်မြင့်ထွန်း

ပြည်နယ်တွင် လွှတ်တော်ကိုယ်စားလှယ် အများစုအနိုင်ရသည့် ANP ပါတီက ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့ခွင့်ရရမည်ဟု သဘောထားထုတ်ပြန်သည်။ မရလျှင် အတိုက်အခံအဖြစ် ရပ်တည်မည်ဟုလည်း ဆိုသည်။ NLD ပါတီကလည်း အစိုးရဖွဲ့စည်းရေးကို လက်မလွှတ်ခဲ့ချေ။ ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းဟု အကြောင်းပြသည်။

ပါတီနှစ်ခုကြား တင်းမာမှုမှာ ယင်းအချိန်က အစပြုခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတကသာ ပြည်နယ်ဝန်ကြီးချုပ်ကို အဆိုပြုနိုင်သဖြင့် ပြည်နယ်လွှတ်တော်တွင် ANP က နေရာအများစုအနိုင်ရသော်လည်း အစိုးရဖွဲ့ခွင့်မှာ သမ္မတကို တင်မြှောက်နိုင်သည့် NLD လက်ထဲတွင်သာရှိသည်။ ANPကိုအစိုးရဖွဲ့ခွင့်ပေးလိုလျှင် ပေးနိုင်သည်။

NLD အစဉ်တစိုက် ရပ်တည်လာခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုမူအရ ပြည်နယ်တွင် ကိုယ်စားလှယ်အများဆုံးရသည့် ပါတီကသာ ဝန်ကြီးချုပ်နေရာယူကိုယာ အစိုးရအဖွဲ့ကို ဦးဆောင်ခွင့်ရရမည်ဟု ANP ပါတီက ပြည်နယ်အစိုးရမဖွဲ့ရသေးမီ သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြည်နယ်အစိုးရဖွဲ့စည်းရေးနှင့် ပတ်သက်၍ NLD ပါတီက ဆွေးနွေးရန် ဆန္ဒရှိလျှင် ဆွေးနွေးမည်ဟု ANP ပါတီက ကြေညာချက်တွင် ထိပ်ဆုံးက ထည့်သွင်းထားခဲ့သည်။

"ဝန်ကြီးချုပ်ကို ရအောင် ယူမယ်လို့ပြောတာ မဟုတ်ပါဘူး။ အဓိက ငါတို့ကို အသိအမှတ်ပြုပြီးတော့ ဆွေးနွေးဖို့လိုလားတာ။ သူတို့ (NLD) က အသိအမှတ်မပြုဘူး" ဟု ANP ပါတီမှ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးဖေသန်းကပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရန် ရက်ပိုင်းအလိုက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD ပါတီမှ ခေါင်းဆောင်များနှင့် ANP မှ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် အစိုးရဖွဲ့စည်းရေး သီးသန့်မဆွေးနွေးဖြစ်။ တစ်ပတ်အတွင်း ပြန်တွေ့ကာ ပြည်နယ် အစိုးရဖွဲ့စည်းရေး ဆွေးနွေးမည်ဟု NLD ပါတီက ကတိပေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရန် ANP ပါတီမှ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်အပါအဝင် သုံးဦးကို ရွေးချယ်ထားသော် လည်း NLD က တွေ့ဆုံရန် ထပ်မံပြောဆိုခြင်း မရှိခဲ့တော့ကြောင်း ANP ပါတီထံမှ သိရှိရသည်။

"အဲလောက်အထိ ပစ်ပယ်ထားလိမ့်မယ်လို့ မထင်ခဲ့ဘူး" ဟု ဦးဖေသန်းက ပြောဆိုသည်။

အစိုးရဖွဲ့စည်းရေး တွေ့ဆုံဆွေးနွေးမှု မဖြစ်မြောက်ခဲ့ဘဲ NLD ပါတီ စိတ်ကြိုက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ NLD က အမြဲတမ်းကန့်ကွက်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးထားချက်များကိုအသုံးချကာ အနိုင်ကျင့်သည်ဟု ANP ပါတီ ထိပ်ပိုင်းခေါင်းဆောင်များက ဝေဖန်ကြသည်။

"သူတို့က ဖွဲ့စည်းပုံအတိုင်း လုပ်တာဆိုပြီးတော့ ပြည်နယ်ဝန်ကြီးချုပ်နေရာကို နေရာကို ရယူသွားတာပေ့ါ" ဟု ဦးဖေသန်းက ပြောဆိုသည်။

အစိုးရအဖွဲ့မဖွဲ့ခင် တွေ့ဆုံဆွေးနွေးခွင့်ရမည်ဟု ယူဆခဲ့သော်လည်း တွေ့ဆုံဆွေးနွေးခွင့်မရခဲ့သဖြင့် ပါတီက သဘောထားထုတ်ပြန်ထားသည့်အတိုင်း အတိုက်အခံအဖြစ် ရပ်တည်နေကြောင်း ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်က ပြောကြားသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကို ANP ပါတီ လက်ထဲမထိုးအပ်ရသည့် အကြောင်းအရင်း NLD တွင် ရှိသည်။

"နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ဒီလောက်ကြီးမားတဲ့ အပြောင်းအလဲလုပ်ဖို့


ဓာတ်ပုံ-အောင်ထက်

ဆိုတာ အင်အားရှိဖို့လိုတယ်။ ရှိသမျှ အင်အားအကုန်ယူထားမှ။ ဒါကြောင့်အစိုးရ ဖွဲ့တဲ့နေရာမှာ ကျွန်တော်တို့ချည်းပဲ ဖွဲ့တာယ်" ဟု NLD ပါတီ၏ အတွင်းရေးမှူး ဦးညဏ်ဝင်းက ရှင်းပြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အစိုးရအဖွဲ့ကို NLD ကသာ ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ဦးညဏ်ဝင်းက "နိုင်ငံရေးပါတီတစ်ရပ်ရဲ့ Mandate ကို ခိုင်မာစေချင်လို့လုပ်တာ" ဟု ပြောဆိုသည်။

ရခိုင်ပြည်နယ်တွင် အများစု အနိုင်ရသည့်ပါတီကို ဂရုမစိုက်လိုသည့် သဘောမဟုတ်ဘဲ အစိုးရအဖွဲ့ကို ကိုင်တွယ်ရာတွင် အခက်အခဲဖြစ်နိုင်သဖြင့် ANP ပါတီကို အစိုးရဖွဲ့ခွင့်မပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"အဆင်မပြေနိုင်ဘူး။ မစုစည်းနိုင်ဘူး ဖြစ်သွားမှာပေါ့။ ရခိုင်က ပြဿနာများတယ်လေ"

ရခိုင်ပြည်နယ် အစိုးရဖွဲ့ခွင့် ရခိုင်အမျိုးသားပါတီကို မပေးခြင်းမှာ ဘင်္ဂါလီအရေးနှင့် ပတ်သက်၍ နိုင်ငံတကာ၏ ဖိအားပေးခံရမည်ကို စိုးရိမ်၍မဟုတ်ကြောင်း ဦးညဏ်ဝင်းက ဆက်လက်ပြောကြားသည်။

ပြည်နယ်နှင့် တိုင်း အစိုးရအဖွဲ့များကို ဖွဲ့စည်းရာတွင် တိုင်းရင်းသားပါတီကို မပေးခဲ့သော်လည်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရအဖွဲ့များတွင် တိုင်းရင်းသားများကို ဦးစားပေး၊ နေရာပေးခဲ့ကြောင်း ၎င်းကပြောဆိုသည်။

ပြည်နယ်နှင့် တိုင်းအစိုးရဖွဲ့စည်းရေးကိစ္စများမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီလုပ်ဆောင်နေခြင်းဖြစ်ပြီး ယင်းလုပ်ရပ်ကိုမကြိုက်လျှင်ယင်းဥပဒေကိုပြင်ဆင်ရန် ကြိုးပမ်းနေသည့် NLD ပါတီကိုသာ ထောက်ခံပေးရန်လိုအပ်ကြောင်း ယင်းပါတီမှ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးထွန်းထွန်းဟိန်က ပြောဆိုသည်။

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ရှိနေသမျှ ကာလပတ်လုံး အဲဒီဥပဒေနဲ့ပဲ သွားနေရတာပဲ။ ဒါကိုသူတို့ (ANP) နားလည်ဖို့ လိုပါတယ်။ သူတို့ ပြောသလို ဖြစ်စေချင်ရင် NLD ကို ကူညီဖို့ပဲ ရှိပါတယ်" ဟု ၎င်းကဆိုသည်။

တိုင်းရင်းသားပါတီကို အစိုးရဖွဲ့ခွင့် မပြုခြင်း၊ ဆွေးနွေးခွင့် မပြုခြင်းအတွက်လည်း အကြောင်းအရင်းရှိသည်။

"ကျွန်တော်တို့ ညွန့်ပေါင်းအစိုးရ မလုပ်ဘူး။ ပါတီနဲ့ ဆွေးနွေးပြီးလုပ်ရင် ညွန့်ပေါင်းအစိုးရ ဖြစ်သွားမယ်" ဟု ဦးညဏ်ဝင်းက ပြောဆိုသည်။

ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရထားသည့် NLD အနေနှင့် ညွန့်ပေါင်း အစိုးရဖွဲ့စည်းရန် မလိုကြောင်း၊ ယင်း အကြောင်းပြခြင်းမှာ ဆင်ခြေပေးခြင်းသာ ဖြစ်ကြောင်း ဦးဖေသန်းက ချေပသည်။

"ညွန့်ပေါင်းအစိုးရဆိုတာက အင်အားမရှိတဲ့အချိန်မှာ ဖွဲ့တာပါ" ဟု ၎င်းကဆိုသည်။

## ၂။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာခန့်အပ်ခြင်း

ပါတီချင်းထက်ပုဂ္ဂိုလ်ရေး ဆက်ဆံမှု ဦးစားပေးကာ နေရာပေးခြင်းကလည်း နောက်ထပ်လောင်စာ တစ်ခုဖြစ်ခဲ့သည်။

ANP ပါတီ၏ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးသာအောင်ကို NLD က လွှတ်တော်တွင်ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်သည်။ ယင်းကိစ္စကို ANP ကို အသိမပေး။

ဦးအေးသာအောင်သည် NLD နှင့် နီးနီးကပ်ကပ် ဆက်ဆံရေးရှိသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ALD) ပါတီကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့သူဖြစ်သည်။ ALD သည် ၁၉၉၀ ရွေးကောက်ပွဲတွင် NLD နည်းတူ ရွေးကောက်ပွဲဝင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲ သပိတ်မှောက်ခဲ့ရာတွင်လည်း အတူတူဖြစ်သည်။

ဦးအေးသာအောင်အပြင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင်လည်း ANP ပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်လွင်ကို ANP ပါတီကို အသိမပေးဘဲ NLD က ပြည်နယ်ဝန်ကြီးနေရာ ပေးခဲ့ပြန်သည်။

ဦးအေးသာအောင် ဦးဆောင်သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) နှင့် ဒေါက်တာအေးမောင် ဦးဆောင်သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) ပါတီနှစ်ခု ပေါင်းစပ်ထားသည့် ANP ပါတီတွင် ALDနှင့် RNDP တို့ကြား အရှုပ်အထွေးများမှာ ယင်းသို့ လက်သင့်ရာ မခေါ်ခင်ကပင် ရှိနေသည်။

အရှုပ်အထွေးများ ရှိနေချိန်တွင် RNDP ကြီးစိုးသည့် ANP ပါတီကို အသိမပေးဘဲ ALD ပါတီတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဦးအေးသာအောင်နှင့် ဦးကျော်လွင်တို့ကို NLD က ခေါ်ယူနေရာပေးခြင်းမှာ NLD နှင့် ANP ကြား ဆက်ဆံရေး အနုတ်လက္ခဏာ ဆောင်စေခဲ့သည်။

"ပါတီကို လုံးဝအသိအမှတ် မပြုချင်တဲ့ သဘောပါ။ ဦးအေးသာအောင်ကို လွှတ်တော်ဒုဥက္ကဋ္ဌခန့်မယ်လို့ အသိပေးလာရင်လည်း ပါတီက ကန့်ကွက်မှာ မဟုတ်ပါဘူး" ဟု ဦးဖေသန်းက ပြောကြားသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုဦးဆောင်ခွင့်မရလျှင် ANP အနေနှင့် အစိုးရအဖွဲ့တွင် မပါဝင်ဘဲ အတိုက်အခံအဖြစ်သာ ရပ်တည်မည်ဟု သဘောထားကြေညာထားသည်။

ပါတီသဘောထားကို ဆန့်ကျင်ကာ ဝန်ကြီးနေရာ လက်ခံလိုက်သဖြင့် ဦးကျော်လွင်ကို ANP ပါတီက ထုတ်ပယ်ခဲ့ပြီး ယင်းမတိုင်ခင်က အဆိုပါသဘောထား ကြေညာချက်ကို ကန့်ကွက်သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့သည့် ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ခြောက်ဦး (ယခင် ALD မှ ပုဂ္ဂိုလ်များ) ကိုလည်း ပါတီကထုတ်ပယ်ခဲ့သည်။

ယင်းသို့ အသိမပေးဘဲ ပါတီမှ ပုဂ္ဂိုလ်များကို လက်သိပ်ထိုးတာဝန်ပေးခြင်းမှာ NLD အနေနှင့် ဒီမိုကရေစီမဆန်သည့် လုပ်ရပ်ဖြစ်သည့်အပြင် ANP ပါတီကို ပြိုကွဲအောင် လုပ်ရာရောက်ကြောင်း ဦးဖေသန်းက အပြစ်တင်သည်။

"အဲဒီလိုအခြေအနေမျိုး ဖြစ်သွားတာ အားလုံးသည် NLD ပါတီရဲ့ ထိုးနှက်ချက်တွေလို့ မြင်တယ်။ ကျွန်တော်တို့ ပါတီမှာ နဂိုကတည်းက အက်ကြောင်းရှိတာ ပိုပြီးတော့ ကွဲသွားတယ်" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါပြောဆိုချက်မှာ စွပ်စွဲချက်မျှသာဖြစ်ပြီး ယင်းကိစ္စမှာ ANP ပါတီတွင်းအချင်းချင်းညှိနှိုင်း ဖြေရှင်းရမည့်ကိစ္စဖြစ်ကာ NLD နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဦးညဏ်ဝင်းက တုံ့ပြန်သည်။ ဦးအေးသာအောင်နှင့် ရခိုင်အမျိုးသားပါတီကြား အခြေအနေကို မသိဟုလည်း ၎င်းကဆိုသည်။

"ပါတီကိုအသိပေးဖို့ တာဝန်က ဦးအေးသာအောင်မှာ ရှိမယ်ထင်ပါတယ်။ ကျွန်တော်တို့ အဆိုပြုကမ်းလှမ်းတာကို လုပ်မယ်ဆိုရင် သူ့ပါတီကို အကြောင်းကြားရမှာ သူ့တာဝန်လို့ထင်ပါတယ်" ဟု ဦးညဏ်ဝင်းက တုံ့ပြန်သည်။

အခြားပါတီမှ ပုဂ္ဂိုလ်များကို နေရာပေးရာတွင် သက်ဆိုင်ရာပါတီများနှင့် ညှိနှိုင်းလျှင် ညွန့်ပေါင်းအစိုးရဖြစ်သွားမည် ဖြစ်သဖြင့် မညှိနှိုင်းခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ၃။ ကော်မတီများ ဖွဲ့စည်းခြင်း

တွေ့ဆုံဆွေးနွေးမှု မရှိခြင်းကလည်း နှစ်ပါတီကြား နွေးထွေးမှုကို ဝေဝါးစေခဲ့သည်။

ပထမတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ဖွဲ့စည်းသည့် ကော်မတီကိစ္စဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးအားလုံး ပါဝင်သည့် 'ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ' ကို ပြီးခဲ့သည့် မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အရေးကို ဆောင်ရွက်နေပြီဖြစ်သည်။


EPA


ဓာတ်ပုံ-မိုးကျော်လွင်

ယင်းကိစ္စတွင်လည်း ရခိုင်အမျိုးသား ပါတီကို NLD အစိုးရက အသိမပေး မဆွေးနွေး။ ANP မှ ပုဂ္ဂိုလ်များလည်း ပါဝင်ခွင့်မပြု။ သို့သော်လည်း ယင်းကော်မတီတွင် အစိုးရ တာဝန်ရှိသူများဖြင့်သာ ဖွဲ့စည်းသဖြင့် ANP ပါတီက တရားဝင်ကန့်ကွက်မှုများ မလုပ်ခဲ့ကြောင်း ယင်းပါတီထံမှ သိရှိရသည်။

ရခိုင်ပြည်နယ် အရေးကိစ္စဆောင် ရွက်ရာတွင် ANP ပါတီကို အသိပေးဆွေးနွေးခြင်းမရှိမှုမှာ အသိအမှတ်မပြုရာရောက်ကြောင်း အဆိုပါပါတီမှ ထိပ်ပိုင်းပုဂ္ဂိုလ်များက ဝေဖန်ကြသည်။

## ၄။ အာနန်ကော်မရှင်

အာနန် ကော်မရှင်အရေးမှာလည်း နှစ်ပါတီကြား တင်းမာမှု ဇာတ်ရှိန်မြင့်ရာတွင် အဓိကကျသည်။ ANP လည်း အတိုက်အခံရုပ်လုံး ပီပီပြင်ပြင်ပေါ်သွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကော်မတီနှင့် မတူ။ ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ဖူးသည့် ပြည်ပပညာရှင်များ ပါဝင်နေခြင်းဖြစ်သည်။

ကိုဖီအာနန် အပါအဝင် နိုင်ငံတကာမှ ပုဂ္ဂိုလ် သုံးဦးပါဝင်သည့် ယင်းကော်မရှင်ကို ဖွဲ့စည်းရာတွင်လည်း NLD အစိုးရက ANP ပါတီကို အသိပေးဆွေးနွေးခြင်း မရှိခဲ့ပေ။

လူ့အသိုင်းအဝိုင်းနှစ်ခုကြား ပဋိပက္ခ အကဲဆတ်သည့် ရခိုင်ပြည်နယ်အရေး အတွက် အစိုးရက ယင်းသို့လုပ်ဆောင်မှုမှာ ပြည်တွင်းအရေးကို နိုင်ငံတကာအရေး အဖြစ် ပုံဖော်ရာရောက်ခြင်း၊ အချုပ်အခြာ အာဏာ ထိခိုက်နိုင်ခြင်းစသည့် အချက်များဖြင့် ANP က လွှတ်တော်များတွင် ကန့်ကွက်သည်။

“ဒီလောက်အရေးကြီးတဲ့ ရခိုင်ပြည်နယ်ပြဿနာကိုစဉ်းစားတဲ့အခါ NLD ခေါင်းဆောင်တွေက ဘာကြောင့် ANP ကို Dialogue Partner (ဆွေးနွေးဖက်) အဖြစ် မသတ်မှတ်တာလဲ” ဟု ANP ပါတီမှ ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဦးဦးလှစောက မေးခွန်းထုတ်သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သည့် ဦးဦးလှစောသည် ကော်မရှင်ကိစ္စနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရာတွင် ယင်းသို့ မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

ကော်မရှင်ကို မဖွဲ့စည်းခင် ရခိုင်အမျိုးသားပါတီနှင့် ဦးစွာဆွေးနွေးရန် ကိုဖီအာနန်က အစိုးရကို တိုက်တွန်းခဲ့သော်လည်း အစိုးရက လုပ်ဆောင်ခြင်းမရှိခဲ့ကြောင်း ၎င်းကပြောဆိုသည်။

ANP ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်ကမူ “ကျွန်တော်တို့ အခုအထိ ပါတီတစ်ခုအနေနဲ့ရော တန်းတူတွေ့ဆုံဆွေးနွေးခွင့် မရှိသေးဘူး။ ပြီးခဲ့တဲ့ ကြံ့ခိုင်ရေး အစိုးရ လက်ထက်မှာတောင် ရှိခဲ့တယ်ဗျ” ဟု ပြောဆိုသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများတွင် ANP ပါတီကိုအသိပေးဆွေးနွေးခြင်း တစ်စုံတစ်ရာ မရှိသေးဘဲ NLD အစိုးရက စိတ်ကြိုက်လုပ်ဆောင်နေကြောင်း ANP ပါတီခေါင်းဆောင်များက ပြောကြားသည်။

“တမင်လုပ်နေတာ” ဟု ဦးဖေသန်းက သုံးသပ်သည်။ ထို့နောက် အောက်ပါအတိုင်းလည်း ဝေဖန်အပြစ်တင် လိုက်သေးသည်။

“ရခိုင်ပြည်နယ် အားလုံးနီးပါးကို ကိုယ်စားပြုထားတဲ့ ပါတီတစ်ရပ်ကိုတော့ ချပြရမယ်၊ အသိပေးရမယ်လေ။ သူတို့(NLD) က ငါလုပ်ရင်ရတယ်ဆိုတဲ့ အာဏာရှင်စိတ်ဓာတ် အမြဲတမ်းရှိတယ်”

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်ရာတွင် NLD အနေနှင့် ရခိုင်အမျိုးသားပါတီကို လက်တွဲခေါ်၍ လုပ်ဆောင်လိုခြင်းမရှိကြောင်း၊ ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းရာတွင် ANP မပါဝင်ဘဲ အကောင်းဆုံးဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ANP ပါတီခေါင်းဆောင်များက ပြောကြားသည်။

ANP ပါတီ၏ အကူအညီကို မယူဘဲ ရခိုင်ပြည်နယ်အရေးကိစ္စကို NLD ကိုင်တွယ်နိုင်ခြင်းရှိမရှိ စောင့်ကြည့်ရမည်ဟု ၎င်းတို့က ပြောဆိုကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးထွန်းထွန်းဟိန်ကမူ ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းရန် အစိုးရက တတ်နိုင်သည့်အတိုင်းအတာထက်ပို၍ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း တုံ့ပြန်သည်။

“ဇွတ်ဆွေးနွေးရမယ်လို့ ဘာကြောင့် သူတို့ (ANP) က ပြောနေတာလဲ။ သူတို့ယူဆသလို ကျွန်တော်တို့ ယူဆရမယ်လို့ ဘာကြောင့် ပြောတာလဲ။ ကျွန်တော် မြင်တာကတော့ အစိုးရက သူ့သဘောနဲ့သူ ဆောင်ရွက်နေတယ်လို့ပဲ မြင်ပါတယ်။ သူတို့လိုချင်တာမရလို့အပြစ်ပြောနေတာတော့ ကျွန်တော်တို့ ဘယ်တတ်နိုင်မလဲ” ဟု ၎င်းက ပြောဆိုသည်။

အဆိုပါကော်မရှင်ကိစ္စမှာ အုပ်ချုပ်ရေးပိုင်းက လုပ်ဆောင်ခြင်းဖြစ်ပြီး NLD ပါတီနှင့် သက်ဆိုင်ခြင်းမရှိသဖြင့် တစ်စုံတစ်ရာမှတ်ချက်ပေးရန်မရှိကြောင်း အဆိုပါပါတီ၏ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးဟံသာမြင့်က ပြောကြားသည်။

ကော်မရှင်မဖွဲ့ခင် ရခိုင်အမျိုးသားပါတီနှင့် မည့်သည့်အကြောင်းအရင်းကြောင့်ကြိုတင် မဆွေးနွေးသည်ကို မေးမြန်းမှုအပေါ် အထက်ပါအတိုင်း မှတ်ချက်ပေးခြင်းဖြစ်သည်။

“ပါတီက လုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ မသိပါဘူး။ မှတ်ချက်ပေးလို့မရပါဘူး” ဟု ဦးဟံသာမြင့်က ပြောဆိုသည်။

အဆိုပါအကြံပေးကော်မရှင်မှာ ရခိုင်ပြည်နယ်အရေးကို ကိုင်တွယ်ဖြေရှင်းမည်မဟုတ်ဘဲ နည်းလမ်းများကိုသာ ရှာဖွေကာ နိုင်ငံတကာစံနှုန်းနှင့်ညီသည့် အကြံပြုချက်များကိုတင်ပြရန်သာဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ပြောကြားသည်။

“အခုလုပ်တဲ့ ကော်မရှင်အပေါ် ကြည့်ပြီးပြောရမှာ။ ဒါကို မကြည့်ဘဲနဲ့ Dialogue Partner မလုပ်ဘူးလို့ပြောတာ သိပ်အဓိပ္ပာယ်မရှိဘူး” ဟု ၎င်းကဆိုသည်။

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်သည့် ကိစ္စများတွင် ရခိုင်တိုင်းရင်းသားများနှင့် မဖြစ်မနေဆွေးနွေးမည်ဖြစ်ပြီး ပစ်ပယ်ထားမည် မဟုတ်ကြောင်း ဦးဉာဏ်ဝင်းက ပြောကြားသည်။

“သူ့နေရာနဲ့၊ သူ့အချိန်အခါနဲ့ ဆွေးနွေးမှာပါ။ နည်းနည်းစောင့်ဖို့ လိုပါဦးမယ်” ဟု ၎င်းကဆိုသည်။

“သူ့ အချိန်အခါနဲ့သူ တိုင်းရင်းသားပါတီရဲ့အခန်းကဏ္ဍကလည်း ပါလာပါလိမ့်မယ်”

## ၅။

မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အရေးအရာများအနက် တစ်ခုဖြစ်သော ရခိုင်အရေးကို ဖြေရှင်းရန် ANP နှင့် NLD တို့ရှားစောင်းစေနှင့် မျက်ချေးဖြစ်နေပါက မဖြေထွက်ရန် မလွယ်လှ။

ရခိုင်ပြည်နယ်၏ အဖြေသည် ရခိုင်တိုင်းရင်းသားတို့အတွက်သာမက မြန်မာ၏ ဂုဏ်ကျက်သရေလည်း ဖြစ်သည်။

ရခိုင်အရေးတွင် အရေးကြီးဆုံး အင်အားစုနှစ်ခုရင်ကြားစေ့ရေးမှာ မရှိတော့ပြီလော။

ရခိုင်ပြည်နယ်အရေးကိစ္စများတွင် ရခိုင်အမျိုးသားပါတီကို အသိအမှတ်ပြုကာ လေးလေးစားစား တွေ့ဆုံဆွေးနွေးလျှင် ဆက်ဆံရေးပြန်လည် ကောင်းမွန်လာနိုင်ကြောင်း ANP ပါတီမှ ထိပ်ပိုင်းခေါင်းဆောင်များက ပြောဆို သည်။

“ဆက်ဆံရေးကော်မတီ တစ်ရပ်ဖွဲ့ပြီး ဆောင်ရွက်ဖို့လိုတယ်လို့ မြင်တယ်။ အဲဒီလိုမဟုတ်ရင် ဒီလိုပဲတစ်ယောက်ကို တစ်ယောက် စိမ်းစိမ်းကားကား မြင်နေကြမှာ” ဟု ဦးဖေသန်းက အကြံပြုသည်။

ANP ပါတီအနေနှင့် NLD ပါတီသို့ လာရောက်ကာ တွေ့ဆုံဆွေးနွေးမှုများကို အမြဲတမ်း ပြုလုပ်နိုင်ကြောင်း ဦးထွန်းထွန်းဟိန်က ပြောဆိုသည်။

“လာဆွေးနွေးလို့ရတယ်။ မဆွေးနွေးဘဲနဲ့ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဆိုပြီး ပြောနေတာကတော့ မဟုတ်သေးဘူးပေ့ါ။ NLD အမြဲတမ်းဆွေးနွေးဖို့ တံခါးဖွင့်ထားတာပဲ” ဟု ၎င်းက ပြောဆိုသည်။

ANP ပါတီက NLD က တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းမည်ကို စောင့်နေသည်။ NLDကလည်း တွေ့ဆုံဆွေးနွေးရန် တံခါးဖွင့်ထားသည်ဟု ဆိုသော်လည်း တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းရန် ရှိမရှိ တိတိကျကျ မပြောပေ။

ပြည်နယ်အစိုးရအဖွဲ့ကိုဦးဆောင်နေသည့် NLD နှင့် ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားသည့် ANP တို့ မျဉ်းပြိုင်နှစ်ကြောင်းသဖွယ် ခရီးနှင်နေကြဆဲဖြစ်သည်။

နိုင်ငံတကာက စောင့်ကြည့်ဖိအားပေးနေပြီး အစိုးရသစ် ကိုင်တွယ်ရခက်ခဲ့သည့် ရခိုင်ပြည်နယ်အရေးမှာ ပါတီနှစ်ခုကြား အားပြိုင်မည့် ကွင်းပင် ဖြစ်လေတော့သည်။ ပါတီနှစ်ခုအားပြိုင်မှုကြားတွင် ပြည်သူများသာ မြေစာပင် ဖြစ်မည့်ကိန်း။

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်က ဖွဲ့စည်းသည့် ရခိုင်ပြည်နယ် ပဋိပက္ခ စုံစမ်းစစ်ဆေးရေးကော်မရှင်တွင် ပါဝင်ခဲ့သူ ဦးသူရ(ခေါ်) ဇာဂနာကမူ NLD နှင့် ANP ပါတီကြားတွင်ဖြစ်ပွားနေမှုများကိုပြဿနာဟု မယူဆကြောင်း မှတ်ချက်ပေးသည်။

“နိုင်ငံရေးမှာတော့ ပါတီတစ်ခုနဲ့ တစ်ခု ဒီလိုပဲရှိမှာပဲ။ နိုင်ငံရေးသဘောတရားအရ ပွတ်တိုက်မိတာရှိမှာပဲ။ သဘောတူတာရှိမယ် သဘောမတူတာရှိမယ်။ သဘောမတူတာကို ကြီးမားတဲ့ ပြဿနာလို့ မယူဆပါဘူး” ဟု ၎င်းက ဆိုသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်သို့ သွားလိုပါက ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပြီး NLD နှင့် ANP ပါတီကြား ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် ရလဒ်ကောင်းများထွက်မည် မဟုတ်ကြောင်း ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ပြောကြားသည်။

ANP နှင့် ရခိုင်တိုင်းရင်းသားများ အရေးကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအမည်ဖြင့် လုပ်ဆောင်သင့်ကြောင်း ၎င်းက အကြံပြုသည်။

“ပူးပေါင်းဆောင်ရွက်မှု ရှိကိုရှိရမယ်။ လုပ်ကို လုပ်ရမယ်။ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ဖို့ဆိုရင် ပူးပေါင်းပြီး လုပ်ကို လုပ်ရမယ်” ■

**မှတ်ချက်။**

**ဗျာလသည် ရခိုင်တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် အမှတ်အသားတစ်ခုဖြစ်ပြီး သတ္တဝါကိုးမျိုး၏ စွမ်းအားရှိသော ကိုယ်အင်္ဂါကိုးမျိုးဖြင့် ပေါင်းစပ်ထားသည်။ ANP ပါတီ၏ အမှတ်အသားတစ်ခုလည်း ဖြစ်သည်။**



ဓာတ်ပုံ-မြင့်မိုးညို

# “မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးအသိုက်အမြုံထဲကို ပိုပြီးတိုးဝင်လာတာနဲ့အမျှ အင်္ဂလိပ်စာတတ်မြောက်မှုကလည်း ပိုပြီးလိုလာမှာပါ”

## အမေရိကန် Peace Corps နှင့် တွေ့ဆုံခြင်း

**The Voice**

**ယခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်းအကူအညီများစတင်မည့် အမေရိကန်အစိုးရအေဂျင်စီတစ်ခုဖြစ်သော Peace Corps ၏ လုပ်ငန်းများအကြောင်း၊ ယင်းအဖွဲ့အစည်းအကြောင်းကို မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ Ms. Maura Fulton နှင့် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပါသည်။**

**Voice - ပထမဆုံးမေးချင်တာတော့ Peace Corps ဆိုတာ ဘာလဲပေါ့။ ဒီနာမည်က မြန်မာတွေနဲ့ စိမ်းနေတော့ Peace Corps အကြောင်းကိုပဲ အရင်ရှင်းပြပေးပါ။**

**PC -** Peace Corps ဆိုတာ နိုင်ငံရေး၊ ဘာသာရေး မဆက်နွယ်တဲ့ အမေရိကန်အစိုးရ အေဂျင်စီတစ်ခုပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဖို့ ၁၉၆၁ ခုနှစ်မှာ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Peace Corps က လုပ်ဆောင်မယ့် စေတနာ့ဝန်ထမ်းလုပ်ငန်းတွေက အကူအညီလိုနေတဲ့ အမျိုးသား၊ အမျိုးသမီးတွေနဲ့ တွေ့ဆုံပြီး လိုအပ်တဲ့လေ့ကျင့်သင်ကြားမှု လုပ်ပေးတာမျိုးတွေ၊ နောက်ပြီး အမေရိကန်တွေအကြောင်း မြန်မာတွေ ပိုမိုသိရှိနားလည်လာဖို့နဲ့ မြန်မာတွေအကြောင်းကိုလည်း အမေရိကန်တွေအနေနဲ့ ပိုပြီးသိရှိနားလည်လာဖို့ ဖြစ်ပါတယ်။သူတို့ရဲ့စီမံကိန်းတွေကနေတစ်ဆင့် Peace Corps ရဲ့စေတနာ့ဝန်ထမ်းတွေဟာ မြန်မာနဲ့ အမေရိကန်လူထုအကြား နားလည်မှု ချစ်ကြည်ရင်းနှီးမှုတွေ တည်ဆောက်ရမှာဖြစ်ပါတယ်။

Peace Corps ဟာ အမေရိကန်တွေကို အမေရိကန်ပြည်ထောင်စုရဲ့ကိုယ်စား ကမ္ဘာတစ်ဝန်းကိုစေလွှတ်ပြီးတော့ ဖွံ့ဖြိုးရေး တခြားသောလိုအပ်ချက်များကို အကူအညီပေးလုပ်ဆောင်ပါတယ်။ စေတနာ့ဝန်ထမ်းတွေဟာ အခြေခံလူထုတွေနဲ့ တွေ့ဆုံပြီးတော့ စိုက်ပျိုးရေး၊ အစုအဖွဲ့စီးပွားရေး ဖွံ့ဖြိုးရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနဲ့ လူငယ်ရေးရာကိစ္စတွေမှာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီလိုရေးရာတွေမှာ ကြုံရတဲ့ပြဿနာတွေကို ရေရှည်ပြေလည်အောင် ဘယ်လိုရှင်းကြမလဲဆိုတာ အခြေခံလူထုထဲက မိတ်ဖက်တွေနဲ့ပဲ တွဲပြီးတော့ အဖြေရှာကြဖို့ပါ။

ကျွန်မတို့ဆီက ပထမဦးဆုံး စေတနာ့ဝန်ထမ်းအဖွဲ့ဟာ ရက်ပိုင်းအတွင်း ရောက်လာပြီးတော့ အင်္ဂလိပ်စာအရည်အသွေးမြှင့်ရေးကို စပြီးလုပ်ပါမယ်။

**Voice - Peace Corps က ဘာကြောင့်မြန်မာနိုင်ငံမှာ လုပ်ငန်းတွေလုပ်ဖို့စီစဉ်ရသလဲဆိုတာလည်း သိပါရစေ။**

**PC -** မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက Peace Coprs ဒီမှာအလုပ်လာလုပ်ဖို့ ၂၀၁၃ ခုနှစ်မှာ ဖိတ်ခေါ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာမှာ သမ္မတအိုဘားမား မြန်မာနိုင်ငံကိုလာတော့ နှစ်နိုင်ငံအစိုးရတွေအကြား Peace Coprs လုပ်ငန်းတွေ မြန်မာမှာစလုပ်ဖို့ကိစ္စအပေါ် သဘောတူညီချက် လက်မှတ်ထိုးခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ မြန်မာနိုင်ငံဟာ Peace Corps ရဲ့လုပ်ငန်းတွေလုပ်မယ့် ၁၄၁ နိုင်ငံမြောက်အဖြစ် မှတ်တမ်းဝင်သွားပါတယ်။ အမေရိကန် စေတနာ့ဝန်ထမ်းတွေဟာ ဒေသခံတွေရဲ့အရည်အသွေးပိုင်းဆိုင်ရာ မြှင့်တင်မှုတွေ လုပ်ဖို့၊ အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ဖို့နဲ့ ရေရှည်တည်တံ့မယ့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးအတွက် ကြိုးပမ်းကြမှာဖြစ်ပါတယ်။ ဒါဟာ မြန်မာ-အမေရိကန်နှစ်နိုင်ငံ ချစ်ကြည်ရေးကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါတယ်။



Peace Corps Myanmar Facebook

**Voice - အပေါ်မှာတော့ Peace Corps က ဘာတွေလုပ်မယ်ဆိုတာ ပြောထားတယ်ပေါ့နော်။ ဒါပေမဲ့ သေသေချာချာ ထပ်မေးရင် Peace Corps က မြန်မာတွေအတွက် ဘာလုပ်နိုင်မှာလဲဆိုတာလည်း သိချင်ပါတယ်။**

**PC -** မြန်မာတွေဟာ ပညာရေးအတွက်ရော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာပါ အသုံးချဖို့အတွက် အင်္ဂလိပ်ဘာသာစကားကို သင်ယူဖို့စိတ်အားထက်သန်ကြပါတယ်။ ဒီနေရာမှာ Peace Corps က အကူအညီပေးနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးအသိုက်အမြုံထဲကိုပိုပြီးတိုးဝင်လာတာနဲ့အမျှ အင်္ဂလိပ်စာတတ်မြောက်မှုကလည်း ပိုပြီးလိုလာမှာပါ။ ပညာရေးဝန်ကြီးဌာနရဲ့ရည်မှန်းချက်တွေ၊ ပညာရေးအဆင့်မြှင့်တင်မယ့်လုပ်ငန်းတွေ၊ ဆရာတွေရဲ့အရည်အချင်း မြှင့်တင်မှုပိုင်းတွေ၊ အင်္ဂလိပ်စာသင်ရိုးပိုင်း အဆင့်မြှင့်တင်မှုတွေ စတာတွေမှာ Peace Corps က ဝန်ကြီးဌာနနဲ့ပူးပေါင်းကူညီမှုတွေ လုပ်သွားပါမယ်၊ Peace Corps က စေတနာ့ဝန်ထမ်းတွေဟာ အခြေခံပညာကျောင်းတွေမှာ ဆရာတွေ ကျောင်းသားတွေနဲ့ ပူးပေါင်းပြီး အင်္ဂလိပ်စာ ကျွမ်းကျင်တတ်မြောက်မှုနဲ့ သင်ကြားမှုအပိုင်းတွေ တိုးတက်လာဖို့ အကူအညီပေးသွားပါမယ်။

**Voice - Peace Corps ဟာဆိုရင် ၁၉၆၁ ခုနှစ်မှာ တည်ထောင်ပြီးတော့ မြန်မာနိုင်ငံဟာ ၁၄၁ နိုင်ငံမြောက် လုပ်ငန်းတွေစတဲ့နိုင်ငံဆိုတော့ အရင်တုန်းက ဘာလို့ မြန်မာကို မလာတာလဲ။ အခုမှ ဘာလို့ Peace Corps ဝင်လာဖို့ စီစဉ်သလဲဆိုတာလည်း သိချင်ပါတယ်။**

**PC -** ကျွန်မတို့က Peace Corps ရဲ့အစီအစဉ်တွေ လာလုပ်ဖို့ ဖိတ်ကြားခံရတဲ့အခါမှသာ ဖိတ်ကြားတဲ့နိုင်ငံတွေဆီကို သွားလေ့ရှိပါတယ်။ ဒါကြောင့်အပေါ်မှာ ပြောခဲ့သလိုပဲ ၂၀၁၃ မှာ ဖိတ်ကြားခံရတယ်၊ ၂၀၁၄ သမ္မတအိုဘားမားခရီးစဉ်မှာ နှစ်နိုင်ငံ သဘောတူညီခဲ့တယ်။ အရင်တုန်းကမလာဘဲ ခုမှလာရတယ်ဆိုတာ ဒါကြောင့်ပါ။

**Voice - မြန်မာနိုင်ငံအတွက် အကူအညီတွေပေးတဲ့အခါ ဘတ်ဂျက်ဘယ်လောက်သုံးစွဲမယ်ဆိုတဲ့ တိတိကျကျ သတ်မှတ်ချက်မျိုးရော ရှိပါသလား။**

**PC -** Peace Corps က လူတွေရဲ့အရည်အသွေးမြှင့်တင်မှုပိုင်းတွေကို အဓိကအကူအညီပေးတာပါ။ ဒီနိုင်ငံမှာ စမယ့်အစီအစဉ်ကတော့ အောက်တိုဘာလအတွင်းမှာ အမေရိကန်စေတနာ့ဝန်ထမ်း ခြောက်ယောက်ပါတဲ့ ရှေ့ပြေးအဖွဲ့တစ်ဖွဲ့ဟာ ကျောင်းတွေမှာ စာသင်ဖို့ဖြစ်ပါတယ်။ ပြီးရင်တော့ ၂၀၁၇ ခုနှစ် ဇွန်လမှာ စေတနာ့ဝန်ထမ်း ၂၀ ပါတဲ့ အဖွဲ့တစ်ဖွဲ့ ထပ်လာပြီး ရန်ကုန်နဲ့ ပဲခူးမှာအင်္ဂလိပ်စာသင်ကြားပေးမယ့် အစီအစဉ်တွေလာပါမယ်။ မြန်မာအစိုးရနဲ့ လုပ်ဖော်ကိုင်ဘက်တွေရဲ့လိုလားမှု အပေါ် အခြေခံပြီး Peace Corps ရဲ့လုပ်ငန်းတွေကို နှစ်အလိုက် တိုးချဲ့ဖို့ဖြစ်ပါတယ်။

**Voice - Peace Corps အကြောင်းနဲ့ မြန်မာနိုင်ငံမှာ လုပ်မယ့် အစီအစဉ်တွေနဲ့ပတ်သက်ပြီး ဘာများဖြည့်ပြောချင်ပါသေးလဲ။**

**Voice -** ကျွန်မတို့ရဲ့စေတနာ့ဝန်ထမ်းတွေဟာ မတူညီတဲ့ နောက်ခံအသိုင်းအဝိုင်းကနေလာတဲ့ အသက် ၁၈ နှစ်အထက် အမေရိကန်တွေဖြစ်ပါတယ်။ သူတို့ဟာ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေကို စိတ်ဝင်စားပြီး ပြည်ပတိုင်းပြည်တွေမှာ လူမှုလုပ်ငန်းတွေလုပ်ဖို့ စိတ်အားထက်သန်သူတွေ ဖြစ်ကြပါတယ်။ လောလောဆယ်အနေနဲ့ နိုင်ငံပေါင်း ၆၅ နိုင်ငံမှာ တာဝန်ထမ်းဆောင်နေတဲ့ စေတနာ့ဝန်ထမ်းပေါင်း ၇၀၀၀ ကျော်ရှိပါတယ်။ ၆၀ ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်ပြီး ကျန်တာတော့ အမျိုးသားတွေပေါ့။ သူတို့ရဲ့ပျမ်းမျှအသက်က ၂၈ နှစ်ဖြစ်ပြီး ၈ ရာခိုင်နှုန်းလောက်ကတော့ အသက် ၅၀ ကျော်တွေဖြစ်ပါတယ်။ မြန်မာကိုလာမယ့်သူတွေကတော့ မတူကွဲပြားတဲ့ အရည်အချင်းပြည့်ဝတဲ့ စေတနာ့ဝန်ထမ်းတွေ ဖြစ်မှာပါ။ စေတနာ့ဝန်ထမ်းတွေဟာ အမေရိကန်နိုင်ငံသား ဘွဲ့ရ ဖြစ်ရပါမယ်။ သူတို့ဟာ စိစစ်ရွေးချယ်မှု အဆင့်ဆင့်ကို ဖြတ်ရပြီးတော့ နည်းပညာကျွမ်းဝင်မှု၊ ရင့်ကျက်မှုနဲ့ အဖွဲ့ရဲ့လုပ်ငန်းတွေကို လုပ်ကိုင်နိုင်မယ့် အရည်အသွေး ရှိရပါတယ်။ ဒီနိုင်ငံကို လာရောက်ပြီး အလုပ်လုပ်မယ့် စေတနာ့ဝန်ထမ်းအဖြစ် ရွေးချယ်ခံရပြီဆိုတာနဲ့ ဒီမှာ လုပ်မယ့်လုပ်ငန်းရပ်တွေနဲ့ ပတ်သက်လို့ကြိုတင်လေ့ကျင့်သင်ကြားမှုတွေလုပ်ရသလို မြန်မာဘာသာစကားနဲ့ ယဉ်ကျေးမှု၊ ကျန်းမာအောင် လုံလုံခြုံခြုံနေတတ်အောင် လေ့ကျင့်သင်ကြားမှုတွေ ခံယူရပါတယ်။ ဒီလိုလေ့ကျင့်သင်ကြားပေးမှုတွေကို Peace Corps ဝန်ထမ်းတွေက လုပ်ပေးတာ ဖြစ်ပြီးတော့ မြန်မာအစိုးရက တစ်ပြားမှ အကုန်အကျခံစရာ မလိုပါဘူး။ ■

**The Voice**

# ရေလှိုင်းကြားက မီးအိမ်ရှင်

ခိုင်ခိုင်

**“ဆရာမ ... ကျွန်မတော့ ပါသွားပြီ” ဟု ကူရာကယ်ရာမဲ့ စူးစူးဝါးဝါးအော်ဟစ်သံအဆုံး ငမင်ချောင်းသည် ဆရာမလေး ဒေါ်လင်းစန္ဒာကို မပြန်လမ်းသို့ အပြီးခေါ်ဆောင်သွားခဲ့ပြီ။**

ထိုနေ့ (ဩဂုတ်လ ၂၇ ရက်) မှ စ၍ ပိတ်ဆွယ်ခုံကျောင်းလေးရှိ ပထမတန်းကျောင်းသူ ကျောင်းသားများထံသို့ သူတို့၏ ဆရာမ ဘယ်တော့မှ ပြန်ရောက်မလာနိုင်တော့ချေ။ ပိတ်ဆွယ်ခုံရွာ အသွားလမ်းသည် ယခင်ကထက် မိုးတိမ်မည်းတို့ ပိန်းပိတ်အောင် ညိုမှိုင်းနေခဲ့သည်။

ပေ ၅၀ ခန့်အကျယ်ရှိ ငမင်ချောင်းသည် တောင်ပတ်လည်ဝိုင်းနေသည့်အလယ်တွင် 'S' ပုံသဏ္ဌာန် ချောင်းကွေ့ခုနစ်ကွေ့ဖြင့် ရစ်ခွေစီးဆင်းလျက်ရှိသည်။ ထိုချောင်းသည် ပုံမှန် ဆိုလျှင် ခြေသလုံးမြုပ်ရုံသာ ရေရှိတတ်သည်။ ထိုနေ့ကတော့ ငမင်ချောင်းသည် တောင်ကျရေ အားကိုးဖြင့် လူတစ်ယောက်လုံးကို ဆွဲချသွားနိုင်ခဲ့သည်။

ငါးကွေ့မြောက်ချောင်းကွေ့ကို ဖြတ်ကျော်အပြီး နောက်ချောင်းတစ်ကွေ့တွင်တော့ ဆရာမဒေါ်လင်းစန္ဒာ၏ ကျောင်းဆရာမလုပ်သက် ရက်လေးဆယ်ကို အဆုံးသတ်ပေးလိုက်မည်ဟု ကျောင်းသွားဖော်ဆရာမ ဒေါ်မေဇင်ခိုင်တစ်ယောက် တကယ်ပင် ထင်မထားမိခဲ့။

“ကိုယ့်မျက်စိအောက်တင်ဖြစ်တာ။ မကယ်လိုက်နိုင်တဲ့အတွက် ခုထိဖြေလို့မရဘူး။ ၁၀ မိနစ်လောက်အတွင်းမှာ ရေစီးနဲ့ သူ မျောပါသွားတာကို ဒီတိုင်းကြည့်နေရတယ်” ဟုဆရာမ ဒေါ်မေဇင်ခိုင်တစ်ယောက် ရေစီးအတိုင်း မျောပါသေဆုံးသွားသူ ဆရာမ ဒေါ်လင်းစန္ဒာ၏ အဖြစ်ဆိုးကိုပြန်ပြောင်းတွေးရင်း ယူကျုံးမရစွာ ငိုသံတို့ဖြင့်ဆိုလာသည်။

အလုံးအရင်းနှင့် ရုတ်တရက် ကျလာသော တောင်ကျရေတို့က ဆရာမ ဒေါ်မေဇင်ခိုင်နှင့် ဆရာမ ဒေါ်လင်းစန္ဒာ နှစ်ဦးလက်တွဲဖမ်းဆုပ်ချိန်ပင် မရလိုက်။ တစ်ဦးကို တစ်ဦး ထူမဖေးကူချိန်ပင်မရခဲ့။ နှစ်ယောက်လုံးကို ဒရောသောပါး တိုက်စားသယ်ဆောင်သွားခဲ့သည်။

ရေစီးအားကြောင့် ဆရာမနှစ်ဦး ချောင်းအကူးတွင် အတုံးအရုံးလဲပြိုမျောပါသွားချိန်တွင် ဆရာမ ဒေါ်မေဇင်ခိုင်က အလန့်တကြား ရုန်းကန်၍ ပြန်ထနိုင်သည်။ ထိုသို့ပြန်အထတွင် ဒေသခံတစ်ဦး၏ ကယ်ဆယ်မှုကြောင့် သူမအသက်ဘေးကလွတ်မြောက်ခဲ့သည်။

သို့သော် ဆရာမ ဒေါ်လင်းစန္ဒာ တစ်ယောက်ကတော့ ဆာနေသည့်ညာခြေတစ်ဖက်၏ အားနည်းချက်ကြောင့်လော၊ သို့တည်းမဟုတ် ငမင်ချောင်း၏ အငြိုးကြောင့်လော မသိ။ ဆရာမတစ်ယောက်



ဓာတ်ပုံ-မိုးကျော်လွင်

ငမင်ချောင်း ခေါ်ဆောင်ရာ မပြန်လမ်းဆီသို့ အပြီးတိုင် မျောပါသွားခဲ့ရပြီ။

“ကျောင်းသွားရမှာ တော်တော်ကြောက်သွားတယ်။ ဘယ်တော့ကျလာမလဲ မသိတဲ့ တောင်ကျရေကို မခန့်မှန်းနိုင်ဘူး” ဟုဆရာမ ဒေါ်မေဇင်ခိုင်က ရင်ဖွင့်လာသည်။

လုပ်ဖော်ကိုင်ဖက် ကျောင်းသွားဖော် ဆရာမတစ်ဦးကို မျက်စိရှေ့ဝယ် မိနစ်ပိုင်းအတွင်း အပြီးခေါ်ဆောင်သွားခဲ့သည့် ငမင်ချောင်းကို သူမအယုံအကြည်မရှိတော့ပါ။ သုံးနှစ်သုံးမိုး နီးပါး ငမင်ချောင်းကိုဖြတ်၍ ပိတ်ဆွယ်ခုံ ကျောင်းလေးရှိရာဆီသို့ ရဲရဲရင့်ရင့် ဝံ့ဝံ့ကြွားကြွား သွားလာခဲ့သည့်တိုင် ယခုတော့ မဝံ့တော့ချေ။ မရဲတော့ချေ။ ကြောက်၍ပင်နေပြီ။

ငမင်ချောင်းကိုမြင်လေတိုင်း ယူကျုံးမရ၊ ကူကယ်ရာမဲ့သည့် စိတ်တို့က ဒေါ်မေဇင်ခိုင်ကို မင်းမူခြောက်လှန့်နေဆဲ။

ဆရာမ ဒေါ်မေဇင်ခိုင်နှင့် ဒေါ်လင်းစန္ဒာတို့တာဝန်ကျရာ ပိတ်ဆွယ်ခုံ မူလတန်းကျောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်အုပ်စုတွင်ရှိသည်။ ဆရာမဒေါ်မေဇင်ခိုင် နေထိုင်ရာ ကရင်စုကျေးရွာမှ ထိုကျောင်းလေးဆီသို့ ရောက်ရန် တောင်တွင်းကြီးမြို့သို့ ခြောက်မိုင် လေးဖာလုံခရီးနှင်ပြီး ထိုမှတစ်ဆင့် ငမင်ကျေးရွာအုပ်စုသို့ ဆိုင်ကယ်ဖြင့်ခြောက်မိုင်ခန့် ခရီးဆက်ရသည်။ ထို့နောက် ပိတ်ဆွယ်ခုံ ကျောင်းလေးဆီသို့ရောက်ရန် တစ်နာရီကျော်ကြာ ငမင်ချောင်းကိုခြေကျင်ဖြတ်၍ သွားရပြန်သည်။

ဆရာမ ဒေါ်လင်းစန္ဒာသည်လည်း ထိုနည်းတူ။ သူမနေထိုင်ရာ အောင်းစုရွာမှ ပိတ်ဆွယ်ခုံကျောင်းဆီသို့ ဆိုင်ကယ်တစ်တန် ခြေကျင်တစ်သွယ်ဖြင့် ခရီးဆက်ရသူပင်။ ဤသည်က ပိတ်ဆွယ်ခုံကျောင်းလေးဆီက ဆရာ၊ ဆရာမတို့၏ နိစ္စဓူဝ ကြုံဆုံနေရသည့် ဖြစ်အင်။

ထိုသို့ပိတ်ဆွယ်ခုံကျောင်းလေးတည်ရှိရာ မြေပြန့်ဒေသ၌ပင် ဤမျှ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ အသက်ဘေးနှင့် ရင်ဆိုင်နေရလျှင် စစ်မက်ပျော်မွေ့ရာ တောင်တန်းမြေ၌ မည်သို့ရှိမည်နည်း။

“ဖြစ်ရင်သေမှာပဲ။ ပုန်းစရာနေရာမရှိပါဘူး၊ ဒီလိုပဲ ပစ်ခတ်တိုက်ခိုက်သံကြားထဲ စာသင်ကျောင်းရောက်အောင် သွားနေရတာပဲ” ဟု ဆရာမ ဒေါ်မေထက်နိုင်က ခပ်ဆတ်ဆတ်ဆိုလာသည်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ခွန်ဆိုင်ဇုကျေးရွာ မူလတန်းကျောင်း ဆရာမလေး ဒေါ်မေထက်နိုင်အတွက်မူ မကြာခဏ ကြားနေရသော သေနတ်သံများနှင့်ပင် ရင်းနှီးစပြုနေပြီဖြစ်သည်။

ဆရာမလေး ဒေါ်မေထက်နိုင်ထက် စစ်သံ၊ သေနတ်သံ နောကျေနေသည်က ကချင်ဒေသခံများပင်။ စစ်ရိပ်စစ်ကဲကိုပင် သူတို့ ခတ်တတ်နေခဲ့ပြီ။ တိုက်ပွဲဖြစ်မည့် အရိပ်အယောင်မြင်လျှင် သူတို့ကျောင်းလေးဆီသို့ ရောက်လာတတ်ကြသည်။

“မိဘတွေက ကလေးတွေကိုလာခေါ်သွားကြပြီဆို ကျွန်မလည်း ကျောင်းဝင်းထဲ ဆောက်ပေးထားတဲ့ အိမ်အောက်ကိုဝင်ပုန်းရတာပဲ” ဟု ဆရာမလေး ဒေါ်မေထက်နိုင်က မကြာခဏ ရင်ဆိုင်နေရသည့်တိုက်ပွဲများ အခြေအနေကို ထိတ်လန့်စိတ်ပျက်စွာ ဆိုလာသည်။

ကချင်မြေသာမက ရှမ်းတို့မြေ၌လည်း ယမ်းငွေ့တို့ဝေနေဆဲ။ ယမ်းငွေ့ကြားက ပညာပန်း မည်မျှလန်းနိုင်ပါမည်နည်း။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မိုင်းဝီးအုပ်စုတွင်းရှိ ပလောင်ကျေးရွာလေး တစ်ရွာတွင် တာဝန်ကျနေသည့်မူလတန်းပြဆရာမ ဒေါ်ဖြူဖြူ (အမည်လွှဲ) အတွက် ကျောင်းသို့ရောက်မလာနိုင်သည့် ကျောင်းသားလေးများကို လိုက်ခေါ်ရန်မှာ ထင်သလောက်တော့ မလွယ်လှ။ တာဝန်ကျရာ ၂ နှစ်တာကာလအတွင်း အကြိမ်ကြိမ် စစ်ဘေးရှောင်နေရသည့်သူ၏ ကျောင်းသားလေးများအစား သူမကတော့ စစ်ကိုစိတ်ပျက်မုန်းတီးနေမိသည်က အမှန်။

“တိုက်ပွဲဖြစ်နေတဲ့အချိန် ကလေးတွေက မလာရဲသလို ကျွန်မကိုယ်တိုင်လည်း လိုက်မခေါ်ရဲဘူး။ အဲဒီလို အနေအထားမှာ ကျွန်မက ကလေးတွေကို ဘယ်လို ပညာသင်ပေးနိုင်မလဲ။ ကျွန်မကိုယ်တိုင်လည်း ပြေးခဲ့ရဖူးတယ်လေ” ဟု ဒေါ်ဖြူဖြူ (အမည်လွှဲ) က ယမ်းငွေ့ကြားတွင် ပညာပေးရသည့် အခြေအနေကို စိတ်ပျက်စွာဆိုလာသည်။

ထိုဒေသတွင် ပညာရေးသာမကပါ ကျန်းမာရေးဘက်တွင်လည်း ထိုနည်းလည်းကောင်းပင်။ ဆေးဆိုင်ဆိုသည် မရှိ၊ ဆရာဝန်ဆိုသည်မှာ နတ္ထိ။ ရှားရှားပါးပါးရှိသည့် ကျန်းမာရေးမှူးဆီသို့ရောက်အောင် တစ်တောဖြတ် တစ်တောင်တက်ဖြင့် ခရီးဆက်ကာ သွားရသည်ပင်။

ကျန်းမာရေးမဆိုထားနှင့် ယုတ်စွအဆုံး အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများကိုပင် မြို့ပေါ်သွားသည့် လူကြုံရှိမှ မှာရသည့် အခြေအနေ။

“ဒီဒေသတွေမှာ ဆေးဆိုင်ဆိုတာ မရှိဘူး။ ဆရာဝန်ဆိုဝေးပေါ့။ ကျန်းမာရေးမှူးဆီရောက်ဖို့တောင် မနည်းသွားရတာ။ ငှက်ဖျားတွေ ဘာတွေလည်းဖြစ်တတ်တယ်။ ဒီဘက်အခြမ်းက မြို့ပေါ်လူကြုံရှိရင် မှာရတယ်။ အမျိုးသမီးသုံးပစ္စည်းကအစ ရဖို့ သိပ်ခက်ခဲပါတယ်” ဟု ဆရာမ ဒေါ်ဖြူဖြူက ရင်ဖွင့်ဆိုသည်။

ဤသို့ဤနှယ် စစ်ဘေးစစ်ရန်ကြား သေရေးရှင်ရေးကြား ပြေးလွှားရင်း သင်ကြားရင်းဖြင့် ဒေသခံနှင့် တစ်နယ်သားဆရာ၊ ဆရာမများကြား သွေးရင်းသားရင်းများကဲ့သို့အသွင်။ တစ်ဦးစေတနာ တစ်ဦးမေတ္တာဖြင့် ဖေးမကူညီရင်းဖြင့် အိမ်ရှင်နှင့် ဧည့်သည်ကြား ဧည့်ဝတ်ကျေကြသည်များလည်း ရှိပြန်သည်။

“တချို့ဆို သူတို့ဆီကနေ ဆရာမတွေထွက်သွားမှာစိုးလို့ သူတို့မှာရှိတဲ့ ဆန်လေးဆီလေးကအစ ငါးပိ၊ ငရုတ်အထိ ပေးကြတယ်။ တစ်ခါတလေ ထင်းစည်းတွေတောင်လာပို့ တတ်ကြတယ်” ဟု ဆရာမကြီး ဒေါ်သန်းသန်းအေးက ပီတိယှက်၍ဆိုလာသည်။

မကြာမီလုပ်သက်ပြည့် ပင်စင်ပင်ယူတော့မည့် ဆရာမကြီး ဒေါ်သန်းသန်းအေးသည် ကယားပြည်နယ်အပါအဝင် ဝေးလံခေါင်းသီဒေသအချို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်မင်္ဂလာ မူလတန်းကျောင်းအုပ်ကြီးအဖြစ် ထမ်းဆောင်လျက်ရှိသူဖြစ်သည်။

ယခုတော့ဆရာမကြီး ဒေါ်သန်းသန်းအေးတို့လို နယ်စပ်ဒေသများသို့ သွားရောက်

**စာမျက်နှာ ၁၂ သို့**

# ပြည်သူ့ဝန်ကို ထမ်းသည်လော

အောင်မျိုးထက်

**စာရင်းရှိ၊ လူမရှိများ ရှိလေသည်။**

**"မြို့နယ်အကြီးအကဲ၊ ထွေအုပ်တို့၊ သူတို့နဲ့ နည်းနည်းပါးပါး ပတ်သက်ထားဖို့ လိုတာပေါ့"**

နိုင်ငံ၏ အရပ်ဒေသများစွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူ အငြိမ်းစား ဝန်ထမ်းဟောင်းတစ်ဦးက ပြောဆိုလိုက်ခြင်းဖြစ်သည်။

အများပြည်သူကို ဝန်ဆောင်မှုပေးရသည့် ပြည်သူ့ဝန်ထမ်းများအနေနှင့် မိမိတို့တာဝန်ကျရာနေရာတွင် သွားရောက်တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ အထက်အကြီးအကဲများနှင့် ပူးပေါင်းကာ လုပ်ငန်းခွင်ပြင်ပတွင် နေထိုင်နေမှုများနှင့်ပတ်သက်၍ ၎င်းက ပြောဆိုခြင်းဖြစ်သည်။

အဓိပ္ပာယ်အားဖြင့် ပြည်သူ့ဝန်ကို ထမ်းစေခြင်းဆိုသော်လည်း လက်တွေ့တွင်မူ ပြည်သူကသာ ထိုသူတို့၏တာဝန်ကိုထမ်းနေရသည့် ဖြစ်ရပ်များက နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားရောက်ရှိရာ ဒေသများစွာတွင် အနည်းနှင့် အများ တော့ ရှိနေတတ်သည်။

တစ်နည်းအားဖြင့် ကိုယ်ယောင်ဖျောက်ဝန်ထမ်းများ ဖြစ်သည်။

"တချို့ဝေးလံခေါင်းပါးဒေသတွေမှာ သားဖွားဆရာမ နေရာရှိတယ်၊ လူနာမည်စာရင်းရောက်လာတယ်၊ ဒါပေမဲ့ လူမရောက်လာဘူး" ဟု အဆိုပါ မြို့နယ်ထွေ/အုပ် အရာထမ်းဟောင်းတစ်ဦးက ဆိုသည်။

ဝေးလံခေါင်းပါးသည့် ဒေသများသို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရပြီး အမှန်တကယ် သွားရောက်ခြင်းမရှိ၊ အမည်စာရင်းသာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကျေးလက် ကျန်းမာရေးဌာနခွဲများတွင် တာဝန်ကျသည့်သားဖွားဆရာမတစ်ဦးအနေနှင့် ၎င်းတာဝန်ကျသည့် ကျေးရွာသို့ သွားရောက်နေထိုင်ခြင်းမရှိဘဲ မြို့ပေါ်တွင် နေထိုင်ခြင်းမျိုးဖြစ်သည်။ အချိန်များစွာ သော့ခတ်လျက် ပိတ်ထားသည့် ကျေးလက်ဆေးပေးခန်းများကိုအလွယ်တကူပင် တွေ့နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံသို့ တာဝန်ကျသည့် သားဖွားနှင့် မီးယပ်အထူးကုဆရာဝန် လာရောက်တာဝန်ထမ်းဆောင်ခြင်းမရှိခြင်းကြောင့် ကိုယ်ဝန်ဆောင်နှင့် မွေးလူနာများ အခြားဆေးရုံများသို့သွားရောက်ဆေးကုသခဲ့ရဖူးသည်။

ပညာရေးဝန်ထမ်းဖြစ်သည့် ကျောင်းဆရာ၊ ဆရာမအချို့လည်း ယင်းတို့ထဲတွင် ပါဝင်သည်။ အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာတစ်ဦးသည် အဆိုပါကျောင်းမှ ဆရာမတစ်ဦးနှင့်ပြည်သနာဖြစ်ပွား၍ ကျောင်းသို့ လာရောက်စာသင်ကြားခြင်းမပြုဘဲ မိမိဇာတိသို့ ပြန်သွားခဲ့ရာ သုံးနှစ်ခန့်အကြာမှ ကျောင်းသို့ ပြန်လည်ရောက်ရှိလာခြင်းမျိုးရှိသည်။ အလယ်တန်းပြဆရာမတစ်ဦး၏အဆိုအရ အဆိုပါကျောင်းဆရာသည် ပညာရေးဝန်ထမ်းများကို လစာများ တိုးမြှင့်လိုက်သည့်အချိန်တွင်မှ ၎င်း၏တာဝန်ကို ပြန်လည် လာရောက်ထမ်းဆောင်ခြင်းဖြစ် သည်။

"ခွင့်ခဏသွားဦးမယ်ဆိုပြီး ထွက်သွားတယ်။ နှစ်နဲ့ချီပြီး ပေါ်မလာတော့ဘူး၊ သွားချင်တဲ့နေရာ သွားတယ်၊ တစ်နေရာရာမှာ စီးပွားသွားလုပ်နေတယ်၊ ဒါပေမဲ့ ဒီမှာ သူ့ရာထူးက ရှိနေတယ်" ဟု အထက်ပါ အငြိမ်းစားအရာရှိက ဆိုသည်။

ယင်းသို့လုပ်ငန်းခွင်ပြင်ပတွင် နေထိုင်ခွင့်ရရှိရန် သက်ဆိုင်ရာဌာနများ၏ မြို့နယ်အကြီးအကဲများ သို့မဟုတ် ရုံး၏ ဝါရင့်စာရေးကြီးများက ပါဝင်ပတ်သက်ကာ အကာကွယ်ပြုထားမှုသာ ရနိုင်ကြောင်း ၎င်းက ဆိုသည်။

သို့သော် ထိုသူတို့အတွက် လစာကိုမူ ၎င်းတို့ကိုယ်တိုင် သို့မဟုတ် သက်ဆိုင်ရာဌာနအကြီးအကဲ သို့မဟုတ် တာဝန်ရှိသူတစ်ဦးဦးက ပုံမှန်ထုတ်ယူနေသည်။ ဆိုလိုသည်က နိုင်ငံတော်က ထိုသူတို့အတွက် ပုံမှန် အခကြေးငွေ ကုန်ကျနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတွင် ရပ်ကျေးစာရေးများ ခန့်ထားခြင်းရှိပြီး သက်ဆိုင်ရာ ကျေးရွာတွင် နေထိုင်ရမည်ဖြစ်သော်လည်း အများစုက ထိုသို့ မဟုတ်ပေ။

ယင်းတို့ကား မြင်သာသည်များဖြစ်ပြီး အခြားဝန်ကြီးဌာနများတွင် သူ့နည်းသူ့ဟန်တို့ဖြင့် အနည်းနှင့်အများ ရှိနေတတ်သည်။

မိမိဇာတိနေအိမ်တွင် တစ်နှစ်ပတ်လုံး တောင်သူလုပ်ငန်းလုပ်ကိုင်နေရင်း မိုင်ပေါင်းများစွာ အကွာအဝေးဆီရှိလုပ်ငန်းခွင်အတွက် လစာကို ထုတ်ယူနေခြင်းမျိုးလည်း ရှိနေသည်။

"လူကြီးတွေနဲ့ တော်တော်ပိုင်တဲ့ သူတွေတော့ ရှိမှာပေါ့" ဟု လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ခံ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက The Voice သို့ ပြောဆိုသည်။

ယင်းသို့သောအခွင့်အရေးမျိုးရရှိသူအရေအတွက်သည် အဆိုပါဌာနတွင်မူ အနည်းအကျဉ်းသာဖြစ်သည်ဟု ၎င်း က ဆိုသည်။

"ရှားရှားပါးပါး"

တည်ဆဲဥပဒေဖြစ်သည့် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ရက်များ ခံစားနိုင်ရန် အမျိုးအစား ၁၀ မျိုး သတ်မှတ်ထားသည်။ ရှောင်တခင်ခွင့်၊ ကူးစက်ရောဂါကာကွယ်ခွင့်၊ လုပ်သက်ခွင့်၊ ဆေးလက်မှတ်ခွင့်၊ လစာမဲ့ခွင့်၊ မီးဖွားခွင့်၊ အထူးမသန်စွမ်းခွင့်၊ ဆေးရုံခွင့်၊ သင်္ဘောသား နာမကျန်းခွင့်၊ ပညာလေ့လာဆည်းပူးခွင့်များ ဖြစ်သည်။ ခွင့်ကာလအတွင်း အခြားဝင်ငွေရရှိစေသည့် အလုပ်များကို လုပ်ကိုင်ခွင့်လည်း မရှိပေ။

ခွင့်အမျိုးအစားများအလိုက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားသည်။ သို့သော် အထက်ပါဖြစ်ရပ်များက ယင်းဥပဒေ၊ နည်းဥပဒေများကို ကျော်ခွကာ ပြုမူကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လနောက်ဆုံးပတ်က ဝန်ကြီးဌာနရုံးချုပ်များတည်ရှိရာ နေပြည်တော်တွင် အစိုးရအရာရှိများ၊ ဌာနဆိုင်ရာအရာရှိများ၊ နိုင်ငံတကာ ပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။

ခေါင်းစဉ်က ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းရေးဆွဲရေးဖြစ်သည်။

အဓိကအားဖြင့် ပြည်သူကိုဝန်ဆောင်မှုပြုရာတွင် အစိုးရအနေနှင့် ဝန်ထမ်းများကို မည်ကဲ့သို့ စီမံခန့်ခွဲမည်နည်း၊ ဝန်ထမ်းများအနေနှင့်လည်း ခေတ်စနစ်နှင့်လျော်ညီစွာ မည်ကဲ့သို့ တာဝန်ထမ်းဆောင်ရမည်နည်း ဆိုသည့် အပေါ် ဆွေးနွေးအဖြေရှာကြခြင်းဖြစ်သည်။



ဓာတ်ပုံ-မိုးကျော်လွင်

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာဝင်းအောင်က ယခုကဲ့သို့ ပြောဆိုသည်။

အစိုးရအနေနှင့် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားပြီးလျှင် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်းမျိုး အားနည်းသည်ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ဝန်ထမ်းရေးရာကိစ္စများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို သမ္မတက တိုက်ရိုက်ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့လက်အောက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနများ ထားရှိသည်။

ဝန်ထမ်းများခန့်ထားနိုင်ရန် ရာထူးဝင်ခွင့် စာမေးပွဲများပြုလုပ်ခြင်း၊ စစ်ဆေးခြင်း၊ သင်တန်းများပြုလုပ်ပေးခြင်း၊ တာဝန်ထမ်းဆောင်စေခြင်း စသည့်ကိစ္စများကို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနက စီမံကွပ်ကဲခြင်းဖြစ်သည်။

"ဝန်ထမ်းရွေးချယ်တယ်၊ လေ့ကျင့်ပြီးတော့မှ သူက ခန့်ပေးလိုက်တာပဲ ရှိတာကိုး ဗျ၊ နောက်ပိုင်းမှာ သူတို့က ဆက်ပြီးတော့မှ ဝန်ထမ်းတွေကို ကိုင်တွယ်မှု မရှိတော့ဘူး" ဟု ဒေါက်တာဝင်းအောင်က ဆိုသည်။

ယင်းသို့မဟုတ်ဘဲ ခန့်ထားပြီးဝန်ထမ်းများကို အဆက်မပြတ်စောင့်ကြည့်ကာ အမှတ်ပေးသည့်ပုံစံဖြင့် အဆင့်တိုးမြှင့်ခြင်း၊ လစာတိုးမြှင့်ခြင်းများ ပြုလုပ်သင့်ကြောင်း ၎င်းက ဆိုသည်။

၂၀၁၆ ခုနှစ် မတ်လက တက်လာသည့် အစိုးရသစ်က အုပ်ချုပ်မှုယန္တရားကို ပြင်ဆင်ခဲ့ပြီး ပြည်ထောင်စု ဝန်ကြီးဌာနများကို လျှော့ချခဲ့သည်။ မူလဝန်ကြီးဌာန ၃၆ ခုရှိသည့်အနက် ၂၁ ခုအဖြစ် လျှော့ချလိုက်ခြင်း ဖြစ်သည်။ သို့သော် ဦးစီးဌာန၊ လုပ်ငန်းများကို လျှော့ချခြင်းမရှိသဖြင့် ဝန်ထမ်းအင်အားလည်း လျော့သွားခြင်း မရှိပေ။ သို့သော် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး ဝန်ကြီးဌာနတို့ ထပ်တိုးလာခဲ့သည်။

ပညာရေးကဲ့သို့သော အချို့ဌာနများတွင် ဝန်ထမ်းလိုအပ်ချက်များရှိနေပြီး စီမံခန့်ခွဲရေးဆိုင်ရာ အချို့ဌာနများတွင် ဝန်ထမ်းများ စုပြုံပိုနေခြင်းမျိုးဖြစ်သည်။

စာမျက်နှာ ၁၂ သို့

# “ထောင့်သန်းကြောင့်သေသွားတဲ့ တိရစ္ဆာန်ကို ချက်ပြုတ်စားသောက်ရင်၊ အကာအကွယ်မဲ့ကိုင်မိရင် လူကို ထောင့်သန်းပိုးကူးနိုင်တယ်”

ရလေး


ဓာတ်ပုံ-ရလေး

**မကြာခဏဆိုသလို မည်သည့်အကြောင်းကြောင့်မှန်းမသိဘဲ သေဆုံးသည့်တိရစ္ဆာန်ကျွဲ၊ နွားများကို ချက်ပြုတ်စားသောက်ခြင်းနှင့် အကာအကွယ်မဲ့ ကိုင်တွယ်ခြင်းများကြောင့်ယင်းတိရစ္ဆာန်များမှထောင့်သန်းရောဂါပိုးမှာ လူကိုကူးစက်နိုင်ပြီး အသက်အန္တရာယ်ရှိသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစု ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လတ်ကို ထောင့်သန်းရောဂါပိုးနှင့်ပတ်သက်၍ မေးမြန်းဖော်ပြလိုက်ပါသည်။**

**Voice : ထောင့်သန်းပိုးက လူကို ဘယ်လိုကူးစက်နိုင်ပါသလဲဆရာ။**

**Dr.KML :** တိရစ္ဆာန်တွေကို ကာကွယ် ဆေးထိုးပေးတယ်။ ကာကွယ်ဆေးမထိုးထားတဲ့၊ ထောင့်သန်းကြောင့် သေသွားတဲ့ တိရစ္ဆာန်ကို ချက်ပြုတ်စားသောက်ရင်၊ အကာအကွယ်မဲ့ကိုင်မိရင် လူကို ထောင့်သန်းပိုးကူးနိုင်တယ်။ သိသာတာက ပိုးရဲ့လမ်းကြောင်းရှိတယ်။ ပိုးက အသက်ရှူလမ်းကြောင်းကလား။ အစာချေ လမ်းကြောင်းကလား ရှိတယ်။

**Voice : ထောင့်သန်းလို တိရစ္ဆာန်ကနေ လူကိုကူးစက်ခဲ့ရင် ဘယ်လိုလက္ခဏာတွေ ပြပါသလဲဆရာ။ အသက်အန္တရာယ် ရှိပါသလား။**

**Dr.KML :** ထောင့်သန်းပိုးရှိတဲ့ တိရစ္ဆာန်ကိုစားပြီး တစ်ပတ်အတွင်း လက္ခဏာပြတယ်။ ပထမဆုံးအပြင်းဖျားတယ်။ သွေးဆိပ်တက်ဖျားတယ်။ အဖျား ၁၀၄ ကနေ ၁၀၆ လောက်အထိ ဖျားတယ်။

**Voice : သေဆုံးနှုန်းကရော ဘယ်လိုရှိပါသလဲဆရာ။**

**Dr.KML :** ထောင့်သန်းနဲ့ပတ်သက်ပြီး Outbreak ဖြစ်တာမတွေ့မိဘူး။ အသက်ရှူလမ်းကြောင်းကဆို ပိုပြင်းထန်တယ်၊ ပိုမြန်တယ်။ ဆေးကုဖို့ နည်းနည်းစိတ်မချရဘူး။ အသက်ဆုံးရှုံးမှုမြန်တယ်။ အသက်အန္တရာယ် ရှိတယ်။ ထိတွေ့ကိုင်တွယ်ရာက ကူးတယ်ဆိုရင်တော့ လက်မှာပေါက်ပြဲဒဏ်ရာတွေရှိတယ်ဆိုရင် လက်မှာ အနာလုံးတွေပေါက်လာတယ်။ စနစ်တကျမကုသရင်တော့ အသက်ဆုံးရှုံးနိုင်တယ်။

**Voice : ဌာနအနေနဲ့ လူတွေကို အသိပညာပေးတာမျိုးလုပ်နေတာ ရှိပါသလားရှင့်။**

**Dr.KML :** လူမှာဖြစ်တဲ့ကူးစက်ရောဂါဆိုရင် ပညာပေးဟောပြောပွဲတွေ လုပ်တယ်။ ဟိုးအရင်က ဖြစ်ဖူးတာတော့ ရေကြီးရင် တိရစ္ဆာန်တွေမျောကြတယ်။ ဒါကို တချို့ကဖမ်းပြီး ချက်ပြုတ်စားသောက်ကြတယ်။ ဖြစ်လာရင်တော့ ဝမ်းပျက်ဝမ်းလျှောတာတွေဖြစ်တာများတယ်။ ရေဘေးသင့်ဒေသတွေဆို ရေထဲမှာ ဝမ်းလျှော ဝမ်းပျက်စေတဲ့ပိုးတွေပါတဲ့အတွက် တိရစ္ဆာန်တွေကိုလည်း ချောင်း၊ မြောင်းကရေကို မတိုက်ဖို့နဲ့ စိတ်ချရတဲ့သောက်သုံးရေကိုတိုက်ဖို့ပြောပြပေးတယ်။ အဲဒီမှာကျတော့ ရောဂါတွေက ပြန့်နေတာလေ။ ရေတက်ပြီးရင်လည်း ရေကျကျချင်း စားကျက်မြေကို ချက်ချင်းမလွှတ်ဖို့။ ရေလွှမ်းမိုးထားတဲ့ မြက်ပင် (စားကျက်မြေ) မှာ ရောဂါပိုးတွေ ကပ်ငြိနေနိုင်တယ်။ သွားစားမိရင် တိရစ္ဆာန်တွေမှာလည်း အန္တရာယ်ဖြစ်စေတယ်။

**Voice : ရေဘေးဖြစ်တဲ့အခါမှာ တိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး ကူးစက်ရောဂါတွေမဖြစ်အောင် ဘယ်လိုလုပ်ဆောင်နေပါသလဲဆရာ။ ကယ်ဆယ်ရေးလုပ်တဲ့အခါရော ဘယ်တိရစ္ဆာန်တွေကို အဓိကထားပါသလဲဆရာ။**

**Dr.KML :** ရေဘေးသင့်ဒေသဆိုရင် တိရစ္ဆာန်တွေကိုကယ်ဆယ်ရေးလုပ်တယ်။ ကူးစက်ရောဂါတွေ မဖြစ်ရေးလုပ်တယ်။ ကယ်ဆယ်ရေးစခန်းတွေဆောက်ပြီး တိရစ္ဆာန်တွေကို ကာကွယ်ဆေးတွေထိုးပေးတယ်။ တောင်သူလယ်သမားတွေမွေးတဲ့ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက်အားလုံးကို ကယ်ဆယ်ရေးနဲ့ ကူးစက်ရောဂါမဖြစ်ပွားရေး ဆောင်ရွက်ပေးတာပါ။ ■

**ရလေး**


ဓာတ်ပုံ-မိုးကျော်လွင်

# ထိခိုက်ဒဏ်ရာရမှုများကို ကောင်းစွာဆေးကုသမှုမခံယူလျှင် သွေးတွင်းအဆိပ်တက်၍ အသက်အန္တရာယ်ရှိဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

ထိခိုက်ဒဏ်ရာရမှုများကိုကောင်းစွာဆေးကုသမှုမခံယူလျှင်သွေးတွင်းအဆိပ်တက်၍ အသက်အန္တရာယ်ရှိကြောင်း ရောင်ခြည်သစ်ကုသိုလ်ဖြစ်ဆေးခန်းမှ တာဝန်ခံ ဒေါက်တာကျော်စွာဦးက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရမှုများအပြင် အခြားကိုယ်တွင်းအင်္ဂါ ထိခိုက်မှုများဖြစ်လျှင်လည်း ဆေးကုသမှုကို တိကျစွာခံယူသင့်ကြောင်း၊ ဆေးကုသမှုမခံယူမှုများကြောင့် ဒဏ်ရာဖြစ်သည့်နေရာတွင် ရောဂါပိုးပေါက်ပွားနိုင်ပြီး ရောဂါပိုးမှ အဆိပ်ထုတ်၍ သွေးဆိပ်တက်နိုင်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

“ဥပမာ - အူအတက်ပေါက်ရင်၊ သေချာကုသမှုမခံယူထားဘူးဆိုရင် သွေးတွင်းအဆိပ်တက်၊ သွေးလန့်တာလို့လည်းခေါ်တဲ့ သွေးဆိပ်တက်တတ်တယ်။ တခြားကိုယ်တွင်းအင်္ဂါတွေကို ထိခိုက်စေတယ်” ဟုဒေါက်တာကျော်စွာဦးကဆိုသည်။

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရရှိမှုများအနက် သွေးတွင်းအဆိပ်တက်ခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး ဦးခေါင်းထိခိုက်ဒဏ်ရာရခြင်းကြောင့် သေဆုံးမှုမှာ ဒုတိယသေဆုံးမှုအများဆုံးဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဆေးရုံပေါင်းတစ်ထောင်ကျော်က ကောက်ယူထားသည့် စာရင်းအရ သိရသည်။ ■

## ကျန်းမာရေးသတင်းတိုများ

၂၀၁၇ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပမည့် ရိုးမရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်လိုသူများသည် စက်တင်ဘာလ ၁၆ ရက် နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ FMI Centre၊ (၆)လွှာ၊ အခန်းအမှတ် (၆၀၂)၊ Special Project Department တွင် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း လူကိုယ်တိုင် စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။ ■

နိုင်ငံရပ်ခြားက ပြန်ရောက်ပြီး နှစ်ပတ်အတွင်း ဖျားနာခြင်း၊ ပိုလီယိုကဲ့သို့ အရိုးပျော့ရောဂါခံစားရခြင်းဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနကို အကြောင်းကြား၍ ဆေးကုသမှုခံယူရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ■

မြန်မာတစ်နိုင်ငံလုံးရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်ဖြင့် မြန်မာဘရူဝါရီလီမိတက်၏ အဓိကပံ့ပိုးကူညီမှုဖြင့် Japan Heart Organization ၊ မန္တလေးကလေးဆေးရုံကြီးတို့နှင့် ပူးပေါင်းပြီး 'Smile' Project ဖြင့် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ဆရာဝန်ကြီးများက နိုဝင်ဘာလ ၂ ရက်မှ ၅ ရက်နေ့ထိ အခမဲ့ ခွဲစိတ်ပေးသွားမည်ဖြစ်ရာ စာရင်းပေးရန် Hot Line ဖုန်းနံပါတ် ၀၉-၇၇၇၇၅၆၉၄၁ နှင့် ၀၉-၉၆၈၂၅၈၈၅၈ ဖုန်းနံပါတ် (၉၅၉) ၈၆၃၇၂၅၀ လိုင်းခွဲ ၄၀၀၊ ၄၂၁ နှင့် ၄၂၂ ၊ မဖြူမိုးမိုးနှင်း (ခ) ပန်ပန် ၀၉-၄၃၀၄၉၄၀၂ နှင့် ကိုစောမိုးဇက်ဝင်း ၀၉-၄၃၀၅၁၃၇၄၊ မန္တလေးကို ဆက်သွယ်လိုလျှင် ကိုမျိုးဇော်တင် ၀၉-၄၃၀၁၃၄၀၉ နှင့် ကိုမန်းဝင်းဇော် ၀၉ ၄၃၀၁၂၆၈၅ တို့ကို ဆက်သွယ်နိုင်သည်။ ■

စာမျက်နှာ ၁၀ | ပြည်သူ့ဝန်ကို ထမ်းသည်လော မှအဆက် ...

လွှတ်တော်သစ်က ခွင့်မပြုတော့ခြင်းကြောင့်ပြီးခဲ့သည့်အစိုးရလက်ထက်အတွင်း ဆည်တည်ဆောက်ရေး စီမံကိန်းအချို့ ရပ်နားခဲ့ရသည်။

ယင်းက အဆိုပါစီမံကိန်းများတွင် တာဝန်ကျနေသည့် ဝန်ထမ်းများကို မည်မည်ရရ အလုပ်မရှိတော့ဘဲ ဖြစ်သွားစေခြင်းမျိုးဖြစ်သည်။ ဥပမာ - ချင်းတွင်းမြစ်ရိုး တစ်လျှောက်ရှိ ဆည်တည်ဆောက်ရေး စီမံကိန်းများရပ်နားခဲ့ပြီး ယင်းစီမံကိန်း နယ်မြေအတွင်းရှိအဆောက်အုံများကိုစောင့်ရှောက်နေရသည့် တာဝန်သာဆောင်ရွက်စေခဲ့သည်မှာ နှစ်နှင့် ချီကြာခဲ့ပြီဖြစ်သည်။

လက်ရှိမူဝါဒအရ အစိုးရအနေနှင့် ဝန်ထမ်းများကို ခန့်ထားပြီးလျှင် ဖြုတ်ပစ်ဖို့ မလွယ်ကူပေ။

"ဝန်ထမ်းတွေကို လျှော့မချရဘူး၊ မဖြုတ်ရဘူးဆိုတဲ့မူကရှိနေတော့ လုပ်ရကိုင်ရခက်ပြီးတော့ အစိုးရမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေတာပေ့ါ" ဟု နိုင်ငံရေးဆိုင်ရာဆောင်းပါးများ ရေးသားလျက်ရှိပြီး အငြိမ်းစား ခရိုင်အဆင့် အရာထမ်းတစ်ဦးဖြစ်သူ ဦးအောင်သိန်းညွှန့်က ဆိုသည်။

ဝန်ကြီးဌာနများ၏ အကြီးအကဲ ပြည်ထောင်စုဝန်ကြီးများကိုခန့်ထားရာတွင် ပညာရှင်များကိုခန့်ထားခြင်းသည်ကောင်းမွန်သည်ဟု ထင်ရသော်လည်း အခြားတစ်ဖက်တွင် ပြဿနာတစ်ခုဖြစ်ကြောင်း ၎င်းက ဆိုသည်။ ပညာရှင်သည် သက်ဆိုင်ရာပညာရပ်တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်မည်ဖြစ်သော်လည်း အုပ်ချုပ်ရေး ယန္တရားကို ကျွမ်းကျင်လေ့မရှိဟုဆိုသည်။

"အကြံပြုချင်တာကတော့ပြည်ထောင်စုဝန်ကြီးတွေဟာ အတွင်းဝန်တွေ၊ ညွှန်ချုပ်တွေ တင်ပြတာလောက်ကိုသာ ယုံကြည်စိတ်ချမနေဘဲနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဌာနမှာ ဖြစ်နေတာကို သိအောင်လုပ်ရမယ်" ဟု ၎င်းကဆိုသည်။

တပ်မတော်အစိုးရ လက်ထက်အတွင်းမှ အစပြုကာ အစိုးရအုပ်ချုပ်ရေးယန္တရားတွင် တပ်မတော်မှ အရာရှိများကို မိုးကျရွှေကိုယ်အဖြစ် ခန့်ထားခြင်းများသည်


ဓာတ်ပုံ-အေးအေး

လည်း ယန္တရားလည်ပတ်မှုကို ချို့ယွင်းစေခဲ့ခြင်း၏ အကြောင်းတစ်ခုဖြစ်သည်ဟု အငြိမ်းစားဝန်ထမ်းများက ရှုမြင်သည်။ ဌာနအတွင်း အထက်အောက်ဆက်ဆံရေးသည် ရင်းနှီးပွင့်လင်းမှုလည်းမရှိ။

တာဝန်ကျရာဒေသများသို့ အမှန်တကယ်သွားရောက်ခြင်းမရှိဘဲ သက်ဆိုင်ရာ မြို့နယ်အဆင့်အရာရှိများနှင့် ပူးပေါင်းကာ အထက်အကြီးအကဲများကို စာရင်းအင်းလိမ်ညာပြနေမှုများက သာမန်လူသားဝန်ထမ်းများပင်မဆိုထားနှင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများတွင်လည်း ရှိနေကြောင်း အထက်ပါ အငြိမ်းစား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆိုသည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနက ဆောင်ရွက်သည့် နယ်စပ်ဒေသ သာသနာပြု အစီအစဉ်များတွင်ဖြစ်သည်။ အဆိုပါဝန်ကြီးဌာနလက်အောက်ရှိသာသနာ့တက္ကသိုလ်မှ ဘွဲ့ယူမည့် ရဟန်းတော်များအနေနှင့် နယ်စပ်ဒေသများတွင် ၂နှစ်ကြာ သွားရောက်ကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတွက် လစာနှုန်းထားလည်း သတ်မှတ်ထားသည်။ သို့သော် လက်တွေ့တွင် နာမည်စာရင်းသာ နယ်စပ်ဒေသသို့ရောက်ရှိခဲ့သည်ဟု ၎င်းကဆိုသည်။

"မြို့ပေါ်မှာ သူတို့ကိုအုပ်ချုပ်တဲ့ ဗဟိုဆရာတော်ဆိုတာ ရှိတယ်၊ အဲဒါကတော့ မြို့ပေါ်ထိုင်တဲ့ ဘုန်းကြီးပေ့ါ၊ မြို့ပေါ်ထိုင်တဲ့ဘုန်းကြီးရယ်၊ သာသနာရေးမှူးရယ် ညှိပြီးတော့ အဲဒီမလာတဲ့ဘုန်းကြီးတွေအတွက် ရောက်ပါတယ်၊ လာပါတယ်ဆိုပြီး ပိုက်ဆံထုတ်စားတယ်" ဟု ၎င်းကဆိုသည်။

အကျင့်ပျက်၊ စည်းကမ်းဖောက်သည့် ဝန်ထမ်းများကို အများပြည်သူကလည်း ထိရောက်စွာ တိုင်ကြားသည့်အခါ အရေးယူမှုများ ရှိခဲ့သည်ဟုဆိုသည်။

အစိုးရသစ်လက်ထက်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ထမ်းများအရေးနှင့် ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀ စီမံချက်သည်လည်း အပြောင်းအလဲဆီသို့ ဦးတည်နေပါသည်။

အခြေခံကျသည့် နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန် ဆောင်ရွက်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားမှုပုံစံနှင့် စီမံခန့်ခွဲမှုပုံစံများ ပြောင်းလဲခြင်းကဲ့သို့သော ဆောင်ရွက်မှုများဖြစ်သည်။

လက်ရှိတွင်လည်း ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ စီမံကိန်းအတွက် အလုပ်ရှုပ်လျက်ရှိသည်။

သြဂုတ်လ ၂၅ ရက်နှင့် ၂၆ ရက်နေ့က ပြုလုပ်ခဲ့သည့်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပြည်တွင်း တာဝန်ရှိသူများ တွေ့ဆုံခဲ့သည့် နေပြည်တော်ဆွေးနွေးပွဲတွင် အပြောင်းအလဲကိစ္စများကို ဆွေးနွေးခဲ့ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေက ပြောဆိုသည်။

အထက်ပါဝန်ထမ်းများ၏ ပျက်ကွက်မှု ဥပဒေဖောက်ဖျက်မှုများနှင့်ပတ်သက်၍ ၎င်းက "စောင့်ကြည့်ဖို့ဟာကတော့ကျွန်တော်တို့ ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ရာထူးဝန်အဖွဲ့ကနေ စောင့်ကြည့်သင့်တာပေ့ါ" ဟု ဆိုသည်။

သို့သော်။

ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုကို သက်ဆိုင်ရာဌာနများကသာ ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ဌာနတစ်ခုနှင့် တစ်ခု ဝင်ရောက်စွက်ဖက်ရာရောက်သောကြောင့် ယင်းသို့လုပ်နိုင်စွမ်းမရှိဟု ဆိုသည်။

"ရုံးလုပ်ငန်းစနစ်အရ ကျွန်တော်တို့ ဝင်စွက်ဖက်ခွင့်မရှိဘူး၊ သိလို့မရဘူးပေ့ါနော်၊ မရတဲ့အခါမျိုးမှာတော့ ကျွန်တော်တို့လည်း ဘာမှတော့ ပြောလို့မရဘူးပေ့ါ"

ယင်းပြဿနာနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်က အဆိုပါရာထူးဝန်အဖွဲ့ကို လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ထားသင့်သည်ဟု ဆိုသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး တာဝန်များအပြင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ စာပေစိစစ်ရေးအဖွဲ့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ၎င်း၏ ပြည်သူ့ဝန်ထမ်းဘဝတာကာလအတွင်း ဘဝတူ လောကသားတို့အကြား အကျင့်ပျက်မှု၊ ဥပဒေ၊ နည်းဥပဒေများကို လက်တစ်လုံးခြား ပြုလုပ်ခြင်းများအကြောင်း တစ်စိတ်တဒေသကို ပြန်လည်ပြောဆိုနေသည့် အငြိမ်းစားမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ သဘောထားကလည်း အောက်ပါအတိုင်းဖြစ်သည်။

ယင်းသို့ ခွင့်မဲ့ပျက်ကွက်သော သို့မဟုတ် တာဝန်ကျရာနေရာတွင် လာရောက်တာဝန်ထမ်းဆောင်ခြင်းမရှိသည့် ကိုယ်ဖျောက်ဝန်ထမ်းများအတွက် အဓိကတာဝန်ရှိသူသည် မြို့နယ်အဆင့်ရှိ အရာရှိများသာဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းဆိုလျှင် မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ ပညာရေးဝန်ထမ်းများဖြစ်လျှင် မြို့နယ်ပညာရေးမှူး စသဖြင့်။

ယင်းသို့ဥပဒေပြင်ပ လုပ်ဆောင်နိုင်မှုသည် အဆိုပါမြို့နယ်အကြီးအကဲများ၏ လက်သိပ်ထိုးခွင့်ပြုထားမှုကြောင့်သာဖြစ်နိုင်သည်ဟု ဆိုသည်။

"တာဝန်အရှိဆုံးကတော့ မြို့နယ်အကြီးအကဲက စစ်ဆေးနေရမှာပေ့ါ" ■

စာမျက်နှာ ၉ | ရေလှိုင်းကြားက မီးအိမ်ရှင် မှအဆက် ...

တာဝန်ထမ်းဆောင်မည့် ဆရာ၊ ဆရာမများကို အစိုးရက လက်ကမ်းကြိုနေပြီဖြစ်သည်။ ဝေးလံခေါင်သီ နယ်စပ်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများကို ပုံမှန်ခံစားခွင့်လစာထက် နှစ်ဆတိုးပေးကာ ဆွဲဆောင်လျက်ရှိသည်။

သို့သော် ဤသည်က အဖြေမှန်တော့မဟုတ်တန်။ လစာတိုး၍ ခံစားခွင့်ပြုရုံဖြင့် လမ်းပန်း ဆက်သွယ်ရေးခက်ခဲ၍ ဝေးလံခေါင်သီသော ဒေသများရှိနိုင်ငံ့ဝန်ထမ်းများ၏ အခက်အခဲများက ပြေလည်သွားသည်တော့မဟုတ်။

ဝေးလံခေါင်သီဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမပေါင်းက ၃၆၀,၇၀၆ ဦးခန့်ရှိသည်။ သို့သော်လည်း လိုအပ်ချက်ကသောင်းနှင့်ချီ၍ ရှိနေဆဲ။ ထို့ကြောင့်ပင် နေ့စားလပေး ပညာရေးဝန်ထမ်းများကို


ဓာတ်ပုံ-မိုးကျော်လွင်

ခေါ်ယူခဲ့ခြင်းပင်။ ထိုအထဲတွင် ဆရာမလေး ဒေါ်လင်းစန္ဒာတစ်ယောက်လည်း အပါအဝင်။

တစ်နေ့ ကျပ် ၃၅၀၀ စားဖြင့် ဆရာမလုပ်သက် တစ်လကျော်သည် သူမ တစ်ဘဝတာ ဆန္ဒတစ်ခု၏ မှတ်တမ်းသဖွယ်။ သို့တည်းမဟုတ် အိပ်မက်အသွင်။

ကျောင်းအသွားလမ်းသည် သေမင်းနိုင်ငံသို့ ဦးတည်လမ်းမှန်း ဆရာမလေး ဒေါ်လင်းစန္ဒာ ကြိုသိနိုင်ခဲ့လျှင်- ခေါင်းလောင်းထိုး မြေဖြူကိုင် ပိတီကိုစား အားရှိသည့် ထိုအလုပ် သူလျှောက်ခဲ့ပါမည်လော။ လုပ်ချင်ခဲ့ပါမည်လော။ အခြား မြေဖြူကိုင် လက်များသည်လည်း မည်သို့ရှိမည်နည်း။

ဆရာမလေး ဒေါ်လင်းစန္ဒာ၏ အစ်မ ဒေါ်အေးမာကတော့ ဝမ်းနည်းယူကျုံးမရစိတ်တို့ဖြင့် ထိုအလုပ်ကို ခပ်သွက်သွက်ကြီးပင် ငြင်းပယ်လိုက်သည်ပင်။

"ဒီကျောင်းကို သွားဖို့အတွက် ကိုယ်တိုင်လိုက်ပို့ခဲ့တာ။ သေမယ့်လမ်းကို လိုက်ပို့သလိုဖြစ်နေခဲ့တာ။ ဒီလိုအဖြစ်ဆိုးမျိုးနဲ့သာ ကြုံမယ်မှန်း ကြိုသိခဲ့ရင် ကလေးလုပ်ချင်တဲ့ ကျောင်းဆရာမအလုပ်ကို ခွင့်မပြုခဲ့ပါဘူး။"

သို့သော် အချို့ချို့သော မြေဖြူတောင့်ကိုင် မီးအိမ်ရှင်တို့သည်ကား နေရေးနှင့် သေရေးကြား သောကပွားရင်း ခေါင်းလောင်းကိုသာ တွင်တွင်ထိုးလျက်။ ■

# အမေရိကန်ကို ဘာရောင်းကြမလဲ

ရဲနိုင်ဦး

**အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှု ‘မကြာမီ ဖွင့်တော့မည်’ဟု ကြေညာသည်။ အဆိုပါသတင်းစကားလက်ဆောင်ကို အမေရိကန်သမ္မတအိုဘားမားက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မြန်မာပြည်သူများထံ ပါးလိုက်သည်။**

ထိုအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို လုပ်ငန်းရှင်များက ကျေးဇူးတင်ကြသည်။ ပြည်သူများအတွက် လက်ဆောင်ကို အမေရိကန်ခရီးမှ သယ်ဆောင်ခဲ့သောကြောင့်ဖြစ်သည်။

မြန်မာအပေါ် စီးပွားရေးပိတ်ဆို့မှုကို အမေရိကရှိ လွှတ်တော်က ဥပဒေငါးခုနှင့် သမ္မတအုပ်ချုပ်ရေး အမိန့်ခြောက်ခုဖြင့် ပိတ်ဆို့ထားခဲ့ခြင်းဖြစ်သည်။ သမ္မတအုပ်ချုပ်ရေးအမိန့်ဖြင့်တားဆီးမှုများအတွက် အချိန်သိပ်မလိုသော်လည်း ဥပဒေဖြင့် စီးပွားပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန်အတွက်မူ လွှတ်တော်၏ သဘောထားကိုရယူရဦးမည်ဖြစ်သည်။

ထို့ကြောင့် အိုဘားမားက မြန်မာအပေါ်စီးပွားရေးပိတ်ဆို့မှု ဖွင့်လှစ်ပေးမည့်ကာလနှင့်ပတ်သက်၍ သတင်းထောက်များ၏ အမေးကို ‘မကြာမီ’ ဟူသော စကားလုံးသုံး၍ ဖြေကြားသွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်က ‘မဝယ်ဘူး’ ဟုအတန်တန်ငြင်းထားသောအခါ မြန်မာတွေ ရောင်းချင်သည်မှာအခါအခါ။

ယခုအခါ အမေရိကန်က မြန်မာ့ရောင်းကုန်ကို ဝယ်တော့မည်ဟု အချက်ပြလိုက်သည်။ ချက်ချင်းမဝယ်သေး။ သူတို့မဝယ်မီ ရောင်းစရာကုန်ပစ္စည်း ဘာတွေရှိသည်ကို ကိုယ့်နိုင်ငံတွင် အပြေးအလွှားရှာဖွေကြည့်မိသည်။

မြန်မာသည် ကုန်သည်၊ ပွဲစား၊ ဈေးသည်မျိုးရိုးမဟုတ်သောကြောင့် ဖြစ်ဟန်တူသည်။ ရောင်းချစရာ နည်းလှချေ၏။ ဆန်ရောင်းမည်လား၊ ရေထွက်ကုန်ရောင်းမည်လား။ သို့တည်းမဟုတ် နည်းပညာလား။ မည်သည်ကိုရောင်းပါက အမြတ်ထွက်မည်နည်း။

“ကျွန်တော့်အမြင်ပြောရရင် အထည်ချုပ်ရယ်၊ ရေထွက်ကုန်ရယ်ပဲဗျ။ ကျန်တာကနောက်မှ ဖြည်းဖြည်း လိုက်မယ့်သဘောပဲရှိတယ်”ဟု ကုန်သွယ်ရေးသင်တန်းကျောင်းနည်းပြဆရာလည်းဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးလည်း ဖြစ်သူ ဦးသိန်းမြင့်ဝေက ဆိုသည်။

၂၀၀၃ ခုနှစ် အမေရိကန်စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းများ၏ တစ်ဝက်ကျော်မှာ ပိတ်သိမ်းခဲ့ရသည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများမှာ ပြည်တော်ပြန်ခဲ့ကြသည်။ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြသည်။

သို့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရလက်ထက်အရောက် အထည်ချုပ်ကဏ္ဍမှ ပို့ကုန်ဝင်ငွေမှာ နှစ်စဉ်တိုးတက်လာသည်။ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း ဥရောပသမဂ္ဂ၏ အခွန်သက်သာခွင့် (GSP) ကို ရရှိခဲ့ပြီးနောက် ပြည်တွင်းအထည်ချုပ်လုပ်ငန်းမှာ ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ ပြည်တွင်း၌ အထည်ချုပ်စက်ရုံ အများအပြားဆောက်၍ ရင်းနှီးမြှုပ်နှံကြသည်။ သို့သော် ၂၀၁၅ ခုနှစ်အရောက် အလုပ်သမားဆန္ဒပြပွဲများကြောင့် အရှိန်ရနေသော အထည်ချုပ်ကဏ္ဍမှာ တုံ့ဆိုင်းခဲ့ရပြန်သည်ဟု အထည်ချုပ် လုပ်ငန်းရှင်အသိုင်းအဝိုင်းက ဆိုသည်။

အထည်ချုပ်ကဏ္ဍသည် လက်ရှိတွင် ကိုရီးယားနှင့် ဂျပန်ဈေးကွက်ကို အားပြုလျက်ရှိပြီး ဥရောပဈေးကွက်သို့လည်း အနည်းငယ်တင်ပို့လျက်ရှိသည်။ စံချိန်စံညွှန်းများအရလည်း ဥရောပနှင့် ဂျပန်သို့ တင်ပို့လျက်ရှိခြင်းကြောင့် အမေရိကန်သို့ တင်ပို့နိုင်ရန် မခက်ခဲကြောင်း အထည်ချုပ်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးမြင့်စိုးက ဆိုသည်။

“ဆန်ရှင်ဖွင့်ရင် အီးယူတုန်းကလိုပဲ အထည်ချုပ်ကတိုးတက်လာမှာ။ ကျွန်တော့်အထင် ၅၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းလောက် မြင့်တက်လာနိုင်တယ်”ဟု အမေရိကန်စီးပွားရေးပိတ်ဆို့မှုဖွင့်လှစ်ချိန်၊ အမေရိကန်အထူးအခွန်သက်သာခွင့် (GSP) ရရှိချိန် အထည်ချုပ်ကဏ္ဍ အလားအလာကို ၎င်းက ဆိုသည်။

ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်သော်လည်း မြန်မာသည် လုပ်အားခသက်သာသည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီယားနိုင်ငံတို့ကို ယှဉ်နိုင်မည်လားဆိုသည့် မေးခွန်းကလည်း ရှိသည်။ အနည်းဆုံးအခကြေးငွေ တစ်ရက်လုပ်အားခ ၃၆၀၀ ကျပ် ဖြစ်နေပြီး လုပ်ခထပ်မံတိုး မြင့်ပေးရန် တောင်းဆိုမှုများလည်း ရှိနေရာ စိန်ခေါ်မှုများလည်း ရှိနေသည်ဟု ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း တည်ထောင်သူ ဦးရဲမြတ်သူက ပြောကြားသည်။

“GSP ရရင်အထည်ချုပ်တစ်ခုတည်း မဟုတ်ဘူး။ တခြားလုပ်ငန်းတွေလည်း တိုးတက်လာမှာပါ။ အခုတော့ လုပ်သားအင်အားဖြည့်ဆည်းနိုင်တာဆိုရင် အထည်ချုပ်ပဲပြေးမြင်နေကြတယ်”ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မှတ်ချက်ပြုသည်။

အထည်ချုပ်ကဏ္ဍပြီးနောက်ရေထွက်ပို့ကုန်ကို မျက်စိကျသူများရှိသော်လည်း ရေထွက်ပို့ကုန်လုပ်ငန်းရှင်အချို့ကမူ အမေရိက ဈေးကွက်သို့ဝင်ရောက်ရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း ဆိုသည်။

အဓိကမှာ ပင်လယ်ပြင် သယံဇာတရှားပါးခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်းကြောင့်ဖြစ်သည်ဟု မြန်မာနိုင်ငံရေထွက်ပို့ကုန်လုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။ ထို့ပြင် ရေထွက်ပို့ကုန်ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့်လေးနှစ်ဆက်တိုက် ကျဆင်းလျက်ရှိကြောင်း ရေထွက်ပို့ကုန်လုပ်ငန်းရှင်များက ဆိုသည်။

“မြန်မာ့ပင်လယ်ပြင်မှာ သုတေသနပြုချက်အရ ရေငန်မှာဆိုရင် ၁၀ ရာခိုင်နှုန်းလောက်ပဲ ငါး၊ ပုစွန် သယံဇာတက ကျန်တော့တယ်။ မွေးမြူရေးပိုင်းကိုလည်း အစိုးရက အားမပေးနိုင်တော့ ဆန်ရှင်ဖွင့်လည်း အလုပ်မဖြစ်သေးဘူး” ဟု ဒေါက်တာတိုးနန္ဒာတင်က ရှင်းပြသည်။

မြန်မာ့ပင်လယ်ပြင် သုတေသနအတွက် နော်ဝေငါးသုတေသနယာဉ် R/V Dr. Fridtjof Nansn သည် ပြီးခဲ့သည့် အစိုးရလက်ထက်တွင် နှစ်ကြိမ်တိတိ လာရောက်ခဲ့ပြီး ရေသယံဇာတရှားပါးလာကြောင်း နှစ်ကြိမ်တိုင် အတည်ပြုခဲ့သည်။

မြန်မာ့ရေထွက်ကုန်များကို လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းကပင် အမေရိကန်သို့ တင်ပို့ခဲ့သော်လည်း ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။ အစိုးရက အားမပေးသောကြောင့် ငါးလုပ်ငန်းကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ၁ ရာခိုင်နှုန်းသာ ရှိသည်ဟု ဒေါက်တာတိုးနန္ဒာတင်က ရှင်းပြသည်။

အမေရိကန်သို့ တင်ပို့ရန် အခွင့်အလမ်းရှိသည့် ရေထွက်ကုန်မှာ ပင်လယ်စာဖြစ်သော်လည်း မြန်မာ့ရေထွက်ကုန် စက်ရုံများမှာ ကောင်းမွန်သောထုတ်လုပ်မှု အလေ့အကျင့် (GMP) စနစ်နှင့် အသားမကျသေးခြင်း၊ ယင်းသို့ GMP လက်မှတ်ရ ရေထွက်ကုန်စက်ရုံများနည်းပါးနေခြင်းတို့အပြင် အမေရိကန် FDA က ထောက်ခံချက် ရရှိရန်လည်း လိုအပ်နေသေးသည်ဟု ရေထွက်ပို့ကုန်လုပ်ငန်းရှင်များက ဆိုသည်။

မြန်မာက ရောင်းနိုင်မည့်ကုန်စည်များအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍထွက်ကုန်များကို စဉ်းစားကြသူများလည်း ရှိသည်၊ အမေရိကန်က မြန်မာ့ဆန်ကိုဝယ်ယူမည်လား။

သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်ကတည်းကပင် မြန်မာ့ဆန် ပြည်ပတင်ပို့မှုတဖြည်းဖြည်းတိုးလာသည်။ သို့သော်လည်း အမေရိကန် အိုင်အိုးဝါပြည်နယ်တွင် ဆန်ပိုလျှံမှုဖြစ်ပေါ်နေရာ အချိန်တိုအတွင်း အမေရိကန်ဈေးကွက်သို့မြန်မာ့ဆန်ထိုးဖောက်နိုင်မည်ဟု ယတိပြတ်မပြောနိုင်ကြောင်း ပြည်တွင်းလုပ်ငန်းရှင်များက ဆိုသည်။ မြန်မာ့မျိုးရင်းဆန်အဖြစ် ပေါ်ဆန်းမွှေးကိုပင် တင်ပို့မည်လား၊ သို့တည်းမဟုတ် အခြားသော ဆန်မျိုးရင်းကို ရွေးချယ်မည်လားဆိုသည့် ပြဿနာများလည်းရှိသည်။

အဓိကမှာ လယ်ယာမြေပြဿနာကို အမြစ်မဖြတ်နိုင်ပါက ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများစာရင်းဝင်ရန် အိပ်မက်မှာ ဝေးနေဦးမည်ဖြစ်သည်။

ကဏ္ဍအလိုက်တင်ပို့မှုမဟုတ်သော်လည်း အမြင်ကွဲသည့် ရှုမြင်ချက်များလည်း ရှိသည်။

မြန်မာနိုင်ငံသည် ထုတ်လုပ်မှု အမြောက်အမြားလုပ်ရမည့်ကိစ္စများအတွက်

စာမျက်နှာ ၃၅ သို့



ဓာတ်ပုံ-မြင့်မိုးညို



Photo - Qnet-Myanmar

# အောက်အဆင့်များအတွက် မွဲဆေး - မြစ်ပွားနာစီးပွားရေး

**စစ်ငြိမ်းသူ**

**ခြစ်ကုပ်စုဆောင်းထားသည့် ချွေးနဲ့စာအပြင် ချေးထားသည့် ငွေများကိုပြန်ဆပ်ပြီးနောက် မပိုပိုတစ်ယောက်ရန်ကုန်မြို့ကို ကျောခိုင်းလိုက်ရပြီဖြစ်သည်။**

သူနာပြုအောင်လက်မှတ် သင်တန်းတက်ပြီး သက်ကြီးရွယ်အိုကိုပြုစုစောင့်ရှောက်သည့်အလုပ်လုပ်ရာမှ မိတ်ဆွေတစ်ယောက်၏ မိတ်ဆက်ပေးမှုဖြင့် အပြောအရ မယုံနိုင်လောက်အောင်ကောင်းမွန်သော စီးပွားရေးအခွင့်အလမ်းတစ်ခုကို ငွေဆယ်သိန်းဖြင့် စတင်လုပ်ကိုင်ခဲ့သည်။

ထိုငွေဆယ်သိန်းပြည့်မီရန် သုံး/လေးနှစ်စုဆောင်းထားသည့် ချွေးနဲ့စာဖြင့် မလုံလောက်သဖြင့် ငွေကြေးအနည်း ငယ်ချေးငှားခဲ့ရသေးသည်။

Bio Disc ဟုခေါ်သည့် ကျန်းမာရေးကောင်းမွန်စေသည့် ဓာတ်ပြားတစ်ခုကို မပိုပို၏ ရင်းနှီးငွေဆယ်သိန်းဖြင့် ဝယ်ယူကာ ထိုကုမ္ပဏီတွင် အဖွဲ့ဝင်ပြီးနောက် များမကြာမီတွင် လစဉ်ဝင်ငွေ သိန်းချီရတော့မည်ဆိုသည့် အိပ်မက်အကြီးကြီးမပိုပိုမက်ခဲ့သည်။

သို့သော် မယုံနိုင်လောက်အောင်ကောင်းသည့် စီးပွားရေးအခွင့်အလမ်းမှာ ဘယ်လိုမှမဖြစ်နိုင်သည့် စီးပွားရေးလုပ်ငန်းမှန်း မပိုပိုသဘောပေါက်လိုက်ချိန်တွင် ဆယ်သိန်းမကသော ငွေကြေးကိုဆုံးရှုံးပြီးဖြစ်သည်။

ယင်းဓာတ်ပြားကို Qnet အမည်ရှိကုမ္ပဏီက ရောင်းချနေခြင်းဖြစ်ပြီး တခြားသာမန်လူသုံးကုန် ပစ္စည်းများကိုလည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ရောင်းချနေခြင်းဖြစ်သည်။

မပိုပိုကဲ့သို့ပင် ထိုဆယ်သိန်းတန်ဓာတ်ပြားဝယ်ယူပြီးအကြွေးတင်သွားသူ၊ ငွေကြေးဆုံးရှုံးသွားသူများစွာ ရှိသေးသည်။

"ညီမလည်း Qnet ကြောင့် ခုထိအိမ်က အကြွေးဆပ်နေတုန်း။ ညီမကတော့ စလုပ်ကတည်းက နှစ်လနေတော့ သူတို့စိတ်ဓာတ်ကိုသိတော့ ဆက်မလုပ်ဘဲပစ်ထားလိုက်တာ။ လူတစ်ယောက်မှ မရှာပေးဘူး။ Upline (အပေါ်အဆင့်မှလူ) စိတ်ဓာတ်တွေ ရှံ့လို့၊ အကြွေးခြောက်သိန်းချေးထားတာ၊ တော်သေးတယ်။ ချေးတဲ့အဒေါ်ကြီးက အတိုးက ငါးကျပ်မို့သာပဲ" ဟု Qnet တွင်ဝင်ရောက်လုပ်ကိုင်ဖူးသူ Virus Queen အမည်နှင့် ဖေ့စ်ဘွတ်အသုံးပြုနေသူက ရင်ဖွင့်သည်။

အဆိုပါ Qnet ကုမ္ပဏီသည် ပုံမှန်စီးပွားရေးလုပ်ငန်းများ ကျင့်သုံးသည့်ပုံစံဖြင့် ကုန်ပစ္စည်းရောင်းချခြင်းမဟုတ်ဘဲ ကုမ္ပဏီထုတ်ပစ္စည်းများကို လူလူချင်းမိတ်ဆက်ရောင်းချခြင်းဖြစ်သည်။

ယင်းစနစ်ကိုMulti-level Marketing (MLM)၊ Network Marketing (NM) ကွန်ရက်ဖြန့်ကျက် စီးပွားရှာနည်းဟုခေါ်ဆိုသည်။

အဆိုပါ MLM စနစ်ဖြင့် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှာ Qnet တစ်ခုတည်းမဟုတ်၊ Aim Star၊ Successmore၊ Unicity၊ Double Crane၊ Nu Skin၊ Shine Hope၊ Tiens စသည့် လုပ်ငန်းပေါင်း ၅၀ နီးပါး မြန်မာနိုင်ငံတွင် ရှိနေသည်။

ထိုကုမ္ပဏီများသည် အွန်လိုင်းမှတစ်ဆင့်၊ အသိမိတ်ဆွေ သူငယ်ချင်းများမှတစ်ဆင့်၊ ဆွေမျိုးအသိုင်းအဝိုင်းမှတစ်ဆင့် ရင်းနှီးလုပ်ကိုင်မည့်သူကိုရှာဖွေလေ့ရှိသည်။

ထိုကုမ္ပဏီများ၏ ထုတ်ကုန်အများစုမှာ အာဟာရဖြည့်စွက်စာ၊ ဓာတ်စာ၊ အလှကုန်ပစ္စည်းများဖြစ်ပြီး မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်ရယူထားသည့် ကုန်ပစ္စည်း ဟုတ်/မဟုတ် လေ့လာဆန်းစစ်ရန်လိုကြောင်း MLM အသိပညာပေးဆောင်းပါးများ ရေးသားနေသူ ဦးဇော်သန်းက ဆိုသည်။

"အစားအသောက်အနေနဲ့ထောက်ခံပေးထားတာကိုဆေးလိုရောင်းနေတာဆိုရင် မိတ်ဆွေများသတိထားပါတော့။ ၉၆ ပါးပျောက်ဆေးမရှိပါ၊ သူညာနေပြီ" ဟု ဈေးဝတီတိုင်းဒေသကြီး FDA မှ ဒုတိယညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးက သူ၏ Facebook စာမျက်နှာတွင် အသိပေးစာတင်ထားသည်။

ယင်းအပြင် Successmore မှရောင်းချနေသော အမျိုးသားများအတွက် Covermore နှင့် အမျိုးသမီးများအတွက် Fillymore ဆေးများသည် ခိုင်မာသည့်ဆေးသုတေသနပြုလုပ်ချက် မတွေ့ရှိရသည့်အပြင်ထိရောက်မှုနှင့် ဘေးထွက်ဆိုးကျိုးများကို တိတိကျကျမဖော်ပြထားကြောင်း ယခုနှစ်မတ်လအတွင်း ဒေါက်တာတင့်ဆွေက ဖြေကြားထားသည်။ ၎င်းမှာ ဆေးပညာဆိုင်ရာအမေးအဖြေများကို အွန်လိုင်းမှတစ်ဆင့် ဖြေကြားနေပြီး အိန္ဒိယနိုင်ငံတွင် ဆေးခန်းဖွင့်ထားသူဆရာဝန်တစ်ဦးလည်း ဖြစ်သည်။

"အမှန်က ဖျံကျနည်းနဲ့ ငွေရှာတယ်။ လိမ်ညာနည်းနဲ့ ငွေရှာ၊ လူစည်းရုံးတယ်။ အကြွားအဝါ ထူပြောတယ်။ မစားရ ဝခမန်းတွေ ပြောတယ်။ ကောင်းကောင်းကြော်ငြာတယ်။ မှန်ကန်တဲ့ရောင်းစရာတွေလည်း ပါတော့ ပါပါတယ်" ဟု ၎င်းကဆိုသည်။

MLM ကုမ္ပဏီများသည် စတင်မိတ်ဆက်ချိန်တွင် မယုံနိုင်လောက်အောင်ကောင်းသည့် စီးပွားရေးအခွင့်အလမ်း၊ လစဉ်ဝင်ငွေ သိန်းဆယ်၊ ရာ၊ ထောင်ချီဝင်နိုင်သည့်စီးပွားရေး၊ အချိန်စောစွာ အေးအေးသက်သာ အနားယူနိုင်မည့်လုပ်ငန်း၊ ကံကောင်းထောက်မလွန်းသောကြောင့် ထိုစီးပွားရေးလုပ်ငန်းအကြောင်းကို သိခွင့်ရခြင်း စသည့် မက်လုံးပေးဆွဲဆောင်သည့် စကားများဖြင့် စတင်လေ့ရှိသည်။

ထိုသို့စတင်မိတ်ဆက်လာပြီဆိုလျှင် ယင်းလုပ်ငန်းမှာ MLM ပင်ဖြစ်သည်။ မွဲဆေးဖော်မည့် စီးပွားရေးစနစ်ဖြစ်သည်။

MLM လုပ်ငန်းများ၏ သွင်ပြင်လက္ခဏာမှာ ထိုကုမ္ပဏီသို့စတင်ဝင်ရောက်

စာမျက်နှာ ၁၅ သို့

## တစ် ပတ် အ တွင်း ရွှေ ဈေး

| ရက်စွဲ | မြန်မာ့ရွှေဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (ဒေါ်လာ) | |
|---|---|---|---|---|
| | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၁၂.၉.၂၀၁၆ | ၆၆၆,၅၀၀ | ၆၆၆,၀၀၀ | ၁၃၂၉ | ၁၃၂၅ |
| ၁၃.၉.၂၀၁၆ | ၆၆၇,၀၀၀ | ၆၆၈,၀၀၀ | ၁၃၂၉ | ၁၃၃၀ |
| ၁၄.၉.၂၀၁၆ | ၆၆၅,၅၀၀ | ၆၆၆,၀၀၀ | ၁၃၂၀ | ၁၃၂၀ |

Source ။ ။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

## အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာပေါက်ဈေး

| ရက်စွဲ | အမေရိကန်ဒေါ်လာ (ကျပ်) | ယူရို (ကျပ်) | စင်ကာပူဒေါ်လာ(ကျပ်) |
|---|---|---|---|
| ၁၂.၉.၂၀၁၆ | ၁၂၂၀ | ၁၃၅၅ | ၈၉၆ |
| ၁၃.၉.၂၀၁၆ | - | - | - |
| ၁၄.၉.၂၀၁၆ | ၁၂၂၃ | ၁၃၅၅ | ၈၉၅ |

**အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။**

**စာမျက်နှာ ၁၄ | အောက်အဆင့်များအတွက် မွဲဆေး - မြစ်ပွားနာစီးပွားရေး မှအဆက် ...**

ချိန်တွင် အဖွဲ့ဝင်ကြေးပေးသွင်းရခြင်း၊ အဖွဲ့ဝင်ဖြစ်သည်နှင့် လစဉ်သတ်မှတ်ထားသော အမှတ်ပြည့်မီရန် သိန်းဆယ်ဂဏန်းအထိ ပစ္စည်းဝယ်ယူရခြင်း၊ ကုမ္ပဏီက သတ်မှတ်ထားသောကော်မရှင်ကို ထုတ်ယူနိုင်ရန် လူသစ်ရှာဖွေရခြင်း၊ ဟောပြောပွဲများ၊ ထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ ကိုယ့်စရိတ်နှင့် ကိုယ်တက်ရောက်ရခြင်းတို့ဖြစ်သည်။

ဤသည်မှာ MLM ကုမ္ပဏီများ၏ သိသာထင်ရှားသောသွင်ပြင်လက္ခဏာအချို့ဖြစ်သည်။

"ကုမ္ပဏီကထုတ်တဲ့ပစ္စည်းကို ဈေးဆိုင်တွေကနေ မရောင်းဘဲနဲ့ လူလူချင်း မိတ်ဆက်ပေးသွားတဲ့ စီးပွားရေးပေ့ါ။ တကယ်တမ်းက MLM ကိုသဘောပေါက်လို့ရှိရင် MLM သည် လူတိုင်းရဲ့ဘဝကို အကောင်းဆုံး အခွင့်အရေးပေးထားတာပါ" ဟု Aim Star မှ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဂျိုးဇက်က MRTV နှင့် တွေ့ဆုံမေးမြန်းသည့် အစီအစဉ်တွင် ပြောကြားသည်။

၎င်းသည် နှစ်စဉ်ဝင်ငွေသိန်းသောင်းနှင့်ချီဝင်နေသော MLM ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း Facebook စာမျက်နှာတွင် ကြော်ငြာလေ့ရှိပြီး ထို့အတွက် နိုင်ငံတော်သို့ဝင်ငွေခွန်ပေးဆောင်ထားကြောင်းလည်း ၎င်းကဆိုထားသည်။

MLM သည်နိုင်ငံတော်အစိုးရအတွက် အကျိုးသက်ရောက်မှု အများဆုံးရှိသော စီးပွားရေးလုပ်ငန်းဖြစ်ကာ အခွန်ထမ်းဆောင်သောလုပ်ငန်းဖြစ်ပြီး ကျန်စီးပွားရေးလုပ်ငန်းများမှာ မှောင်ခိုတင်သွင်းရောင်းချမှု ၉၀ ရာခိုင်နှုန်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဘယ်ကုန်စုံဆိုင်မှာပဲကြည့်ကြည့်၊ ဘယ်နေရာကိုပဲသွားကြည့်ကြည့် ကျွန်တော်တို့တိုင်းပြည်ထဲမှာ ဖြန့်နေတဲ့ ပစ္စည်းတွေအကုန်လုံးက နယ်စပ်ကနေမှောင်ခိုဝင်လာတဲ့ ပစ္စည်းတွေချည်းပဲ။ များသောအားဖြင့် ၉၀ ရာခိုင်နှုန်းက တစ်နိုင်ငံလုံးမှာ ဖြန့်နေတဲ့ပစ္စည်းတွေက အစိုးရကို အခွန်တော်ငွေ ဆောင်ထားတဲ့သူ မရှိသလောက်ကိုနည်းတယ်" ဟု ဦးဂျိုးဇက်ကဆိုသည်။

MLM စနစ်ကျင့်သုံးသည့် လုပ်ငန်းများ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် MLM စနစ်ကို ၁၉၃၀ ပြည့်နှစ်အစောပိုင်းကာလနှင့် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်နေချိန်တွင် အမေရိကန်ပြည်ထောင်စုရှိ Nutrilite ကုမ္ပဏီက California Vitamin Corporation အမည်ဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က အဆင့်တစ်ဆင့်သာရှိသည့် တိုက်ရိုက်ရောင်းချသည့်စနစ် (Direct Selling) ကိုကျင့်သုံးခဲ့သည်။

ထိုမှတစ်ဆင့် ၁၉၄၅ ခုနှစ်တွင် မိုက်တင်ဂါနှင့် ကတ်ဆယ်ဘာရီဆိုသူနှစ်ဦးက Nutrilite ၏ စီးပွားရေးပုံစံကို ပြောင်းလဲကာအလွှာ အဆင့်ဆင့်ပါဝင်သည့် ယနေ့ခေတ် Multi-level Marketing ကိုစတင်မိတ်ဆက်ခဲ့သည်။

ထို MLM စနစ်ကို ကမ္ဘာ့နိုင်ငံအတော်များများတွင် တင်းကျပ်သည့် စည်းမျဉ်း၊ ဥပဒေများဖြင့်သာ လုပ်ကိုင်ခွင့်ပြုထားပြီး စည်းကမ်းဖောက်ဖျက်ကျူးလွန်ပါက ပြင်းထန်စွာအရေးယူလေ့ရှိသည်။

အနီးစပ်ဆုံးဥပမာအနေဖြင့် ယခုနှစ် ဇူလိုင်လတွင် အမေရိကန်ရှိ Herbalife ကုမ္ပဏီကိုအမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် (FTC) က အမေရိကန်ဒေါ်လာသန်း ၂၀၀ ဒဏ်တပ်ရိုက်ခဲ့သည်။

စားသုံးသူများကိုကုမ္ပဏီထုတ်ပစ္စည်းများရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်အောင် လိမ်လည်ပြောဆိုမှုကြောင့် ယင်းသို့ဒဏ်တပ်ရိုက်ခြင်းဖြစ်ပြီး ထိုဒဏ်ကြေးကိုနစ်နာသူစားသုံးသူများကို ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံရှိ MLM လုပ်ငန်းအများစုသည်လည်း ဗဟုသုတနည်းပါးသော၊ ဝင်ငွေများပြားစွာ ရှာဖွေလိုသူများကို သားကောင်သဖွယ် ပစ်မှတ်ထားကာ စီးပွားရှာနေကြခြင်းဖြစ်ကြောင်း MLM စနစ်ကိုဆန့်ကျင်ပြောဆိုမှုများ ပြုလုပ်နေသူ Digital Marketing အကြံပေး ဦးဇင်ဇေလွင်က ဆိုသည်။

MLM ၏ သားကောင်များတွင် အလုပ်ရှာဖွေနေသောကျောင်းသားလူငယ်လူရွယ်များ၊ အိမ်ထောင်ရှင်မများ၊ သက်ကြီးရွယ်အိုများအပြင် ရဟန်း၊ သံဃာများပါ ပါဝင်နေသည်။

အွန်လိုင်းပေါ်တွင် အထူးသဖြင့် အချိန်ပိုင်းအလုပ်အကိုင်ရှာဖွေရေး Facebook စာမျက်နှာများသည် MLM လုပ်ငန်းများ၏ လူသစ်ရှာဖွေစုဆောင်းရာနေရာ ဖြစ်လာနေသည်။

MLM ကုမ္ပဏီ၏ ထုတ်ကုန်ကို အွန်လိုင်း Message များမှတစ်ဆင့် အကြိမ်ကြိမ် ဆွဲဆောင်ရောင်းချသူများတွင် ဘုန်းတော်ကြီးအချို့ပါ ပါဝင်နေကြောင်း MLM ကုမ္ပဏီများကြောင့် နစ်နာခဲ့သူများနှင့် MLM စနစ်ကိုဆန့်ကျင်သူများ Facebook Group တွင် အမျိုးသမီးငယ်တစ်ဦးက ဖွင့်ဟဖူးသည်။

ထိုစာမျက်နှာများတွင် Successmore ၏ လူခေါ်ကြော်ငြာများကိုတွေ့ရပြီး ပညာအရည်အချင်းသတ်မှတ်ချက်မလို ကျောင်းတက်၊ ရုံးတက်၊ အိမ်မှာနေရင်းလုပ်ကိုင်ရုံဖြင့် တစ်နှစ်အတွင်းကျပ် ၄၈၅ သိန်းကျော် ရရှိနိုင်ကြောင်း ကြော်ငြာများတင်ထားသည်။

"ပညာရေးရေချိန်အားနည်းတဲ့ တိုင်းပြည်တွေမှာ MLM က အားကောင်းတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ဆင်ခြင်တုံတရား အားနည်းသွားတာပေ့ါ။ မက်လုံးတွေကိုပဲမြင်ပြီး ငါးများချိတ်ကို မမြင်ဘူး။ ငါးစာပဲမြင်ပြီးတော့ လုပ်တဲ့ဟာမျိုးလည်းရှိတယ်" ဟု ဥပဒေပညာရှင် ဦးမင်းတေဇည္ဟုန့်တင်က ပြောကြားထားသည်။

MLM စနစ်သည် နာမည်ဆိုးနှင့် ကျော်ကြားလှသော ပိရမစ်ပုံစံဈေးရောင်းနည်းဖြစ်ပြီး Downline ဟုခေါ်သော အောက်ဆုံးအဆင့်တွင် ရှိနေသူများ၏ လုပ်အား၊ ရောင်းအားကြောင့် ရရှိလာသော ကော်မရှင်ကို ထိပ်ပိုင်းရှိ လူများကပါ အချိုးကျ အမြတ်ခွဲဝေခံစားကြခြင်း ဖြစ်သည်။

"ပိရမစ်ပုံစံလို့ပြောတာပေ့ါ။ အပေါ်မှာရှိနေရာက အောက်ကိုဆင့်ပွားသွားတဲ့ အတွက်ကြောင့်ပွားလေပွားလေ အဲဒီအပေါ်လူရဲ့ဝင်ငွေကိုရတယ်လို့ သီအိုရီမှာ ရေးတာပေ့ါ။ လူတွေကဒီကုန်စည်ကို ရောင်းချတာထက် ပွား၊ ပွားသွားဖို့ အောက်ကအဆင့်လိုင်းကိုပွားတဲ့အခါမှာ တစ်ခါတလေ အကျိုးရှိသလောက်မရှိဘူး။ အန္တရာယ်ရှိနိုင်တယ်ဆိုတာလေးတွေလည်းရှိလာတာ အဲဒီစနစ်ရဲ့ အားနည်းချက်လို့ ပြောရမှာပေ့ါ" ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်လှိုင်ဦးက MRTV ၊ Aim Star ထိပ်ပိုင်းခေါင်းဆောင် ဦးဂျိုးဇက်နှင့် တွေ့ဆုံမှုတွင် ပြောကြားထားသည်။




တစ်ကမ္ဘာလုံးတွင် တရားမဝင်ဟု သတ်မှတ်ထားသော ပိရမစ်ပုံစံဆိုသည်မှာ ဈေးကွက်တွင် အစစ်အမှန် ဝယ်လိုအားမရှိဘဲ ကုန်ပစ္စည်းတစ်ခုကို ဖြန့်ဖြူးရောင်းချသူကိုယ်တိုင် (MLM အဖွဲ့ဝင်) က ဝယ်ယူသုံးစွဲနေခြင်းနှင့် ကုန်ပစ္စည်းရောင်းချခြင်းမှရသည့် ဝင်ငွေထက် လူသစ်ရှာခြင်းကြောင့်ရသည့် ဝင်ငွေကပိုများနေသည် ဆိုလျှင် ထိုစနစ်မှာ တရားမဝင်သော စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ စားသုံးသူ အသိပညာပေးအဖွဲ့ (Consumer Awareness Institute) မှ ကွန်ရက်ဖြန့်ကျက်စီးပွားရေးကို မျက်နှာဖုံးခွာချခြင်း သုတေသနစာတမ်းရေးသားသူ ပါရဂူဘွဲ့ရ Jon M. Taylor က ဆိုသည်။

အမေရိကန်ပြည်ထောင်စုတွင် MLM လုပ်ကိုင်သူများအနက် ၉၉ ဒသမ ၇ ရာခိုင်နှုန်းသည် ငွေကြေးဆုံးရှုံးမှု၊ မိသားစုဘဝပြိုကွဲမှု၊ အိမ်ခြေယာမဲ့ဖြစ်ပွားမှုများပင်ဖြစ်ကြရကြောင်း ၎င်း၏စာတမ်းတွင် ဖော်ပြထားသည်။

MLM လုပ်ငန်းကြောင့် ထိခိုက်နစ်နာမှုများအကြောင်း ပြောဆိုရာတွင် ငွေကြေးထိခိုက်နစ်နာမှုကို အသားပေးပြောဆိုလေ့ရှိသော်လည်းထို တစ်ချက်တည်းမဟုတ်ဘဲ အခြားသောလူမှုဝန်းကျင်ပေါင်းသင်းဆက်ဆံရေးများပါ ထိခိုက်နစ်နာမှုရှိကြောင်း စင်ကာပူတွင် MLM လုပ်ခဲ့ဖူးသူ ဦးကိုကိုကြီးကဆိုသည်။

"ပိုက်ဆံဆုံးရှုံးတာထက် အချိန်၊ ဘဝ၊ ရည်ရွယ်ချက်တွေ ဆုံးရှုံးခဲ့ရတယ်။ စင်ကာပူမှာ လုပ်နေတာတွေကို ဖြုတ်ချခဲ့ပြီး ဒီကိုပြန်လာလုပ်မယ်ဆိုပြီးလုပ်ခဲ့တာကိုး။ ပိုက်ဆံကရှာလို့ရတယ်။ ပိုက်ဆံထက်အရေးကြီးတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ဆုံးရှုံးလိုက်ရတယ်" ဟု ၎င်းက ရင်ဖွင့်သည်။

အဆိုပါ MLM ကုမ္ပဏီများသည် ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသော်လည်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးစီးပွားထိခိုက်လာပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနှင့် စစ်ဆေးအရေးယူရန် ဦးစီးဌာန၏ လုပ်ငန်းတာဝန်အောက်တွင် ကျရောက်နေကြောင်းဥပဒေပညာရှင် ဦးမင်းတေဇည္ဟုန့်တင်က ဆိုသည်။

သို့သော် လက်ရှိ အချိန်ထိ MLM ကြောင့် ငွေများ၊ အချိန်များ၊ လူမှုရေးများ ထိခိုက်ရသော်လည်း တရားဝင် တိုင်ကြားသူများမရှိသေး။ မပိုပိုကဲ့သို့ မျှော်လင့်ချက်များနှင့် MLM စီးပွားရေးသို့ဝင်ရောက်လာသူများမှာလည်း လက်ဗလာဖြင့် တိတ်တဆိတ် အိမ်ပြန်သွားနေကြသည်။ ■



ဓာတ်ပုံ-သန်းဇေသား

# မန္တလေးက သုတဘဏ်

**သန်းဇေသား**

**စာအုပ်ပေါင်း ၆၅၀၀ ကျော်ကို အစီအရီ သပ်သပ်ရပ်ရပ် သိမ်းဆည်းသိုမှီးထားသည့် စာကြည့်တိုက်တစ်ခုကို မန္တလေးမြို့တော်၏ တစ်နေရာတွင် မြင်တွေ့နိုင်သည်။ စာကြည့်တိုက်အတွင်း စာဖတ်နေသည့် ကလေးငယ်တွေ မြင်တွေ့နိုင်သလို ပျော်ရွှင်စွာ ဆော့ကစားနေကြသည့် မြင်ကွင်းကိုလည်း တွေ့ရမည်ဖြစ်သည်။**

"ကလေးတွေပဲ ဆော့ချင် ဆော့မှာပေါ့။ ဒီကို ရောက်လာရင်ပဲ သူတို့အတွက် ကျေနပ်လှပါပြီ" ဟု ဆိုလာသူက ဆရာဝန်တစ်ဖြစ်လဲ စာကြည့်တိုက် တာဝန်ခံ ဒေါက်တာတေဇာစန်း။

ယုံကြည်ရာ အသိပညာပြန့်ပွားရေး အသင်းဟု အမည်နာမပြုထားသည့် စာကြည့်တိုက်တွင် ကလေးငယ်များ ပျော်နေကြသည်။ သူတို့အတွက် ရွေးသွေးလို ကလေးစာပေများ၊ ကာတွန်းစာအုပ်များ ဖတ်ခွင့်ရသဖြင့် စာကြည့်တိုက်သို့ နေ့တိုင်းလာကြသည်။ ကလေးများကို ချစ်တတ်သည့် ဆရာဝန်က သူတို့တစ်တွေ ပျော်နေတာကိုကြည့်ပြီး အလိုလို ပီတိများဖြစ်နေသည်။

"ယုံကြည်ရာစာကြည့်တိုက်ဆိုရင် မန္တလေးမြို့က လူငယ်တွေ သိကြတာများပါတယ်။ ဆရာ ဇေမြင့်၊ ဆရာကျော်ဝင်းနဲ့ မသီတာ (စမ်းချောင်း) တို့လို အစဉ်အလာကြီးတဲ့ ဆရာ၊ ဆရာမတွေ လာရောက် ဟောပြောဖူးကြတော့ စာကြည့်တိုက်ရဲ့ရှင်သန်မှုက မြင့်မားလာနေပြီလို့ ပြောရင် ရပါတယ်" ဟု လူငယ် ဆရာဝန်က အားတက်သရော ဆိုလာပြန်သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ မန္တလေး ဆေးတက္ကသိုလ်ကျောင်းဆင်း ဆရာဝန်ပေါက်စလေးငါးဦးကအစပြုခဲ့သော စာအုပ်ဆွေးနွေးပွဲ ရပ်ဝန်းတစ်ခုမှသည် ယနေ့ကာလ ငါးနှစ်တင်းတင်း ပြည့်လာသည့်အချိန်တွင် စာဖတ်သင်းဝင် ၆၀၀ ဦးကျော်သည်အထိ ယုံကြည်ရာ စာကြည့်တိုက်အင်အား ကောင်းလာခဲ့သည်။ ထိုဆရာဝန်များ၏ အားထုတ်မှုကောင်းခဲ့သဖြင့် အသင်းဝင် ၆၀၀ ဦးကျော်အနက် ၄၀၀ ဦးကျော်ခန့်မှာ လူငယ်အသိုင်းအဝိုင်းများဖြစ်နေသည့်အတွက် ဆရာဝန်များမှာ ပိုပြီးဝမ်းမြောက်ကြသည်။

"ယုံကြည်ရာစာကြည့်တိုက်က ကျွန်တော်တို့လို လူငယ်ကျောင်းသားတွေအတွက်တော့ တကယ့်သုတဘဏ်ကြီးတစ်ခုဖြစ်ပါတယ်။ ပညာရှာလိုသူ ကျောင်းသား၊ ကျောင်းသူများရဲ့ရပ်ဝန်းလို့ဆိုရင် မမှားပါဘူး။ ဆရာတို့ရဲ့ ယုံကြည်ရာစာကြည့်တိုက်ကြောင့် တက္ကသိုလ်ပေါင်းစုံက ကျောင်းသားတွေနဲ့လည်း ဆုံစည်းခွင့်ရခဲ့သလို မိတ်ဆွေအသစ်တွေလည်း တိုးပွားလာခဲ့တယ်" ဟု ယုံကြည်မှုအပြည့်အဝနှင့်ဆိုလာသူက အသက် ၂၀ အရွယ်သာရှိသေးသည့် တက္ကသိုလ်ကျောင်းသား မောင်ဇင်လင်းဇော်။

မန္တလေးတက္ကသိုလ်တွင် တတိယနှစ် တက်ရောက်နေသည့် UFL ကျောင်းသား မောင်ဇင်လင်းဇော်တို့သည် အားလပ်ရက်တိုင်း ယုံကြည်ရာစာကြည့်သို့ အမြဲရောက်သည်။ စာကြည့်တိုက်က မွေးဖွားလာသည့်လူငယ့်ပြတင်း စကားဝိုင်းကအမာခံလူငယ်။ အပတ်စဉ် စနေနေ့တိုင်း ဖြဟ္မစိုရ်အသင်းတွင် စာပေစကားဝိုင်း ပြုလုပ်နေကြသည့် လူငယ့်ပြတင်း အင်အားက မနည်းမနော။

ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်း စာကြည့်တိုက်တွင် မြန်မာစာနှင့် ပတ်သက်သည့် ဘာသာရပ်ပေါင်းစုံ စာအုပ် ၅၀၀၀ ကျော်ရှိသည့်အပြင် အင်္ဂလိပ်နှင့်ပတ်သက်သည့် ဘာသာရပ်ပေါင်းစုံ စာအုပ်ပေါင်း ၁၅၀၀ ကျော် ဖတ်ရှုလေ့လာနိုင်သည်။ ကလေးစာပေနှင့် အပတ်ထုတ်ဂျာနယ်လေးစောင်၊ နေ့စဉ်ထုတ်သတင်းစာ လေးစောင်တို့ကိုပါ ဖတ်ရှုနိုင်သည်။

'စဉ်းစားဆင်ခြင်မှုနှင့် အသိဉာဏ်ပညာကို အခြေခံသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်း ပေါ်ထွန်းရေးဆီသို့' ဟူသောမူမှာ ယုံကြည်ရာ စာကြည့်တိုက်၏ ခိုင်မာသော ပန်းတိုင်ဖြစ်သည်။

အသိဉာဏ် ပွင့်လင်းသော လူ့ဘောင်ကြီးတစ်ခု ဖြစ်တည်လာအောင် အပတ်စဉ် စာအုပ်ဆွေးနွေးပွဲ (Book Club) များ၊ လူငယ်စွမ်းရည်မြှင့်တင်ပွဲများနှင့် ပညာရပ်ဆိုင်ရာ နှီးနှောပွဲများကို ပြုလုပ်ပေးသည်။

"စာအုပ်စုံတယ်၊ ပြီးတော့ လွတ်လွတ်လပ်လပ် စာဖတ်ခွင့်ရှိတာနဲ့ အသင်းအဖွဲ့အစည်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ခိုင်မာတဲ့ နားလည်ယုံကြည်မှု၊ လက်ခံလာနိုင်မှုဆိုတဲ့ သဘောတရားတွေကို အများကြီး ရရှိစေခဲ့တယ်" ဟု ယုံကြည်ရာ၏ အမာခံအသင်းသူ အသက် ၁၉ နှစ်အရွယ် မမြတ်သူဇာက ပေ့ါပါးသည့် အပြုံးများဖြင့် စကားဆိုလာပြန်သည်။

လူငယ်ဆရာဝန်များနှင့် ဆေးကျောင်းသား၊ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုအတတ်ပညာရှင်တို့ ပေါင်းစည်းထားသည့် ယုံကြည်ရာစာဖတ်အသင်းအနေနှင့် ပြည်တွင်း၊ ပြည်ပအသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ကာ တစ်နှစ်လျှင် သုံးကြိမ်ခန့်ဆွေးနွေးပွဲများ ကျင်းပပေးနေခြင်းမှာလည်း အနာဂတ်လူငယ်များအတွက် တကယ်ပင် ယုံကြည်ရာဖြစ်လေသည်။

အတတ်နှင့်တူသော ဥစ္စာသည်မရှိ။ ထိုအတတ်ပညာကို မည်သည့် သူခိုးတို့ကမှ မခိုးယူနိုင်။ လောက၌ အတတ်ပညာသည် အဆွေခင်ပွန်းကောင်း ဖြစ်၏။ တမလွန် ဘဝတွင်လည်း ချမ်းသာခြင်းကို ဆောင်နိုင်၏ ဟု လောကနီတိက ဆိုထားသဖြင့် မမြတ်သူဇာတို့လို လူငယ်ကျောင်းသူတွေအတွက် ယုံကြည်ရာစာကြည့်တိုက်က တကယ့်သုတဘဏ်တိုက်တစ်ခု။

စာကြည့်တိုက်ဖွင့်ခြင်းသည် ထောင်တံခါးတစ်ချပ် ပိတ်ခြင်းနှင့်တူသည်ဟု ဆိုကြသည့်အတိုင်း စာကြည့်တိုက်များစွာ ပေါ်ပေါက်လာရန် လိုသလို ရှိပြီးသား စာကြည့်တိုက်များ ရေရှည်ဆက်လက်ရှင်သန်ဖို့ကလည်း လိုအပ်လာပြန်သည်။

"စာကြည့်တိုက်ဆိုတဲ့ သဘောတရားက စာအုပ်တွေ ဘယ်လောက်ဝယ်ဝယ် ပြည့်သွားတဲ့ သဘောမရှိဘူး။ သမင်မွေးရင်း ကျားစားရင်း ဆိုသလိုပါပဲ။ အပျောက်အရှုတွေက ရှိစမြဲပဲ။ စာအုပ်လာပြန်မအပ်လည်း လာငှားသွားတာကိုက ကျေးဇူးတင်စရာဖြစ်နေပြီလေ" ဟုကြံဖန်ကျေးဇူးတင်နေသူမှာ ဆရာဝန်လေးဒေါက်တာတေဇာစန်း။

ယုံကြည်ရာစာကြည့်တိုက်တွင် ရန်ပုံငွေထားရှိသဖြင့် လစဉ်စာအုပ်ဖိုး ကျပ်တစ်သိန်းမှ နှစ်သိန်းအကြား ဝယ်ယူဖြည့်တင်းထားသည်။ စာကြည့်တိုက် အနေနှင့် လူငယ်စာဖတ်ဝိုင်းနှင့် စာကြည့်တိုက် ဖြစ်မြောက်ရေးတို့ကို ငါးနှစ်အတွင်း ခုနစ်နေရာခန့် တည်ထောင်ဦးဆောင်ပေးထားသည်။

"စာကြည့်တိုက် ရေရှည်တည်တံ့ဖို့ကတော့ အဓိကက လူနဲ့ငွေပါပဲ။ ခက်နေတာက ဘာသာရေးဘက်မှာ လှူဒါန်းမှု အားကောင်းသလောက် စာကြည့်တိုက်ဆိုရင် မေ့နေတတ်ကြတယ်ဗျ။ လူငယ်တွေ တက်လမ်းနဲ့ အောင်မြင်မှု အားပေးချင်တယ်ဆိုရင် စာကြည့်တိုက်တစ်ခုရဲ့ လိုအပ်ချက်ကို မေ့ထားလို့မရဘူး" ဟုလည်း လူငယ် ဆရာဝန်လေးက စာကြည့်တိုက်၏ အနာဂတ်အရေးပါပုံကို မှတ်သားဖွယ် စကားဆိုသည်။

"ကျွန်မတို့ ဘာစာအုပ်ဖတ်ချင်တယ်၊ ဘယ်စာအုပ်ကို လေ့လာချင်တယ်ဆိုရင် ယုံကြည်ရာစာကြည့်တိုက်မှာ သွားရှာလို့ရတယ်။ မန္တလေးမှာက အခုလို တကယ်စုံတဲ့ စာကြည့်တိုက်တွေက ရှားလာပြီ။ ယုံကြည်ရာစာကြည့်တိုက်က ကျွန်မတို့အတွက်ကတော့ မန္တလေးက သုတဘဏ်လို့ ပြောလို့ရတယ်" ဟု ပြောသွားသူက စာကြည့်တိုက်သို့စာအုပ်လာငှားသူ မန္တလေးတက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်သည်။

လူငယ်စုပေါင်းအားဖြင့် ရပ်တည်နေသည့် ယုံကြည်ရာစာကြည့်တိုက်နှင့် စာဖတ်အသင်းက စာပေနှင့်ပတ်သက်လာလျှင် ဘက်ပေါင်းစုံမှ ကူညီပေးနေသဖြင့် ရန်ပုံငွေရရှိရေး စာအုပ်စာပေများ ငှားရမ်းလှူဒါန်းနိုင်ရေး အပါအဝင် အသင်းဝင်လိုသူများအနေနှင့် စာကြည့်တိုက်တည်နေရာ မန္တလေး ၇၁ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ မဟာအောင်မြေမြို့နယ် ဖုန်း ၀၉-၉၇၄ ၈၅၄ ၇၄၄၊ ၀၉-၉၆၇ ၃၉၇ ၇၉၉၊ ၀၉-၅၁ ၆၂၇ ၉၅၊ ၀၉-၃၃၀ ၅၉၀ ၄၁၊ ၀၉-၄၀၂ ၇၀၇ ၆၁၃ တို့ထံ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

မန္တလေးက သုတဘဏ်ဟုဆိုရမည့် ယုံကြည်ရာ စာဖတ်အသင်း စာကြည့်တိုက် တာဝန်ခံ ဆရာဝန်ဆီက နောက်ဆုံးပြောလာသည့်စကားလုံးကား လူငယ်အများစု မှတ်သားဖွယ်ပါတည်း။

"လူငယ်တွေကိုလက်ဆောင်စကား ပြောပေးပါဆိုရင်တော့ လူမှုကွန်ရက်စာမျက်နှာတွေနဲ့ချည်းအချိန်မကုန်စေချင်ဘူး။ လူမှုကွန်ရက်က မရနိုင်တဲ့ အသိပညာတွေက စာအုပ်တွေမှာမှ အပြည့်အဝရနိုင်တယ် ဆိုတာပါပဲ"။■



# အမေရိကန် – နိုင်ငံခြားရေးပေါ်လစီ ကွေ့ကြီးငါးကွေ့

**ကျော်ဝင်း**

## ဝါဒလေးမျိုး

သမိုင်းဆရာ 'ဝေါလတာမိဒ်' က အမေရိက၏ အစဉ်အလာ နိုင်ငံခြားရေးပေါ်လစီကို ဝါဒလေးမျိုးခွဲပြီး ရှင်းပြသည်။ မှတ်သားရလွယ်ကူစေရန် ဝါဒတစ်ခုစီကို သမ္မတတစ်ယောက်အမည်နှင့်တွဲ၍ ဖော်ပြထားသည်။ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဟာမင်တန်ဝါဒ (Hamiltonian Doctrine)

၂။ ဂျက်ဆင်ဝါဒ (Jacksonian Doctrine)

၃။ ဂျက်ဖာဆင်ဝါဒ (Jeffersonian Doctrine) နှင့်

၄။ ဝီလဆင်ဝါဒ (Wilsonian Doctrine) တို့ဖြစ်သည်။

'ဟာမင်တန်ဝါဒ' မှာ သမ္မတအလက်ဇန်ဒါဟာမင်တန်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ အမျိုးသားအကျိုးစီးပွားနှင့် ကူးသန်းရောင်းဝယ်ရေးကို ဗဟိုပြုစဉ်းစားသည်။ နိုင်ငံတကာ ဆက်ဆံရေးသီအိုရီအရ 'သရုပ်မှန်ဝါဒ' (Realism) ဟု ဆိုနိုင်ပါသည်။ 'ဂျက်ဆင်ဝါဒ' မှာ အင်ဒရူးဂျက်ဆင်နှင့် ဆိုင်သည်။ စစ်ပါဝါကို အဓိကအားပြုပြီး စစ်ရေးအကျပ်ကိုင်မှုများကို အသုံးပြုကာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ 'သရုပ်မှန်ဝါဒ' ထဲမှ စစ်လိုလားသောအုပ်စုဖြစ်ပါသည်။ 'ဂျက်ဖာဆင်ဝါဒ' မှာ သမ္မတဂျက်ဖာဆင်ကို ကိုယ်စားပြုသည်။ အမေရိက၏ ဒီမိုကရေစီကို 'တောင်ကုန်းပေါ်မှ မီးပြတိုက်' ဟု သင်္ကေတဖြင့်ဖော်ပြသည်။ ဆိုလိုသည်မှာ အမေရိကအနေနှင့် မိမိ၏ရန်သူများကို ရှာဖွေဖော်ထုတ်တိုက်ခိုက်နေစရာမလို။ အခြားနိုင်ငံများ အားကျလာစေရန် အကောင်းဆုံးဖန်တီးပြနိုင်ရမည်ဟု အဓိပ္ပာယ်ရသည်။ နိုင်ငံတကာဆက်ဆံရေးသီအိုရီအရ 'လစ်ဘရယ်လစ်ဇင်' (Liberalism) ဟုဆိုနိုင်ပါသည်။ 'ဝီလဆင်ဝါဒ' မှာ သမ္မတ ဝုဒရိုးဝီလဆင်၏ အယူအဆဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး ဒီမိုကရေစီ အသွင်ပြောင်းရေးကို ရည်မှန်းချက်ထားသည်။ နိုင်ငံတကာ ဆက်ဆံရေး သီအိုရီအရ 'စိတ်ကူးစံဝါဒ' (Idealism) ကို ကိုယ်စားပြုပါသည်။

ဆိုခဲ့ပါ ဝါဒလေးမျိုးလုံးမှာ အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိသည်။ ဟာမင်တန်ဝါဒနှင့် ဂျက်ဆင်ဝါဒမှာ လက်တွေ့ကျသည်ဟု ဆိုနိုင်သော်လည်း ကျင့်ဝတ်သီလဘက်မှ အားနည်းသည်။ မဟာမိတ်များကို ရေရှည်ထိန်းထားနိုင်ဖို့မလွယ်သလို အမေရိက၏ 'ဉပဓိ' ကိုပင် ထိခိုက်နိုင်စရာရှိသည်။ ခေတ်ပြိုင်ပညာရှင်တစ်ဦးဖြစ်သူ ဂျိုးဇက်အက်စ်နိုင်း (အငယ်) က 'ပါဝါအပျော့' (Soft Power) များ၏ အရေးပါမှုကို လျစ်လျူရှုလွန်းသည်ဟု ဝေဖန်သည်။ ဂျက်ဖာဆင်ဝါဒမှာမူ ပါဝါအပျော့ကို အားပြုသည့်တိုင် 'ပါဝါအမာ' (Hard Power) ဖြင့် မဖြည့်ဆည်းနိုင်သည့် အားနည်းချက်ရှိသည်။ ဝီလဆင်ဝါဒမှာ ရည်ရွယ်ချက်ကောင်းသော်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်စရာရှိသည်။ 'လီဗာ' အားကောင်းပြီး 'ဘရိတ်' စိတ်မချရသော မော်တော်ကားလိုဖြစ်ရာ အချိန်မရွေး ဘရိတ်ပေါက်နိုင်သည့် အန္တရာယ်ရှိသည်။

## 'ကွေ့' ကြီး လေး 'ကွေ့'

ဝေါလတာမိဒ်ကပင် ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက အမေရိကန်နိုင်ငံခြားရေးပေါ်လစီမှာ 'ကွေ့' ကြီး လေး 'ကွေ့' ကို ဖြတ်သန်းပြီးခဲ့ပြီဟုဆိုပါသည်။ ၎င်းသည်တို့မှာ -

**၁။ ပထမကွေ့** - စစ်အေးစတင်သည်မှ ဗီယက်နမ်စစ်ပွဲပြီးဆုံးသည်အထိ (၁၉၄၅-၁၉၇၅)၊

**၂။ ဒုတိယကွေ့**- ဗီယက်နမ်စစ်ပွဲအပြီးမှ စစ်အေးတိုက်ပွဲပြီးဆုံးသည်အထိ (၁၉၇၅-၁၉၈၉)၊

**၃။ တတိယကွေ့**- စစ်အေးပြီးဆုံးသည်မှ ၉/၁၁ အရေးအခင်းအထိ (၁၉၈၉-၂၀၀၂) နှင့်

**၄။ စတုတ္ထကွေ့**- ၉/၁၁ အရေးအခင်းမှ အကြမ်းဖက်ခေါင်းဆောင် ဘင်လာဒင်သေဆုံးသည်အထိ (တစ်နည်း) ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်ဝါဒ အရှိန်လျော့ကျသွားသည်အထိ (၂၀၀၂-၂၀၁၁) တို့ဖြစ်ပါသည်။

ပထမကွေ့တွင် အမေရိက၏အဓိကပစ်မှတ်မှာ ကွန်မြူနစ်ဝါဒ အန္တရာယ်ပင်ဖြစ်သည်။ အထွေထွေကွန်မြူနစ်ဆန့်ကျင်ရေးဖြင့် ပေါ်လစီခင်းခဲ့သည်။ ဥရောပအလယ်ပိုင်းမှာ အမေရိက၏ ပေါ်လစီဖိုးကပ်စ်ဖြစ်သည်။ ၎င်းကာလအတွင်း ဟာမင်တန်ဝါဒနှင့် ဂျက်ဆင်ဝါဒကို ပေါင်းစပ်ကျင့်သုံးခဲ့သည်။ သရုပ်မှန်ဝါဒဘောင်ထဲမှ မထွက်ဟုဆိုနိုင်ပါသည်။ ဗီယက်နမ်စစ်ပွဲအပြီး ဒုတိယကွေ့ရောက်တော့မှ ဂျက်ဖာဆင်ဝါဒနှင့် ဝီလဆင်ဝါဒသို့ လှည့်ပြောင်းစပြုလာခြင်းဖြစ်သည်။ သမ္မတဂျင်မီကာတာကို စစ်အေးခေတ်၏ ရှားရှားပါးပါး ဂျက်ဖာဆင်ဝါဒီဟု သတ်မှတ်ကြသည်။ သမ္မတရော်နယ်ရေဂင်မှာ ဝီလဆင်ဝါဒအလံကို လွှင့်ခဲ့သော်လည်း တကယ့်လက်တွေ့တွင် ဂျက်ဆင်ဝါဒကိုသာ ပိုမိုအားပြုသူဖြစ်သည်။ စစ်အေးခေတ်မပြီးတတ်သေး၍ အထွေထွေကွန်မြူနစ်ဆန့်ကျင်ရေးပေါ်လစီမပြောင်းခဲ့သလို ဥရောပအလယ်ပိုင်းမှာ ပေါ်လစီဖိုးကပ်စ် ဖြစ်မြဲဖြစ်နေခဲ့သည်။

တတိယကွေ့စစ်အေးလွန်ခေတ်ရောက်တော့မှ ဝီလဆင်ဝါဒဘက်သို့ သိသိသာသာ ဦးလှည့်လာသည်။ သမ္မတဘီလ်ကလင်တန်ကို ဝီလဆင်ဝါဒီဟု ယူဆကြသူများရှိသည်။ သို့တစေ ၎င်းကာလသိပ်မကြာ။ ၉/၁၁ အရေးအခင်းနှင့် ကြုံလိုက်ရာမှ 'အကြမ်းဖက်ဝါဒ' မှာ အမေရိက၏ အဓိကအန္တရာယ်ဖြစ်လာသည်။ အရှေ့အလယ်ပိုင်းဒေသမှာလည်း ပေါ်လစီဖိုးကပ်စ်ဖြစ်လာခဲ့သည်။ ၎င်းကာလအတွင်း အစဉ်အလာဝီလဆင်ဝါဒအပေါ် ဝေဖန်ဆန်းစစ်ကြသည်များရှိလာသည်။ အစဉ်အလာအရ ဝီလဆင်ဝါဒတွင် အလံနှစ်လက်ရှိသည်။ ဒီမိုကရေစီအလံနှင့် နိုင်ငံတကာအလံတို့ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးပင်ဖြစ်သည်။ ဝီလဆင်ဝါဒကို ပြန်လည်ဆန်းစစ်ကြသူများက ဒီမိုကရေစီအလံကိုသာ ဆက်လက်လွှင့်ထူပြီး နိုင်ငံတကာအလံကို လွှတ်ချလာကြသည်။ အမေရိကအနေနှင့် ကုလသမဂ္ဂအပါအဝင် မည်သည့် နိုင်ငံတကာအဖွဲ့အစည်း၏ တုတ်နှောင်မှုမှ မလိုဟုယူဆကာ 'တစ်ကိုယ်တော်ကျိတ်ဝါဒ' (Unilateralism) သို့ ဦးတည်လာခဲ့သည်။ ၎င်းမှုကို လက်တွေ့အကောင်အထည်ဖော်ခဲ့သူမှာ သမ္မတဂျော့ဒဗလျူဘုရှ်(အငယ်) နှင့် သူ၏ နီယိုကွန်ဂိုဏ်းတို့ဖြစ်သည်။

## ပဉ္စမ 'ကွေ့'

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးပေါ်လစီအရွေ့ကို စောင့်ကြည့်လေ့လာနေသူများက ဆိုခဲ့ပါ ဝေါလတာမိဒ်၏ 'ကွေ့ကြီးလေးကွေ့' အယူအဆကို ဆက်လက်ဖြည့်စွက်၍ 'ယခုအခါ အမေရိကအနေနှင့် ပဉ္စမမြောက် 'ကွေ့' ကြီးထဲသို့ ချဉ်းနင်းဝင်ရောက်လာပြီ' ဟု ဆိုလာကြသည်။ အဆိုပါပဉ္စမမြောက်ကွေ့မှာ စတုတ္ထကွေ့ဆုံးသော ၂၀၁၁ ခုနှစ်က စသည်ဟုဆိုကြသည်။ ၎င်းကာလအတွင်း အမေရိက၏ အဓိကအန္တရာယ်မှာ အကြမ်းဖက်ဝါဒမဟုတ်တော့ဘဲ တဖြည်းဖြည်းအင်အားကြီးမားလာသည့် တရုတ်ပြည်ဖြစ်လာသည်။ အဓိကပေါ်လစီဖိုးကပ်စ်မှာလည်း အရှေ့အလယ်ပိုင်းမှ အာရှသို့ရွှေ့လာသည်။ အထူးသဖြင့် တရုတ်ပြည်ပတ်ပတ်လည်တွင် မဟာမိတ်များရှာဖွေရေးဖြစ်လာသည်။ သမ္မတအိုဘားမား လက်ထက် မြန်မာနိုင်ငံနှင့် ပတ်သက်သော ပေါ်လစီအပြောင်းအလဲဖြစ်လာသည်မှာ ၎င်းနောက်ခံကားတွင်ဖြစ်သည်။

၂၀၀၈-၂၀၀၉ ဂရိတ်ရီဆက်ရှင်အပြီး အမေရိကန်စီးပွားရေးအကျဘက် ရောက်လာသောကြောင့်လည်းကောင်း၊ နိုင်ငံရေးအရ ကုလသမဂ္ဂအလံကို အသုံးမလိုတော့သည့်အတွက်ကြောင့်လည်းကောင်း၊ အမေရိကမှာ ကုလသမဂ္ဂယန္တရားလည်ပတ်ရေးအတွက် အဓိကငွေကြေးထည့်ဝင်သူ အခန်းမှ ရုပ်စဲသွားသည်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အမေရိက တာဝန်ယူခဲ့သော အဆိုပါနေရာတွင် OIC နိုင်ငံများက ပခုံးပြောင်းတာဝန်ယူလာသည်။ သို့တစေ အမေရိကန်ပြည်ထောင်စုအနေနှင့် တစ်ချိန်က အကြမ်းဖက်ဝါဒ၏ ရေခံမြေခံဖြစ်ခဲ့သော ဆိုခဲ့ပါ 'ရေနံပဒေသရာဇ်နိုင်ငံ

စာမျက်နှာ ၂၀ သို့

## Cartoon Of The Week





# ရခိုင်ပြဿနာနှင့် ရာဇပလ္လင်

**ဦးလှဝင်း(လေသူရဲတစ်ဦး)**

၂၁ ပင်လုံညီလာခံပြဿနာ ...။

နောက် ... ဒီနေ့ ရခိုင်ပြဿနာ ...။

ဒီပြဿနာနှစ်ခုအကြောင်းကို ကျွန်တော် လုံးဝစာမရေးချင်ပါဘူး။

ဘာကြောင့်လဲ။

အားနာလို့ခင်ဗျာ။

အစိုးရ ... စစ်တပ် ... နောက် ... ဦးဆောင်နေကြတဲ့တာဝန်ရှိသူနဲ့ သက်ရောက်နေသူအားလုံးကို အနှောင့်အယှက်မဖြစ်စေချင်လို့ပါ။

မိမိရဲ့စာက ကောင်းတဲ့ဘက်ကို အထောက်အကူပြုခဲ့ရင်တော့ ကောင်းတာပေါ့ခင်ဗျာ။ မပြုခဲ့ရင်တော့ ပြည်သူနဲ့အတူ စိတ်မချမ်းမသာဖြစ်ရတော့မယ်။

ခက်ပါတယ်။

ဒီနေ့တော့ ဝင်ရေးမှဖြစ်တော့မယ်။

ဒီတစ်ပတ်မှာတော့ ရခိုင် (ANP) ပါတီအပေါ် ကျွန်တော် ဘယ်လိုမြင်နေတယ်ဆိုတာကို ရေးပါမယ်။

ရယ်ရပါတယ်။

ဒီနေ့ ရခိုင်ပြဿနာနဲ့ပတ်သက်ပြီး NLD အစိုးရကြေညာချက်ထုတ်သမျှအားလုံးနီးပါးကို ANP ပါတီက ကန့်ကွက်နေတယ်။

ဘာကြောင့် ကန့်ကွက်နေတာလဲ။

ရခိုင်လူထုအကျိုးစီးပွားအတွက် ကန့်ကွက်တာလား။

သူတို့ပါတီရဲ့အကျိုးစီးပွားအတွက် ကန့်ကွက်နေကြတာလား။

ကိုဖီအာနန်ဦးဆောင်တဲ့ အဖွဲ့ဝင်ကိုးဦးပါဝင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့တယ်။

ချက်ချင်း ဦးအေးမောင်က ထကန့်ကွက်တယ်။

နိုင်ငံခြားသားသုံးဦးပါဝင်နေတဲ့ အဖွဲ့ဖြစ်နေတဲ့အတွက် သူတို့ ရခိုင်ပြဿနာက အပြည်ပြည်ဆိုင်ရာ ပြဿနာဖြစ်ကုန်မယ်။ ဖြေရှင်းရ ပိုခက်ကုန်မယ်တဲ့။

ရယ်ရတယ်ခင်ဗျာ။

ရခိုင်ပြဿနာက အပြည်ပြည်ဆိုင်ရာ ပြဿနာဖြစ်နေတာ ကြာပါပြီ။ ဘာကြောင့် ဦးအေးမောင် ဒီနေ့အထိ မသိသေးတာလဲ။ ဦးသိန်းစိန်ခေတ်ကတည်းက ဒီပြဿနာကို အလွန်သတိထားပြီး ကိုင်တွယ်ခဲ့ပါတယ်။ ဒီပြဿနာက အလွန်သိမ်မွေ့တယ်။

နောက် ... ခုဖွဲ့စည်းတဲ့ ကိုးဦးအဖွဲ့မှာ ခြောက်ဦးက မြန်မာလူမျိုးတွေပါ။ အဲဒီအထဲမှာ တစ်ဝက်က ရခိုင်တွေ ...။

"ဒီသုံးယောက်က ရခိုင်တွေဖြစ်ပေမယ့် ရန်ကုန်ကိုပြောင်းသွားကြတာကြာပြီ။ ဒီနေ့ရခိုင်ပြဿနာကို အမှန်တကယ်သိတဲ့လူတွေမဟုတ်ဘူးတဲ့။

ရယ်ရတယ်ခင်ဗျာ။

ဘယ်သူ ရခိုင်ပိုစစ်တယ်၊ ပိုသိတယ်ဆိုတဲ့ ပြိုင်ပွဲတစ်ခုလုပ်ရမလိုဖြစ်နေပါပြီ။

ဒီလူတွေရဲ့မိဘမျိုးနွယ်အဆင့်တွေကို အသေအချာပြန်စစ်ကြည့်ပါ။

ANP ဥက္ကဋ္ဌ ဦးအေးမောင်ဆိုသူရဲ့ အမျိုးအနွယ်အဆင့်တွေကို ပြန်စစ်ဆေးကြည့်ပါ။

တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေကိုလည်း ပြန်စစ်ကြည့်ပါ။

**ဥက္ကဋ္ဌကြီး ဦးအေးမောင်ဟာ ၁၀-၄-၂၀၀၉ ရက်နေ့ကမှ ကယားပြည်နယ်တိရစ္ဆာန်ဆေးကုဆရာဝန်ဘဝမှ ဆေးပင်စင်ယူခဲ့တဲ့လူပါ။**

**သူက နိုင်ငံရေးသမားစစ်စစ် မဟုတ်ပါဘူး။ ခါတော်မီ နိုင်ငံရေးသမား။ အမှုထမ်းဘဝမှ ၂၀၀၉ မှာထွက်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်တယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတယ်။ အလွန်ကံကောင်းပါတယ်။**

အမှုထမ်းဘဝမှထွက်ပြီး တစ်နှစ်အတွင်း လွှတ်တော်အမတ်ဖြစ်ခဲ့ပါတယ်။

သူ့မှာ တိုင်းပြည်အတွက် နိုင်ငံရေးနဲ့ပတ်သက်ပြီး စွန့်စားအနစ်နာခံထားဖူးတဲ့ သမိုင်းအစဉ်အလာ ဘာမှမရှိပါဘူး။

လူတိုင်း မှတ်မိကြပါလိမ့်မယ်။

၂၀၁၀ ရွေးကောက်ပွဲကလည်း အလွန်ချောင်တဲ့ ရွေးကောက်ပွဲပါ။ USDP ပါတီတစ်ခုထဲကို ယှဉ်ပြိုင်ရတဲ့ ရွေးကောက်ပွဲ။

ဟော ... ဒါကြောင့်လည်း ပါတီစုံပါတဲ့ ၂၀၁၅ ရွေးကောက်ပွဲကျတော့ သူ့ကိုမရွေးကြတော့ပါဘူး။

ဒါပေမဲ့ ဒီနေ့ ရခိုင် ANP ဥက္ကဋ္ဌကြီးကတော့ သူပါပဲ။

ပုဂ္ဂိုလ်ရေးအရ သူနဲ့ ကျွန်တော် လုံးဝမသိကြပါဘူး။

၁-၂-၂၀၁၆ ရက်နေ့ထုတ် The Voice Weekly ဂျာနယ်မှာ 'ကြောင်ရုပ်ဖြစ်ပါစေ ကြွက်သေတာလိုရင်း' ဆိုတဲ့ဆောင်းပါးကိုကျွန်တော် ရေးခဲ့ပါတယ်။

ရခိုင် ANP ပါတီက သူတို့အမတ် ၂၁ နေရာ အနိုင်ရထားတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို သူတို့ပါတီကို ဦးဆောင်ဖွဲ့ခွင့်ပေးပါဆိုတဲ့ ကြေညာချက်ကို ဝေဖန်ထားတဲ့ဆောင်းပါးပါ။

ကျွန်တော်က ကန့်ကွက်တယ်။

**ရခိုင်အစိုးရအဖွဲ့ကို ဦးဆောင်သင့်တဲ့ ပုဂ္ဂိုလ်တွေဟာ ရခိုင်ပြည်နယ်ကို အမှန်တကယ် တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေကို ရွေးသင့်တယ်။ ရခိုင်ဖြစ်တာ၊ မဖြစ်တာ အရေးမကြီးဘူးလို့ ရေးခဲ့ပါတယ်။**

အဲဒီဆောင်းပါးမှာလည်း ANP ပါတီဥက္ကဋ္ဌကြီး ဦးအေးမောင်ကို မဝေဖန်ချင်ဘဲ ဝေဖန်ခဲ့ရပါတယ်။

သူဟာ ကာလတိုလေးတစ်ခုအတွင်းမှာ အမှားနှစ်ခုကို ကျူးလွန်ထားပါတယ်။

**(၁) "သေနတ်တစ်လက်မကိုင်ဘဲ၊ ကျည်ဆံတစ်တောင့်မသုံးဘဲ ရခိုင်ပြည်နယ်ရဲ့အချုပ်အခြာအာဏာကို ပြည်သူ့နည်းနဲ့ ပွင့်ပွင့်လင်းလင်း ပြောမယ်။ ပြည်သိမ်းတိုက်ပွဲဆင်နွှဲဖို့အတွက် ရခိုင်ပြည်နယ်ကို ကျွန်တော်တို့ အာရုံစူးစိုက်ပါတယ်"**

ဒီစကားကို သူ့ရွေးကောက်ပွဲမှာ မဲဆွယ်တုန်းက ပြောခဲ့တဲ့စကားပါ။ ဥပဒေနဲ့ လုံးဝဆန့်ကျင်နေတဲ့စကားပါ။ သမ္မတဦးသိန်းစိန် သူ့ကိုဖမ်းဆီးနိုင်၊ တရားစွဲနိုင်တဲ့ အပြောအဆို ...။ ဘာကြောင့်လဲ။ အချုပ်အခြာအာဏာ (Sovereignty) ဆိုတာက ပြည်ထောင်စုမှာမှရှိတာ။ ပြည်နယ်က တောင်းလို့မရဘူး။

**(၂) "ပြင်ဦးလွင်စစ်တက္ကသိုလ်ဆိုတာ Year 1 to Year 4 လားမသိဘူး။ အားလုံးမူဝါဒအရပဲ သင်တာကိုး။ အဲဒီမှာ ကရင်အကြောင်းလည်း မကောင်းတာ ပါမှာပေ့ါ။ ရခိုင်အကြောင်းလည်း မကောင်းတာ ပါမှာပေ့ါ။ အဖွဲ့အစည်းကို ဆန့်ကျင်ရဲအောင် သင်မှာပေ့ါ"**

ဒီစကားကလည်း သူပြောခဲ့တဲ့စကား။

ဒီစကားက တပ်မတော်နဲ့ ပြည်သူကို သွေးကွဲအောင် ပြောတဲ့စကားဖြစ်မနေဘူးလား။

မှန်ပါတယ်။

ဒီစကားက FB ပေါ်မှာ သူ့ကိုဝိုင်းဆဲကြတဲ့ ဝေဖန်သံတွေပွက်ပွက်ကို ညံသွားခဲ့ပါတယ်။

သူ ကံကောင်းပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း သူ့ကို ဘာမှအရေးမယူဘူးခင်ဗျာ။

တိုတိုပြောရရင်တော့ ဒီနေ့ ရခိုင် ANP ပါတီက ဒီလိုပုဂ္ဂိုလ်မျိုး ဦးဆောင်နေတဲ့ နိုင်ငံရေးပါတီ။

ဟော ... တစ်နေ့က ကိုဖီအာနန်ဦးဆောင်တဲ့ 'ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်းခြင်း' အမိန့်ကို ကန့်ကွက်တယ်ဆိုတဲ့အဆိုကို လွှတ်တော်မှာ တင်တယ်။

မယုံနိုင်စရာပါပဲ။

လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရှိတဲ့ တပ်မတော်ကိုယ်စားလှယ်တိုင်းက အဆိုကို ထောက်ခံတယ်တဲ့။

ဖြစ်ချင်တော့ အဲဒီနေ့က လွှတ်တော်မှာ ခလုတ်နှိပ်ပြီး လျှို့ဝှက်မဲဆန္ဒပေးနိုင်တဲ့စက်ကလည်း ပျက်နေတယ်။

ဒါကြောင့် ဆန္ဒမဲပေးတာကို မတ်တတ်ထပြီး ရပ်ပြကြရတယ်။

အကုန်ပေါ်တင်ကြီး ဖြစ်ကုန်တာပေါ့ခင်ဗျာ။

**စစ်တပ်ဟာ အတိုက်အခံပါတီ မဟုတ်ပါဘူး။ ကြားနေရမယ့် အဖွဲ့အစည်းပါ။ ဒုက္ခသည်စခန်းတွေမှာ စစ်သားဟောင်းတွေရဲ့မိသားစုတွေလည်း ရှိပါတယ်။ သူတို့ကို အရင်ကယ်ပေးကြပါဦး။ ရဲဘော်တစ်ဦးရဲ့ငိုသံကို ဟိုတစ်လောက RFA မှာ ကြားလိုက်ပါတယ်။**

ခုဖွဲ့စည်းလိုက်တဲ့အဖွဲ့က အကြံပြုရေးအဖွဲ့ပဲ။ လက်တွေ့ဆောင်ရွက်ပေးနိုင်တဲ့အဖွဲ့မှမဟုတ်ဘဲ။ သူတို့ပေးတဲ့အကြံကို အစိုးရအဖွဲ့ကို တင်ပြရဦးမယ်။ လွှတ်တော်တွေကို တင်ပြရဦးမယ်။

**ရခိုင်ပြဿနာကို မဖြေရှင်းဘဲ ဒီအတိုင်းပစ်ထားကြတော့မှာလား။ ဆန္ဒပြတာ၊ ကန့်ကွက်တာတွေပဲ လုပ်နေကြတော့မှာလား။**

ဘယ်သူနစ်နာမလဲ။

ရခိုင်မြေပေါ်မှာနေကြတဲ့ ဆင်းရဲတဲ့ရခိုင်လူထုပဲမဟုတ်လား။ နိုင်ငံရေးသမား ANP ပါတီခေါင်းဆောင်တွေအပေါ် သက်ရောက်နိုင်တဲ့ ထိခိုက်မှုက ပါးပါးလေးပါ။

ဒီလိုအကြံပေးအဖွဲ့မျိုးကို သမ္မတဦးသိန်းစိန်ခေတ်ကလည်း ဖွဲ့စည်းခဲ့ဖူးပါတယ်။ အဲဒီအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ကိုယ်တိုင်ပါဝင်ခဲ့ဖူးတဲ့ သရုပ်ဆောင်လူရွှင်တော် ကိုဇာဂနာက DVB နဲ့ အင်တာဗျူးမှာ ထုတ်ပြောပါတယ်။

"ဆရာ ဦးဇာဂနာတို့အဖွဲ့က အဲဒီအချိန်က အစိုးရအဖွဲ့ကို တင်ပြခဲ့တဲ့ အကြံပြုစာက ဘယ်လောက်အသုံးဝင်ပါလဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဘာမှအသုံးမဝင်ပါဘူး။ တကယ်တော့ ကျွန်တော်တို့တင်သွင်းတဲ့ အစီရင်ခံစာက တော်တော်လေးကို ပြည့်စုံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အဆင့်က တွေ့ရှိချက်၊ အကြံပြုချက်ကို တင်ပြရုံအဆင့်သာရှိပြီး လက်တွေ့အကောင်အထည်ဖော်ရမှာက သမ္မတဦးသိန်းစိန်အစိုးရတာဝန်ဖြစ်နေတယ်။ ကျွန်တော် မှတ်မိသလောက် ကျွန်တော်တို့အကြံပြုချက်ရဲ့ ၂၀ ရာခိုင်နှုန်းလောက်ကိုပဲ လက်တွေ့အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။ ရိုးရိုးပြောရရင်တော့ ကျွန်တော်တို့ကော်မရှင်အစီရင်ခံစာကြီးဟာ ဘာမှလက်တွေ့အသုံးမကျခဲ့ပါဘူး" တဲ့။

**ဦးဇာဂနာတို့အဖွဲ့မှာ နိုင်ငံခြားသားမပါဘူး။**

ကဲ ... ရှင်းနေပါပြီ။

လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အာဏာမရှိတဲ့အဖွဲ့ကို ဘာကြောင့် ဒီနေ့ဥက္ကဋ္ဌ ဦးအေးမောင်တို့ ANP ပါတီက လက်သီးလက်မောင်းတန်းပြီး ကန့်ကွက်နေကြတာလဲ။

လွှတ်တော်မှာရော ဘာကြောင့် စစ်တပ်ကိုယ်စားလှယ်ကြီးတွေက ဝိုင်းကန့်ကွက်နေကြတာလဲ။

ကိုဖီအာနန်က ကုလသမဂ္ဂရဲ့ အတွင်းရေးမှူးချုပ်ဟောင်းပါ။ နောက် ဒီအဖွဲ့ဝင်အားလုံးက နယ်ပယ်အသီးသီးက ထိပ်သီးတွေချည်းပါပဲ။

**နောက် ... ဒီနေ့ ရခိုင်ပြဿနာက အလွန်သိမ်မွေ့ပြီး ပညာဉာဏ်နည်းတဲ့လူတွေကိုသာ ကိုင်တွယ်ခွင့်ပေးလိုက်ရင် အလွန်အန္တရာယ်များလှပါတယ်။**

ဒီပြဿနာမှာ ကျွန်တော် အအံ့သြဆုံးက စစ်တပ်ကအမတ်မင်း ၂၅ ရာခိုင်နှုန်းက ANP ပါတီဥက္ကဋ္ဌ ဦးအေးမောင်တို့ ပေးစေချင်တဲ့ ဆန္ဒပြုမှုမျိုးကို လွှတ်တော်မှာ ဘာလို့ပြုပေးခဲ့ကြတာလဲ။

စစ်တပ်အပေါ်မှာ ဦးအေးမောင် ဘယ်လိုမြင်နေတယ်ဆိုတာကိုလည်း ကျွန်တော်ထောက်ပြပြီးပါပြီ။

**ဒီနေ့နိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည် ခေတ်လွန်အချိန်ကိုဦးဆောင်မယ့် ခေါင်းဆောင်လောင်း မရှိသေးပါဘူး။**

NLD ပါတီမှာဆိုရင် နံပါတ် (၂) ပါလို့ သတ်မှတ်ထားသူပင် မရှိပါဘူး။

နိုင်ငံရဲ့ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်တဲ့ USDP ပါတီကလည်း ဥက္ကဋ္ဌသစ်ကိုတောင် အခုမှ ရွေးချယ်ပြီးစရှိပါသေးတယ်။

ကျန်နိုင်ငံရေးပါတီတွေကလည်း NLD နဲ့ USDP ပါတီတွေအနောက်မှာ ဆယ်မိုင်လောက် ကျန်ရစ်နေပါတယ်။

ကျွန်တော့်ကိုဝိုင်းပြီး မဆဲကြပါနဲ့။

ကျွန်တော် ရိုးရိုးသားသား အမှန်မြင်တာကို ပြောတာပါ။

**ဒေါ်အောင်ဆန်းစုကြည် ခေတ်လွန်အချိန်မှာ ဒီနေ့ ကျွန်တော်တို့ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အဖြစ်နိုင်ဆုံး နံပါတ် (၂) ပုဂ္ဂိုလ်ကတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပါပဲ။**

**တပ်မတော်မှာ ဒီပုဂ္ဂိုလ်က ထူးခြားတဲ့အရည်အချင်းတစ်ခုခုမရှိဘဲ ဘယ်တော့မှ ကာကွယ်ရေးဦးစီးချုပ် မဖြစ်လာနိုင်ပါဘူး။**

**တိုင်းပြည်ခေါင်းဆောင်ဖြစ်ဖို့ဆိုတာကတော့ ပြည်သူနဲ့ လက်တွဲရပါမယ်။**

**ဒီနေ့ စစ်ခေါင်းဆောင်အဖြစ်မှ ပြည်သူ့ခေါင်းဆောင်အဖြစ် ဘယ်လိုလုပ်မှာလဲ။**

**လုပ်နိုင်တဲ့နည်းလမ်း ရှိပါတယ်။**

စာမျက်နှာ ၃၈ သို့



# ရခိုင်ပြည်နယ် ပြဿနာဇာစ်မြစ်နှင့် ဖြေရှင်းမှု ပုံသဏ္ဌာန်များ

ဝင်းကို

ဟာဝ၁း ဗတ်တက္ကသိုလ်၏ နိုင်ငံရေးသိပ္ပံပါမောက္ခ ဆင်မြူရယ် ဟန်တင်တန်က လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ သဟဇာတဖြစ်စွာအတူတကွစုစည်းနေထိုင်သော အမေရိကန်ပြည်ထောင်စု အတွက် အမျိုးသား အမှတ်အသားသရုပ် (National Indentity ) ကို အဓိကခြိမ်းခြောက် စိန်ခေါ်နေသည့်ပြဿနာမှာ နိုင်ငံအတွင်းသို့ ထုနှင့် ထည်နှင့် ဝင်ရောက် အခြေချနေထိုင်လျက်ရှိကြသော ဟစ်စပန်နစ်နွယ်ဖွား များ၏ပြဿနာသာ ဖြစ်သည်ဟုဆိုသည်။ ၎င်းတို့မှာ ယခင်ကလာရောက် အခြေချနေထိုင်ခဲ့ကြသူများလို အမေရိကန်၏ ပင်မယဉ်ကျေးမှုထဲသို့ ပျော်ဝင်မသွားဘဲ အမေရိကန်တို့၏ အစဉ်အလာတန်ဖိုးဖြစ်သော 'အင်ဂလို ပရိုတက်စတင့် တန်ဖိုးများ' နှင့်အပြိုင် 'ဟစ်စပန်နစ်တန်ဖိုးများ' (Hispanic Values) ကိုအမေရိကန်မြေပေါ်မှာပင် အင်နှင့်အားနှင့် တည်ဆောက်လျက်ရှိ နေကြသည်။ မွေးဖွားနှုန်းမြင့်မားခြင်း၊ စီးပွားရေး လူမှုရေးကဏ္ဍများတွင် မူလဌာနေ အိမ်ရှင်နိုင်ငံသားများနှင့် အဆက်အဆံနည်းပါးပြီး ၎င်းတို့ မျိုးတူရာသာ ကူးလူးဆက်သွယ်ကြခြင်း စသည့်အချက်များကြောင့် အမေရိကန်နိုင်ငံအတွင်းမှာပင် ဟစ်စပန်နစ် လူ့အဖွဲ့အစည်းကြီးတစ်ခု ဟူ၍ အင်အားကြီးမားစွာ ဖြစ်တည်လာသည်။ တဖြည်းဖြည်းနှင့် အင်အား ကြီးမားလာသော ဤလူ့အဖွဲ့အစည်းကြီးသည်တရားဥပဒေအရအပိုင်ပေးအပ် ထားခြင်းမရှိသည့်တိုင် ၎င်းတို့နေထိုင်ရာဒေသကို ယဉ်ကျေးမှုအားဖြင့် လည်းကောင်း၊ လူအင်အားဖြင့်လည်းကောင်း သိမ်းပိုက်လိုက်ကြပါသည်။ အမေရိကန်ပြည်ထောင်စု၏ ကယ်လီဖိုးနီးယား၊ မီယာမီပြည်နယ်တို့တွင် ကြုံတွေ့နေရသောလူဦးရေဖြင့် ကျူးကျော်ခံရမှုမျိုးကို မြန်မာနိုင်ငံ၏ အနောက်ပိုင်းရှိ ရခိုင်ပြည်နယ်တွင်လည်း ဖြစ်ပေါ်နေခဲ့ပါသည်။

## ရခိုင်ပြည်နယ်သို့ ဘင်္ဂါလီများ ရောက်ရှိလာခြင်း

ရခိုင်လူမျိုးများနှင့် ဘင်္ဂလားနယ်သား အစ္စလာမ်ဘာသာဝင်များမှာ ရှေးယခင်ကတည်းက အပြန်အလှန်ဆက်ဆံမှုများရှိခဲ့ကြသည်ဟု သမိုင်း အချက်အလက်များအရ သိရှိရပါသည်။ အချို့သော ရခိုင်ဘုရင်များလက်ထက် တွင် စစ်တကောင်းဒေသနှင့် ဘင်္ဂလားနယ် ၁၂ ခုထိ အုပ်ချုပ်ခဲ့ဖူးကြပြီး အစ္စလာမ်ဘာသာဝင်စစ်သည်တော်များလည်း ရခိုင်ဘုရင်ထံတွင် အမှုတော် ထမ်းဖူးခဲ့ကြသည်ဟု သိရပါသည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး တွင် မြန်မာတို့ စစ်ရှုံးသဖြင့် မြန်မာပြည်အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ကြသည်။ စစ်ပွဲတွင်အင်္ဂလိပ်တို့ဘက်မှပါဝင် ကူညီပေးခဲ့သော သော်တလီမောင်ညိုကို နတ်မြစ်တစ်လျှောက် အုပ်ချုပ်ခွင့် ပေးခဲ့ရာ ၎င်းတို့အဖွဲ့က လယ်ယာမြေများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စစ်တကောင်းသားများကို ခေါ်ယူအသုံးပြုခဲ့သည်။ ထို့ပြင် အင်္ဂလိပ်တို့သည် ရခိုင်လူမျိုးများမလုပ်သည့် လယ်ကူလီစသောလုပ်ငန်းများ လုပ်ကိုင်ရန် အတွက် စစ်တကောင်းသားများကို ခေါ်ဆောင်လာခဲ့ကြပါသည်။ ၎င်းတို့ကို 'ဘင်္ဂါလီ' ဟု ခေါ်ကြသည်။ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းဖွင့်လှစ် ခဲ့ပြီးသည့်နောက် ကမ္ဘာ့ဆန်ဈေး ထိုးတက်လာသဖြင့် ရခိုင်ပြည်နယ်၏ လယ်ယာစီးပွားရေးလုပ်ငန်းများ အလွန်ကောင်းမွန်လာခဲ့သည်။ ထိုအခါ အင်္ဂလိပ်တို့သည် ချောင်ဒရီစနစ်ဟုခေါ်သည့် တောများကို ခုတ်ထွင်ရှင်း လင်းပြီး လယ်ယာမြေများအဖြစ်လုပ်ကိုင်ခွင့်ပေးကာ အခွန်ကိုလည်း ဆယ်နှစ်အထိ ကင်းလွတ်ခွင့်ပေးသည့် စနစ်ကိုခွင့်ပြုပေးခဲ့သည်။စစ်တ ကောင်းသား ဘင်္ဂါလီများကိုလည်း အမြောက်အမြားခေါ်သွင်းကာ လယ်မြေလုပ်ငန်းများကို လုပ်ကိုင်စေခဲ့ပါသည်။ ၁၈၃၅ ခုနှစ် ခွဲရေး - တွဲရေး ပြဿနာမှာလည်း ခွဲရေးက အနိုင်ရရှိသောကြောင့် ဦးစော-ဆာကား စာချုပ်အရ နိုင်ငံခြားသားဝင်ရောက်မှုကို သုံးနှစ်အထိ ခွင့်ပြုပေးခဲ့ရာ အလုပ်အကိုင်နှင့် အခွင့်အလမ်းပေါများလှသော ရခိုင်ပြည်နယ်သို့ ဘင်္ဂါလီ များ အများအပြားဝင်ရောက်လာခဲ့ကြပြန်သည်။ ထိုအထဲမှ အများစုမှာ မပြန်ကြတော့ဘဲ ရခိုင်ပြည်နယ်အတွင်း ရွာကြီးများတည်ထောင်၍ အခြေချ နေထိုင်လာကြတော့သည်။

သမိုင်းကို အသေအချာလေ့လာဆန်းစစ်ကြည့်ပါက ရခိုင်ပြည်နယ် တွင် ကိုလိုနီခေတ်မတိုင်ခင် ရခိုင်ဘုရင်များ လက်ထက်ကတည်းကပင် အစ္စလာမ်ဘာသာဝင်များ နေထိုင်ခဲ့ဖူးကြပြီး ၎င်းတို့မှာလည်း မူရင်းဒေသခံ ရခိုင်လူမျိုးများနှင့် ဘာသာမတူသော်ငြား အဆင်ပြေစွာ နေထိုင်နိုင်ခဲ့ကြသည် ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်၏ အဓိကပြဿနာမှာ အင်္ဂလိပ်တို့လက်ထက်က လယ်ယာမြေများ လုပ်ကိုင်ရန်ခေါ်သွင်းလာသော ဘင်္ဂါလီလူမျိုးများသာ ဖြစ်သည်။ ဒေသခံရခိုင်လူမျိုးများနှင့် ယဉ်ကျေးမှုချင်းဆက်နွယ်သွားခြင်း မရှိဘဲ မိမိတို့အသိုက်အဝန်း သီးသန့်ထူထောင်ပြီး ဒေသခံအိမ်ရှင်တို့နှင့် အမြဲတစေ ပဋိပက္ခများဖြစ်နေတတ်သည်။ ၎င်းတို့မှာ အိမ်ထောင်ဆက် များလွန်းသလို မွေးဖွားနှုန်းလည်းမြင့်မားကာ အတန်းပညာစာပေတတ် မြောက်သူလည်း မရှိသလောက်ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းသို့ ရောက်ရှိပြီးသားသူများမှာ လူဦးရေတိုးပွားမှုမြင့်မားရသည့်အထဲ အစိုးရ အဆက်ဆက်၏ နယ်စပ်လုံခြုံရေးပေါ့လျော့ခဲ့မှု၊ ဗျူရိုကရက်အရာရှိများ၏ အကျင့်ပျက်ခြစားမှုများကြောင့် နယ်စပ်လုံခြုံမှုအားနည်းပြီး တရားမဝင် ဝင်ရောက်လာသူများပါ ထပ်မံရောက်ရှိလာကြသဖြင့် ယခုဆိုလျှင် ဘူးသီး တောင်၊ မောင်တောမြို့တို့တွင် ရခိုင်လူဦးရေထက် ဘင်္ဂါလီလူဦးရေက အဆမတန်ပိုလွန်သွားခဲ့ပြီဖြစ်ပါသည်။ ယင်းပြဿနာကို ဖြေရှင်းရန် ၁၉၇၈ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နဂါးမင်းစစ်ဆင် ရေးဖြင့် နိုင်ငံခြားသားစိစစ်မှုများ ပြုလုပ်အရေးယူခဲ့ရာ အိမ်ထောင်စုပေါင်း ၂၅,၉၀၅ စုနှင့် လူဦးရေ ၁၅၆,၆၃၀ ဦးမှာ တစ်ဖက်နိုင်ငံအတွင်းသို့ ထွက်ပြေး ခဲ့ကြသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်အစိုးရ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ သံတမန်ဖိအားပေးမှုများကြောင့် ၎င်းတို့ကို ပြန်လည်လက်ခံခဲ့ရသည်။ ထိုသို့လက်ခံရာတွင် အမှန်တကယ်ထွက်ပြေးသွားသော အိမ်ထောင်စု လူဦးရေထက်ပို၍ အိမ်ထောင်စု ၅၆၀၃ စုနှင့် လူဦးရေ ၃၀၃၃၈ ဦးကို ပိုမိုလက်ခံခဲ့ရပါသည်။ ယင်းမှာ ပြဿနာဖြေရှင်းမှုပုံသဏ္ဍာန် မှားယွင်းသော ကြောင့် ခံခဲ့ရသောသမိုင်းဖြစ်ရပ်တစ်ခုလည်း ဖြစ်ပါသည်။

## ရခိုင်ပြည်နယ် အဓိကရုဏ်းဖြစ်ပွားမှုများနှင့် ဆုံးရှုံးမှုများ

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ် အင်္ဂလိပ်တို့ဆုတ်ခွာချိန်တွင် ရခိုင်ပြည်နယ်၌ အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀,၀၀၀ ခန့်သေဆုံး ခဲ့ရသည်။ ရခိုင်လူမျိုးများ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရပြီး ၎င်းနေရာ များတွင် ဘင်္ဂါလီများက အစားဝင်လာကြသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးသည့်နောက် ပြည်တွင်းစစ်ကြီးဖြစ်ပွားလာရာ ရခိုင်ပြည်နယ်တွင်လည်း 'မူဂျာဟစ်' သောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။ မူဂျာဟစ်များသည် ရခိုင်ရွာ ၄၄ ရွာထိ မီးရှို့ဖျက်ဆီးကြသည်။၁၉၅၁ အလယ်သံကျော်ညီလာခံ တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းကို သီးခြားမွတ်ဆလင်ပြည်နယ်အဖြစ် ထူထောင်ပေးဖို့ထိ တောင်းဆိုခဲ့ကြသည်။ သို့သော် မြန်မာ့တပ်မတော်က တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် အဖွဲ့ခေါင်းဆောင်ကာဆိန်းနှင့် မူဂျာဟစ် သောင်းကျန်းသူများသည် တစ်ဖက်နိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ကြပါသည်။ ၁၉၈၄ ခုနှစ်တွင် တောင်ကုတ်မြို့၌ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် လက်ထပ်နိုင်လျှင် ဆုငွေပေးမည်ဟူသော စာရွက်စာတမ်းများ ပျံ့နှံ့ခဲ့ရာ ရခိုင်လူမျိုးများ မခံမရပ်နိုင်ဖြစ်ပြီး ဆူပူကြသဖြင့် အစိုးရက ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး ထိန်းသိမ်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဘင်္ဂါလီလူမျိုးငါးသောင်း ခန့်မှ လူစုလူဝေးဖြင့် မောင်တောမြို့ကို သိမ်းရန်ကြိုးပမ်းခဲ့ကြသည်။ သို့သော် မြို့ခံရဲတပ်ဖွဲ့က ခုခံနိုင်ခဲ့သဖြင့် မအောင်မြင်ခဲ့ပေ။ ၁၉၉၄ ခုနှစ်တွင် ဖြစ်ပွားသောအဓိကရုဏ်းတစ်ခုကြောင့် စစ်တွေမြို့ရှိ နာဇီဈေးကြီးမီးလောင် ကျွမ်းပျက်စီးခဲ့ရပြီး ဘူးသီးတောင်၊ မောင်တောမြို့တို့တွင် ရခိုင်လူမျိုးအချို့ သေဆုံးခဲ့ရကာ နေအိမ်များလည်း မီးလောင်ပျက်စီးခဲ့ရပါသည်။ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ ရခိုင်တိုင်းရင်း သူလေးကို ဘင်္ဂါလီသုံးဦးက မုဒိန်းကျင့်သတ်ဖြတ်ပြီး ပစ္စည်းများပါလုယက် ခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါသည်။ အွန်လိုင်းလူမှုကွန်ရက်များအပါ အဝင် သတင်းမီဒီယာများမှ သတင်းစီးဆင်းမှုမြန်ဆန်လှသော အချိန်ဖြစ်ရာ ယင်းသတင်းမှာ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံးကို လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ပြစ်မှုကျူးလွန်သူများကို အစိုးရက အချိန်မီ ဖမ်းဆီးအရေး ယူနိုင်ခဲ့သော်လည်း ရခိုင်တိုင်းရင်းသားများ၏ ဒေါသစိတ်များမှာ အထွတ် အထိပ်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ယင်းကိစ္စ၏ အကျိုးဆက်အဖြစ် ဇွန်လ ၃ ရက်နေ့တွင် သံတွဲမှ ရန်ကုန်သို့ထွက်ခွာလာသော ခရီးသည်တင်ကား ပေါ်၌ပါလာသည့် အစ္စလာမ်ဘာသာဝင် ၁၀ ဦးမှာ တောင်ကုတ်မြို့တွင် ဒေါသစိတ်ပြင်းထန်နေသော လူအုပ်ကြီး၏ တိုက်ခိုက်မှုကိုခံလိုက်ရသည်။ ထိုမှတစ်ဆင့် အပြန်အလှန်တိုက်ခိုက်မှုများ ဆက်တိုက်ပေါ်ထွက်လာခဲ့ရာ ဇွန်လ ၈ ရက်နေ့တွင် မောင်တောမြို့ရှိ ရခိုင်လူမျိုးများ၏ နေအိမ်များကို ဘင်္ဂါလီများက မီးရှို့ခြင်း အကြမ်းဖက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက်မှာတော့ နှစ်ဖက်အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်မှုများ အများအပြားဖြစ်လာခဲ့ပြီး ဘူးသီးတောင်၊ မောင်တောမြို့တို့မှ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ ပေါက်တောမြို့တို့ထိ ပျံ့နှံ့လာခဲ့ ပါသည်။ ၂၀၁၂ ခုနှစ် ဇွန်လပဋိပက္ခဖြစ်စဉ်တွင် ရခိုင်လူမျိုး ၃၂ ဦး၊ ဘင်္ဂါလီ လူမျိုး ၆၆ ဦး သေဆုံးခဲ့ရပြီး ရခိုင်လူမျိုး ၅၁ ဦးနှင့် ဘင်္ဂါလီလူမျိုး ၇၁ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ရခိုင်လူမျိုးများ၏နေအိမ် ၁၁၅၀ လုံး ပျက်စီးခဲ့ရပြီး ဘင်္ဂါလီလူမျိုးများ၏ နေအိမ် ၄၁၈၈ လုံး ပျက်စီးခဲ့သည်။ အကြမ်းဖက်မှုများမှာ အစိုးရ၏ဝင်ရောက်ထိန်းသိမ်းမှုကြောင့် ခဏတာမျှ ရပ်တန့်သွားခဲ့သော်လည်း နှစ်ဖက်စလုံးမှ နာကြည်းမုန်းတီးမှုများ အခဲမကျေနိုင်ကြသေးပေ။ ထို့ကြောင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် မင်းပြားမြို့နယ်ရှိ ရွာတစ်ရွာမီးလောင်ရာမှ ဒုတိယအကြိမ် အကြမ်းဖက်မှုဖြစ်စဉ်များ စတင် ခဲ့ပြန်သည်။ ပထမအကြိမ်က မပါဝင်ခဲ့သည့် ကျောက်ဖြူမြေပုံမြို့နယ်များထိ ကူးစက်ခဲ့သည်။ ဒုတိယအကြိမ်အကြမ်းဖက်မှုများတွင် ရခိုင်လူမျိုး ၂၆ ဦး သေဆုံးခဲ့ရပြီး ၉၇ ဦးဒဏ်ရာရရှိကာ နေအိမ် ၄၂ လုံးပျက်စီးခဲ့သည်။ဘင်္ဂါလီ လူမျိုး ၆၈ ဦးသေဆုံးပြီး ၄၅ ဦးဒဏ်ရာရကာ နေအိမ် ၂၃၇၁ လုံး ပျက်စီးခဲ့ ပါသည်။ ပဋိပက္ခဖြစ်စဉ်ကြီး နှစ်ရပ်စလုံးအတွက် နှစ်ဖက်သေဆုံးသူ စုစု ပေါင်း ၁၉၂ ဦးရှိပြီး ဒဏ်ရာရသူစုစုပေါင်း ၂၆၅ ဦးရှိကာ နေအိမ်စုစုပေါင်း ၈၆၁၄ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

## အဖြေရှာခြင်း

ရခိုင်ပြည်နယ်ပြဿနာကိုအဖြေရှာရန် စုံစမ်းစစ်ဆေးရေးကော်မရှင် များ ဖွဲ့ခဲ့သည်မှာ အင်္ဂလိပ်အစိုးရလက်ထက်မှ ယခုအချိန်ထိ သုံးကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းသို့ ဘင်္ဂါလီလူမျိုးများ အလုံးအရင်း နှင့် ဝင်ရောက်လာပြီး အများစုမှာ မပြန်ကြတော့ဘဲ အခြေချနေထိုင်ကြသဖြင့် နောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သောပြဿနာများကို ချင့်တွက်၍ အင်္ဂလိပ် အစိုးရက ယင်းပြဿနာကို စုံစမ်းစစ်ဆေးဖို့ ကော်မရှင်တစ်ရပ် ဖွဲ့စည်းပေးခဲ့ သည်။ ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ယင်းကော်မရှင်ကို ပါမောက္ခကြီး ဒေဆိုင်း၊ ဂျိမ်းအီစတာနှင့် ဦးတင်ထွဋ်တို့က ဦးဆောင်ခဲ့သည်။

ထိုကော်မရှင်မှ စစ်ဆေးပြီးနောက် နယ်စပ်လုံခြုံရေးနှင့် လူဝင်မှု ကြီးကြပ်ရေးကိစ္စများကို စနစ်တကျတင်းကျပ်စွာဆောင်ရွက်ရန်နှင့် အခြား လိုအပ်သောအချက်များကို အကြံပြုတင်ပြခဲ့ကြသော်လည်း ဒုတိယကမ္ဘာ စစ်ကြီး ဖြစ်ပွားလာသောကြောင့်အင်္ဂလိပ်အစိုးရက အကောင်အထည်မဖော် နိုင်ခဲ့ပေ။ ၂၀၁၂ ခုနှစ် ဇွန်လမှစ၍ ဆက်တိုက်ဖြစ်ပွားခဲ့သော အဓိကရုဏ်း များကို ကြိုတင်ကာကွယ်ရန်၊ ထပ်မံမဖြစ်ပေါ်စေရန်နှင့် ဖြေရှင်းပေးနိုင်ရန် အတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ကော်မရှင်တွင် သမိုင်းပညာရှင်များ၊ လူမှုရေးသိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေး နိုင်ငံရေးနှင့် လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်များ ပါဝင်သည်။ ယင်းကော်မရှင်က ကွင်းဆင်းစစ်ဆေးပြီး ကဏ္ဍပေါင်းစုံအတွက် အကြံပြုချက် ၅၉ ချက်ကို တင်ပြခဲ့သည်။ သို့သော် အစိုးရက အပြည့်အဝအကောင်အထည်မဖော် နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ယခုလက်ရှိအစိုးရသစ်က ရခိုင်ပြည်နယ်၏ ပြဿနာများကိုဖြေရှင်းပေးနိုင်ရန် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့စွဲဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်ပြီး ပြည်ပမှသုံးဦး၊ ပြည်တွင်းမှခြောက်ဦးပါဝင်သည့် အဆိုပါကော်မရှင်ကို ပြည်တွင်းမှ နိုင်ငံရေး ပါတီအချို့နှင့် ဒေသခံရခိုင်တိုင်းရင်းသားများက ကန့်ကွက်ခဲ့ကြပါသည်။ သို့နှင့် လွှတ်တော်တွင် အချေအတင်ဆွေးနွေးငြင်းခုန်ပြီး မဲခွဲဆုံးဖြတ်ရာ ကော်မရှင် ဖျက်သိမ်းရေးအဆိုမှာ ရှုံးနိမ့်သွားခဲ့ပါသည်။

## လက်တွေ့ကျကျ သုံးသပ်ခြင်း

ကော်မရှင်တွင် နိုင်ငံခြားသားများပါဝင်နေသော ကိစ္စအတွက် ထောက်ခံခြင်း၊ မထောက်ခံခြင်းကို ခေတ္တဘေးဖယ်ထားပြီး ပြဿနာ

စာမျက်နှာ ၂၀ သို့

Editorial

# ကိုဖီအာနန်၊ ရခိုင်ပြဿနာနှင့် သတိပြုစရာ အစွဲ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်နှင့် နိုင်ငံခြားသားသုံးဦး ထည့်သွင်းထားခြင်းကို ရခိုင်အမျိုးသားပါတီ ANP က ကန့်ကွက်ခြင်းမှာ သာမန်ကြည့်ပါက မျှော်လင့်ထားသည့် ပြဿနာတစ်ရပ်ဟုဆိုနိုင်ပြီး စိုးရိမ်စိတ်ဖြင့်ကြည့်ပါက ထုထည်ကြီးကြီး ပြဿနာတစ်ရပ်ဟုလည်း ယူဆနိုင်သည်။

ရခိုင်ပြည်နယ်သည် သမိုင်းဆိုင်ရာ အချက်အလက်များအရ ဗြိတိသျှကိုလိုနီအစိုးရလက်ထက်မှသည် ယနေ့ကာလအထိတိုင် လူဦးရေပေါက်ကွဲနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်း အခြေချလိုသူများ စိမ့်ဝင်နေသောကြောင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒေသခံများအကြား မကြာခဏဆိုသလို ပဋိပက္ခများ ပေါ်ပေါက်နေသော ပြည်နယ်ဖြစ်သည်။

ယနေ့ အမေရိကန်ပြည်ထောင်စု ရင်ဆိုင်နေရသော စပိန်စကားပြော လက်တင်အမေရိကနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများ ပြဿနာမှာ ရခိုင်ပြဿနာနှင့် မနီးယိုးစွဲဖြစ်နေပေသည်။

စပိန်စကားပြော လက်တင်အမေရိကနိုင်ငံအားလုံးမှာ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည့်အတွက် ဘာသာရေးပြဿနာ အသွင်မဆောင်သော်ငြား အမေရိကန်လူ့အဖွဲ့အစည်းနှင့် တစ်သားတည်းဖြစ်မသွားဘဲ ၎င်းတို့ဘာသာ သီးခြားဘာသာစကား၊ သီးခြားယဉ်ကျေးမှုနှင့် သီးခြားနေထိုင်မှုပုံစံတို့ဖြင့် အင်အားကြီးလာခြင်းကသာ ပြဿနာအသွင်ဆောင်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ် ပြဿနာမှာမူ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်လာသူများကြောင့် အစိုးရ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လက်နက်ကိုင်များ၏ အကျင့်ပျက်ခြစားမှုနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဿနာဖြစ်သော်လည်း ယင်းအပေါ် နိုင်ငံရေး ရည်ရွယ်ချက်ရှိရှိ ဘာသာရေးဇန်းတင် လှုံ့ဆော်ခဲ့ခြင်းကြောင့် နိုင်ငံတကာက အာရုံစိုက်မိသွားခြင်းဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲအပြီး ရခိုင်ပြည်နယ်တွင်နေရာအများစု အနိုင်ရရှိခဲ့သော ရခိုင်ပါတီများနှင့် NLD အစိုးရအကြားအာဏာခွဲဝေမှု မကျေလည်ခဲ့ခြင်းမှသည် ကိုဖီအာနန်ပါဝင်သောရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အထိ ချိတ်ဆက်သွားခဲ့ပုံရသည်။

ရခိုင်ပြဿနာသည် လူ့အခွင့်ရေးခေါင်းစဉ်တပ်၍ ရိုဟင်ဂျာခေါ် ဘင်္ဂါလီများအပေါ် ခွဲခြားဆက်ဆံနေကြောင်း နိုင်ငံတကာတွင် သတင်းပျံ့နှံ့နေခြင်းကို ချေဖျက်နိုင်ရန် ကိုဖီအာနန်ကဲ့သို့ပုဂ္ဂိုလ်မျိုးကို ကော်မရှင်ဥက္ကဋ္ဌအဖြစ်ထည့်သွင်းကာ ဖြေရှင်းရန် ကြိုးစားနေပုံရသည်။

ANP ပါတီနှင့် ရခိုင်ဒေသခံများကမူ ပြည်တွင်းပြဿနာ ပြည်တွင်းတွင် ဖြေရှင်းရေးရပ်ခံမှုထက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်သည် မြန်မာနိုင်ငံက တစ်ချိန်လုံးနီးပါး ကန့်ကွက်နေသည့် ရိုဟင်ဂျာအသုံးအနှုန်းကို သုံးစွဲလိုက်ပါက နိုင်ငံတကာအသိုင်းအဝိုင်းကို ကိုဖီအာနန်ဦးဆောင်သော ကော်မရှင်က ဘင်္ဂါလီများအား ရိုဟင်ဂျာအဖြစ် တရားဝင် အသိအမှတ်ပြုရာ ရောက်သွားမည်ကို အထူးစိုးရိမ်နေကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရခိုင်ပြဿနာကိုအစပြုကာ နောက်ဆုံးကျင်းပသွားခဲ့သော ငြိမ်းချမ်းရေးညီလာခံတွင် တိုင်းရင်းသားဒေသများမှ အဆိုပြုတင်ပြချက်များနှင့် ချိတ်ဆက်ကြည့်လျှင် တိုင်းရင်းသားများ၏ စိတ်တွင် တပ်မတော်အပါအဝင် အာဏာရပါတီများအပေါ် သမိုင်းနှင့်ချီ စွဲထင်ယူဆနေသော လူမျိုးကြီးဝါဒ၊ အပေါ်စီး၊ အထက်စီးယူခြင်း၊ ဗဟိုချုပ်ကိုင်မှုကဲခြင်းကဲ့သို့ အခြေအနေများကို ကြိုတင်အကာအကွယ်ယူလိုသည့် သဘောများ ပါဝင်နေသလောဟု အခြားတစ်ဖက်က စဉ်းစားစရာရှိလာသည်။

ယင်းအခြေအနေကိုမူတည်ကာ ငါးနှစ်တစ်ကြိမ်ရွေးကောက်ပွဲကျင်းပသည့်အခါ အနိုင်ရ၊ အာဏာရပါတီများအနေနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားပါတီများ အနေနှင့်လည်းကောင်း ဒေသဆိုင်ရာ ပြဿနာများနှင့် ပတ်သက်လျှင် မိမိတို့ကိုယ်ကို၊ ဒေသခံများနှင့် ပြဿနာရပ်တို့ကို စနစ်တကျဆန်းစစ်လေ့လာသုံးသပ်ကာ အပြန်အလှန် ကြိုတင် ညှိနှိုင်းဆွေးနွေးခြင်း၊ အပေးအယူ၊ အလျှော့အတင်းရှိခြင်းတို့ဖြင့် ပြေလည်ငြိမ်းချမ်းသည့် နည်းလမ်းများ ကြံဆဖော်ထုတ်နိုင်ကြစေကြောင်း အကြံပြုတိုက်တွန်းအပ်ပေသည်။■

**အယ်ဒီတာ (၁၄-၉-၂၀၁၆)**

စာမျက်နှာ ၁၉ | ရခိုင်ပြည်နယ်ပြဿနာဇာစ်မြစ်နှင့် ဖြေရှင်းမှုပုံသဏ္ဌာန်များ မှအဆက် ...

ဖြေရှင်းမှုအပိုင်း၏ ပကတိအရှိတရားကိုသာ ဆန်းစစ်ကြည့်ပါမည်။ ရခိုင်ပြည်နယ်ပြဿနာသည်မြန်မာနိုင်ငံ၏ပြည်တွင်းရေးပြဿနာသာဖြစ်ပါသည်။ သို့သော် ဤပြဿနာကို နိုင်ငံတကာနှင့်ဆိုင်သော ပြဿနာဖြစ်လာစေရန် နိုင်ငံတကာတွင် ပေါက်ရောက်သည့်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ချိတ်ဆက်၍ တစ်ဖက်အဖွဲ့အစည်းက အကောင်အထည်ဖော်လျက်ရှိပါသည်။ နှစ်ဦးနှစ်ဖက်ထိခိုက်ကြရသော ပဋိပက္ခဖြစ်စဉ်များမှာပင် ၎င်းတို့၏ လူများသာ ထိခိုက်ဒဏ်ရာရကြသယောင် ထိုလူမျိုးများသာသီးသန့်ဖိနှိပ်ခံနေရသယောင် လုပ်ကြံသတင်းအမှားများဖြင့် ဖြစ်စဉ်ကိုပုံဖျက်၍ ကမ္ဘာကို သတင်းလွှင့်လျက်ရှိနေကြပါသည်။ နောက်ကွယ်မှ ငွေကြေးနှင့် နည်းဗျူဟာပိုင်းအပါအဝင် အခြားလိုအပ်ချက်မှန်သမျှကို တောက်လျှောက်ထောက်ပံ့ပေးနေသော ဘာသာတူအဖွဲ့အစည်းများလည်း ရှိနေပါသည်။ သို့ဖြစ်၍ ရခိုင်ပြဿနာတွင် နိုင်ငံတကာက သိရှိနေကြသောသတင်းများအရ ရခိုင်လူမျိုးများကပင် မှားနေသည်ဟုထင်ရအောင် ပုံဖျက်ခံထားရပါသည်။ ခေတ်အဆက်ဆက်က ပြဿနာဖြေရှင်းမှုပုံသဏ္ဌာန်မမှန်ခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ တစ်ဖန် မိမိတို့၏ ပြည်တွင်းရေးပြဿနာကို မိမိတို့ ပညာရှင်များဖြင့်သာ စိစစ်ဆုံးဖြတ်မည်ဆိုသော်လည်း ပြဿနာမှာ ကမ္ဘာက သိရှိနေသောပြဿနာဖြစ်သည့်အတွက် မိမိတို့ကော်မရှင်နှင့် မိမိတို့၏ ဆုံးဖြတ်ချက်များကို ကမ္ဘာက မယုံကြည်နိုင် လက်မခံနိုင်လျှင်လည်း အချည်းနှီးသာဖြစ်ပေမည်။ မိမိတို့နိုင်ငံသည် အချုပ်အချာအာဏာ ပိုင်ဆိုင်သော နိုင်ငံတစ်ခုဖြစ်သည်မှန်သော်လည်း လက်ရှိတွင် ပတ်ဝန်းကျင် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအရ ဆက်စပ်မှုများမှာ ကင်းကွာ၍မရနိုင်ပေ။ ထို့ကြောင့် ပြဿနာ၏ ဆုံးဖြတ်ချက်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကိုလည်း ထည့်သွင်းတွက်ချက်ဖို့ လိုပါသည်။

နောက်တစ်ချက်မှာ အစိုးရ၏တာဝန်ခံမှုအပိုင်းဖြစ်သည်။ ဤကော်မရှင်ကိုဖွဲ့စည်းခဲ့ရာတွင် အစိုးရအနေနှင့် အဓိကကျသော ရခိုင်တိုင်းရင်းသားတို့၏ ဆန္ဒသဘောထားကို ရယူခြင်းမရှိခဲ့သလို ရခိုင်လူမျိုးများ၏ ပါတီအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ယင်းမှာ ပြဿနာအတွက် အဓိကကျသော ကာယကံရှင်များကို မျက်ကွယ်ပြုပြီး ထင်ရာစိုင်းသလိုဖြစ်ခဲ့ပါသည်။ ထို့အတွက် ကော်မရှင်၏ အကြံပြုချက်နှင့် အစီရင်ခံစာများသည် အမှန်တရားကို မည်မျှကိုယ်စားပြုမည်နည်းဆိုသည်ကို အစိုးရက တာဝန်ခံနိုင်ဖို့လိုသည်။ ထွက်ပေါ်လာသော အစီရင်ခံစာအပေါ် အစိုးရက လိုအပ်သလိုထုတ်နုတ်၍ အကောင်အထည်ဖော်ပိုင်ခွင့်ရှိနေသည်ဖြစ်ရာ အစိုးရအနေနှင့် ရခိုင်တိုင်းရင်းသားများ၏ လုံခြုံရေး၊ အကျိုးစီးပွားနှင့် လူမှုဘဝရပ်တည်မှု အခြေအနေများအတွက် လုံလောက်သော တာဝန်ယူမှုမျိုးရှိဖို့ လိုအပ်ပါသည်။ ကန့်ကွက်သူများက ကော်မရှင်သည် ဘက်လိုက်လိမ့်မည်၊ ထိုသို့ ဘက်လိုက်၍ ရေးသားတင်ပြထားသော အစီရင်ခံစာသည် ကမ္ဘာသိဖြစ်သွားမည်။ ထိုအခါ အစိုးရသည် ကော်မရှင်၏ ဘက်လိုက်ထားသော အစီရင်ခံစာကို အကောင်အထည်ဖော်လိမ့်မည်ဟူသော စိုးရိမ်ချက်များရှိနေကြပါသည်။ ယင်းသံသယတို့ကို ချေဖျက်နိုင်ရန်မှာ ကော်မရှင်နှင့် အစိုးရတွင် တာဝန်ရှိပါသည်။

ဒေသခံတိုင်းရင်းသားများတွင် ဖြစ်ပေါ်နေသော စိုးရိမ်စိတ်များမှာ ကြောင်းကျိုးမဲ့မဟုတ်ပေ။ဘင်္ဂါလီပြဿနာနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အပါအဝင် မည်သည့်နိုင်ငံခြားသားအဖွဲ့အစည်းကမှ ရခိုင်တိုင်းရင်းသားတို့၏ ဆင်းရဲဒုက္ခနှင့် အခြေအနေ အဖြစ်အပျက်အမှန်ကို ကမ္ဘာကသိအောင် ဖော်ထုတ်ပေးခဲ့ခြင်းမရှိသလို နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့အစည်းများကိုယ်တိုင် တစ်ဖက်မှ ဘင်္ဂါလီလူမျိုးများကိုသာ တစ်ဖက်သတ် ကူညီထောက်ပံ့ပေးနေသည်မှာ လက်တွေ့ဖြစ်သည်။ ၎င်းလူမျိုးစုများမှာ ခွဲခြားနှိမ်ချဆက်ဆံခံနေကြရသယောင်၊ အကြမ်းဖက် တိုက်ခိုက်ခံနေကြရသယောင်၊ လူမျိုးတုံးသတ်ဖြတ်ခံနေရသယောင် နိုင်ငံတကာက ထင်မြင်လာအောင်လည်း နိုင်ငံတကာမီဒီယာများနှင့် ပြည်တွင်းရှိ နိုင်ငံခြားအဖွဲ့အစည်း အချို့က ပူးပေါင်းချိတ်ဆက်လုပ်ဆောင်နေကြခြင်းကြောင့် မည်သည့်နိုင်ငံခြားသားကိုမှ အယုံအကြည်မရှိကြခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအနေနှင့်လည်း မြန်မာနိုင်ငံကို လူ့အခွင့်အရေးကိစ္စနှင့် ရောထွေးပြီး ရခိုင်ပြည်နယ်သို့ ကိုယ်စားလှယ်များ အကြိမ်ကြိမ်စေလွှတ်ခဲ့ကာ ရောက်လာသောကိုယ်စားလှယ်များမှာလည်း ဘင်္ဂါလီလူမျိုးများနှင့်သာ သီးသန့်တွေ့ဆုံ၍ တစ်ဖက်သတ်ကျသော ကြေညာချက်များကိုသာ ထုတ်ပြန်ကြသည်။ ထိုအချက်များကြောင့် ယခုကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းကြီး ဦးဆောင်မည့်ကော်မရှင်ကို အယုံအကြည်မရှိကြခြင်းသာဖြစ်ပါသည်။

ယင်းသံသယစိတ်များကို လက်တွေ့ကျသောလုပ်ရပ်ဖြင့် ချေဖျက်ပြရန်မှာ ကိုဖီအာနန်ဦးဆောင်သော ကော်မရှင်တွင်တာဝန်ရှိပါသည်။ သမိုင်းကြောင်းအစဉ်အလာအချက်အလက်တို့ကို လေ့လာစိစစ်၍ အမှန်တရားကို ဖော်ထုတ်ခြင်း၊ နိုင်ငံတကာတွင် ပုံဖျက်ခံထားရသော သတင်းအမှားများကို ကမ္ဘာကအမှန်အတိုင်းသိမြင်လာစေရန် တင်ပြပေးခြင်း၊ ရခိုင်ပြည်နယ်တွင်ခြေရှုပ်နေသော နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ရပ်များ၊ နောက်ကွယ်မှ သွေးထိုးကြိုးကိုင်နေကြသော အဖွဲ့အစည်းများကို ဖော်ထုတ်ခြင်း မူလဌာနေတိုင်းရင်းသားများနှင့် တရားမဝင် နေထိုင်သူများကို အချက်အလက်ဖြင့် ခွဲခြားတင်ပြခြင်း စသည့်အချက်များကို ဦးစားပေးဆောင်ရွက်နိုင်မည်ဆိုပါက ကော်မရှင်အပေါ် ရှိနေကြသော သံသယစိတ်များမှာ လျော့ပါးသွားနိုင်စရာရှိပါလိမ့်မည်။ အထူးသဖြင့် ကော်မရှင်သည် ဘက်လိုက်လိမ့်မည်ဟူသော သံသယနှင့် စွပ်စွဲချက်များကို ပြန်ချေပနိုင်ရန်အတွက် ကော်မရှင်သည် ဘက်မလိုက်ပါ ဟူ၍ အများက ယုံကြည်လက်ခံလာအောင်လုပ်ပြဖို့ လိုပါသည်။ သို့မှသာ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိနိုင်ပါလိမ့်မည်။

အချုပ်ဆိုရလျှင် ယခုဖွဲ့စည်းလိုက်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ထွက်ပေါ်လာမည့် အစီရင်ခံစာအချက်အလက်များသည် နိုင်ငံသိ၊ ကမ္ဘာသိ အစီရင်ခံစာတစ်ခုဖြစ်လာမည်မှာ သေချာသည်။ ကော်မရှင်၏ တာဝန်အရ နှစ်ဖက်လုံးကို စုံစမ်းမေးမြန်းရမည်ဖြစ်သော်လည်း မိမိတို့တိုင်းရင်းသားများက ကော်မရှင်ကိုကန့်ကွက်သည်ဟူသောအကြောင်း ပြချက်ဖြင့် စုံစမ်းမေးမြန်းမှုများကို မဖြေဆိုနိုင်၊ ကော်မရှင်လုပ်ငန်းများကို မပူးပေါင်းနိုင်လျှင် တစ်ဖက်မှ စကားလုံးများနှင့် အချက်အလက်များက ပို၍ အားကောင်းသွားနိုင်ပါသည်။ ထို့ကြောင့် သတင်းအမှားများဖြင့် လုပ်ကြံခံထားရသော မိမိတို့၏ပြဿနာများကို အမှန်အတိုင်းကမ္ဘာက သိလာစေဖို့အတွက် ယခုအခွင့်အရေးကို လက်လွှတ်မခံသင့်ပါပေ။ ကော်မရှင်ဘက်မှလည်း မိမိတို့အပေါ်ရှိနေသော သံသယများအတွက် အမှန်တရားကို ရှာဖွေဖော်ထုတ်ခြင်းဖြင့်ချေဖျက်ပြသင့်ပါသည်။ အစိုးရအနေနှင့်လည်း မိမိတို့နိုင်ငံ၏ အဖြစ်အပျက်အမှန်တရားကို နိုင်ငံတကာက နားလည်လာအောင်ချပြပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် သင့်တော်သော ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ■

စာမျက်နှာ ၁၇ | အမေရိကန် – နိုင်ငံခြားရေးပေါ်လစီ ကွေ့ကြီးငါးကွေ့ မှအဆက် ...

များ’ နှင့် မကင်းနိုင်ဖြစ်နေရသည်။ ဤသို့ဖြစ်ရသည်မှာ အမေရိက၏ ရေနံလိုအပ်ချက်ကြောင့်ဖြစ်နိုင်သလို ဟားဗတ်ပါမောက္ခဟောင်း ဆမ်မျူရယ်လ်ဖီဟန်တင်တန်၏ ‘ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း’ ကျမ်းတွင် နိမိတ်ဖတ်ခဲ့သလို ‘တရုတ် (ကွန်ဖျူးရှပ်ယဉ်ကျေးမှု) နှင့် အစ္စလာမ်ယဉ်ကျေးမှုတို့ မဟာမိတ်ဖွဲ့ပြီး အနောက်ဆန့်ကျင်ရေးလေထု ဖြစ်လာနိုင်သည်’ ကို ကာကွယ်ဖို့လည်း ဖြစ်နိုင်သည်။ ဤအချိန်တွင် ကျဆုံးသွားသော ‘ဘင်လာဒင်’ နေရာတွင် ‘အိုင်အက်စ်’အဖွဲ့က ဝင်လာပြီး ကမ္ဘာလုံးချီ အကြမ်းဖက်ဝါဒမှာ ပြန်လည်အရှိန်ရလာသည်။ သို့နှင့်တိုင် အမေရိက၏ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးမှာမူ သိသိသာသာ အရှိန်ကျသွားသည်။ (အချို့ကလည်း အိုင်အက်စ်ပေါ်ထွက်လာသည်မှာ အမေရိက၏ ပယောဂနှင့် မကင်းဟု စွပ်စွဲကြသည်များလည်း ရှိသလောက်ရှိသည်။)

အဆိုပါ အမေရိက၌ နိုင်ငံခြားရေးပေါ်လစီ၏ ပဉ္စမကွေ့မှာ ‘ဒီမိုကရေစီဆုတ်ကပ်’ (Democratic Recession) နှင့်လည်း ချိန်ခါသင့် တိုက်ဆိုင်နေသည်။ ခရစ်နှစ် ၂၀၀၀ မှ ၂၀၁၅ အတွင်း နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် ဒီမိုကရေစီကပ်သင့်သွားသည်။ ဤနိုင်ငံအစုထဲတွင် ကင်ညာ၊ ရုရှား၊ ထိုင်းနှင့် တူရကီတို့ပါသည်။

ဤအချိန်တွင် ‘ဒီမိုကရေစီ ပရိုမိုးရှင်း’ ကို အဓိကဦးဆောင်နေသော အမေရိကအနေနှင့် ‘ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အုပ်ချုပ်ရေးတို့အတွက် အစိုးရများသို့ပေးအပ်နေသော အကူအညီများ’ (US AID) ကို ဒေါ်လာသန်း ၄၀၀ နီးပါးမျှ ဖြတ်တောက်ပစ်လိုက်သည်။ သို့တစေ အရပ်ဘက်အဖွဲ့အစည်းများသို့ အဓိကထောက်ပံ့နေသော ‘အမျိုးသားဒီမိုကရေစီအလှူငွေ’ (NED) ကိုမူ တိုးမြှင့်သုံးစွဲလာသည်။ အသစ်ထွက်ပေါ်လာသော ဒီမိုကရေစီနိုင်ငံများကို အရပ်ဘက်အဖွဲ့အစည်းများမှတစ်ဆင့် ပုံသွင်းတော့မည့်သဘောဟု ယူဆရသည်။

ပြောရလျှင် ယခုရောက်ရှိနေပြီဖြစ်သော ပဉ္စမကွေ့ကြီးတွင် ဟာမင်တန်ဝါဒနှင့် ဂျက်ဆင်ဝါဒတို့ ပြန်လည်ခေါင်းထောင်လာသည်။ ဝါရင့်သံတမန် ဟင်နရီကစ်ဆင်းဂျားထောက်ပြခဲ့သလို ကမ္ဘာကြီးမှာ သရုပ်မှန်ဝါဒနယ်ပယ်ထဲမှ မထွက်နိုင်သေးသည့် သဘောပင်ဖြစ်သည်။ လာမည့် အမေရိကန်သမ္မတရွေးကောက်ပွဲအပြီး ရီဘတ်ပလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်သာ အနိုင်ရခဲ့လျှင် အမေရိကန်နိုင်ငံခြားရေးပေါ်လစီ နောက်တစ်ကြိမ် တစ်ဆစ်ချိုးပြောင်းနိုင်၍ ‘ဆဋ္ဌမကွေ့’ ဖြစ်လိမ့်မည်ဆိုသော မှန်းဆချက်များလည်း ရှိသည်။ မြန်မာနိုင်ငံမှ အရပ်သားအစိုးရသစ် အနေနှင့် ဆိုခဲ့ပါ ပေါ်လစီအရွေ့ကို ခြေရာခံဆန်းစစ်ပြီးသကာလ တိုင်းပြည်အတွက် အကောင်းဆုံးဗျူဟာခင်းနိုင်ပါစေသတည်း ...၊ ....။ ■

**ကျော်ဝင်း**
**၁၂၊ စက်တင်ဘာ၊ ၂၀၁၆**



# ခြောက်လအထိ လစဉ် 2.5GB အင်တာနက် Data အခမဲ့ရမယ့် MPT M50

ဆက်သွယ်ရေးကုမ္ပဏီတွေကနေ Data Package တွေပါ တစ်ပါတည်းပါတဲ့ဖုန်းတွေ အပြိုင်အဆိုင် ထုတ်ရောင်းလာကြတဲ့အထဲ အခုညွှန်ပေးချင်တာက တော့ MPT ထုတ် MPT M50 ဖုန်းကိုပါ။ လစဉ် ကျပ် ၃၀၀၀ ဖိုး ငွေဖြည့်ပေးရုံနဲ့ တစ်လကို 2.5GB အင်တာနက် Data ကို ခြောက်လတိတိရရှိနိုင်မယ့် ဖုန်းဖြစ်ပြီး MPT ဆင်းမ်ကတ် တစ်ကတ်လက်ဆောင် အဖြစ်ရမှာပါ။ မျက်နှာပြင် ၅ လက်မရှိပြီး ဆင်းမ်ကတ် နှစ်ကတ်ထည့်သုံးနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းတွင်း Memory 8 GB ၊ RAM 1GB ပါဝင်တဲ့ ဖုန်းဖြစ်ပြီး CPU ကတော့ Quad-Core 1.2GHz ကို အသုံးပြုထား တာပါ။ ကင်မရာအရည်အသွေး 8MP နဲ့ 5MP ဖြစ်လို့ အပျော်တမ်းဓာတ်ပုံရိုက်သူတွေရော Selfie ရိုက်လေ့ ရှိသူတွေအတွက်ပါ ရုပ်ထွက်မဆိုးတဲ့ ပုံရိပ်အရည်အသွေး ရရှိမှာပါ။ ဘက်ထရီကိုတော့ 2000 mAh ကို သုံးထား လို့ တစ်နေ့တာ ဖုန်းအသုံးပြုမှုအတွက်တော့ အဆင် ပြေစေပါတယ်။ ဈေးနှုန်းက ၉၉,၀၀၀ ကျပ် ကျသင့်မှာ ဖြစ်ပြီး အာမခံတစ်နှစ်ပေးထားပါတယ်။ ဝယ်လိုတယ် ဆိုရင် MPT ဖုန်းစင်တာနဲ့ ဖုန်းဆိုင်တော်တော်များများ မှာ မေးဝယ်နိုင်မှာပါ။ ■

# Cable ကြိုးတွေ စနစ်တကျ သိမ်းမယ်



ဖုန်းအတွက် Charger Cabel , Tablet အတွက် Charger Cable, နားကျပ်စသလို ကြိုးတွေကို အကုန် စုပြီး သယ်သွားတဲ့အခါမှာ ရှုပ်ရှုပ်ထွေးထွေး မဖြစ်စေဖို့ အတွက် BUMB အမှတ်တံဆိပ် Cable Organizer ကို ညွှန်ပေးချင်တယ်။ ကြိုးတွေကို စနစ်တကျသိမ်းဆည်း ဖို့အတွက် အကန့် ငါးကန့်ပါဝင်ပြီး ထည့်ပြီးတာနဲ့ စနစ်တကျ လိပ်ပြီး အလွယ်တကူ သယ်သွားနိုင်မှာပါ။ ဈေးနှုန်းက ၉၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး BUMB ပစ္စည်းအစစ်အမှန်ဖြစ်တယ်လို့ ရောင်းချသူက အာမခံထားပါတယ်။ ဝယ်လိုတယ်ဆိုရင် ဖုန်း ၀၉ ၂၅၄၄၃၄၄၂ ကို ဆက်သွယ်ဝယ်နိုင်ပါတယ်။ ■




# အားပြည့်ရင် အားအဝင်ဖြတ်တောက်ပေးတဲ့ စနစ်ပါတဲ့ Yoobao Power Bank

ဖုန်းအသုံးပြုမှုများလို့ Power Bank တစ်ခု လောက်ဝယ်ချင်သူတွေအတွက် Yoobao PL5 Power Bank ကို ပြောပြပေးချင်တယ်။ 5000 mAh ပါဝင်ပြီး ဖုန်းအားပြည့်ရင် အလိုအလျောက် အားဝင်မှု ကို ဖြတ်တောက်ပေးတဲ့ စနစ်ပါဝင်ပြီး မီးအားဆောင့် တက်တဲ့အခါမျိုးမှာ အားဖြတ်တောက်ပေးတဲ့ စနစ် ပါဝင်တဲ့ အားသာချက်တွေ ရှိပါတယ်။ iPhone နဲ့ Android ဖုန်း ကြိုးနှစ်မျိုးလုံးနဲ့ Power Bank ကို အားပြန်သွင်းပေးနိုင်ပြီး ပါးလွှာလို့ သယ်ဆောင်ရ လွယ်ကူစေပါတယ်။ ဈေးနှုန်းက ၁၄,၀၀၀ ကျပ်ကျသင့် မှာဖြစ်ပြီး Swan Pyae Distribution အမှတ် ၁၄ (ဘီ)၊ လမ်းမတော်သံဈေး၊ စီဘီဘဏ်ရှေ့ လမ်းမတော် မြို့နယ် (အလယ်)၊ ရန်ကုန်၊ ဖုန်း ၀၉ ၄၂၀၁၁၂၂၃၃၊ ၀၉ ၂၅၄၂၆၀၂၆၀ မှာ သွားဝယ်နိုင်ပါတယ်။ ■

# ဖုန်းအား အမြန်ဝင်ဖို့ ဒီနည်းတွေ သုံးမယ်

**ဖုန်းဘက်ထရီကြာရှည်ခံဖို့ အရေးကြီးလှသလို ဖုန်းအားသွင်းတဲ့အချိန်မှာ အချိန် မကြာဘဲ ခပ်မြန်မြန်အားဝင်ဖို့အတွက်လည်း အရေးပါလှပါတယ်။ ဖုန်းအမြန်အား ဝင်ဖို့အတွက် လုပ်ဆောင်ရမယ့် နည်းလမ်းလေးတွေကို စုစည်းဖော်ပြလိုက်ပါတယ်။**

## Wall Charger သုံးပါ



ဖုန်းအားသွင်းတဲ့အချိန်မှာ USB ကြိုးကိုကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး အားသွင်းတာထက် ဖုန်းမှာ မူရင်းပါလာတဲ့ Wall Charger ကို အသုံးပြုပြီး အားသွင်းတာက ဖုန်းအား ကို ပိုပြီးလျင်လျင်မြန်မြန် အားဝင်စေပါတယ်။ Wall Charger မှာလည်း ဖုန်းဝယ်တဲ့အခါအတူပါလာတဲ့ မူရင်း Charger ကသာ တခြားဈေးနှုန်းသက်သာတဲ့ Charger တွေထက် ပိုပြီးလုပ်ဆောင်နိုင်စွမ်းမြင့်ပြီး အားအဝင်မြန် စေပါတယ်။




## Airplane Mode ထားပါ

ဖုန်းအားအမြန်ပြည့်ချင်တယ်ဆိုရင် တော့ Airplane Mode ထားပြီး အားသွင်းတာ ပြုလုပ်သင့်ပါတယ်။ ဒီလိုမှ သာ အားသွင်းနေရင်းနဲ့ ဖုန်းရဲ့ တခြားလုပ်ဆောင်ချက် တွေကို ဖြတ်တောက်ထားနိုင်ပြီး ဖုန်းအားပြည့်ဖို့ တစ်ခု တည်းကိုသာ အပြည့်အဝလုပ်ဆောင်ပေးနိုင်ပါတယ်။ Airplane Mode ထားတဲ့အချိန်မှာတော့ ဖုန်းအဝင်အထွက် စာတိုအဝင်အထွက်ကို ပြုလုပ်နိုင်မှာမဟုတ်လို့ အရေးကြီး ဖုန်းလက်ခံပြောဆိုစရာမရှိတဲ့အချိန်မှာ ပိုအဆင်ပြေပါတယ်။

## Quick Charger သုံးပါ



နောက်ပိုင်းထွက် စမတ်ဖုန်းတွေမှာ Quick Charge စနစ် ပါဝင်ပြီး Quick Charger တွေပါ တစ်ပါတည်း ပါဝင်လာ တာတွေ့ရပါတယ်။ Quikc Charger နဲ့သာ အားသွင်းမယ်ဆိုရင် ဖုန်းအား ၈၀ ရာခိုင်နှုန်းလောက်ကို မိနစ် ၃၀ အတွင်းပြည့် နိုင်ပါ တယ်။ ကိုယ့်ရဲ့ဖုန်းမှာ Quick Charge စနစ်ပါပေမယ့် Quick Charger မပါဘူးဆိုရင်တော့ ခုနောက်ပိုင်း အရည်အသွေးမြင့် ဖုန်း Accessories သီးသန့်ထုတ်တဲ့ third – party တွေက ထုတ်တဲ့ Quick Charger တွေလည်း ဈေးကွက်ထဲမှာ အလွယ်တကူ ရွေးချယ်ဝယ်လို့ ရနေပါပြီ။



## ဖုန်းအားသွင်းနေချိန် ဖုန်းမသုံးပါနဲ့

ဖုန်းအားသွင်းရင်းနဲ့ ဂိမ်းကစားတာ၊ အင်တာနက်သုံးတာမျိုး မလုပ်ဖို့ အကြံပြုချင်ပါတယ်။ အားသွင်းနေချိန် ဖုန်းသုံးတာဟာ ဖုန်းအားပြည့်ဖို့အချိန်ကြာသလို ဖုန်းဘက်ထရီ အပူတစ်ရှိန်ထိုးတက်လာ တာမျိုးဖြစ်စေနိုင်ပြီး အခန့်မသင့်ရင် ဖုန်းပေါက်ကွဲတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဖုန်းအား အမြန်ပြည့်ဖို့ စိတ်ရှိတယ်ဆိုရင်တော့ ဖုန်းအားသွင်းနေချိန် ဖုန်းကိုခဏခဏဖွင့်ကြည့်တာမျိုး ၊ Facebook Newsfeed မှာဘာတွေ အသစ်တက်နေပြီလဲ ကြည့်တာမျိုး မလုပ်ပါနဲ့။

နောက်ဆုံးအနေနဲ့ ဖုန်းအားသွင်းတဲ့အခါ အမြန်ပြည့်ချင်တယ်ဆိုရင်တော့ တစ်ခါတလေမှာ ဖုန်းအားကုန်ခါနီးအထိသုံးပြီးမှ အပြည့်ပြန်ဖြည့်ပေးဖို့ အကြံပြုချင်ပါတယ်။ အားသွင်းနေချိန် ဖုန်းကာဗာ ဖြုတ်ပြီး အားသွင်းတာကလည်း ဖုန်းဘက်ထရီရဲ့အပူကို လျော့စေလို့ အားအမြန်ဝင်စေတယ်လို့ ညွှန်းဆိုကြလို့ ဖုန်းကာဗာကိုဖြုတ်ပြီး အားသွင်းကြည့်ကြပါဦး။

## လက်နဲ့ နှိပ်ပေးသလို ခံစားရစေမယ့် အနှိပ်စက်

ကွန်ပျူတာရှေ့ အထိုင်များလို့ မကြာခဏ ဇက်ကြောတက်တတ်သူတွေနဲ့ နောက်ကျော ခါး ဗိုက်ပေါင် ခြေသလုံးစသလို ခန္ဓာကိုယ်အနှံ့ ညောင်းညာကိုက်ခဲလေ့ရှိတဲ့ လူတွေအတွက် အသုံးဝင်မယ့် စွယ်စုံ အနှိပ်စက်လေးကို ညွှန်ပေးချင်ပါတယ်။ ဒီအနှိပ်စက်လေးထဲမှာ အရင်ဈေးကွက်ထဲရှိနှင့်ပြီးတဲ့ M 7 စွယ်စုံအနှိပ်စက်ကို အဆင့်မြှင့်ထုတ်လုပ်ထားတာဖြစ်ပြီး နှိပ်နယ်ပေးတဲ့ အလုံးအကြီး နှစ်လုံးနဲ့ အလုံးအသေးနှစ်လုံးပါဝင်ပြီး နှိပ်အားကို ကိုယ်လိုသလို အမြန်အနှေး ခလုတ်၊ ပြောင်းပြန်လှည့်နှိပ် ခလုတ်၊ အပူကို ထုတ်ပေးတဲ့ ခလုတ်နဲ့ မီးအဖွင့်အပိတ် ခလုတ်တွေပါဝင်ပါတယ်။ လက်နဲ့ နှိပ်ပေးသလို ခံစားရစေမယ်လို့ ရောင်းချသူက အာမခံစကားဆိုထားပြီး ဈေးနှုန်းက ၄၉,၀၀၀ ကျပ် ကျသင့်မှာပါ။ ဝယ်လိုတယ်ဆိုရင် Double Y Online Shopping Mall အမှတ် ၁၂၅၃ ၊ ရတနာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မှာ သွားဝယ်နိုင်ပြီး အိမ်အရောက်ပို့ ဝန်ဆောင်မှု လည်းမှာနိုင်ပါတယ်။ အသေးစိတ် ကို ဖုန်း ၀၉ ၄၃၀၅၅၆၂၂၊ ၀၉ ၄၀၂၇၇၃၈၃၈၊ ၀၉ ၂၅၄၄၅၅၅၉၅ ကို ဆက်သွယ်နိုင်ပါတယ်။ ■



## ရေဆူတာနဲ့ အလိုအလျောက်မီးပိတ်ပေးသွားမယ့် Mi Smart Kettle

ကော်ဖီအမြဲလိုဖျော်သောက်တတ်သူ၊ အိမ်မှာရေနွေးကိုအမြဲကျိုချက်သောက်တတ်သူတွေအတွက် Xiaomi ထုတ် Mi Smart Kettle ကို ညွှန်ပေးချင်တယ်။ 1.5 L အထိ ဝင်ဆံ့ပြီး Heating Power 1800W ပါဝင်လို့ ၅ မိနစ်အတွင်း ရေနွေးဆူစေပါတယ်။ ရေနွေးဆူတဲ့အချိန်မှာ အလိုအလျောက် မီးပိတ်ပေးတဲ့ စနစ်ပါဝင်လို့ မီးဘေးအတွက် စိတ်ချရစေတဲ့ အားသာချက်ရှိပြီး Smart ရေနွေးအိုးဖြစ်လို့ Bluetooth လည်း ပါဝင်ပါတယ်။ Bluetooth နဲ့ Mi Home App ချိတ်ဆက်ပြီး သတ်မှတ်အပူချိန် အထိ ရေနွေးကို ကျိုချက်တာ၊ ရေနွေးဆူပြီးတဲ့အခါမှာလည်း ကိုယ်ထားလိုတဲ့ အပူချိန်ကို ဆက်ထိန်း တာမျိုး ပြုလုပ်နိုင်မှာပါ။ Mi Smart Kettle ရဲ့ မီးပလပ်ကြိုးက အလွယ်တကူ သိမ်းဆည်းလို့ရအောင် ပြုလုပ်ထားပြီး ကြိုးရှုပ်ထွေးမှု မဖြစ်စေဘူးလို့ ရောင်းချသူက အာမခံစကားဆိုပါတယ်။ ဈေးနှုန်းက ၅၉,၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ဝယ်လိုတယ်ဆိုရင် Swan Pyae Distri-bution အမှတ် ၁၄ ဘီ၊ လမ်းမတော်သံဈေး၊ စီဘီဘဏ်ရှေ့ လမ်းမတော်မြို့နယ် (အလယ်)၊ ရန်ကုန်၊ ဖုန်း ၀၉ ၄၂၀၁၁၂၂၃၃၊ ၀၉ ၂၅၄၂၆၀၂၆၀ မှာ သွားဝယ်နိုင်ပါတယ်။ ■






## အစားအစာတွေကို FDA အသိမှတ်ပြုဆီ၊ ရေသန့်တွေနဲ့ အဓိကချက်ပြုတ်

အစားအစာတွေကို သန့်သန့်ရှင်းရှင်း စားချင်သူတွေအတွက် FDA အသိမှတ်ပြုထားတဲ့ နေကြာဆီသန့် နဲ့ ရေသန့်ကိုပဲ အသုံးပြုချက်ပြုတ်ထားတဲ့ မင်္ဂလာပါ စားသောက်ဆိုင်လေးကိုညွှန်ချင်တယ်။ ဒီဆိုင်လေးမှာ နံနက်စာစားချင်သူတွေအတွက် လပွတ္တာမုန့်ဟင်းခါး၊ ရွှေတောင်ခေါက်ဆွဲ၊ မန္တလေးမုန့်တီ၊ ရန်ကုန်နန်းကြီးသုပ်၊ ရှမ်းခေါက် ဆွဲ၊မြီးရှည်၊ ဝက်သားပြားဆီချက်စတဲ့ အစားအစာတွေ၊ ထမင်းစားချင်သူတွေအတွက်လည်း ပုဇွန်ထုပ်ဆီပြန်၊ တောဝက်သားဟင်း၊ ဆိတ်သားနှပ်၊ ဝက်အိုးကြီး၊ ဆိတ် ကုလားပဲဟင်း၊ ငါးသလောက်ပေါင်း တွေအပြင် တောကောင်သားစစ်စစ်စားချင်သူတွေအတွက် ချေသား၊ ယုန်သား၊ တောဝက်သားတို့နဲ့ ဟင်း အမျိုးပေါင်း ၄၀ ကျော်လောက် မှာယူနိုင်မှာဖြစ်ပါတယ်။ ဟင်းတစ်ပွဲမှာယူတာနဲ့ အရံဟင်းငါးမျိုး၊ ဟင်းရည်၊ ငပိထောင်း၊ တို့စရာတွေကို အပိုအဖြစ် ပေးထားမှာပါ။ လတ်လတ်ဆတ်ဆတ်ရာသီပေါ် အသီးအရွက်သုပ် စားချင်သူတွေအတွက်လည်း မန်ကျည်းရွက်၊ မြူရွက်၊ ညောင်ရွက်၊ ထနောင်းရွက်၊ ငါးရံပလူရွက်စတဲ့ အရွက်မျိုးစုံကို မှာယူတော့မှာသုပ်ပေးတာဖြစ်တယ်လို့ ရောင်းချ သူကဆိုပါတယ်။ အဆာပြေစားချင်သူတွေ

အတွက် စစ်
ဝက်သားဒုပ်ထို
ဒီဆိုင်လေးမှာ
အစားအစာက
တွဲစပ်ထားပြီး
နိုင်မှာဖြစ်ပါတ
ပြီး မိသားစုအေ
ဆိုပါတယ်။ လ
ဆက်သွယ်မေ



## မြန်မာမှုလက်ရာပစ္စည်းလေးတွေ ဝယ်ချင်ရင်

ကိုယ့်ရဲ့နေအိမ်ရုံးခန်းတွေမှာ အလှဆင်ချိတ်ဆွဲဖို့၊ ချစ်ခင်သူအချင်းချင်း လက်ဆောင်ပေးဖို့နဲ့ နိုင်ငံရပ်ခြား ဧည့်သည်တွေကို အမှတ်တရလက်ဆောင်ပေးဖို့အတွက် မြန်မာမှုပစ္စည်းလေးတွေ ရှာနေသူတွေအတွက် Artist-Souvenir & Decorative Things ဆိုတဲ့ဆိုင်လေးကို ညွှန်ပေးချင်ပါတယ်။ ဒီဆိုင်လေးမှာ နေအိမ်နဲ့ ဧည့်ခန်း တွေမှာ အလှဆင်ချိတ်ဆွဲနိုင်ဖို့အတွက် မြန်မာ့မှုကိုယ်စားပြု MDF ပေါ်မှာ ထွင်းထားတဲ့ ရုပ်ပုံလေးတွေ၊ သစ်သား သော့ချိတ်လေးတွေ၊ စားပွဲတင် အိပ်ရာဝင်မီးအိမ်လေးတွေ ရရှိနိုင်ပါတယ်။ MDF ပေါ်မှာ ထွင်းထားတဲ့ ရုပ်ပုံ လေးတွေကို ကိုယ့်စိတ်ကြိုက် ဓာတ်ပုံပေးပြီး ထွင်းလို့ရသလို ကြိတ်သား၊ ကော်ပြား၊ ကြွေပြား၊ သစ်သား၊ စက္ကူ ကတ်ပြား၊ ပိတ်စ အထူစသလို ကိုယ်ထွင်းလိုတဲ့ပေးမှာ ရွေးချယ်မှာယူနိုင်ပါတယ်။ ကိုယ်ပြုလုပ်လိုတဲ့ အရွယ် အစားပေါ်မူတည်လို့ ကျပ် ၈၀၀၀ ဝန်းကျင်ကနေစပြီး ကျသင့်မှာဖြစ်ပါတယ်။ စားပွဲတင် အိပ်ရာဝင်မီးအိမ်လေးတွေရဲ့ ဈေးနှုန်းက ကျပ် ၁၈,၀၀၀ ကျပ် ကျသင့်မှာပါ။ ရန်ကုန်မြို့က မဟုတ်ဘဲ တခြားနယ်တွေက မှာလိုသူတွေကိုလည်း မြန်မာနိုင်ငံအတွင်း မည်သည့်မြို့ကိုမဆို ပို့ဆောင်ခ မယူဘဲ ဆိုင်တင်ဈေးနှုန်းအတိုင်း ပို့ဆောင်ပေးမယ်လို့ ဆိုထားပြီး Artist – Souvenir & Decorative Things ဆိုင်မှာ ရရှိတဲ့လက်ရာတွေကို မှာ ဝင်ရောက်ကြည့်နိုင်ပါ တယ်။ ဆိုင်လိပ်စာက အမှတ် ၁၀ (မြေညီ)၊ ၁၆၃လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်ဖြစ်ပြီး ဖုန်း ၀၉ ၅၁၈၂၀၇၄၊ ၀၉ ၇၇၆၁၅၂၇၄၈ ကို ဆက်သွယ်နိုင်ပါတယ်။ ■



## ...ထားတဲ့ မင်္ဂလာပါစားသောက်ဆိုင်

...ိုင်းထမင်းသုပ်၊ ကြံခင်းထမင်းသုပ်၊ ပဲထပ်တစ်ရာ၊ စမူဆာကြော်သုပ်၊ တို့ဟူးကြော်သုပ်၊ ...ိုးစတဲ့ အစားအစာတော်တော်များများကိုလည်း ရွေးချယ်မှာယူနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ...စက်တင်ဘာလကမှ အသစ်မှာ ယူနိုင်တဲ့ ရွှေကလပ်မုန့်ပွဲနဲ့ မြန်မာ့ရိုးရာ လက်ဖက်ရည်ဝိုင်း ...တော့ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ Detox ဖျော်ရည်၊ လက်ဖက်သုပ်၊ ကော်ဖီ၊ လက်ဖက်ရည်နှစ်အိုး ...ဈေးနှုန်းကတော့ ၇၀၀၀ ကျပ်နဲ့ နေ့လယ် ၂ နာရီကနေ ညနေ ၆ နာရီအထိ မှာယူစားသောက် ...ယ်။ မင်္ဂလာပါစားသောက်ဆိုင်ကို နံနက် ၆ နာရီကနေ ညနေ ၉ နာရီအထိ ဖွင့်လှစ်ထား ...အေးအေးဆေးဆေးစားချင်သူတွေအတွက် သီးသန့်ခန်းတွေ စီစဉ်ထားတယ်လို့ ရောင်းချသူ ...ိပ်စာကတော့ ၇၁ လမ်း၊ ၂၈ လမ်းနဲ့ ၂၉ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၆၀၄၈၀ ကို ...းမြန်းနိုင်ပါတယ်။ ■

## သဘာဝသစ်သီးတွေနဲ့ ထုတ်တယ်ဆိုတဲ့ Scrub




အသားအရေလှပဖို့အတွက် ဆိုင်တွေမှာ တကူးတက သွားပြီး ပေါင်းတင် Scrub မလုပ်လိုသူတွေအတွက် USA ထုတ် Petal Fresh အမှတ်တံဆိပ် Aloe & Apricot Scrub ကို ညွှန်ပေးချင်တယ်။ ရှားစောင်းလက်ပတ်ကို အခြေခံထုတ်လုပ်ထားပြီး မက်မွန်သီးပါဝင်ဖော်စပ်ထားလို့ အဆီပြန်တဲ့ အသားအရေရှိသူတွေနဲ့ အထူးသင့်တော်ပြီး ၂၈ ရက်အတွင်း မျက်နှာပေါ်မှာရှိတဲ့ ဆဲလ်အသေတွေကို ဖယ်ရှားပေးတယ်လို့ ပစ္စည်းတင်သွင်းသူက အာမခံစကားဆိုထားပါတယ်။ တစ်ပတ်ကို နှစ်ကြိမ် အသုံးပြုပေးနိုင်မယ့်အပြင် နှာခေါင်းမေးစေ့ နားမှာရှိတဲ့ ဆားဝက်ခြံတွေ၊ T-Zone အဆီ ပြန်တာတွေ၊ မိတ်ကပ်လိမ်းရင် မညီမညာဖြစ်တာတွေကို သက်သာသွားစေပြီး ၁၀၀ ရာခိုင်နှုန်း သဘာဝစစ်စစ်အမှတ်တံဆိပ်အဖြစ် အသိအမှတ်ပြုခံထားရတဲ့ ထုတ်ကုန်မို့ ထိခိုက်လွယ်တဲ့ အသားအရေရှိသူတွေပါ သုံးနိုင်မှာပါ။ ဈေးနှုန်းက ၉၈၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ဝယ်လိုတယ်ဆိုရင် ဖုန်း ၀၉ ၅၅၀၃၀၄၄ ၊ ၀၉ ၇၉၄၈၄၈၀၅၀၊ ၀၁ ၂၂၆၃၁၅ ကို ဆက်သွယ်ပြီး စက်တင်ဘာလ အတွင်း အိမ်အရောက် အခမဲ့ပို့ ဝန်ဆောင်မှုနဲ့ မှာနိုင်မှာပါ။■

# New Books

## ရဟန်းမြတ်၊ ရဟန်းထူးများနှင့် ခေတ်တော်ကျဆရာတော်ကြီးများ



ကျော်စံလင်း

'တရားဘာဝနာပွားများပြီး အကျင့်မြတ်ကျင့်နေ ကြသော ဆရာတော်ကြီးများသည် ရဟန္တာ၊ ရဟန်းထူး၊ ရဟန်းမြတ် ဖြစ်သွားကြသည်ကိုအနီးရှိ ဒါယကာ၊ ဒါယိကာမများပင် မသိကြပါ။

ဆရာတော်ကြီးများ ပျံလွန်တော်မူသောအခါ ရုပ်ကလာပ်တော်ကို အဂ္ဂိစျာပနပူဇော်ကြရာမှ မီးမခဲဘဲ ကြွင်းကျန်ခဲ့သော ဓာတ်တော်များတွေ့မြင်မှ ပူဇော်ကြပြီး ရဟန်းထူး၊ ရဟန်းမြတ်မှန်း သိရတော့သည်' လို့ ဓာတ်တော်ကျဆရာတော်ကြီးတွေရဲ့အကြောင်းအမှာစာမှာ ရေးသားထားပါတယ်။

ရဟန်းထူး၊ ရဟန်းမြတ်တွေရဲ့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်တဲ့အနေနဲ့ ဆရာတော်ကြီးတွေရဲ့ ကျင့်ကြံတဲ့တရားဘာဝနာတွေနဲ့အတူ ထေရုပ္ပတ္တိဘဝဖြစ်စဉ်တွေကို လက်လှမ်းမီသရွေ့ ရေးသားပြုစုထားခြင်းဖြစ်တယ်လို့ စာရေးသူက ဆိုပါတယ်။

မမြဲတရားအမြဲပွားများနေသော ကစင်ဆရာတော်ဘုရားကြီး၏ဘဝဖြစ်စဉ်နှင့် ဓာတ်တော်ကျ၊ လယ်တီ ဆရာတော်ဘုရားကြီး၏ မပုပ်မသိုးသော ရုပ်ကလပ်တော်နှင့် အန္တိမစျာပန၏ ထူးခြားမှုများ၊ ဂျိုးဂျိုးကျဆရာတော်ဘုရားကြီး၏ အကျင့်မြတ်နှင့် ဖြစ်ရပ်ဆန်းများ၊ ကုံလုံဆရာတော်ကြီး၏ အကျင့်မြတ်နှင့် ထူးခြားသည့် ရုပ်ကလာပ်စတဲ့ ဆရာတော်အပါး ၂၀ ရဲ့ကျင့်ကြံတဲ့ တရားဘာဝနာနဲ့ ဘဝဖြစ်စဉ်အကျဉ်းကို ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ မဇ္ဈိမစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ် တန်ဖိုး ၃၀၀၀ ကျပ်ပါ။

## ကင်ဆာရောဂါများအတွက် အစွမ်းထက်သော သဘာဝစားစရာများနှင့် မုန်လာဥနီ၏ အစွမ်း



ဟိန်း (ဘူမိ)

ကင်ဆာရောဂါခံစားနေရသူတွေနဲ့ ကျန်းမာရေးဗဟုသုတ ရှာမှီးသူတွေအတွက် တစ်စုံတစ်ရာသော အထောက်အကူရစေရန် ရည်ရွယ်ရေးသား ပြုစုထားခြင်းဖြစ်ကြောင်း စာရေးသူကဆိုတယ်။ ဒီစာအုပ်ထဲမှာ ကင်ဆာရောဂါအတွက် အစွမ်းထက်လှတဲ့ မုန်လာဥနီရဲ့အကြောင်း အသေးစိတ်ဖော်ပြပေးထားတဲ့အပြင် ကင်ဆာဆိုတာဘာလဲ၊ ဘယ်လိုအခြေအနေမျိုးတွေက ကင်ဆာဖြစ်ဖို့လွယ်လဲ၊ ကင်ဆာရောဂါအတွက် ပေါင်းကူးဖြည့်စွက်ကုထုံးနည်းနဲ့ သိပ္ပံနည်းကျအထောက်အထားတွေက ဘာတွေလဲ၊ ကင်ဆာအတွက် ဘယ်လိုဟင်းသီးဟင်းရွက်ဖျော်ရည်တွေက အသုံးတည့်သင့်လျော်သလဲ စတဲ့အကြောင်းအရာတွေကိုပါ ဖတ်ရှုရမှာပါ။

ကင်ဆာရောဂါဟူသည် အဘယ်နည်း၊ ဆဲလ်ကွဲထွက်ခြင်း ပြဿနာ၊ ကင်ဆာကြိတ်၊ ဖရီးရယ်ဒီကယ်ဆိုသည်မှာ အဘယ်နည်း၊ သင့်ကင်ဆာအား ကုသခြင်း၊ ကင်ဆာပြန်လည် ဖြစ်ပွားခြင်း၊ အပင်ထွက်မဟာ အားဖြည့်စာများစတဲ့ ကင်ဆာရောဂါအကြောင်း အခြေခံအချက်အလက်တွေကို ဖော်ပြထားတဲ့ အခန်း (၁)ကို ဘီလ်ဟန်ဒါဆင်ရဲ့ကင်ဆာကင်းလွတ်ခြင်းဆိုတဲ့ စာအုပ်က ကင်ဆာနဲ့ ပတ်သက်တဲ့ ဗဟုသုတရဖွယ်တွေကို ထုတ်နုတ်အခြေခံရေးထားတယ်လို့ဆိုတယ်။ အခန်းပေါင်းလေးခန်းပိုင်းဆစ်ပြုစုထားပြီး အခန်းတစ်ခန်းချင်းစီအလိုက် သက်ဆိုင်ရာ ခေါင်းစဉ်ခွဲတွေနဲ့ ရေးသားထားပါတယ်။

အလိုအလျောက် သက်သာရစေခြင်း၊ စိတ္တဗေဒအရ သက်သာပျောက်ကင်းခြင်း၊ အေအိုင်ဒီအက်စ်နှင့် ကင်ဆာအတွက် အသားမကြာခဏ မစားပါနှင့်၊ မုန်လာဥနီအရိုင်း၊ ယင်းမှာအံ့ဖွယ်ကုသနည်းမဟုတ်ပါ၊ မုန်လာဥနီဖြင့် ကင်ဆာမှ လွတ်ကင်းခဲ့ကြသူအချို့အကြောင်း၊ ကင်ဆာကို တိုက်ဖျက်ပေးသော ထိပ်တန်းစားစရာ ၁၂ မျိုး စတဲ့အကြောင်းအရာ ခေါင်းစဉ်ခွဲပေါင်း ၆၀ ကျော် ဖတ်ရှုရပါမယ်။ မဇ္ဈိမစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ၁၀၀၀ ကျပ်ပါ။

## ယောက်ျားကောင်းတို့နေရာနှင့် အတွေးအမြင်ရသစာစုများ



သန်းထွန်း (စကု)

အတွေးအမြင်၊ တော်ဝင်ပန်းဂျာနယ်နဲ့ မဂ္ဂဇင်း စာစောင်တချို့မှာ ရေးသားဖော်ပြဖူးတဲ့ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်တာဖြစ်ပါတယ်။ မြန်မာမှု၊ ရိုးရာယဉ်ကျေးမှု၊ မြန်မာစာပေတွေကို အဓိက ဦးစားပေးရေးသားထားတဲ့ စာပေယဉ်ကျေးမှုဆိုင်ရာဆောင်းပါးတွေကို ဖတ်ရှုရမှာဖြစ်ပါတယ်။ စာပေယဉ်ကျေးမှု ကိုယ်ခံအားညံ့လာသည်နှင့်မျှ ပြည်ပယဉ်ကျေးမှုများ လွှမ်းမိုးခြယ်လှယ်ခံရကာ တစ်ချိန်ကမြန်မာ့သမိုင်းဦးတွင် ခေါင်းမော့ဝံ့ကြွားခဲ့ကြတဲ့ ပျူလူမျိုးနဲ့ စာပေယဉ်ကျေးမှုတို့လို မေးမှိန်ပျောက်ကွယ်သွားမည်မှာ သေချာကြောင်း၊ နောင်တွင် မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုကို လေ့လာလိုလျှင် နိုင်ငံခြားတက္ကသိုလ်များသို့ သွားပြီးလေ့လာကြရမယ့်ကိန်းမျိုးမဆိုက်ဟု မပြောနိုင်ကြောင်း စာရေးသူက သတိပေးတပ်လှန့်ထားပါတယ်။

'တစ်ဖက်ကလည်း လူငယ်တွေ စာပေယဉ်ကျေးမှုနှင့် အလှမ်းဝေးသွားသည်မှာ ပညာရေးစနစ်နှင့်လည်း သက်ဆိုင်ပါသည်။ သိပ္ပံလိုင်းကို စုပြုံလိုက်နေကြသဖြင့် မြန်မာစာ (စိတ်ကြိုက်)၊ သမိုင်း၊ ပထဝီ စသည့် ဝိဇ္ဇာဘာသာတွဲများ ယူရဲသူမရှိသလောက်ပင်ဖြစ်သည်။ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ ဘာသာတွဲ ယူမည့်ကျောင်းသားလည်း လက်ချိုးရေတွက်၍ရသည်။ ကျောင်းသားကတည်းက မြန်မာစာပေသမိုင်းနှင့် အဆက်ပြတ်ခဲ့ကြသဖြင့် မြန်မာစာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး ကန်းသွားကြသည်မှာ အဆန်းတော့ မဟုတ်ပေ။ ...' ဆိုတဲ့အမှာစာပါ စာသားတွေက လက်ရှိမြန်မာစာပေလေ့လာလိုက်စားမှုနဲ့ပတ်သက်တဲ့ အခြေအနေကို ထင်ဟပ်ပြနေပါတယ်။

'ကိုယ်ရေးကိုစ္စလောက်သာ လုပ်ကိုင်တတ်သည့် ခိုင်းကောင်းသော လက်ရင်းတပည့်တွေကို မတန်မရာ ရာထူးတွေ အဆင့်ဆင့်ကျော်ပြီး ပေးအပ်လျှင် 'တိုင်းပြည်နှင့် လူမျိုးအကျိုး' ဆိုသည့် ပုဂ္ဂိုလ်တွေ စိတ်ပျက်အားငယ်တတ်ပါသည်။ ပင်ကိုယ်အရည်အချင်းမရှိဘဲလျက် တိုင်းပြည်အုပ်ချုပ်သည့် ရှင်ဘုရင်ကို သမီး၊ နှမတွေ ဆက်သည့်သူတွေ ဘုန်းကြီးလာလျှင် တိုင်းပြည်နိုင်ငံပျက်စီးတတ်သည်ဟု ယောအတွင်းဝန် ဦးဘိုးလှိုင်ပြောခဲ့သည်မှာ အလွန်မှတ်သားစရာကောင်းပါသည်။

ကျွန်တော်တို့ခေတ်တွင် ကိုယ်နှင့်မတန်သည့် ဘွဲ့ကိုမယူ စတမ်းဟု စိန်ခေါ်ရဲသူ ဘယ်နှယောက်ရှိသည်ကို စောင့်ကြည့်ချင်ပါသည်။ ...'

(ဘွဲ့များ၊ ဆုတံဆိပ်များ၊ လက်မှတ်များ ... မှ)

'ရှေးခေတ်က အရှက်ကိုအသက်တမျှတန်ဖိုးထားကြသော မိန်းကလေးများသည်အပျိုရည်ကိုလည်း အသက်နှင့်ထပ်လဲ၍ကာကွယ်စောင့်ရှောက်ကြသည်။ တန်ဖိုးထားကြသည်။ အဓမ္မအကျင့်ခံရ၍ အပျိုရည် ပျက်သွားရာသောမိန်းကလေးသည် တမာပင်ပေါ်တက်ပြီး သူ့ကိုယ်သူ ကြိုးဆွဲချအဆုံးစီရင်ကာ အရှက်ကိုအသက်နှင့်လဲသွားပုံကို ဆရာမြသန်းတင့်က 'တမာနုချိန်စစ်တမ်း' တွင် ရင်နင့်စွာတင်ပြခဲ့ဖူးသည်။ ဤသည်မှာ မြန်မာအမျိုးသမီးတို့၏ ပုံရိပ်ပင်ဖြစ်သည်။...'

(မပန်လေနဲ့ ပန်းနီနီ ... မှ)

အထက်ဆံဖျားအောက်ခြေဖဝါး၊ အနုပညာ ဆုံပွဲငြင့်၊ ကိုတင်ဦးလိုလူစားတွေ၊ အရှက်နဲ့ လူလုပ်တဲ့ အမျိုး၊ ယောက်ျားကောင်းတို့နေရာ၊ အရှက်ကို ဘယ်လိုပြောရမယ်၊ ယုံရဲတဲ့သတ္တိ၊ ဇာတ်တော်ထဲက အတွေးများ စတဲ့ ဆောင်းပါးပေါင်း ၃၀ တိတိ ပါဝင်တယ်။ လင်းလွန်းခင်စာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ၂၅၀၀ ကျပ်ပါ။

# မန်းစည်ပင်ကော်မတီဝင်လောင်း ပြိုင်ပွဲ

ရဝင်းနိုင်၊ မြတ်(ကလေး)

**ရှိသည့်မြို့နယ်က ခြောက်မြို့နယ်၊ ယှဉ်ပြိုင်ကြသည့်သူက ၃၆ ဦး။ အချိုးချရလျှင် တစ်မြို့နယ်လျှင်ခြောက်ဦး။**

သို့သော်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများဖြင့် စိစစ်ခဲ့ရာ ၃၅ ဦး ကျန်ရှိခဲ့သည်။ ယခင်တစ်ကြိမ်ပြုလုပ်ခဲ့သည့် စည်ပင်ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင်တော့ ယှဉ်ပြိုင်သူဦးရေက သုံးဆခန့် တက်လာခြင်းပင်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များကို ပွင့်လင်းမြင်သာစွာ ရွေးကောက်တင်မြှောက်သည့် ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကိုစိစစ်ရာ မြို့နယ်ခြောက်မြို့နယ်အတွက် ယှဉ်ပြိုင်သူ ၁၃ ဦးရှိခဲ့သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် နောက်ဆုံးပိတ် ကိုယ်စားလှယ်များမှာ မဲဆန္ဒနယ် (၁) အောင်မြေသာစံမြို့နယ်တွင် ငါးဦး၊ မဲဆန္ဒနယ်၊ (၂) ချမ်းအေးသာစံမြို့နယ်တွင် ခြောက်ဦး၊ မဲဆန္ဒနယ်၊ (၃) မဟာအောင်မြေမြို့နယ်တွင် ၁၂ ဦး၊ မဲဆန္ဒနယ်၊ (၄) ချမ်းမြသာစည်မြို့နယ်တွင် ခြောက်ဦး၊ မဲဆန္ဒနယ်၊ (၅) ပြည်ကြီးတံခွန်မြို့နယ်တွင် သုံးဦး၊ မဲဆန္ဒနယ်၊ (၆) အမရပူရမြို့နယ်တွင် သုံးဦးဖြင့် စုစုပေါင်း ၃၅ ဦး ဖြစ်သည်။

ထူးခြားသည်က ၂၀၁၅ ခုနှစ် စည်ပင်ကော်မတီဝင်ရွေးပွဲတွင် မဟာအောင်မြေမြို့နယ်မှ ယှဉ်ပြိုင်သူတစ်ဦးတည်းသာရှိသဖြင့် ယင်းမြို့နယ်တွင် ရွေးကောက်ပွဲပြုလုပ်ခဲ့ရခြင်းမရှိဘဲ အလိုအလျောက်ရရှိခဲ့ပြီး ယခု ဒုတိယအကြိမ်အတွက်မူ ယှဉ်ပြိုင်သူမှာ ၁၂ ဦးထိဖြင့် အများဆုံးဖြစ်ခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဖွဲ့စည်းပုံအရ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်ကိုးဦးရှိသည်။

ယင်းတို့အနက် အတွင်းရေးမှူးနှင့် ကော်မတီဝင်လေးဦးကို တိုင်းဒေသကြီးအစိုးရကခန့်အပ်ခွင့်ရှိသည်။

ရွေးကောက်ပွဲမှ တစ်မြို့နယ်လျှင် တစ်ဦးကျရွေးချယ်ပြီး ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်ငါးဦးကို ရွေးချယ်သွားမည်ဖြစ်သည်။

လက်ရှိရွေးကောက်ပွဲအတွက် မြို့နယ်ခြောက်မြို့နယ်မှ ၃၅ ဦး ယှဉ်ပြိုင်ပြီးခြောက်ဦး ရွေးချယ်မည် ဖြစ်သည်။

## ဘာအတွက် ပြိုင်ကြတာလဲ

ပြည်သူတို့အတွက် လုပ်ဆောင်ပေးလိုသဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကော်မတီဝင်အဖြစ် ရွေးချယ်ခံရပါက မြို့နယ်အကြံပေးကော်မတီဖွဲ့စည်းပြီး လူထုအသံကို နားထောင်ကာ အကောင်းဆုံးဆောင်ရွက်သွားမည်ဟု မဟာအောင်မြေမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးကျော်ဇောအောင်က ပြည်သူများကို သတင်းစကားပါးသည်။

"အဂတိတရားကင်းကင်းနဲ့ဆောင်ရွက်ပါမယ်လို့ ကိုယ့်ကိုယ်ကိုယ် အာမခံပါတယ်" ဟု ၎င်းက ကတိပြုပြောကြားသည်။

ချမ်းအေးသာစံမြို့နယ် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးကျော်ဇေယျကမူ အဓိက ရေမြောင်းစနစ်ကောင်းမွန်ရန် လိုအပ်ကြောင်း ပြောဆိုသည်။

မိုးရွာသွန်းလျှင် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပွားတတ်သည့်အတွက် ရေမြောင်းစနစ်ကောင်းမွန်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမှိုက်သိမ်းယာဉ် ပုံမှန်မရောက်ခြင်းနှင့် အမှိုက်သိမ်းစနစ်ကို ပြောင်းလဲပေးချင်ကြောင်း ၎င်းက မဲဆွယ်စကား ပြောသည်။

ထို့ပြင် "လာဘ်စားတာတွေ မလုပ်ဘူး။ ပြည်သူ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ချင်လို့ပါ" ဟု သူ့ဆန္ဒကို ပြောဆိုလေသည်။

ချမ်းမြသာစည်မြို့နယ် ကော်မတီဝင်လောင်း ဦးအောင်နိုင်စိုးကမူ စည်ပင်ကော်မတီကို ပြည်သူ့ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းအဖြစ် ပြုပြင်ပြောင်းလဲလိုသူဖြစ်သည်။ မန္တလေးမြို့တော်ကို ကမ္ဘာ့ခေတ်မီမြို့တော်များ၏ အင်္ဂါရပ်နှင့် လျော်ညီသော မြို့ပြစနစ်၊ ပို့ဆောင်ရေးစနစ်၊ သန့်ရှင်းရေးစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကိုအလေးထားတန်ဖိုးထားသော Green City ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ချင်သည်ဟု သူ၏ အောင်နိုင်ရေး လက်ကမ်းတွင် ဖော်ပြထားသည်။

## ကိုယ်စားလှယ်လောင်း၏ စစ်တမ်း

မဟာအောင်မြေမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ဦးခင်မောင်ထွန်းက မန္တလေးမြို့တော် စည်ပင်သာယာလုပ်ရေးစစ်တမ်းကိုကောက်ယူထားသည်။ မဟာအောင်မြေမြို့နယ်အတွင်း ၁၈ ရပ်ကွက်မှ အိမ်ထောင်စု ၃၁၈ စုကို ကောက်ယူထားခြင်းဖြစ်ပြီး ၉၉ ရာခိုင်နှုန်းခန့် မှန်ကန်ကြောင်း ဆန်းစစ်တွေ့ရှိရသည်ဟု ၎င်းကဆိုသည်။

ထိုစစ်တမ်းကို အခြေခံ၍လည်း ကော်မတီဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံရခြင်းဖြစ်သည်ဟု ပြောသည်။

ယင်းစစ်တမ်းအရ ၄၀ ရာခိုင်နှုန်းသော ပြည်သူတို့မှာ ရေမြောင်းများတွင် အမှိုက်ပိတ်ဆို့မှု၊ ရေစီးရေလာ မကောင်းမှုနှင့် ဆိုးဝါးသည့် အနံ့အသက်တို့ကို ခံစားနေရကြောင်း၊ ၅၃ ရာခိုင်နှုန်းသော မိသားစုတို့မှာ မိလ္လာပိုက်/ကန် ယိုစိမ့်ခြင်း၊ ယင်းယိုစိမ့်မှုများကြောင့် ပတ်ဝန်းကျင်တွင် အနံ့အသက်မကောင်းခြင်း၊ မိလ္လာကန်များ လျှံသည့်အခါ လာရောက်စုပ်ယူပေးသည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အခက်အခဲများ ရှိနေသေးကြောင်း၊ ၅၁ ရာခိုင်နှုန်းသော ပြည်သူတို့မှာ လမ်းဘေးဝဲယာ ပလက်ဖောင်းတို့မှာ ဈေးဆိုင်ခန်းများ ကျူးကျော်နေမှု၊ ပျက်စီးနေမှုတို့ကြောင့် အသုံးပြုရန်ခက်ခဲခြင်း၊ ၅၇ ရာခိုင်နှုန်းသော ပြည်သူတို့မှာ လမ်းဘေးဈေးဆိုင်များအတွက် နေရာသတ်မှတ်ခြင်းနှင့် ယင်းဆိုင်များမှ အမှိုက်များကို စနစ်တကျ စွန့်ပစ်စေလိုကြောင်း စသည်ဖြင့် အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

ယင်းစစ်တမ်းမှာ မဟာအောင်မြေမြို့နယ်ကို အခြေပြုကောက်ယူထားသော်လည်း အခြားသောမြို့နယ်များတွင်လည်း ထိုနည်းနှင်နှင်ပင်။ စည်ပင်၏ ဌာနဆိုင်ရာအလိုက် ကြီးကြပ်ကွပ်ကဲမည့် ကော်မတီဝင်များအနေဖြင့် အထက်ဖော်ပြပါ စစ်တမ်းကို ဥပမာယူ၍ ဖြေရှင်းကြရမည်ဖြစ်သည်။

၎င်းအနေနှင့် ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်း မခံရလျှင်လည်း စစ်တမ်းပါ ပြဿနာများကို ကူညီဆောင်ရွက်ပေးမည်ဟု ဦးခင်မောင်ထွန်းက ဆိုလေသည်။

ကိုယ်စားလှယ်လောင်းတို့ အခက်အခဲ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သောင်ပြိုကမ်းပြို အနိုင်ရခဲ့ပြီး လက်ရှိအစိုးရသည် ပင်နီအစိုးရဟု ပြောဆို၍ ရသည်အထိပင် ဖြစ်ခဲ့သည်။

ယခု စည်ပင်ကော်မတီဝင်လောင်းများတွင်လည်း NLD ပါတီမှ အများအပြား ဝင်ရောက်ယှဉ်ပြိုင်မှုရှိခဲ့ပြီး လက်ကမ်းစာစောင်များတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံနှင့် အဆိုအမိန့်များ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူတွဲရိုက်ထားသည့် ဓာတ်ပုံများ ပါဝင်နေသည့်အပေါ်တွင် ဝေဖန်မှုအချို့လည်း ရှိနေခဲ့သည်။

ယင်းအပြင် တစ်မြို့နယ်ထဲ ပါတီဝင်သုံးယောက်ခန့်အထိ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မဲဆွယ်စည်းရုံးရာတွင် အခက်အခဲအချို့ရှိသည်ဟု ကိုယ်စားလှယ်လောင်းအချို့က ပြောဆိုကြသည်။ ရပ်ကွက်ရာအိမ်မှူးတို့က ၁၀ အိမ်တွင် နှစ်အိမ်ခန့်သာ မဲစာရင်းပေးဝေခြင်းမျိုးရှိပြီး မဲမပေးလည်း ရသည်ဟု ပြောဆိုမှုမျိုးရှိနေကြောင်း ဦးကျော်ဇေယျက ပြောပြသည်။

မဲဆန္ဒရှင် ပြည်သူများသိရှိရန် ဗီနိုင်းကြော်ငြာများကို ကပ်ထားပြီး စက်တင်ဘာလ ၁၂ ရက်နေ့အထိ အချပ် ၇၀ ခန့် ဖြုတ်ချခံခဲ့ရကြောင်း မဟာအောင်မြေ ကော်မတီဝင်လောင်း ဦးကျော်ဇောအောင်က ဆိုသည်။

ယင်းအပြင် တိုင်းဒေသကြီးအစိုးရမှ ခန့်အပ်သည့် ကော်မတီဝင်များတွင် စာရေးဆရာတစ်ဦးလည်းပါဝင်ပြီး ယင်းနှင့်ပတ်သက်၍ အချင်းချင်းကြား ဝေဖန်မှုတို့ ရှိနေသည်။ စာရေးဆရာဆိုတာ စာပေဖန်တီးဖို့ပဲဟု မန္တလေးမြို့ခံစာရေးဆရာတစ်ဦးက မှတ်ချက်ပြုသည်။

## ကော်မရှင်က သတိပေးရ

မဲဆွယ်စည်းရုံးကြရာတွင် အချို့က ခေတ်မီစွာပင် လူမှုကွန်ရက်စာမျက်နှာကို အသုံးပြုကြပြီး တရားဝင် မဲဆွယ်ရက်မတိုင်မီကပင် မဲဆွယ်နေကြသူများလည်း ရှိသည်။ အချို့ကလည်း မော်တော်ယာဉ်တန်းများဖြင့် လှည့်လည်မဲဆွယ်သည်။ လိုက်ပါဝန်းရံသူ အပေါင်းဖြင့် စည်ကားသည်။ ယင်းအထဲတွင် ပါတီပုံရိပ်ကို ယူသူအချို့လည်း ရှိသည်။

ကောင်မတီဝင်လောင်းအချို့လှည့်လည်စည်းရုံးရာတွင်သင်္ကြန်သံချပ်ကားများကဲ့သို့ အော်ဟစ်ဆူညံစွာ လှည့်လည်ခြင်း၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာ ဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ် လမ်းညွှန်ချက်အရ စည်းကမ်းချက်များကို ထပ်မံထုတ်ပြန်ခဲ့ရသည်။

မဲဆွယ်ခြင်းကို နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအတွင်းသာ ဆောင်ရွက်ရန်၊ လှည့်လည်စည်းရုံးမည့် ယာဉ်အရေအတွက်၊ သွားရောက်မည့်လမ်းကြောင်းကို နှစ်ရက်ကြိုတင် တင်ပြရန်နှင့် သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း မောင်းနှင်သွားလာပြီး အသံချဲ့စက် ကျယ်လောင်စွာဖွင့်လှစ်ခြင်း၊ စည်းရုံးရေးယာဉ်နှင့် အတူ ယာဉ်ပေါ်ယာဉ်အောက် ပါလာသူများမှ ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်စေနိုင်လောက်သည်အထိ သံပြိုင်အော်ဟစ်ဆူညံစွာ စည်းရုံးခြင်းများ မပြုလုပ်ရန်၊ နေ့စဉ်

စာမျက်နှာ ၃၈ သို့



ဓာတ်ပုံ-မြတ်(ကလေး)

# “အခုလို ထုတ်ပယ်တဲ့အထိ အရေးယူမှုမျိုးတော့ ကျွန်တော် မမျှော်လင့်ခဲ့တာ အမှန်ပဲ”

## မန္တလေးနေ့စဉ်သတင်းစာ သတင်းထောက် ဦးအောင်မြင့်မြတ် (ခ) ကိုရွှေမန်းနှင့် တွေ့ဆုံခြင်း

**မြတ်(ကလေး)**


ဓာတ်ပုံ-မြတ်(ကလေး)

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်ကို Facebook စာမျက်နှာပေါ်တွင် ဝေဖန်ခဲ့သဖြင့် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ဝေသော မန္တလေးနေ့စဉ်သတင်းစာ သတင်းထောက် ဦးအောင်မြင့်မြတ် (ခ) ကိုရွှေမန်းနှင့် The Voice Weekly တို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice:** **အစ်ကို့ဖြစ်စဉ်ကို ပြန်ပြောပြပါဦး။**

**KSM:** အဲဒီနေ့က သတင်းပို့ပြီးတဲ့အချိန် Facebook တစ်ခွင် ဘာတွေဖြစ်နေလဲကြည့်လိုက်တဲ့အခါ ဝန်ကြီးချုပ်ကို ဇာတိမာန်သီချင်းနဲ့ပတ်သက်ပြီးတော့ ဒီတိုင်းလက်လွတ်ပြောနေကြတာ ရှိတယ်။ တချို့လည်း ဒီအတိုင်း Status တွေ၊ Post တွေကို Share ပြီး ပြောနေတာ ရှိတယ်။ ကျွန်တော်တို့ သတင်းထောက်ထဲကလည်း ဒီဟာနဲ့ပတ်သက်ပြီး ဟုတ်တယ်၊ မဟုတ်ဘူး၊ အငြင်းပွားနေတာတွေ ရှိတယ်။ အဲဒီမှာ ကျွန်တော်က Khaing Zaw ဆိုတဲ့ အကောင့်ကို ကျွန်တော့် Friends List ထဲက တစ်ယောက်ကပဲ Share ထားတာ၊ သူလည်း အဲဒီလိုပဲ တစ်ခုခုပြောပြီး Share ထားတာ၊ အဲဒီတော့ ကျွန်တော်ကလည်း Share လိုက်တယ်။ Facebook ရဲ့သဘောက မူရင်းပို့စ်ကို Share တဲ့ပုံစံမျိုးပဲ ဖြစ်တာလေ။ မူရင်းပို့စ်က ဘာမှန်းတောင် ကျွန်တော် မသိဘူး။

ဒါပေမဲ့ အဲဒီအသံဖိုင်ကို နားထောင်လိုက်တဲ့အချိန်မှာ ကျောင်းအုပ်ဆရာမကြီးရဲ့ တင်ပြပုံတွေ၊ ကျောင်းဖွင့်ပွဲမှာ ကျောင်းသားလေးတွေကို ဒီသီချင်းဆိုဖို့အတွက် အစီအစဉ်လေးတွေ ကောင်းမွန်တဲ့အကြောင်း ဝန်ကြီးချုပ် ပထမပိုင်းပြောသံတွေ ကြားတယ်။ ကြားပြီးတဲ့နောက်ပိုင်း ဒီဇာတိမာန်သီချင်းဆိုတာ ကျွန်တော်တို့ အစွန်းရောက်တဲ့သီချင်းဖြစ်နေတယ်ပေါ့။ သီချင်းပေါ် ဝေဖန်တဲ့တစ်ချက်၊ ပြီးတော့ အခုချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုတစ်စုတည်းနေထိုင်တာမဟုတ်တော့ဘူး၊ ဒီသီချင်းက ကျောင်းတွေမှာဆိုဖို့ မသင့်တော့ဘူးဆိုပြီးတော့ မသင့်တော်ဘူးဆိုတဲ့ စကားလုံးကိုမပါဘူး။ မှန်တယ်။ သေချာနားထောင်တဲ့အခါမှာ သူက ဒီသီချင်းဟာ အစွန်းရောက်တဲ့သီချင်း ဖြစ်နေတယ်။ ကျောင်းသားတွေအပေါ်မှာ ဘယ်လိုဆိုတဲ့ ဝေဖန်မှု သေချာပေါက်ပဲ။ ဘယ်သူနားထောင် နားထောင် အဲဒီအတိုင်းပဲကြားရမှာ။ ကျွန်တော်လည်း အဲဒီတစ်ပိုင်းတစ်စကိုပဲ နားထောင်ရတာ။ အသံဖိုင်အစအဆုံးဆိုပြီး ပါတယ်ဆိုတဲ့ဟာက နောက်တစ်ရက် ကျွန်တော်ဖြစ်ပြီး နောက်တစ်ရက် နေ့ခင်းလောက်ကျမှ စည်ပင်သာယာ Page မှာ တက်လာတယ်။ ဒါ အသံဖိုင်အစအဆုံးပါ ဆိုပြီးတော့။

တချို့မီဒီယာတွေဆိုလို့ရှိရင် ဝန်ကြီးချုပ်က ဒါနဲ့ပတ်သက်ပြီး ဖြေဆိုဖို့တောင် ငြင်းဆိုထားတာတွေ ရှိတယ်။ တချို့မီဒီယာတွေတော့ သူဖြေဆိုထားတာ ရှိတယ်။ သူတောင်မှ ဟုတ်တယ် မဟုတ်ဘူး၊ ငြင်းဆိုပိုင်ခွင့်၊ ပြောဆိုပိုင်ခွင့် ရှိတယ်ဆိုလို့ရှိရင် ကျွန်တော်တို့လည်း ဒီအပေါ်မှာ နားထောင်ပြီးတော့ ကျွန်တော့်ခံစားချက်အတိုင်း တင်ခဲ့တဲ့ဥစ္စာ၊ ကျွန်တော် မှားတယ် မှန်တယ်ဆိုတဲ့ဟာ ပြင်ဆင်ခွင့် မရှိဘူးလား။

**Voice:** **‘ခင်ဗျားသမီးနှစ်ယောက်ရှိရင် တစ်ယောက်ကို တရုတ်နဲ့ တစ်ယောက်ကို အိန္ဒိယနဲ့ ပေးစားလိုက်၊ ဒါဆို ဇာတိမာန်သီချင်း မဆိုတော့ဘူး။ အဲဒါ ကမ္ဘာပြုတာပဲသိလား။ ပင်နီဝတ် ဝန်ကြီးချုပ် ဇော်မြင့်မောင်ရေ’ ဆိုပြီး အစ်ကိုဝေဖန်ရေးသားခဲ့တာ ဘယ်လို ခံစားချက်နဲ့ ရေးခဲ့တာလဲ။**

**KSM:** အဲဒါရေးတုန်းက ဝန်ကြီးချုပ်မှာ သမီးနှစ်ယောက်နဲ့ သားတစ်ယောက် ရှိမှန်းလည်း တကယ်မသိခဲ့ဘူး။ နောက်မှ အဲဒါရေးပြီးနောက်မှ သိရတာ။ ကျွန်တော်ဆိုလိုတာက ကမ္ဘာပြုချင်ရင် အဲဒီလိုလုပ်လို့ ပြောတာ။ သူ့သမီးနှစ်ယောက်ကို ပေးစားတာလည်း မဟုတ်ဘူး။ ကိုယ်ပေးစားလို့လည်းရတာမှ မဟုတ်တာ။ နောက်ပြီး ကျွန်တော်ရေးခဲ့တာက သမီးနှစ်ယောက်ရှိရင်လို့ ရေးခဲ့တာ။ သမီးနှစ်ယောက်ကိုလို့ မဟုတ်ဘူး။

**Voice:** **အလုပ်ဖြုတ်လိုက်တယ်လို့ ဘယ်လိုအသိပေးခံရတာလဲ။**

**KSM:** ကျွန်တော် ည ၉ နာရီ ၅၃ မိနစ်မှာ တင်လိုက်တယ်။ ၂၈ ရက်နေ့ည။ နောက်မနက် ၈ နာရီ အိပ်ယာနိုးတဲ့အချိန်မှာ ဖျက်လိုက်တယ်။ ဒါက အငြင်းပွားစရာ ဖြစ်နေတယ်။ ကိုယ်က ဝန်ထမ်းသတင်းထောက်တစ်ယောက်လည်း ဖြစ်တဲ့အတွက် မသင့်တော်ပါဘူးဆိုပြီး ကိုယ့်ဖာသာကိုယ်စိစစ်ပြီး ဖျက်လိုက်တယ်။ ဖျက်လိုက်တဲ့ နောက်ပိုင်းမှာ ကျွန်တော့်ဆီ ဖုန်းတွေဝင်လာပြီးတော့ ကျွန်တော့်ကိုဌာနမှူးတို့ ဘာတို့က ခေါ်ပြီးတော့ တွဲမှူးရုံးခန်း တက်ရမယ်။ ဒီဟာနဲ့ပတ်သက်ပြီး မင်းဖြေရှင်းချက်ပေးရမယ်ဆိုပြီး ကျွန်တော့်ကို ခေါ်တယ်။ သွားတယ်။ အကျိုးအကြောင်း၊ ကျွန်တော် ဘာ့ကြောင့် ဒီလိုလုပ်တယ်ဆိုတာ အကျိုးအကြောင်း ရှင်းပြခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းရှင်းပြောရရင် နိုင်ငံခြားရောက်နေတဲ့ မြို့တော်ဝန်ကြီးကတောင် ဒီလိုတော့ မဖြစ်သင့်ဘူး။ ဝန်ကြီးချုပ်ကြီးက တအားစိတ်ဆိုးနေတယ်ဆိုတဲ့အသံတွေ ကျွန်တော်ကြားတယ်။ နောက်တစ်ချက် ဝန်ကြီးချုပ်ကနေပြီးတော့ ဥပဒေချုပ်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်လို့ရတယ်ဆိုတဲ့ အကြံဉာဏ်တောင်းတာတွေ ဘာတွေကို နီးစပ်သူတွေဆီကနေ ပြန်ကြားရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုတော့ Action တစ်ခုခု ယူမှုဖြစ်မယ်။ မင်းက ပရိုဖိုင်အစစ်နဲ့ သွားလုပ်တာကိုးဆိုတော့ တခြားပရိုဖိုင်အစစ်တွေနဲ့ပဲ ပြောဆိုနေတာတွေ အများကြီးရှိပါတယ်။ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီဌာနရဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်နေတဲ့အတွက် ကျွန်တော် ခုလို အရေးယူခံရတာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ သတင်းထောက်သက်တမ်းတစ်လျှောက်၊ Facebook သုံးတဲ့သက်တမ်းတစ်လျှောက်လုံးမှာလည်း ဒီလိုမျိုးရေးသားခြင်း၊ ရှယ်ခြင်း ကျွန်တော် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ တစ်ခါမှမလုပ်ခဲ့ဖူးဘူး။ အခုတစ်ခါပဲ၊ ဇာတိမာန်သီချင်းနဲ့ပတ်သက်ပြီး စိတ်ခံစားပြီးတော့ ရေးလိုက်တဲ့ဥစ္စာ၊ အခုကျွန်တော့်ကို ရှေ့မှာ ဘယ်လောက်ပဲ ကောင်းခဲ့ ကောင်းခဲ့၊ အကုန်လုံးက တစ်ခါတည်းပဲ ပြီးသွားတာပါ။

စွဲချက်နှစ်ခုနဲ့ ဆင့်ဆိုတယ်။ စွဲချက်တစ်ကတော့ ဝန်ကြီးချုပ်ကို ကျွန်တော်က ပုဂ္ဂိုလ်ရေးဆန်ဆန်ဝေဖန်ရေးသားခဲ့တယ်ဆိုတာ မှန်သလား၊ ဘာကြောင့်ရေးသားသလဲဆိုတာ ဖြေရှင်းချက်တောင်းတာပေ့ါ။ စွဲချက်နှစ်ကတော့ ကျွန်တော်က ဝန်ထမ်းစည်းကမ်းစည်းမျဉ်းကို ဖောက်ဖျက်တယ်ဆိုတဲ့ စွဲချက်နဲ့ပေ့ါ။ စွဲချက်တစ်ကိုတော့ ခုနကပြောခဲ့တဲ့အတိုင်းပဲ။ ဘာကြောင့် ဒီအသံဖိုင်တစ်ပိုင်းတစ်စကို နားထောင်တယ်။ မှတ်ချက်ရေးလိုက်ပြီး ရှယ်တယ်။ မနက်ကျတော့ ဒါက တခြားသတင်းတွေမှာလည်း အမျိုးမျိုးဖြစ်နေတာပေ့ါ။ ဟုတ်တယ် မဟုတ်ဘူး ဝိရောဓိဖြစ်နေတာရယ်၊ ကိုယ်က ဝန်ထမ်းသတင်းထောက်တစ်ယောက် ဖြစ်နေတာကြောင့် ဖျက်လိုက်တာ၊ ဒါပေမဲ့လို့ ကျွန်တော့်အကောင့်ထဲမှာ ရှိနေတဲ့ မိတ်ဆွေလို့ ယူဆရတဲ့သူတွေက Screen Shoot ရိုက်ပြီးတော့ လုပ်တယ်။

အဲဒီနေ့မနက်မှာပဲ ကျွန်တော့်ရဲ့နာမည်အရင်းက၊ ရွှေမန်းရဲ့ နာမည်အရင်းက ဘယ်သူလဲဆိုပြီးတော့ ကျွန်တော့်တိုက်က သတင်းထောက်ချုပ်ဆီကို စုံစမ်းတဲ့ ဖုန်းတွေဝင်တာတွေ ရှိတယ်။ အဲဒီ စုံစမ်းတဲ့သူတွေကပဲ ဝန်ကြီးချုပ်ကို တင်ပြလို့ ဝန်ကြီးချုပ်စိတ်ဆိုးပြီး ဒီလိုဖြစ်တာ ဖြစ်တယ်။ ကျွန်တော် ဝန်ကြီးချုပ်ကို ချစ်ခြင်း၊ မုန်းခြင်း မရှိဘူး။

**Voice:** **ဝန်ကြီးချုပ်ကို ဝေဖန်လို့ အလုပ်ထုတ်ခံရတယ်ပေ့ါ။**

**KSM:** အခုကတော့ အဲဒီလို ဖြစ်သွားတာပေ့ါ။ ကျွန်တော့်ကိုထုတ်တဲ့ ထုတ်စာမှာတော့ ကျွန်တော့်ကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီဘူး။ သတင်းထောက်ကျင့်ဝတ်နဲ့ မကိုက်ညီဘူးဆိုပြီး။ ကျွန်တော်တို့ သတင်းထောက်ဆိုတဲ့နေရာမှာ သတင်း Source (သတင်းအရင်းအမြစ်) ကို ဘာလုပ်မယ်။ သတင်းစာမျက်နှာပေါ်မှာ ညီမျှအောင်ဖော်ပြမယ်။ ကိုယ့်ခံစားချက်ကြောင့် Facebook မှာတင်တဲ့ကိစ္စ သတင်းထောက်ကျင့်ဝတ်နဲ့ဆိုလို့ရှိရင် တစ်ခါတလေကျရင် မကျေနပ်လို့ ဆဲတဲ့ဟာတွေ၊ ဝေဖန်ချက်တွေရေးတဲ့ဟာတွေ အကုန်လုံးက သတင်းထောက်ကျင့်ဝတ်နဲ့ ညီရဲ့လားဆိုတာ ပြောစရာ ဖြစ်လာတာပေ့ါနော်။ ကျွန်တော်က သတင်းထောက်ကျင့်ဝတ်ကို ဖောက်ဖျက်တာ တစ်ခုမှ မရှိသေးဘူး။ ကျွန်တော်ဒီကိစ္စကြီးကို အတည်ပြုလိုက်တာလည်း မဟုတ်ဘူး။ ကျွန်တော်ကစပြီး Post တင်ခဲ့တာလည်း မဟုတ်ဘူး။

**Voice:** **ခုလိုအရေးယူခံရတဲ့အပေါ်ဘာပြောချင်မလဲ။**

**KSM:** ဘာပြောချင်လဲဆိုတော့ ဌာနက ကျွန်တော့်ကို ဝန်ကြီးချုပ်ကို သွားပြီးတောင်းပန်ဖို့ အစီအစဉ်ရှိလားလို့ အကြံပြုတာတွေ ရှိတယ်။ ကျွန်တော် သွားတောင်းပန်ဖို့လည်း စီစဉ်တယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ ပင်လုံညီလာခံတို့၊ ပုဂံလျှင်တို့ကြောင့် လူကြီးမရှိဘူးဆိုပြီး ကြန့်ကြာပြီးတော့ ကိုယ်ထိလက်ရောက် သွားပြီးမတောင်းပန်ဖြစ်ဘူး။ ဘာလို့ တောင်းပန်ချင်လဲဆိုရင် ကျွန်တော့် ရှယ်လိုက်တဲ့ဥစ္စာ၊ ကျွန်တော် ရေးသားတာ မှားတဲ့အတွက်၊ နောက်ဆုံး ဇာတိမာန်သီချင်းကို ဝန်ကြီးချုပ်ပြောခဲ့သည်ဖြစ်စေ၊ မပြောခဲ့သည်ဖြစ်စေ ကျွန်တော် ဒီလိုဝေဖန်ချက်တွေထား၊ တိုင်းဒေသကြီးရဲ့အုပ်ချုပ်သူတစ်ယောက်ကို ဝန်ထမ်းအငယ်တစ်ယောက်က ဒီလိုဝေဖန်တယ်ဆိုတာ မှားယွင်းဝေဖန်တာမို့ သွားတောင်းပန်မလို့၊ တောင်းပန်ဖို့အစီအစဉ်ရှိတယ်။ စီစဉ်ခဲ့တယ်။ စီစဉ်သူတချို့ကြောင့် ကြန့်ကြာပြီးတော့ ဝန်ကြီးချုပ်ကို ကိုယ်တိုင်တောင်းပန်ခွင့် မရခဲ့ဘူး။

ဒီကြားထဲ ဒီအမိန့်စာ ထွက်လာတယ်။ လူကြီးတွေ ပြောသလို ကျွန်တော့်ကို တရားစွဲဆိုတာ မဟုတ်ဘဲနဲ့ ဌာနက ထုတ်ပယ်တာလောက်နဲ့ ပြီးသွားတာ တော်သေးတယ်ဆိုတဲ့ဟာ မှားပါတယ်။ ကျွန်တော် ပြောဆိုခဲ့တာတွေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ ဌာနအပေါ် ပြောဆိုခဲ့တာ မဟုတ်ဘူး။ ကျွန်တော့် သတင်းလုပ်ငန်းအပေါ် မှားယွင်းခဲ့တာ မရှိဘူး။ ဒီဗွီဒီယိုဖိုင်ကိုရှယ်လိုက်တာ မှားတယ်။ ဒါက ဘယ်လိုဖြစ်တယ်ဆိုပြီး ခေါ်ယူသတိပေးလည်း ရပါတယ်။ တပည့်သားသမီးလို ဖြစ်တဲ့အတွက် ကျွန်တော့်ကို တခြားနည်းနဲ့ ဆုံးမစရာတွေ အများကြီးရှိပါတယ်။ တခြားနည်းနဲ့ အပြစ်ပေးလို့ရပါတယ်။

ဒါပေမဲ့ အခုကိစ္စက ဝန်ကြီးချုပ်နဲ့ နီးစပ်သူတွေက စည်ပင်က သတင်းထောက်တစ်ယောက်က ဒီလိုဝေဖန်တာ ဘယ်လိုဖြစ်တယ်၊ ညာလိုဖြစ်တယ်ဆိုတဲ့ ကျွန်တော့် ဌာနက ဌာနအကြီးအမှူးတွေဆီကို ဖုန်းဆက်တာတို့၊ Message ပို့တာတို့၊ Chatbox ကနေ ပြောတာတို့ လုပ်တဲ့အတွက် ဌာနကအရာရှိတွေကလည်း ကျွန်တော့်ကို အရေးမယူရက်ဘဲနဲ့ ယူခဲ့ရတာ ကျွန်တော် နားလည်တယ်။

ဒါပေမဲ့ ခုနပြောသလို ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော့်ထွက်ဆိုချက် အတိအကျ ၃၀ ရက်နေ့မှာ နှုတ်နဲ့ကော စာနဲ့ကော တင်ပြထွက်ဆိုထားတာရှိတယ်။ အဲဒီ တင်ပြထွက်ဆိုချက်ကို ဝန်ကြီးချုပ်ကြီး ဖတ်ချင်မှလည်း ဖတ်ရလိမ့်မယ်။ ဖတ်ပြီးတော့မှ သူမကျေနပ်လို့ပဲဖြစ်ဖြစ်၊ ကျေနပ်လို့ပဲဖြစ်ဖြစ် မင်းတို့ဌာနအစီအစဉ်နဲ့ပဲ အရေးယူဆောင်ရွက်ဆိုရင်ပဲ ကျွန်တော်ထင်တယ်။ ကျွန်တော်လည်း အဲဒီနေရာမှာဆို ဝန်ကြီးချုပ် အထင်အမြင် မလွဲမှားအောင်လို့ ဒီလိုပဲ လုပ်ရပါလိမ့်မယ်။ အခုလို ထုတ်ပယ်တဲ့အထိ အရေးယူမှုမျိုးတော့ ကျွန်တော်မမျှော်လင့်ခဲ့တာ အမှန်ပဲ။ ■

**မြတ်(ကလေး)**

**ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကိုတွေ့ဆုံမေးမြန်းရန် ခွင့်တောင်းရာတွင် မိမိကိုယ်တိုင်ဖြုတ်လိုက်ခြင်း မဟုတ်သည့်အတွက် မဖြေကြားလိုကြောင်း ပြန်လည်ပြောဆိုသည်။ ယင်းအပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းထံ အင်တာဗျူးခွင့်တောင်းရာတွင်လည်း ဝန်ထမ်းဖြစ်နေပြီး စည်းကမ်းနှင့်မညီသဖြင့် ထုတ်ပယ်လိုက်ခြင်းဖြစ်သည့်အတွက် အခြားပြောဆိုရန်မရှိကြောင်း ပြောဆိုခဲ့သည်။**



ဓာတ်ပုံ-လင်းထက်

ကရင်

# မဲသဝေါတွင် ကျောင်းများပိတ်လိုက်ရ

ကရင်ပြည်နယ် မဲသဝေါဒေသတွင် တိုက်ပွဲများ ပြင်းထန်နေသဖြင့် ကျေးရွာ ၂၂ ရွာက ဒေသခံလေးထောင်ကျော် နေရပ်စွန့်ခွာထွက်ပြေးကြရပြီး ကျောင်းများပိတ်လိုက်ရပြီ ဖြစ်သည်။

ယင်းဒေသတွင် ခွဲထွက် DKBA နှင့် နယ်ခြားစောင့်တပ် (BGF) တို့ကြား စစ်ရေးတင်းမာနေသဖြင့် ဒေသခံလေးထောင်ကျော် မြိုင်ကြီးငူဒေသတွင် လာရောက်ခိုလှုံနေကြသည်။

တိုက်ပွဲများကြောင့် ကျေးရွာ ၁၂ ရွာမှ မူလတန်းကျောင်းများကို ပိတ်လိုက်ရကြောင်း လှိုင်းဘွဲ့မြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ■

မကွေး

# အမတ်များ တောင်သူနှင့်တွေ့ပါ

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသခံတောင်သူများနှင့် တစ်လတစ်ကြိမ်တွေ့ဆုံရန် မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂက တိုက်တွန်းလိုက်သည်။ လယ်ယာမြေကိစ္စရပ်များကိုယင်းသို့တစ်လတစ်ကြိမ် တွေ့ဆုံဖြေရှင်းပေးရန် တိုင်းဒေသကြီးလွှတ်တော်သို့ အကြံပြုစာ ပို့ထားခြင်းဖြစ်သည်။

သိမ်းဆည်းခံ လယ်ယာမြေပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်အတွက် တိုင်းဒေသကြီးလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ 'မြေလတ်ဒေသ တောင်သူလယ်သမားအသံ' ဆိုသည့် စာတမ်းတစ်စောင်လည်း ပေးပို့ထားကြောင်း အထက်ပါသမဂ္ဂက ဆိုသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် တောင်သူများနှင့်တစ်လတစ်ကြိမ် တွေ့ဆုံပြီး တိုင်ကြားစာများကို အချိန်မဆွဲဘဲ ဖြေရှင်းဆောင်ရွက်ရန်၊ ခိုင်မာသည့် သီးနှံဈေးကွက်တစ်ခုပေါ်လာရေး ဥပဒေပြဋ္ဌာန်းပေးရန် အပါအဝင် အကြံပြုချက် ၁၀ ချက်ကို တိုင်းလွှတ်တော်နှင့် အစိုးရသို့ ပေးပို့သည့် အကြံပြုစာတွင် ထည့်သွင်းထားသည်။



ဓာတ်ပုံ-မိုးကျော်လွင်

ပဲခူး

# ဆိတ်ပေါခေါ်သူ အသတ်ခံရ

ပဲခူးတိုင်း ပြည်မြို့စားသောက်ဆိုင်တွင် ဘေးဝိုင်းမှ သူငယ်ချင်းကို 'ဆိတ်ပေါ' ဟု ခေါ်ရာမှ စက်တင်ဘာလ ၉ ရက်နေ့တွင် လူသတ်မှုဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ ပြည်မြို့နဝင်းရပ်ကွက်နေ ဦးသက်မိုးဖြစ်ပြီး 'ဆိတ်ပေါ' ဟု အခေါ်ခံရသူ ကိုပြည့်ဖြိုးအောင်က မကျေနပ်၍ ဝက်အူလှည့်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

ကိုပြည့်ဖြိုးအောင်သည် ဆိတ်ပေါဟုအခေါ်ခံရပြီးနောက် အိမ်ပြန်၍ ၎င်း၏အစ်ကို ကိုဟန်သူဟိန်းနှင့် စားသောက်ဆိုင်သို့ပြန်လာပြီး ကိုသက်မိုးကိုသတ်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ၎င်းတို့ညီအစ်ကိုနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ■

ဧရာဝတီ

# ဧရာဝတီ လွှတ်တော်သစ်

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကို လာမည့်အောက်တိုဘာလတွင် စတင်ဆောက်လုပ်မည်ဖြစ်သည်။ ပုသိမ်-ရန်ကုန် လမ်းမကြီးနှင့် ပုသိမ်-ချောင်းသာလမ်းမကြီးဆုံရာ လမ်းထောင့်ရှိ ၁၂ ဧကကျော်သောမြေပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရက ဧရာဝတီတိုင်းလွှတ်တော် ဆောက်လုပ်ရန် ကျပ်သန်း ၂၀၀၀ ကျော်ခွင့်ပြုထားပြီး လွှတ်တော်အဆောက်အအုံ၊ လွှတ်တော်အဖွဲ့ရုံးများ၊ ကိုယ်စားလှယ်များအတွက်ရိပ်သာ၊ လွှတ်တော်ဝန်ထမ်းအိမ်ရာ၊ ကိုယ်စားလှယ်များအတွက် တည်းခိုဆောင်များ ပါဝင်မည်ဖြစ်သည်။

လွှတ်တော်တည်ဆောက်ရာတွင် ခမ်းနားကြီးကျယ်မှုနှင့် အသုံးဝင်မှုမည်သည်ကို ဦးစားပေးမည်ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးချေ။■

မန္တလေး

# လွှတ်တော်ရောက်မည့် တောင်သမန်အင်း စီမံကိန်း

အမရပူရမြို့နယ်ရှိတောင်သမန်အင်းဝန်းကျင် စီမံကိန်းများကြောင့် အင်းအန္တရာယ် ရှိမရှိကို စက်တင်ဘာလ ၂၀ ရက်တွင် ကျင်းပမည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းရန် ရှိနေသည်။

အင်းဝန်းကျင်တွင် မြေဖို့နေမှုများကြောင့် မြေဆီလွှာတိုက်စားကာ အင်းကောနိုင်သဖြင့် တားမြစ်ရန် မေးခွန်းမေးမြန်းရခြင်းဖြစ်ကြောင်း အမရပူရမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေက ပြောကြားသည်။

တောင်သမန်အင်းအနီးတွင် တောင်သမန်သစ္စာကုမ္ပဏီက ကျေးလက်စီမံကိန်းကို ၂၀၁၅ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်နေပြီး သဘာဝပတ်ဝန်းကျင်နှင့် အင်းထိခိုက်နိုင်မှုတို့ကြောင့် ရပ်ဆိုင်းထားရန် စက်တင်ဘာလ ၁၀ ရက်နေ့က မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။ ယင်းနောက်လုပ်ငန်း စိစစ်ရေးအဖွဲ့ ဖွဲ့စည်းထားသည်။ ■



ဓာတ်ပုံ-ထွန်းထွန်းမြင့်

ချင်း

# ချင်းပြည်နယ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် ပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မေးမြန်းနိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့က စက်တင်ဘာလ ၁၂ ရက်နေ့က ထုတ်ပြန်လိုက်သည်။

ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကို ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်းကောင်း၊ ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးပုံးချိုကို ပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မေးမြန်းဖြေကြားနိုင်ရန်အတွက် လည်းကောင်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိသဘာဝဘေးအခြေအနေနှင့် ပြည်နယ်အတွင်း အခြေအနေတို့ကို မေးမြန်းမှုများရှိကြောင်း၊ မိမိတို့ထံ မေးမြန်းလာသည်များကို အချိန်မဆိုင်း ဖြေဆိုပေးနေကြောင်း ဦးပုံးချိုက ပြောကြားသည်။ ■

တနင်္သာရီ

# မြို့နယ်အုပ်ချုပ်ရေးမှူး မောင်းသောယာဉ် ဓားခုတ်ခံရ

မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးမောင်းနှင်လာသည့် မော်တော်ယာဉ်အား ဓားဖြင့်ခုတ်မှုတစ်ခု စက်တင်ဘာလ ၉ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သည်။

အဆိုပါဌာနပိုင်ယဉ်ကို မြိတ်မြို့နယ် ကန်ခေါင်းရပ် မီးပွိုင့်လမ်းဆုံအနီး၌ ကင်ဒိုဓားရှည်ဖြင့် ခုတ်ခံခဲ့ရခြင်းဖြစ်ပြီး သက်ဆိုင်ရာက အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိပေ။

ယင်းညကမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းအချို့ ရပ်ကွက်များရှိ ရုံးကင်းများအားစစ်ဆေးရန် မော်တော်ယာဉ်ဖြင့် ထွက်လာစဉ် ထိုသို့ အခင်းဖြစ်ခဲ့ခြင်းဖြစ်သည်။ ■



ဓာတ်ပုံ-မိုးကျော်လွင်

မွန်

## ကျိုက်ထီးရိုးမှ ကျိန်စာတိုက်အလှူခံတို့၏ နိဂုံးလော

သမိုင်းဝင် ကျိုက်ထီးရိုးစေတီတော်ပရိဝုဏ်နှင့် ဆက်စပ်ဧရိယာအတွင်း အလှူခံဌာနများ၊ အလှူခံပုံးများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ကန်ထရိုက်ပေး၍ အလှူငွေကောက်ခံနေသည့်စနစ်ကို ဖျက်သိမ်းတော့မည်ဖြစ်သည်။

အလှူခံဌာနများက အတင်းအဓမ္မ အလှူခံခြင်း၊ ကျိန်စာတိုက်အလှူခံခြင်းတို့ကို လုပ်ဆောင်နေကြကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

စေတီတော်ရင်ပြင်၊ ရသေ့တောင်၊ ကင်ပွန်းစခန်း၊ ရေမြောင်ကြီး၊ ကျီးကန်းပါးစပ်နှင့် အခြားအလှူခံဌာနများကို ကန်ထရိုက်စနစ်ဖျက်သိမ်းကာ စေတီတော်ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်တော့မည်ဖြစ်သည်။

ဘုရားဖူးအချို့မှာ တည်းခိုခန်းခမြင့်မား၍ ငွေကြေးမတတ်နိုင်သဖြင့် ဘုရားရင်ပြင်ပေါ်တွင် ကျန်းမာရေးအထိခိုက်ခံ၍ ဖြစ်သလိုအိပ်စက်နားခိုရသည်။ ယင်းကြောင့် လုပ်ငန်းရှင်များလုပ်ကိုင်နေသည့် ဓမ္မာရုံများတွင် အခမဲ့တည်းခွင့်ရအောင်စီစဉ်နေကြောင်း အစိုးရကဆိုသည်။ ■

မကွေး

## မြစ်နှင့်ချောင်း ကမ်းပါးပြို၊ ကျေးရွာများရွှေ့ပြောင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် မုန်းချောင်းကမ်းပါး ပြိုကျမှုများကြောင့် စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေအိမ်များ အရေးပေါ်ရွှေ့ပြောင်းနေကြရသည်။ စလင်းမြို့နယ်အတွင်း ကျေးရွာငါးရွာခန့်နှင့် ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းတစ်လျှောက် ကျေးရွာများမှ နေအိမ်များ ရွှေ့ပြောင်းရခြင်းဖြစ်သည်။

ဧရာဝတီမြစ်ရေ စံချိန်တင်မြင့်တက်မှုနှင့်အတူ မြစ်ရေတိုက်စားခံရခြင်းကြောင့် ကမ်းပါးပြိုသဖြင့် စလင်းမြို့နယ်အတွင်းရှိ သရက်တော၊ ညောင်ကုန်းစသည့် ရွာငါးရွာခန့် အရေးပေါ် ပြောင်းရွှေ့ခဲ့ရသလို မုန်းချောင်းတစ်လျှောက် ကျေးရွာဆယ်ဂဏန်းနှင့်အထက်မှာလည်း ကမ်းပါးပြိုကျမှုကို နှစ်စဉ်ကြုံတွေ့နေရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြစ်ကမ်းပါး ချောင်းကမ်းပါး ပြိုကျမှုများကို ကာကွယ်ရန် ပြည်ထောင်စုအဆင့် စီမံကိန်းဖြင့် မြစ်ကြောင်းထိန်းသိမ်းနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက ပြောဆိုသည်။

မုန်းချောင်းအထက်ပိုင်း မဲဇလီဒေသတွင်လည်း ချောင်းအောက်ပိုင်း ဂတ်ကုန်း၊ မရိုးကုန်းကျေးရွာတို့အထိ ကမ်းပါးပြိုကျမှုကို ရင်ဆိုင်နေရပြီး ချောင်းရေတိုက်စားခံရမှုကြောင့် အိမ်ခြံမြေများ ဆုံးရှုံးမှုကို အစိုးရက အကူအညီပေးနိုင်ခြင်း မရှိသေးပေ။ ■

ရှမ်း

## ပင်းတယလက်ဖက်ခြောက် ဂျာမနီသွားမည်

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမှထွက်ရှိသော Green Tea လက်ဖက်ခြောက်များကို ဂျာမနီနိုင်ငံသို့တင်ပို့တော့မည်ဖြစ်သည်။ ဂျာမနီတွင် အရည်အသွေးစစ်ဆေးမှု နှစ်ကြိမ်ပြုလုပ်ပြီးနောက် ပင်းတယလက်ဖက်ခြောက်ကို ယခုလမှစ၍ ဂျာမနီသို့ တင်ပို့မည်ဖြစ်ကြောင်း ပင်းတယလက်ဖက်အစုအဖွဲ့ အတွင်းရေးမှူး ဦးလှဘော်က ဆိုသည်။

ပင်းတယလက်ဖက်ခြောက် တစ်ပိဿာကိုကျပ်တစ်သောင်းခွဲ ဈေးသတ်မှတ်ထားပြီး ပိဿာချိန်တစ်သောင်းခွဲ စပို့မည်ဖြစ်သည်။ ပြည်တွင်း၌ Green Tea လက်ဖက်ခြောက်မှာ လူကြိုက်နည်းပြီး တစ်ပိဿာလျှင် ကျပ် ၁၂,၀၀၀ ခန့်ရှိနေသည်။

ယခု ဂျာမနီသို့ တင်ပို့သည့် ပင်းတယ Green Tea လက်ဖက်ခြောက်မှာ ဥရောပဈေးကွက်သို့ ဖွဲ့ဆော်ဦးတင်ပို့ခြင်းလည်းဖြစ်သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံနှင့် ပင်းတယမြို့တစ်ဝိုက်တွင် Green Tea လက်ဖက်ခြောက်များ ထုတ်လုပ်လျက်ရှိပြီး ပင်းတယထွက်လက်ဖက်ခြောက်မှာ အရည်အသွေးစစ်ဆေးမှု ပြည့်မီသဖြင့် ဥရောပဈေးကွက်သို့ ပထမဆုံးတင်ပို့သည့် မြန်မာ့လက်ဖက်ခြောက်အဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။ ■

ပဲခူး

## စက်မှုဇုန်မြေ စာချုပ်နှင့် ညီ၊ မညီ

ပဲခူးတိုင်းရှိ စက်မှုဇုန်မြေဧက ၁၀၀၀ နီးပါးချထားပေးမှုကို စာချုပ်ပါစည်းကမ်းချက်များနှင့် ညီ၊ မညီ ပြန်စိစစ်မည် ဖြစ်သည်။

တောင်ငူကေတုမတီ၊ ပဲခူးနှင့် ပြည်စက်မှုဇုန်တို့ရှိ လုပ်ငန်းမလုပ်သည့်မြေများကို ပြန်လည်သိမ်းယူမည်ဖြစ်သည်။ ယင်းစက်မှုဇုန်မြေကွက်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင် ၉၀ နီးပါးက မြေနေရာလျှောက်ထားခဲ့ကြပြီး လုပ်ငန်းမစတင်သည့် မြေကွက်ပေါင်းများစွာ ကျန်ရှိသေးသည်။

ပြီးခဲ့သည့် အစိုးရလက်ထက်ကလည်း ရန်ကုန်တိုင်းအတွင်းရှိ လုပ်ငန်းမလုပ်သော စက်မှုဇုန်မြေကွက်များ ပြန်သိမ်းမည်ဟု သုံးကြိမ်ထက်မနည်းသတင်းထွက်ခဲ့သော်လည်း နေမြဲအတိုင်းသာ ဖြစ်သည်။ ■



ဓာတ်ပုံ-မိုးကျော်လွင်

ရခိုင်

## ဦးဥတ္တမ၏နိုင်ငံရေးကို အတုယူပါ

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့ဆောင်ပါဝင်ခဲ့သည့် ဆရာတော်ဦးဥတ္တမကို ကျေးဇူးဆပ်သည့်အနေနှင့် ဆရာတော်ကို အတုယူကာ နိုင်ငံရေးမဖြစ်မနေလုပ်ရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများကို တိုက်တွန်းလိုက်သည်။

ဆရာတော်၏ ကျေးဇူးတရားများကို လမ်းဆွတ်နေရုံမဟုတ်ဘဲ လမ်းညွှန်ချက်များ၊ ဆန္ဒများကိုပြည်စုံအောင် လုပ်ဆောင်နိုင်မှသာလျှင် ကျေးဇူးဆပ်ရာရောက်မည်ဟု ၎င်းကဆိုသည်။

“နိုင်ငံရေးဆိုတာ လူတိုင်းနဲ့ ပတ်သက်ပါတယ်။ နိုင်ငံရေးကို ကိုယ်ကမပတ်သက်ဘဲနေရင်တောင် နိုင်ငံရေးက ကိုယ့်ကို လာပတ်သက်လိမ့်မယ်။ ဒါကြောင့် ဆရာတော်ကိုအတုယူပြီး နိုင်ငံရေးကို မဖြစ်မနေလုပ်ကို လုပ်ရပါမယ်”ဟု ဝန်ကြီးချုပ်က ပြောဆိုသည်။ ■

# “ယူကေအစိုးရ ဒီအတိုင်းဆက်ခေါင်းမာနေမယ်ဆိုရင် US နဲ့ ဩစတြေးလျပညာရေးက တက်လာလိမ့်မယ်”

**လဲ့ရည်မြင့်**

**ပြည်ပ ပညာရေးအလားအလာနှင့် ယူကေပညာရေးအကြောင်း စုံစမ်းလေ့လာနေသူများအတွက် ဥရောပနှင့် အမေရိကတက္ကသိုလ်များသို့ ပညာရေးအကြံပေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသော Regent Consultancy Services Co.Ltd. မှ ပညာရေး အတိုင်ပင်ခံချုပ် ဒေါ်လွင်လွင်အောင်၏ အကြံပြုချက်များကို The Voice မှ ပြန်လည်ဖော်ပြပေးလိုက်ပါသည်။**

**Voice - အခုတစ်လော ယူကေကျောင်းသား ဗီဇာစည်းမျဉ်းတွေ ကျပ်နေတယ်လို့ ပြောသံကြားနေရတော့ ဗီဇာအပြောင်းအလဲတွေအကြောင်း အရင်ပြောပြပေးပါဦး။**

**LLA** - ယူကေဘက်က ကျောင်းသားဗီဇာစည်းမျဉ်းနဲ့ ပတ်သက်တဲ့တော်တော်များများက မနှစ်ကပြောင်းတဲ့အတိုင်းပဲ သိပ်ပြီးကွာဟမှုမရှိဘူး။ ဗီဇာစည်းမျဉ်းတွေက ၂၀၁၄၊ ၂၀၁၅ ခုနှစ်မှာ ပြောင်းတာပိုများတယ်။ အဓိကပြောင်းလဲတာက ၂၀၁၅ မှာ ပြောင်းတာများတယ်။ သတ်မှတ်ထားတဲ့ ဗီဇာသက်တမ်းအတွင်းမှာ ကျောင်းပြီးရမယ်ပေ့ါ။ ဥပမာ - ဘွဲ့တစ်ခုကို ဘယ်နှနှစ်အတွင်းမှာ ကျောင်းသားက ပြီးအောင်တက်ရမယ်ဆိုတဲ့ ဗီဇာသက်တမ်းမျိုးက လွန်ခဲ့တဲ့နှစ်ကတည်းက ချမှတ်ထားတာ။ ဒါက ပြောင်းလဲမှုထပ်မရှိဘူး။ အဓိကဘာပြောင်းလဲသွားလဲဆိုတော့ ပုဂ္ဂလိကကောလိပ်တွေပဲ။ ဘယ်လိုလဲ ဆို ရင် ပုဂ္ဂလိကကောလိပ်တွေမှာ ကျောင်းသားက ဖောင်ဒေးရှင်းတက်တယ်။ ဒီပလိုမာတက်တယ်ဆိုရင် အရင်ကကျောင်းပြီးသွားတဲ့အခါ ယူကေမှာပဲနေပြီး ဗီဇာသက်တမ်းတိုးလို့ရတယ်၊ အခုကတော့ တိုးလို့မရတော့ဘူး။ ကိုယ့်နိုင်ငံကိုယ်ပြန်လာပြီး သက်တမ်းတိုးရတယ်။ ဗီဇာကိုပြန်လျှောက်တဲ့အချိန်မှာ ကိုယ့်နိုင်ငံ ကိုယ်ပြန်ရမယ်ဆိုတဲ့ နေရာကန့်သတ်မှုဖြစ်လာတာပေ့ါ။ တခြားထူးခြားတဲ့ ပြောင်းလဲမှုတော့မရှိဘူး။

**Voice - ယူကေက နိုင်ငံတကာကျောင်းသားတွေအတွက် Pilot Visa နဲ့ပတ်သက်ပြီး အသံတွေပြန့်ထွက်နေတယ်။ အဲဒီ Pilot Visa အကြောင်းကိုလည်း ရှင်းပြပေးပါဦး။**

**LLA - Pilot Visa** ဆိုတာ လွန်ခဲ့တဲ့လေးနှစ်လောက်ကတည်းက စတာ။ အခုမှမဟုတ်ဘူး။ Pilot Visa ဆိုတာ ဘာလဲဆိုတော့ ဘယ်နိုင်ငံတွေဆိုရင် ဗီဇာအင်တာဗျူးစစ်မယ်ဆိုတာ သတ်မှတ်ထားတာမျိုးပဲ။ အဲဒီသတ်မှတ်ထားတဲ့ နိုင်ငံအကုန်လုံးကို ဗီဇာအင်တာဗျူးစစ်တယ်။ အဲဒီထဲမှာ မြန်မာနိုင်ငံလည်းပါတယ်၊ ယူကေဗီဇာက ကျောင်းသားအကုန်လုံးကို ဗီဇာအင်တာဗျူးလုပ်တယ်။ ဒါပေမဲ့ ကျောင်းသားဗီဇာမှာ နှစ်မျိုးရှိတယ်။ Adult Visa နဲ့ Child Visa ဆိုပြီးရှိတယ်။ Child Visa မှာ အင်တာဗျူးမလုပ်ဘူး။ အစ်မတို့ဗီဇာလျှောက်တဲ့အခါ စာရွက်မှာ Child ဆိုတဲ့ စကားလုံးပါတယ်။ Child Visa က အဓိက IGCSE 'A' Level ကျောင်းသားတွေပဲ လျှောက်လို့ရတယ်။ ဗီဇာနဲ့ပတ်သက်ပြီး ဒီလိုမျိုးလုပ်နေတာကြာလှပြီ။ ဒါကြောင့်မို့ မြန်မာကျောင်းသားတွေက ဗီဇာနဲ့ပတ်သက်ပြီး သေချာပြင်ဆင်သင့်တယ်။ ကျောင်းဝင်ခွင့်ရပေမယ့်အင်တာဗျူးမအောင်လို့ ဗီဇာမရတဲ့ ကျောင်းသားတွေ အများကြီးရှိတယ်။

**Voice - ဒါဆိုယူကေလျှောက်မယ့်သူတွေက ဗီဇာအတွက်ကိုလည်း သေချာပြင်ဆင်မှု လုပ်ရမယ်ပေါ့။**

**LLA** - ဟုတ်ပါတယ်၊ ကျောင်းသားတွေကလည်း လေ့လာ၊ ဘယ်အေဂျင်စီက ဘယ်လိုသွားသင့်လဲဆိုတာလည်းလေ့လာ။ ပြီးရင်ဗီဇာလျှောက်ဖို့ကိုလည်းလေ့လာ။ အခုကကျောင်းလျှောက်တာ တစ်ခုတည်းမဟုတ်ဘူး။ ဗီဇာလျှောက်တဲ့အပိုင်းလည်း ဂရုစိုက်ရမယ်။ တချို့ကလေးတွေက ရယ်ဒီမိတ်လိုစားချင်တာရှိတယ်လေ။ အဲလိုကျတော့မရဘူး။ အစ်မတို့ဆီက ကလေးတွေဆိုရင် နိုင်ငံခြားရောက်တဲ့အချိန်မှာ သူတို့ဘာသာနေထိုင်နိုင်တဲ့ ကလေးတွေဖြစ်ဖို့ ကြိုးစားပြီး လေ့ကျင့်ပေးလိုက်တာ။

**Voice - ပညာသင်ဆုလျှောက်ပြီး ကိုယ့်ဘာသာ ဗီဇာလျှောက်မယ့်ကျောင်းသားတွေအတွက်ကရော ဘာတွေလေ့လာထားသင့်လဲ။**

**LLA** - ပညာသင်ဆုရတဲ့ကျောင်းသားတွေအတွက်ကို ဗြိတိသျှကောင်စီက အကြံပေးပေးတယ်လို့လည်း ကြားတယ်။ ဗီဇာနဲ့ပတ်သက်ရင်တော့ တစ်နေရာတည်းက အကြံယူတာကောင်းတယ်။ နေရာစုံကလိုက်ယူရင် အဆင်မပြေနိုင်ဘူး။ အကုန်လုံးက ကိုယ့်မူနဲ့ ကိုယ်သွားနေကြတာဆိုတော့ တစ်နေရာစီက ဖြတ်ညှပ်ကပ်ယူရင် နောက်လူရဲ့ခေါင်းနဲ့ တခြားလူရဲ့ကိုယ်နဲ့ ခြေထောက်ပါလာရင် အချိုးကျမှာမဟုတ်တော့ဘူး။ အစ်မတို့ဆိုလည်း ကိုယ့်နည်းလမ်းနဲ့ ကိုယ်သွားနေတာ။ ပညာသင်ဆုလျှောက်ထားတဲ့သူတွေ ဥပမာပြောရရင် ရှီဗနင်းပညာသင်ဆုရတဲ့သူတွေကိုတော့ ဗြိတိသျှကောင်စီက သူတို့ကိုယ်တိုင်အကြံပေးတယ်။ အဲ့လိုမဟုတ်ရင် ကျန်တဲ့ပညာသင်ဆုတွေက ပမာဏအများကြီးမရှိဘူး။ Partical ပဲရှိတာ။ အဲဒီတော့ သူလျှောက်မယ်ဆိုရင် အစ်မတို့ဆီက အကြံဉာဏ်နဲ့သွားရင် သူအတွက်အစအဆုံးအဆင်ပြေမယ်။ ဝက်ဘ်ဆိုက်ပေါ်မှာ ဗီဇာနဲ့ပက်သက်တဲ့ စည်းမျဉ်းတွေကို သူတို့အသေးစိတ်ရေးပေးပေမယ့် တချို့လူတွေ ဘာလို့ဗီဇာမရကြလဲဆိုရင် နားလည်မှုဘယ်လောက်နက်ရှိုင်းလဲပေါ်မူတည်တယ်။ အစ်မတို့ကကျတော့ ကျောင်းကလိုတဲ့အချက်အလက်နဲ့ သံရုံးကလိုတဲ့ အချက်အလက်တွေကို ကျောင်းသားဘက်က စစ်မှန်အောင် ဘယ်လိုပြပေးနိုင်မလဲကိုကြည့်ပြီး ဗီဇာအတွက်တိုင်ပင်ပေးတာ။ သူချထားတဲ့ Frame ထဲကပဲ လုပ်ပေးတယ်။



**Voice - ယူကေမှာ နိုင်ငံတကာကျောင်းသားအရေအတွက်က ၁၅ ရာခိုင်နှုန်းလောက် ကျသွားတယ်လို့ ကြားနေရတယ်။ ယူကေဘက်သွားတဲ့ မြန်မာကျောင်းသားတွေ အခြေအနေကရော ကျလာတယ်လို့ ပြောလို့ရလား။**

**LLA** - သူပြောတာလည်း အချက်တစ်ချက်ပါပဲ။ ယူကေဗီဇာက ကျပ်တာအခုမှမဟုတ်ဘူး။ တောက်လျှောက်ကျပ်နေတာ။ ဒါပေမဲ့ အဲဒီအချိန်မှာက အမေရိကားက အိုဘားမားက မြန်မာပြည်ကို လာလည်လိုက်တယ်၊ အဲ့ဒါ ယူကေကြောင့်ကျသွားတာမဟုတ်ဘူး။ အစ်မတို့ပြောမယ်ဆို Demand and Supply ပေ့ါ။ အမေရိကားက အရင်ကဆို သူ့ဗီဇာကို အရမ်းကျပ်တယ်။ ရှိသမျှအားလုံး Sanction (စီးပွားရေးပိတ်ဆို့မှု) နဲ့ ပိတ်ပစ်တော့ မြန်မာနိုင်ငံက သွားခွင့်မရှိဘူး။ အခုအမေရိကားက လမ်းဖွင့်ပေးလိုက်တော့ အမေရိကားကျောင်းသွားတက်တဲ့သူတွေ များလာတယ်။ ထိုနည်းလည်းကောင်းပဲ ဩစတြေးလျဆိုလည်း ကျောင်းသားတွေထဲကို တဖြည်းဖြည်း ထိုးဖောက်လာတယ်။ ဩစတြေးလျ တက္ကသိုလ်တွေကတော့ ယူကေနဲ့ US လောက်မပေါက်ဘူး။ အဲဒီတော့ သူတို့အစိုးရက AusAID ပညာသင်ဆုဆိုပြီးလုပ်တယ်။ တိုင်းပြည်တစ်ခုရဲ့ အစိုးရက ပညာရေးကို ဦးစားပေးတဲ့ပေါ်မူတည်ပြီး Demand က လိုက်လာတာပဲလေ။ ယူကေအစိုးရက အရမ်းကျပ်လာတဲ့အခါမှာ ယူအက်စ်အစိုးရက လျှော့ချပေးလိုက်တယ်။ ယူကေအစိုးရက သူတို့ပညာရေးကောင်းတယ်ဆိုပြီး မာနေတာ။ US အစိုးရကျတော့နိုင်ငံတကာ ကျောင်းသားတွေဆီကရတဲ့ ပိုက်ဆံတွေက နိုင်ငံရဲ့ဝင်ငွေတစ်ခုဆိုတာသိတယ်၊ နောက်ပြီး ဩစတြေးလျကို ဘာကြောင့်စိတ်ဝင်စားတဲ့သူများတာလည်းဆိုတော့ စတာလင်ပေါင်ဈေးကျတာနဲ့လည်းဆိုင်တယ်။ မနှစ်က ဩစတြေးလျဒေါ်လာက စင်ကာပူဒေါ်လာနဲ့ သွားညီတယ်။ ဈေးထိုးကျတော့ ကျောင်းသားတွေပျော်တာပေ့ါ။ အင်္ဂလန်ကျတော့ သူတို့စီးပွားရေးအခြေအနေကြောင့်စတာလင်ပေါင်ဈေးတွေကျနေတယ်။ ပေါင်ဈေးကျတော့ အခုယူကေဘက်က ပြန်တက်လာပြန်ရော၊ အဲဒီတော့ ပြောမယ်ဆိုရင် အကုန်လုံးက နိုင်ငံရေးသဘောတော့ နည်းနည်းပါတာပေ့ါနော်။ ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှုကလည်း အဲ့လိုပဲ တက်လိုက်ကျလိုက်ဖြစ်နေတာ။ ယူကေမှာဆိုလည်း ကျောင်းသွားတက်တဲ့သူကျသွားတာမှန်တယ်။ အရမ်းကြီးကျသွားတာတော့ မဟုတ်ဘူး။ Overall အနေနဲ့ ယူကေအစိုးရ ဒီအတိုင်းဆက်ခေါင်းမာနေမယ်ဆိုရင် US နဲ့ဩစတြေးလျပညာရေးက တက်လာလိမ့်မယ်။

**Voice - ဒါဆိုရင်မြန်မာနိုင်ငံကကျောင်းသားတွေ နိုင်ငံခြားကျောင်းသွားတက်ဖို့ စဉ်းစားတဲ့အခါ ဘယ်လိုစံနှုန်းတွေနဲ့ နိုင်ငံကိုရွေးသင့်လဲဆိုတာ အကြံပေးပါဦး။**

**LLA** - သူတို့အနေနဲ့ ဘာကိုစိတ်ဝင်စားလဲဆိုတာ မေးချင်တယ်။ ကိုယ့်အပေါ်ပဲမူတည်ပြီး စဉ်းစားတာကောင်းတယ်။ နိုင်ငံက အဓိကမကျဘူး။ ကိုယ်လိုချင်တဲ့ ပညာရေးကိုယူတဲ့အခါ US သော်လည်းကောင်း၊ UK သော်လည်းကောင်း၊ ဩစတြေးလျ သော်လည်းကောင်း ယူလို့ရတယ်။ ဒါပေမဲ့ Market မှာ ပြန်အလုပ်ရှာတဲ့အခါ ယူကေဘွဲ့ရကတော့ နိုင်ငံတော်တော်များများမှာ အလုပ်ရလွယ်တယ်။ ဥပမာ - US မှာဆို ကျောင်းပေါင်း လေးထောင်ကျော်ရှိတယ်။ ယူကေမှာဆို ကျောင်းက ၁၂၀ ကျော်ပဲရှိတယ်။ အဲ့ဒီတော့ ကိုယ်ဘယ်ကျောင်းက ပြီးလဲဆိုတာ ကွာသွားတာပေ့ါ။ ယူကေ ထိပ်ဆုံးကျောင်းတွေက ပြီးတဲ့သူတွေကျတော့ကျောင်းပြီးရင် သူတို့အတွက်အလုပ်အကိုင်အခွင့်အလမ်းတွေက ပိုများတာပေ့ါ။ အလယ်အလတ် ယူကေတက္ကသိုလ်တွေကျတော့ ကျောင်းလခက တအားမများဘူး။ သူတို့နဲ့စင်ကာပူက ကျောင်းပြီးတဲ့သူတွေ ယှဉ်ရင် ယူကေပြီးတဲ့သူက အလုပ်ပိုရလွယ်တယ်။ ယူကေမှာ အဓိကသင်တာက အရေးပိုင်း၊ အပြောပိုင်းနဲ့ စနစ်ကျတဲ့အပိုင်းကို ဦးစားပေးသင်တာ။ US ကျတော့ အပြောပိုင်းကို ဦးစားပေးသင်တာ။ ဩစတြေးလျကျတော့ယူကေဘက်ကူးရင်ယူကေပညာရေးစနစ်နဲ့ မတူတဲ့အတွက် ကူးဖို့မလွယ်ဘူး။ ဒါကြောင့်မို့ ဩစတြေးလျမှာ နေထိုင်ပြီးကျောင်းတက်မယ်။ ကျောင်းပြီးလည်း အဲဒီမှာနေမယ်ဆို ဩစတြေးလျမှာကျောင်းတက်သင့်တယ်။ ဘန်ကောက်မှာဆိုရင်တော့ ဩစတြေးလျသမားကို ပိုစိတ်ဝင်စားလိမ့်မယ်။ သူတို့က လစာနည်းနည်းပဲ ပေးချင်ကြတာကိုး။ အစ်မအနေနဲ့ပြောချင်တာက ပညာရေးကတော့ Trend တွေ ဘယ်လိုပဲပြောင်းပြောင်း ကိုယ်က စီးပွားရေးဝါသနာပါလား၊ အင်ဂျင်နီယာ ဝါသနာပါလား၊ ဒါမှမဟုတ် တခြား Typical ဖြစ်တဲ့ ဘာသာတွေ ဝါသနာပါလားဆိုတာ ကြည့်ပါ။ US နဲ့ ဩစတြေးလျရွေးချင်တယ်ဆိုလည်း ကိုယ်နဲ့ သဟဇာတဖြစ်တယ်ဆိုရင်တော့ ရွေးပေ့ါ။ အလုပ်နဲ့ပတ်သက်တာကတော့ ယူကေက အရင်တည်းကကျပ်တယ်၊ အလုပ်လုပ်မယ်ဆိုရင် Tier 1 ဗီဇာနဲ့ဝင်ငွေ ဘယ်လောက်ရှိမှဆိုတာ သတ်မှတ်ထားတယ်။ ဘွဲ့ရပြီးစလူတစ်ယောက်အတွက်ဆိုရင် ရတဲ့လစာနဲ့ အရည်အချင်းနဲ့ကျတော့ ခက်ခဲတယ်။ အဲဒီလိုပြောလိုက်လို့ မရဘူးလားဆိုတော့လည်း မဟုတ်ဘူး၊ အဓိက Professional လို လိုင်းမျိုးဆိုရင်တော့ ယူကေက အလုပ်အကိုင်ဖွင့်ပေးမှာပဲ။ Business လို လိုင်းမျိုးဆိုရင်တော့ အလုပ်ရှာရခက်မယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းပြီးပြီးချင်း လူတစ်ယောက်ရဲ့လစာက သူတို့ဗီဇာစည်းမျဉ်းနဲ့ သဟဇာတ မဖြစ်ဘူးလေ။ ■

# Scholarship Info

## Hong Kong Ph.D Fellowship Scheme for International Students

ပါရဂူဘွဲ့သင်တန်းတွေအတွက် ဟောင်ကောင် Research Grants Council (RGC) က ပေးအပ်တဲ့ Fellowship အစီအစဉ်ဖြစ်ပြီး ဟောင်ကောင်မှာရှိတဲ့ တက္ကသိုလ်တွေမှာ တက်ရောက်ခွင့်ရမှာဖြစ်ပါတယ်။

ဒီ Fellowship အစီအစဉ်ကနေ သုံးနှစ်အထိ ထောက်ပံ့မှုရနိုင်ပြီး တစ်နှစ်ကို အမေရိကန်ဒေါ်လာ သုံးသောင်းနီးပါးနဲ့ အခြားသော စရိတ်ကျခံမှုတွေ ပါဝင်ပါတယ်။

ဟောင်ကောင်က တက္ကသိုလ်တွေမှာ သင်ကြားပို့ချနေတဲ့ ဘာသာရပ်တွေကို ရွေးချယ်တက်ရောက်နိုင်မှာဖြစ်ပြီး အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုရှိဖို့ လိုပါတယ်။

နောက်ဆုံးလျှောက်ထားရမယ့်ရက်က ဒီနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဖြစ်ပြီး အသေးစိတ်ကို https://cerg1.ugc.edu.hk/hkpfs/index.html မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## Fully Funded Scholarships For Undergraduate at KAIST

ကိုရီးယားအဆင့်မြင့်သိပ္ပံနှင့် နည်းပညာတက္ကသိုလ် (KAIST) မှာ ကျောင်းတက်နိုင်ဖို့ ပေးအပ်တဲ့ပညာသင်ဆု ဖြစ်ပါတယ်။

ဒီတက္ကသိုလ်မှာ Semester ရှစ်ခု စုစုပေါင်း ပညာသင်နှစ်လေးနှစ်အတွက် ကျောင်းစရိတ်အပြင် နေထိုင်မှုစရိတ်၊ ကျန်းမာရေးအာမခံ စတာတွေပါဝင်ပြီး ဘာသာရပ်ဌာနငါးခု ရှိပါတယ်။

သဘာဝသိပ္ပံ၊ စီးပွားရေး စီမံခန့်ခွဲမှု၊ ဇီဝအင်ဂျင်နီယာနဲ့ အင်ဂျင်နီယာ ဘာသာရပ်မျိုးစုံကို ဒီတက္ကသိုလ်ကနေသင်ကြားပို့ချနေပြီး တက္ကသိုလ်နဲ့ ပညာ သင်ဆုရရှိနိုင်ဖို့ GPA အမှတ် အနည်းဆုံး ၂ ဒသမ ၇ ရထားဖို့ လိုပါတယ်။

၂၀၁၇ ပညာသင်နှစ်အတွက် နောက်ဆုံးလျှောက်ထားရမယ့်ရက်က နွေရာသီ Semester အတွက် နိုဝင်ဘာလ ၄ ရက်နေ့၊ ဆောင်းရာသီ Semester အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တို့ ဖြစ်ပါတယ်။

အသေးစိတ်ကို http://admission.kaist.ac.kr/international/?page_id=12 မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## Oxford-Radcliffe Fully Funded Graduate Scholarships

ဘွဲ့ဒီဂရီရပြီးတဲ့ကျောင်းသားကျောင်းသူတွေ အဆင့်မြင့်ပညာရေးကို ဆက်လက်တက်ရောက်နိုင်ဖို့ University College ရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ Oxford-Radcliffe ပညာသင်ဆု ဖြစ်ပါတယ်။

အချိန်ပြည့် ကျောင်းတက်မယ့်သူအတွက် ကျောင်းစရိတ်၊ နေထိုင်စရိတ်တွေ အပြည့်အဝထောက်ပံ့မှာဖြစ်ပြီး အချိန်ပိုင်းတက်မယ့်သူတွေကတော့ ပညာသင်စရိတ် ထောက်ပံ့မှုကိုသာရမှာ ဖြစ်ပါတယ်။

ဒီပညာသင်ဆုကို လျှောက်ထားသူများအနက်က ၁၄ ဦးအထိ ရွေးချယ်သွားမှာဖြစ်ကာ လျှောက်ထားမယ့်ဘာသာရပ်အပေါ်မူတည်ပြီး ပညာသင်ဆုနောက်ဆုံး လျှောက်ထားနိုင်မယ့်ရက်က ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက် သို့မဟုတ် ၂၀ ရက်နေ့ ဖြစ်ပါတယ်။

အသေးစိတ်ကိုတော့ http://www.ox.ac.uk/admissions/graduate/fees-and-funding/fees-funding-and-scholarship-search/scholarships-3#radcliffe မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# News in Brief

## ဝက်ဘ်ဆိုက်အခြေခံအဆင့် သတ်မှတ်ချက်အရ ပြည်တွင်းတက္ကသိုလ်များတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အဆင့်တစ်ဖြင့်ရပ်တည်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံရှိ တက္ကသိုလ်များအနက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY) သည် ဝက်ဘ်ဆိုက်အခြေခံအဆင့် သတ်မှတ်ချက်အရ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) တို့အထက် အဆင့်တစ်နေရာတွင် ရပ်တည်နေကြောင်း နိုင်ငံတကာကောလိပ်နှင့်တက္ကသိုလ်များအဖွဲ့အစည်း (4ICU) ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တက္ကသိုလ်နှင့် ကောလိပ်များ၏ အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် လူသိများမှု၊ ရှာဖွေရေးဝက်ဘ်ဆိုက် (Search Engine) များတွင် ဝက်ဘ်ဆိုက်တစ်ခု၏ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မှုအပေါ် အခြေခံတွက်ချက်ပြီး အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း 4ICU ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ 4ICU ၏ အဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံရှိ တက္ကသိုလ် ၂၃ ခုပါဝင်ပြီး ထိပ်တန်းတက္ကသိုလ် ဆယ်ခုစာရင်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ မန္တလေးဆေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်ဆေးတက္ကသိုလ် (၂) တို့ ပါဝင်သည်။

ယင်း 4ICU အဖွဲ့အစည်းသည် ကမ္ဘာပေါ်ရှိ ကောလိပ်နှင့် တက္ကသိုလ်ပေါင်းတစ်သောင်းကျော်၏ စာရင်းကို ပြုစုထားသော လမ်းညွှန်ဝက်ဘ်ဆိုက် ဖြစ်သည်။

## လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းကို စက်တင်ဘာ တတိယပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ATM သင်တန်းတာဝန်ရှိသူက ပြောကြားသည်။

အဆိုပါသင်တန်းတွင် Workforce Planning၊ Orientation Program၊ Training & Development၊ Performance Appraisal၊ Compensation & Benefits၊ Employment Contract Conducting နှင့် Health & Safety at a Glance စသည့်ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းကို ကြာသပတေးနေ့ ညနေ ၆ နာရီ မှ ၈ နာရီခွဲအထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကြေးမှာ ၁၃၀,၀၀၀ ကျပ်ဖြစ်ကာ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ် ၁၂၊ နတ်မောက်လမ်းသွယ် ၁ လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၄၅၀၇၇၇၇၀၁ ကို ဆက်သွယ်စုံစမ်းနိုင်သည်။

## Certificate in Project Management သင်တန်းဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

NGO အဖွဲ့အစည်းများနှင့် Project တာဝန်ထမ်းဆောင်နေသူများကို YCTC Business Institute မှ Certificate in Project Managemnt သင်တန်းကို အောက်တိုဘာတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သင်တန်းတာဝန်ရှိသူက ပြောကြားသည်။

ယင်းသင်တန်းတွင် Project Management နှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ယူကေမှဆရာများက အခြေခံကျကျသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက YCTC ကျောင်းမှပေးအပ်မည့် သင်တန်းဆင်းလက်မှတ်ကို ရရှိမည်ဖြစ်ကြောင်း၊ Certificate in Project Managemnt သင်တန်းကို ကြာသပတေးနှင့် သောကြာ၊ ညနေ ၆ နာရီမှ ၈ နာရီအထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကြေးမှာ ၇၀,၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကျောင်းသားဟောင်းများဖြစ်ပါက ၁၀ ရာခိုင်နှုန်းလျှော့ပေးသွားမည်ဖြစ်ပြီး သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ် ၂၄၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၉၃၀၇၆ နှင့် ၀၉-၄၂၀၁၁၈၁၀၀ ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း အထက်ပါကျောင်းထံမှ သိရသည်။

## အန္တရာယ်ကြိုတင်ကာကွယ်မှုဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

ဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများမှ Risk Department များတွင် လုပ်ကိုင်နေသော ဝန်ထမ်းများအတွက် ပထမဦးဆုံးကြိမ်ဖွင့်လှစ်မည့် အန္တရာယ်ကြိုတင်ကာကွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို စက်တင်ဘာလတွင် တက်ရောက်နိုင်မည်ဖြစ်ကြောင်း Myanmar Institute of Finance မှ သင်တန်းတာဝန်ရှိသူက The Voice သို့ ပြောကြားသည်။

အဆိုပါသင်တန်းတွင် Principles of the Risk Management Framework၊ International Risk Regulation၊ Operational Risk၊ Credit Risk၊ Market Risk၊ Corporate Governance and Risk Oversight စသည့်အကြောင်းအရာများကို သင်ကြားပို့ချသွားမည့်ဖြစ်သည်။

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး CISI ၏ ယူကေစာမေးပွဲကို ဝင်ရောက်ဖြေဆိုသူများအတွက် CISI မှ သင်တန်းနည်းပြများက သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းချိန်မှာ စနေနေ့တွင် ညနေ ၄ နာရီ မှ ၇ နာရီ၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီ မှ ၁၂ အထိ တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းကြေးမှာ ၂၅၀,၀၀၀ ကျပ်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အမှတ် ၁၀၀၊ ကမ်းနားလမ်းနှင့် မော်တင်ထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၉၇၆၅၂၈၇၈၃ နှင့် ၉၇၃၇၀၃၃၃၇ ကို ဆက်သွယ်စုံစမ်းနိုင်သည်။

## SIM Global Education ၏ ရာနှုန်းပြည့်ပညာသင်ဆုဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

Singapore Institute of Management (SIM) Global Education ၏ ရာနှုန်းပြည့် ပညာသင်ဆုလျှောက်ထားသူများအတွက် STUDY ABROAD Information Centre က ကြီးမှူးပြီး စက်တင်ဘာ ၂၄ ရက်နေ့တွင် Park Royal Hotel၊ ရန်ကုန်မြို့နှင့် စက်တင်ဘာ ၂၅ ရက်နေ့၊ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ၊ Sedona Hotel မန္တလေးမြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း STUDY ABROAD Information Centre မှ တာဝန်ရှိသူက The Voice သို့ ပြောကြားသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများနှင့် IGCSE အောင်မြင်ထားသူများက SIM Global Education ၏ ရာနှုန်းပြည့် ပညာသင်ဆု Diploma in Accounting၊ Diploma in Banking & Finance၊ Diploma in International Business၊ Diploma in Management Studies စသည့် ဘာသာရပ်များကို လျှောက်ထားနိုင်မည်ဖြစ်သည်။

သင်တန်းကာလမှာ တစ်နှစ်ခွဲ ကြာမြင့်မည်ဖြစ်ပြီး ဒီပလိုမာဝင်ခွင့်အမှတ်များမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအနေနှင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းရရှိရန် နှင့် IGCSE ဖြေဆိုသူများက IELTS (5.5) ရရှိထားရန်လိုအပ်သည်။ ပညာရေးဆွေးနွေးပွဲကို ကြိုတင်စာရင်းပေးသွင်းလိုပါက ဒိုင်းမွန်းကွန်ဒို၊ တိုက်(ဘီ)၊ (၁၅) လွှာ၊ အခန်းနံပါတ် (၁၅-၀၂)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် ဖုန်း ၀၉-၅၁၅၁၀၀၈၊ ၀၉-၇၃၂၄၂၄၀၄ ကို ဆက်သွယ်စုံစမ်းနိုင်သည်။


ဓာတ်ပုံ- နေနော် Facebook Page

**" မီးထိုး၊ မှန်ထိုးရင်း ဇာတ်ကားတွေ ရိုက်ချင်လို့ ကျွန်တော့်ကို တစ်ကားတစ်သောင်းပဲပေး အဲဒီလိုမျိုး လေ့ကျင့်ခဲ့ရတယ်။ နောက်ပိုင်းအိုက်တင်ကအစ နေ့တိုင်းထိတွေ့လာတော့ အရင်စကားပြော မပီတာကအစ ပီလာတယ်။ "**

အခုလက်ရှိ နယ်မှာတော့ ဇာတ်ကားတော်တော်များများရိုက်ကူးထားပြီး အောင်မြင်မှုလမ်းစ မြင်တွေ့နေရပြီလို့ဆိုနိုင်တဲ့ သရုပ်ဆောင်နေနော်ကို အနုပညာလောကထဲကို မီးထိုး၊ မှန်ထိုးဘဝကနေ စတင်ဝင်ရောက်ဖြစ်ခဲ့ပုံ၊ အသစ်တစ်ယောက်အနေနဲ့ အခက်အခဲတွေ့ကြုံတွေ့ရပုံ၊ ဗီဒီယိုဈေးကွက် ကျနေချိန် ပရိသတ်သိအောင်ဈေးကွက် ထိုးဖောက်ခဲ့ရပုံစတဲ့ အနုပညာလုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး The Voice က မေးမြန်းထားတာဖြစ်ပါတယ်။

ဆုအိမ်ငြိမ်းဦး

**Voice : အခုလက်ရှိအနုပညာလှုပ်ရှားမှုဘာတွေလုပ်နေလဲ။**

**NN** : ၁၈ ရက်နေ့ကျရင် ရတနာဗိုလ်နဲ့ တစ်ကားရှိတယ်၊ ၂၄ ရက်နေ့ကျရင်အန်ကယ်လေးနဲ့တစ်ကား။ မနက်ဖြန် နေပြည်တော်မှာ ရဲအထူးတပ်ဖွဲ့ကား တစ်ကားရိုက်ဖို့ရှိတယ်။

**Voice : ဇာတ်ကားရိုက်ကူးမှုက ဘယ်နှကားလောက်ရှိပြီလဲ။**

**NN** : အခုလက်ရှိရိုက်ကူးမှုက ဇာတ်ကား ၁၇ ကားလောက်ရှိတယ်၊ အခုလောလာဆယ်ထွက်ထားတာ ၄ ကားလောက်ရှိတယ်။ ၁၀ ကားကျော်ကျော်လောက် ကျန်သေးတယ်။

**Voice : ထုတ်လုပ်ရေးတိုက်တွေက ဘယ်တိုက်တွေနဲ့စာချုပ်ချုပ် ရိုက်ကူးထားလဲ။**

**NN** : Lucky Seven ဗီဒီယိုထုတ်လုပ်ရေး၊ Star World ဗီဒီယိုထုတ်လုပ်ရေးရယ်၊ တခြားထုတ်လုပ်ရေး နှစ်ခုနဲ့ လောလောဆယ်စာချုပ်ချုပ်ရိုက်ကူးနေတယ်။

**Voice : အပြင်တိုက်တွေနဲ့ စာချုပ်ချုပ်ရိုက်ကူးဖို့ရှိလား။**

**NN** : လက်ရှိရိုက်ကူးမှုတွေကတော့ အပြင်တိုက်တွေနဲ့ရိုက်ဖို့အတွက် အခုရိုက်နေတဲ့ Lucky Seven ကို ခွင့်တောင်းတော့ သူတို့ကရိုက်ဆိုတော့ အခုအပြင်တိုက်တွေနဲ့ ထွက်ရိုက်နေတယ်။

**Voice : အခုရိုက်ပြီးတဲ့ဇာတ်ရုပ်တွေမှာ ဘယ်လိုဇာတ်ရုပ်တွေများလဲ။**

**NN** : ဒရမ်မာနဲ့ အက်ရှင်များတယ်။ Comedy က မရိုက်သေးဘူး။ ၁၀ လပိုင်းကိုခန့်နဲ့ ရိုက်ဖို့ရှိတယ်။

**Voice : ဘယ်လိုဇာတ်ရုပ်တွေ သရုပ်ဆောင်ရတာပိုပြီးနှစ်သက်လဲ။**

**NN** : အစ်ကိုက ဒရမ်မာနဲ့အက်ရှင်ကို ပိုပြီးအားသန်တယ်။ Comedy ကတော့ နည်းနည်းအားနည်းတယ်။

**Voice : အားနည်းတဲ့ဇာတ်ဆောင်တွေ ရိုက်ဖို့အတွက် ဘယ်လိုမျိုးပြင်ဆင်ထားလဲ။**

**NN** : ပရိုဂျူဆာက Comedy လေးရိုက်ကြည့်ပါဆိုတော့ ကိုခန့်ကလည်း Comedy ပိုင်တယ်။ သူတို့နဲ့တွဲရိုက်ပေးမယ်ပေါ့။ တစ်ယောက်ထဲရိုက်ရင် ချာထွက်သွားမှာစိုးလို့။ သူတို့ထိန်းရိုက်ရမှာပေါ့။

**Voice : စာရေးဆရာထဲမှာ နေနော်နာမည်ရှိနေတော့ အစ်ကို့နာမည်က နာမည်အရင်းလား။**

**NN** : အစ်ကို့နာမည်အရင်းက L Nay Naw ပါ။ ဒါပေမဲ့အနုပညာနာမည်ကျတော့ နေနော်လို့ပေးချင်လို့စာရေးဆရာ ကိုနေနော်ကိုဖုန်းဆက်ပြီး ခွင့်တောင်းတာ သူကလည်း သဘောတူတော့ သရုပ်ဆောင်နေနော်ဆိုပြီး ပေးဖြစ်တာပါ။

**Voice : နယ်တွေကိုယ်တိုင်သွားပြီး အခွေငှားဆိုင်တွေမှာ ပရိသတ်နဲ့တွေ့ဖြစ်တာ ဈေးကွက်ကို ထိုးဖောက်တာလား။**

**NN** : မန္တလေးမှာစပြီး ဇာတ်ကားစထွက်တော့ အခွေဆိုင်မှာ ၆၀ လောက်ပဲတက်တယ်။ မန္တလေးကိုယ်စားလှယ်က အခွေဆိုင်တွေကို ဆင်းပေးပါဆိုလို့ အစ်ကိုက အခွေဆိုင်တွေကိုသွားတယ်။ ပရိသတ်တွေနဲ့တွေ့တယ်။ အဲဒီတော့ အခွေဆိုင်တွေမှာ ၁၈၀ ကျော်လောက် ရောင်းအားတက်လာတယ်။

**Voice : နောက်ထပ်ဘယ်မြို့တွေသွားဖို့ရှိလဲ။**

**NN** : ရခိုင်၊ မကွေးနဲ့နေပြည်တော်ထပ်သွားဖို့ရှိတယ်။

**Voice : ပရိသတ်တွေက ပြေတီဦးနဲ့တူတယ်လို့ပြောကြတယ်၊ အဲဒီအပေါ်ဘယ်လိုခံစားရလဲ။**

**NN** : ပျော်လည်းပျော်တယ်။ နောက်တစ်ခုက ကိုပြေတီဦးက အရမ်းစိတ်ထားကောင်းတဲ့မင်းသားတစ်ယောက်ဖြစ်တယ်။ ပရိသတ်နဲ့ရင်းနှီးအောင်နေတယ်။ သူအရှေ့ကလုပ်ပြတော့ ပရိသတ်ကသူ့ကိုချစ်လို့လားမသိဘူး။ သူနဲ့တူတဲ့အစ်ကို့ကို တော်တော်လေး ချစ်ကြတယ်။ နယ်တွေသွားရင် ကိုပြေတီဦးညီဆိုပြီး လက်ဆောင်တွေလာ လာပေးကြတယ်။ တော်တော်လေးကို ရှင်းပြရတယ်။ ဆေးကျောင်းတွေသွားရိုက်ရင် ပြေတီဦးဖောင်ဒေးရှင်းက ကျောင်းသားတွေက အဖေ့ညီဆိုပြီး လာမိတ်ဆက်ကြတယ်။ အစ်ကိုနာမည်နဲ့ နယ်တိုင်းမှာ တော်တော်ကို ထိရောက်တယ်။

**Voice : သူ့သရုပ်ဆောင်မှုတွေကို လေ့လာဖြစ်လား။**

**NN** : ရှိတော့ရှိတယ်။ ရှေ့မှာလည်း ဒွေးစပေါ်ခါစက ဦးကျော်အိုက်တင်တွေ တစ်ချက် တစ်ချက်ပါတယ်။ နေမျိုးအောင်ဆိုရင် မင်းဦးအိုက်တင်ပါတယ်။ ထွန်းအိန္ဒြာဗိုစပေါ်တုန်းက မို့မို့မြင့်အောင်နဲ့ဆင်တယ်။ ဆင်တယ်ဆိုပြီး အိုက်တင်တွေ တူတယ်။ နောက်ပိုင်းမှာ သူတို့အိုက်တင်တွေနဲ့ ခွဲထွက်သွားတာ။ ပရိသတ်တော်တော်များက အစ်ကို့ရဲ့(ပြေတီဦး) စိတ်ဆိုးဒေါသထွက်တဲ့ အိုက်တင်တွေသဘောကျတော့ အစ်ကို စိတ်ဆိုးတဲ့ အိုက်တင်တွေကို နည်းနည်း အတုယူဖြစ်တယ်။ နောက်ပိုင်းတော့ ကိုယ့်ဘာသာခွဲထွက်သွားအောင် ကြိုးစားသွားမှာပါ။

**Voice : ကိုယ်သရုပ်ဆောင်ချင်တဲ့ဇာတ်ဆောင်တွေရှိလား။**

**NN** : အအ ကာရိုက်တာတွေ၊ ကျပ်မပြည့်တဲ့ ကာရိုက်တွေ ထပ်ရိုက်ချင်တယ်။ အဲဒီလိုကာရိုက်တာမျိုးက အောင်ရဲလင်း၊ ရွှေမှုံ့ရတီနဲ့ ရုပ်ရှင်ကား ရိုက်ထားတာရှိတယ်။ ရုံတော့မတင်သေးဘူး။ အဲဒီထဲမှာ အစ်ကိုက ရွှေမှုံ့ရတီအစ်ကိုပေါ့။ စကားမပြောတတ်ဘူး၊ ကျပ်ကလည်းမပြည့်ဘူး။ သူများမြှောက်ပေးရင် အကုန်လိုက်လုပ်တာပေါ့။ နောက်ပိုင်း လူတွေက ဒုက္ခတွေရောက်ပေါ့။ အဲဒီလိုမျိုး ကာရိုက်တာမျိုးတွေထပ်ရိုက်ချင်တယ်။

**Voice : ရုပ်ရှင်ကားကြီးတွေ ဘယ်နှကားလောက်ရိုက်ထားလဲ။**

**NN** : အခုလောလောဆယ်တစ်ကားပဲ ရိုက်ရသေးတယ်။ ဒါပေမဲ့ လာကမ်းလှမ်းထားတော့ နှစ်ကားလောက်ရှိတယ်။ ဒါပေမဲ့ ဗီဒီယိုရက်တွေနဲ့ တိုက်နေတော့ ရက်ပြန်ညှိနေတော့ လက်တော့မခံရသေးဘူး။

**Voice : ဗီဒီယိုဈေးကွက်က အခုချိန် အရမ်းမကောင်းတော့အဲဒီအပေါ်အသစ်တစ်ယောက်အနေနဲ့ ဘယ်လိုမြင်မိလဲ။**

**NN** : တစ်ချိန်ချိန်မှာ ပြန်ကောင်းလာမယ်လို့ထင်တယ်။ ပြန်ကောင်းလာမယ်လို့ မျှော်လင့်တယ်၊ ဘာဖြစ်လဲဆိုတော့ ဈေးကွက်ကြီးက ပျက်သွားလို့လည်းမရဘူး။ အစ်ကိုတို့ နယ်ဘက်မှာဆိုရင် ဟိုတုန်းတည်းက မြန်မာကားကိုပဲ စွဲစွဲလမ်းလမ်း ကြည့်ကြတယ်။ အင်္ဂလိပ်ကားတွေ၊ ကိုရီးကားတွေကို ရွာကလူတွေ သိပ်မကြည့်ကြဘူး။ အခုဆိုရင် သပိတ်ကျင်းနဲ့ တကောင်း အစ်ကိုတို့နယ်ဘက်မှာ ဆိုင်ကယ်နဲ့လာရောင်းတာရှိတယ်။ သုံးခွေ တစ်ထောင် ပုံမှန်ပဲလာရောင်းတယ်။ အဲဒီလူတွေဖမ်းဖို့ပြောလည်း ရဲတွေက မဖမ်းဘူး။ အမိန့်တစ်ခု၊ ပုဒ်မတစ်ခုမှမရှိတော့ ဒုက္ခရောက်တာပေါ့။ ယိုးဒယားမှာဆိုရင် ကော်ပီခွေမိရင် မြန်မာငွေနဲ့ သိန်းတစ်ထောင်ကျတယ်။ သတင်းလာပေးရင် သိန်း ၅၀၀ ပေးတယ်။ သူတို့ကတိအတိုင်း တကယ်ပေးတာ။ တစ်ယောက်က လုပ်လိုက်တော့ နောက်မလုပ်ရဲတော့ဘူး။ အဲဒါမျိုး ဥပဒေပေါ်လာရင် တော်တော်လေးကောင်းမှာပါ။ အမြန်ဆုံးပေါ်အောင် မျှော်လင့်ပါတယ်။

**Voice : ဗီဒီယိုဈေးကွက်ကျနေချိန်မှာ အသစ်တစ်ယောက်အနေနဲ့ဘယ်လိုအခက်အခဲတွေကြုံတွေ့ရလဲ။**

**NN** : အခက်အခဲတွေတော်တော်များများ တွေ့ရတယ်။ သရုပ်ဆောင်ဝါသနာပါလို့ နယ်ကနေတိုက်တွေ အကုန်လုံးဖုန်းဆက်တယ်။ အဆင်မပြေပါဘူး။ အဲဒီမှာ စန္ဒီဝိုက်ထုတ်လုပ်ရေးကိုဆက်လိုက်ချိန်မှာ အလုပ်လေးတောင်းတော့ အဲဒီလောက်ဝါသနာပါရင် မီးထိုး၊ မှန်ထိုးလုပ် အနုပညာအလုပ်ကို စလေ့လာပေါ့။ အများကြီး အတွေ့အကြုံရခဲ့ပါတယ်။ ကိုယ်တိုင်က ပိုက်ဆံမရှိတဲ့အတွက် မင်းသား အင်တာဗျူးတွေ တော်တော်များဖတ်တယ်။ ကိုပြေတီဦး လမ်းကြောင်းအတိုင်းပဲ လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဘဝက နယ်ကစခဲ့ရတာ။ ကိုနေမျိုးအောင်နဲ့ ဇာတ်ကားတွေ ဘယ်နှကားရိုက်ခဲ့တာဆိုတဲ့ သူ့အင်တာဗျူးတွေဝယ်ပြီး သူသွားတဲ့ လမ်းကြောင်းအတိုင်းပဲ သွားတယ်။ မီးထိုး၊ မှန်ထိုးရင်း ဇာတ်ကားတွေ ရိုက်ချင်လို့ ကျွန်တော့်ကို တစ်ကားတစ်သောင်းပဲပေး အဲဒီလိုမျိုး လေ့ကျင့်ခဲ့ရတယ်။ နောက်ပိုင်း အိုက်တင်ကအစ နေ့တိုင်းထိတွေ့လာတော့ အရင်စကားပြော မပီတာကအစ ပီလာတယ်။ အစတုန်းက စကားအရမ်းဝဲ တော့ သူများနားမလည်ဘူး။

**Voice : အနုပညာလောကို မီးထိုး၊ မှန်ထိုးအနေနဲ့စဝင်ခဲ့ရတာလား။**

**NN** : မီးထိုး၊ မှန်ထိုးအနေနဲ့လေ့လာရတယ်။ ကိုယ်တိုင်ကလည်း သူများတွေလို ပိုက်ဆံကအဆင်မပြေ၊ မိဘကလည်း နယ်က ဆိုတော့ ကိုယ်တိုင်ကရုန်းသွပ်တာမို့ စိတ်ထဲမှာ ငါတစ်နေ့အောင်မြင်ရမယ်ဆိုပြီး အမြဲတမ်းထားတယ်။ ကိုယ့်ရှေ့မှာ ဘယ်သူတွေက ဘယ်လိုဖြတ်သန်းခဲ့လဲဆိုတာ လေ့လာတယ်။ သူတို့တွေရဲ့အင်တာဗျူး စာအုပ်တွေ များများဖတ်တယ်။ အစ်ကိုကိုယ်တိုင်က ကိုပြေတီဦး အင်တာဗျူးစာအုပ်ကိုလက်မှာ ကိုင်ပြီး သူသွားတဲ့လမ်းကြောင်းအတိုင်း လိုက်သွားတယ်။ သူ့လိုပဲ ဖြစ်ကိုဖြစ်တယ်။ သူကလည်းပြောတယ်။ ကြိုးစားရင်အောင်မြင်မှုရှိတယ်။ အဲဒါကြောင့် ကိုနေထူးနိုင်တို့နဲ့ ဆိုရင် ငါးနှစ်လောက်ကို ရိုက်ခဲ့ရတယ်။

**Voice : အသစ်တစ်ယောက်အနေနဲ့ ဘယ်လိုမျိုးတွေဖြတ်ကျော်ခဲ့ရလဲ။**

**NN** : မီးထိုး၊ မှန်ထိုးအဆင့်မှာပဲ အရင်ဆုံးစသရုပ်ဆောင်ရတာ ဖြတ်လျှောက်စလုပ်ရတယ်။ မင်းသားကပြောရင် နောက်ကနေ ဖြတ်လျှောက်အိုက်တင်ကနေ စလုပ်ရတာပါ။ အစ်ကိုတို့ဆိုရင် အသစ်ဆို တော့ အကန်ခံရတယ်။ တချို့ဒါရိုက်တာတွေဆိုရင် မောင်းထုတ်တာပဲ။ လူငယ်ဆို တော့ ပြန်လုပ်ချင်တာပေါ့။ ငါပြန်လုပ်လိုက်ရင် ဒီအနုပညာနဲ့ဝေးတော့မှာဆိုပြီး သည်းခံခဲ့ရတာတွေ အများကြီးပါပဲ။ တစ်ခါတလေကျရင် မဖြစ်နိုင်ဘူးဆိုပြီး စိတ်ဓာတ်တွေကျတာမျိုးရှိပါတယ်။ ခြောက်နှစ်လောက်ကြိုးစားချိန်ထိ ဖြစ်မှဖြစ်ပါ့မလားဆိုပြီး ရှိခဲ့ပါတယ်။ နောက်ပိုင်း ကြက်ဥပို့တာတွေ၊ ဝိတ်တာတွေလုပ်ရတယ်။ အလုပ်က လည်း ရှိလိုက် မရှိလိုက်ဆိုတော့ ရပ်တည်ဖို့အတွက် တော်တော်လေးကို ရုန်းကန်ခဲ့ရပါတယ်။

**Voice : ဖေ့စ်ဘွတ်မှာ ခံစားချက်တချို့စာတွေတင်တာတွေ့ရတယ်၊ ဘာကြောင့်တင်ဖြစ်တာလဲ။**

**NN** : အခုခေါင်းဆောင် မင်းသားဖြစ်ချိန်မှာ တော်တော်လေးကို အတိုက်ခံနေရတယ်။ တချို့လူတွေက ပရိုဂျူဆာတွေကို အစ်ကိုမပြောတဲ့စကားတွေသွားပြောတာဆိုတော့ အရင်တုန်းက ဖြတ်လျှောက်အဆင့်ဆို တော့ အတိုက်အခိုက်မရှိဘူး။ အခုတော့ တော်တော်လေးကိုများနေတော့ စာသားတွေ တင်မိတာပါ။ ■

# ပုံမှန်ဇာတ်လမ်းအမျိုးအစားများမှ ခွဲထွက်ပြီး အမျိုးသမီး အခွင့်အရေးကို
## အဓိကပုံဖော်ရိုက်ကူးမည့် သီတာချစ်ရှင်

[illegible]

မြန်မာနိုင်ငံမှာ ရုပ်ရှင်ရိုက်ကူးနေကျ ဇာတ်ကြိုက်ကြည့်ရှုကြတဲ့ ဇာတ်လမ်းမျိုးမဟုတ်ဘဲ မြင်တွေ့နေရတဲ့ ဇာတ်လမ်းတစ်ခုဖြစ်တဲ့ အမျိုးသမီးတွေရဲ့အခွင့်အရေးကို အဓိကပုံဖော်သွားမယ့်သီတာချစ်ရှင်ဇာတ်ကားကို ရိုက်ကူးသွားမယ်လို့ဒါရိုက်တာ ခရစ္စတီးနားချီ (Christina Kyi) က The Voice ကို ပြောပါတယ်။

"အစ်မတို့မြန်မာမှာဆိုရင် ဇာတ်ကြိုက်ကြည့်ရှုကြတာ ဇာတ်လမ်း မိသားစုဇာတ်လမ်းရှိတယ်၊ အစ်မတို့ကိုယ်တိုင်ပထမဆုံးရိုက်တဲ့ကား ဆိုရင် မိသားစုကြွေးပြတဲ့ကား၊ ဒုတိယကား ဆိုရင်လျှို့ဝှက်သည်းဖိုကားလေ ပေါ့၊ ဒါပေမဲ့ ကြေညာတဲ့အချိန်မှာ ဆက်တဲ့လူတွေပေါ့ အိုက်တင်တွေနဲ့ Presentation ကွဲသွားတယ်ပေါ့နော်၊ ဒါပေမဲ့ သီတာကျတော့ ဇာတ်လမ်းအပုံအစက တမြားစီဖြစ်သွားမယ်" လို့ ၎င်းက ဆိုပါတယ်။

ဒီဇာတ်ကားဟာ ဒီတနှစ် ၃၀ လောက် ရေစုရာက်နေတဲ့ ဇာတ်လွန်စီတ်ကူးယဉ် ဇာတ်လမ်းမျိုးဖြစ်ပေမယ့် သိမ်မွေ့ဇာတ်ကား၊ ပုံမှန်မဟုတ်ဘဲ ပုံစံခွဲထွက်ကာ တီထွင်ဆန်းသစ်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။

သီတာချစ်ရှင်ဇာတ်ကားကို ဇာတ်ညွှန်း ဇာဏ်ခီ (Zenn Kyi) က ရေးသားထားတာဖြစ်ပြီး ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် သူတွေကိုပြောင်းလွှဲပြီး ရွေးချယ်သွားမှာဖြစ်ပါတယ်။

"အရင်အပေါင်းထဲက အစ်မနဲ့ လုပ်ခဲ့ဖူးတဲ့ အလုပ်လုပ်ဖို့ကောင်းတဲ့သူကို ခေါ်တယ်၊ အစ်မဆီမှာ နာမည်ကြီးတာ မကြီးတာ တွေကို အဓိကမထားဘူး၊ ဇာတ်နဲ့ လိုက်ဖက်သူကိုဦးစားပေးတယ်" လို့သရုပ်ဆောင်ရွေးချယ်မှုအပိုင်းကို ဒါရိုက်တာ ခရစ္စတီးနားချီ (Christina Kyi) က ဆက်လက်ပြောကြားပါတယ်။

လက်ရှိမှာ ခရစ္စတီးနားချီ (Christina Kyi) ရိုက်ကူးထားတဲ့ မိသားစုဇာတ်ကား မုဒြာတေးရဲ့ရှင်ဇာတ်ကားနဲ့ လျှို့ဝှက်သည်းဖိုဇာတ်ကားအမျိုးအစားပုပ်ပဲတ်ချစ် ချစ်ရှုဇာတ်ကားတွေ ရုံတင်ပြသဖို့စောင့်ဆိုင်းနေတာ ဖြစ်ပါတယ်။ ■



# ပုပ်ရဟန်းမင်းကြီးအဖြစ် ရောဘတ်ဒီနီးရိုး သရုပ်ဆောင်ဖွယ်ရှိ

[illegible]

[illegible] ရောဘတ်ဒီနီရိုး [illegible] ပုပ်ရဟန်းမင်းကြီး Pius IX အဖြစ် [illegible] contactmusic.com မှာ ဖော်ပြထားပါတယ်။

[illegible] The Kidnapping of Edgardo Mortara [illegible] ဖြစ်ပါတယ်။

[illegible] ဖြစ်ပါတယ်။

[illegible] Hollywood Reporter [illegible] ဆိုပါတယ်။

[illegible] Everest [illegible] နေပါတယ်။ ■





Photo - Christina Kyi Facebook

# လွမ်းဆိုးဧ၏ လွမ်းမိုးခဲ့သောတေးသီချင်းများ ဂုဏ်ပြုဖျော်ဖြေပွဲကို
## နာမည်ကျော်တေးသံရှင် ၁၀ ဦး ပြန်လည်သီဆိုမည်

[illegible]

ဂီတလောကမှာ တစ်ခေတ်တစ်ခါက ပရိသတ်နှစ်သက်အားပေးမှုများခဲ့တဲ့ တေးသံရှင်လွမ်းမိုးနဲ့လွမ်းမိုးရဲ့တေးသီချင်းတွေကိုဂုဏ်ပြုတေးဖျော်ဖြေပွဲအဖြစ် နာမည်ကြီးတေးသံရှင်ဆယ်ဦးက ပြန်လည်သီဆိုသွားမယ်လို့ ယခုပွဲကိုစီစဉ်တင်ဆက်တဲ့ Forever Blossom မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးပြည့်ဖြိုးတန်က The Voice ကို ပြောကြားပါတယ်။

"အဓိကတော့ ယောက်ျားလေးအဆိုတော်ဆယ်ယောက်နဲ့လုပ်မယ်၊ အားလုံးက နာမည်ကြီးတွေပါမှာပါ" လို့ ၎င်းက ဆိုပါတယ်။

ဒီဖျော်ဖြေပွဲမှာ တေးသံရှင်လွမ်းမိုး သီဆိုခဲ့တဲ့တေးသီချင်းတွေကိုသူနဲ့လက်တွဲခဲ့တဲ့ Professional Band မှ ဝိုင်းတော်သားတွေနဲ့ပြန်လည်တီးခတ်ဖျော်ဖြေသွားမှာဖြစ်ပါတယ်။

"ဒီနှစ်ထဲမှာ ကိုလွမ်းမိုးဆုံးတာ ၁၅ နှစ် ပြည့်တာလည်းပါတယ်၊ ကိုလွမ်းမိုးနဲ့ ပတ်သက်တဲ့လူတွေက ဒီဟာကိုလုပ်စေချင်တာလည်းပါတယ်၊ အဲဒါကြောင့်အဓိကလုပ်ဖြစ်တာပါ၊ သူ့သီချင်းတွေက မြန်မာပြီးတော့ အမှတ်တရရှိရမယ့် သီချင်းမျိုးတွေပါတယ်" လို့အုပ်ချုပ်မှုဒါရိုက်တာ ဦးပြည့်ဖြိုးတန်က ဆိုပါတယ်။

ဒီဖျော်ဖြေပွဲကို လာမယ့်အောက်တိုဘာလ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်ဖို့စီစဉ်ထားပြီး လက်မှတ်စျေးနှုန်းတွေက ၃၀,၀၀၀ ကျပ်၊ ၂၀,၀၀၀ ကျပ်၊ ၁၀,၀၀၀ ကျပ်နဲ့ VIP လက်မှတ်ကတော့ ၄၀,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။ ■

# အလုပ်များလွန်းလို့ အချစ်သစ်ရှာဖို့
## အချိန်မရှိဟု ပဲရစ်ဟီလ်တန်ပြော

[illegible]

နာမည်ကျော်မော်ဒယ်နဲ့သရုပ်ဆောင်လည်းဖြစ်၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်တဲ့ ပဲရစ်ဟီလ်တန်က သူမအနေနဲ့ လက်ရှိအချိန်မှာ အလုပ်များလွန်းလို့ ရည်းစားသစ်တစ်ယောက်ထားဖို့ အချိန်မပေးနိုင်လောက်အောင်ဖြစ်နေတယ်လို့ ပြောကြားလိုက်ကြောင်း contactmusic.com မှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့မေလထဲကမှ သန်းကြွယ်သူဌေးသားမင်းကရေးစ်နဲ့ ချစ်သူတွေအဖြစ်ကနေ လမ်းခွဲခဲ့တဲ့ပဲရစ်ဟီလ်တန်က သူမမှာ အချိန်မရှိတဲ့အတွက် အချစ်ရေးနဲ့ တစ်သက်လုံး မတွေ့ရတော့မှာကိုတော့ စိုးရိမ်နေမိကြောင်းလည်း အမေရိကန်မဂ္ဂဇင်း ရယ်ဒ်အစီအစဉ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

အလုပ်အရမ်းများလို့ အချစ်သစ်ထားဖို့အချိန်မရှိပေမယ့် သူမအနေနဲ့ သားသမီးတွေနဲ့ မိသားစုဘဝလေးတစ်ခုတော့ ပိုင်ဆိုင်ချင်သေးတယ်လို့လည်း အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပဲရစ်ဟီလ်တန်က ပြောဆိုပါတယ်။

"တစ်နေ့နေ့မှာတော့ မိသားစုဘဝတစ်ခုတည်ထောင်ဖို့အထိ ယုံကြည်ရလောက်တဲ့ လူတစ်ယောက်နဲ့ တွေ့ချင်မိပါသေးတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အလုပ်သာ ၁၀ အရ အဲဒီလိုအခွင့်အရေးမျိုး ရနိုင်ပါဦးမလား မသိတော့ပါဘူးရှင်" လို့ပဲရစ်ဟီလ်တန်က ပြောကြားသွားပါတယ်။ ■



Photo - Shweinthar Khin Maung Win

# မဲသဝေါဒေသတိုက်ပွဲများကြောင့် မြိုင်ကြီးငူသို့ စစ်ရှောင် ၄၀၀၀ ခန့်ရောက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မဲသဝေါနယ်မြေတွင် မြန်မာ့တပ်မတော်/နယ်ခြားစောင့်တပ် ပူးပေါင်းအဖွဲ့များနှင့် DKBA (ခွဲထွက်) အဖွဲ့တို့အကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ဒေသခံရွာသား ၄၀၀၀ ခန့် မြိုင်ကြီးငူသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဒေသခံများက ပြောဆိုသည်။

စက်တင်ဘာလဆန်းပိုင်းက DKBA (ခွဲထွက်) အဖွဲ့မှ ဗိုလ်မှူးနားမကြား အသတ်ခံရမှုနှင့် ဆက်စပ်ပြီး နယ်ခြားစောင့်တပ်နှင့် ယင်းအဖွဲ့တို့အကြား လက်နက်ကိုင် ပဋိပက္ခ စတင်လာခြင်းဖြစ်ရာ တပ်မတော်စစ်ကြောင်းများပါ ပါဝင်လာခြင်းဖြစ်ကြောင်း နှစ်ဖက်အဖွဲ့များထံမှ သိရသည်။

"ကော့ကရိတ်မှာ ပဋိပက္ခစဖြစ်တော့ မဲသဝေါဘက်အထိပါ ကူးလာမယ်ဆိုတာ မြိုင်ကြီးငူဆရာတော်က ကြိုတွက်ပြီး ရွာသားတွေကို ကားအစီး ၁၀၀ ကျော်နဲ့ ရွှေ့ပြောင်းပေးထားတာပါ" ဟု DKBA (ခွဲထွက်) အဖွဲ့မှငြိမ်းချမ်းရေးအကျိုးဆောင်ဦးကျော်သီဟ (ခေါ်) ဦးကျော်ကျော်က The Voice သို့ ပြောဆိုသည်။

လက်ရှိအချိန်တွင် နှစ်ဖက်ရင်ဆိုင် တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိဘဲ ရံဖန်ရံခါ တွေ့ဆုံမိကြသည့်အခါ တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်ကြောင်း နှစ်ဖက်အဖွဲ့ကဆိုသည်။

"တပ်ဘက်ကတော့ အရင်ကတည်းက လက်နက်ကြီးနဲ့ပစ်နေကျပဲ၊ အထူးအဆန်းမဟုတ်ဘူး။ DKBA က ရွာတွေနားကပ်လာတတ်တော့ အဲဒီအချိန် တပ်ကထုရင် ရွာသားတွေပါထိမှာစိုးလို့ ဆရာတော်က အကုန်သွားခေါ်ထားတာ" ဟုစစ်ဘေးရှောင်များနှင့် ပတ်သက်၍ ဘားအံဒေသခံတစ်ဦးက The Voice သို့ ရှင်းပြသည်။

စစ်ဘေးရှောင် ၄၀၀၀ ခန့်ကိုမြိုင်ကြီးငူဒေသတွင် မြိုင်ကြီးငူဆရာတော်က နေရာချထားပေးပြီး စားနပ်ရိက္ခာ အကူအညီများကို ကရင်ပြည်နယ်အစိုးရက အဓိကပံ့ပိုးသလို အရပ်ဘက်အလှူရှင်များကလည်း ဆက်တိုက်ပေးပို့နေကြောင်း၊ စစ်ရှောင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့်ကိုလည်း မြိုင်ကြီးငူ၌ပင် ယာယီစာသင်ကျောင်းများ ဖွင့်လှစ်၍ ကျောင်းတက်နိုင်ရန် စီစဉ်ပေးထားကြောင်း စစ်ရှောင်ရွာသားများကို အကူအညီပေးနေသည့် ဘားအံဒေသခံများထံမှ သိရသည်။

DKBA (ခွဲထွက်) အဖွဲ့မှာအစိုးရနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးထားသော မူလ DKBA အဖွဲ့မှ ထုတ်ပယ်ထားရသူ ဗိုလ်ချုပ်အဆင့် စောကျော်သက်နှင့် ဗိုလ်မှူးကြီးအဆင့် စောဆန်းအောင်တို့က DKBA အမည်ဖြင့် ထပ်မံဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

အဆိုပါ DKBA (ခွဲထွက်) အဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရန် အစိုးရထံကမ်းလှမ်းထားသော်လည်းအစိုးရက ယင်းအဖွဲ့ကို အသိအမှတ်ပြုခြင်းမရှိပေ။ ■

# သယံဇာတကိုယ်တိုင်စီမံခွင့်ရရန် ရခိုင်ဒေသခံများ မိုင် ၃၀၀ ကျော် လမ်းလျှောက်ဆန္ဒပြမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ်မှ ထွက်ရှိသော သယံဇာတများကို ဒေသခံရခိုင်တိုင်းရင်းသားများ ကိုယ်တိုင် စီမံခန့်ခွဲခွင့်ရရန်အတွက် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်အတွင်း မိုင် ၃၀၀ ကျော်ခရီးလမ်းလျှောက် ဆန္ဒပြတောင်းဆိုမည်ဖြစ်သည်။

၎င်းတို့ဒေသထွက် သယံဇာတများကို ဒေသခံများ စီမံခန့်ခွဲခွင့်အတွက် ဒေသခံတစ်ရာကျော်က ၃၁၇ မိုင်အရှည်ရှိစစ်တွေမှ ကျောက်ဖြူအထိလာမည့်နိုဝင်ဘာလပထမပတ်အတွင်း စတင်လမ်းလျှောက်ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း ရခိုင်သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်အဖွဲ့ဝင် ဦးထွန်းကြည်က ပြောကြားသည်။

အဆိုပါ လမ်းတစ်လျှောက်ရှိမြို့နယ် ခုနစ်မြို့နယ်မှ ဒေသခံများလည်း ပါဝင်မည်ဖြစ်ကြောင်း ကွန်ရက်က ဆိုသည်။

"သယံဇာတနဲ့ပတ်သက်ပြီး ကျွန်မတို့က ဘယ်လိုသဘောထားတယ်ဆိုတာ ဘယ်အစိုးရပဲဖြစ်ဖြစ် သိနေဖို့လိုတယ်" ဟု ရခိုင်အမျိုးသားပါတီ (ANP) မှဒုတိယဥက္ကဋ္ဌဒေါ်အေးနုစိန်က ပြောကြားသည်။

နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်၊ မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံးကို နိုင်ငံတော်ကပိုင်သည်ဟု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သော်လည်း ပြင်ဆင်လိုသည့် အကြောင်းအရာများကို ပြည်သူ့အားနှင့် တောင်းဆိုခြင်းဖြစ်ပြီး မျှော်လင့်ချက်ထား လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရခိုင်သယံဇာတများကို ဒေသခံများ စီမံခန့်ခွဲခွင့်ရရှိရန် လွန်ခဲ့သည့်ဇွန်လမှ ဩဂုတ်လအထိ ဒေသခံသုံးသိန်းက လက်မှတ်ရေးထိုးထားပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်နှစ်ရပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြသွားမည်ဟုဦးဆောင်သူ ဦးဇေယျကျော်က ပြောကြားသည်။ ■

# အစိုးရသစ်လက်ထက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းခွင့်ပြုထားသော နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၆၂၀ ခန့်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးက ပြောကြားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၈၄ သန်းခန့် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉၆ သန်းနှင့် ကျပ် ၁၆၉ ဘီလီယံဖြစ်ကြောင်း DICA ၏ စာရင်းများအရသိရသည်။

"လက်ရှိခွင့်ပြုထားတာတွေက နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများများ ဖန်တီးပေးဖို့ ဦးစားပေးအနေနဲ့ ဆောင်ရွက်တယ်။ တစ်ဖက်မှာလည်း အခြေခံအဆောက်အဦတွေ ဖွံ့ဖြိုးလာဖို့ဆောင်ရွက်နေပါတယ်" ဟုဦးအောင်နိုင်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) သည် လက်ရှိအစိုးရလက်ထက်တွင် အဆိုပြုထားသော ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပေါင်း ၅၉ ခုခွင့်ပြုထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၈ ခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၁ ခုပါဝင်သည်။

လတ်တလောတွင် ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျှောက်လွှာတင်ထားသော လုပ်ငန်းပေါင်း ၅၀ ခန့်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၈၀၀ ခန့်ရှိကြောင်း DICA မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဆိုသည်။

"ရှော့စ်လစ်ထဲမှာနောက်ထပ်အစည်းအဝေးထပ်ထိုင်ဖို့ရှိတယ်။ အဲဒီမှာ ထပ်ခွင့်ပြုမယ့်ဟာတွေက အနည်းဆုံး အမေရိကန်ဒေါ်လာသန်း ၂၀၀ လောက်တော့ရှိမယ်။ အတိအကျကတော့ အစည်းအဝေးထိုင်ပြီးမှပဲ သိရမယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၉ ခုတွင် အလုပ်အကိုင်အခွင့်အလမ်း သုံးသောင်းနီးပါး ဖန်တီးပေးနိုင်ကြောင်း MIC က ပြုလုပ်သည့် စက်တင်ဘာလ ၁၅ ရက်နေ့ သတင်းစာရှင်းလင်းပွဲ ထုတ်ပြန်ချက်အရသိရသည်။ ■

# တိရစ္ဆာန်အစာနှင့် ဆေးဝါး စစ်ဆေးစဉ် တစ်မျိုး၊ ထုတ်စဉ် တစ်မျိုး

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို စစ်ဆေးရန် ပေးပို့သည့်နမူနာနှင့် ထုတ်လုပ်ပြီး ကုန်ပစ္စည်းအရည်အသွေး မတူညီမှုများရှိနေကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လတ်က ပြောကြားသည်။

ထို့ကြောင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို တင်သွင်းထုတ်လုပ်ရောင်းချရာတွင် အရည်အသွေးမီခြင်း၊ မမီခြင်းကို မထုတ်လုပ်မီ ကုန်ကြမ်းများအပြင် စက်ရုံတွင် ထုတ်လုပ်ပြီးသားကုန်ချောများကိုပါ စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"နမူနာပစ္စည်းပို့တယ်။ ဖြစ်တတ်တာက နမူနာတစ်မျိုး၊ အမှန်သွင်းတာတစ်မျိုး ဖြစ်တတ်တယ်။ ကွဲမှာစိုးလို့။ အရည်အသွေးပြည့်မီမှုအတွက် ကုန်ကြမ်း၊ ကုန်ချောစစ်မယ်။ အရည်အသွေးမီမှ မှတ်ပုံတင်ပေးမယ်" ဟုဒေါက်တာခင်မောင်လတ်ကဆိုသည်။

တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို နိုင်ငံတကာအဆင့်မီစစ်ဆေးနိုင်ရန် ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းထားပြီး နောက်ပိုင်းတွင် ကုန်ပစ္စည်းများအတွက် အရည်အသွေးပြည့်မီမှသာ သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ယင်းသို့စစ်ဆေးရာတွင်လည်း ဈေးကွက်အတွင်းရောင်းချနေသည့် ပစ္စည်းများကို ရှောင်တခင် ကောက်ယူစစ်ဆေးနိုင်ခြင်း မရှိသေးဘဲ ကုမ္ပဏီကြီး ငါးခုခန့်ကိုသာ စစ်ဆေးနိုင်သေးကြောင်း၊ မှတ်ပုံမတင်ထားသည့်ကုမ္ပဏီများစွာ ကျန်ရှိနေသေးကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံမှ သိရသည်။

ပြည်ပမှ တင်သွင်းသော တိရစ္ဆာန်အစာကို အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးသို့မဟုတ် အဆိပ်အတောက်ကင်းရှင်းကြောင်း ဦးစီးဌာနကထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ရှိမှသာ ပြည်တွင်းကို ဆက်လက်သယ်ယူ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ထောက်ခံချက်မရှိဘဲ ရောင်းချပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေဖြင့် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

■



ဓာတ်ပုံ-မြင့်မိုးညို

# နေဝင်ချိန်ကြည့် ပုဂံဘုရားနှစ်ဆူ ပြန်ဖွင့်ရန်ရှိ မရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

ပုဂံတွင် နေဝင်ချိန်ရှုခင်းကိုတက်ရောက်ကြည့်ရှုနိုင်သည့် ဘုရားငါးဆူအနက် နှစ်ဆူကို တက်ရောက်ခွင့်ပိတ်ထားပြီး ပြန်လည်ခွင့်ပြုရန် မဖြစ်နိုင်သေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ဆိုသည်။

ညနေနေဝင်ချိန်ကို တက်ရောက်ကြည့်ရှုခွင့်ပြုထားသည့် ရွှေဆံတော်၊ ပြာသာဒ်ကြီး၊ တောင်ဂူနီ၊ သစ္စာဝတီနှင့် မြောက်ဂူနီဘုရားတို့အနက် မြောက်ဂူနီဘုရားနှင့် သစ္စာဝတီဘုရားကို တက်ရောက်ခွင့် ပိတ်ထားကြောင်း ၎င်းကရှင်းပြသည်။

"နေဝင်ချိန်တက်ကြည့်တဲ့ ဘုရားတွေထဲက ပိတ်ထားတဲ့ ဘုရားနှစ်ဆူလည်း ဖွင့်ပေးဖို့အစီအစဉ်မရှိသေးဘူး။ အဲဒီအတွက် တခြားသီးသန့်နေရာ စီစဉ်ပေးဖို့လည်း မရှိပါဘူး။ အသေးစိတ်စာရင်းကောက်ပြီးမှ ပြုပြင်ထိန်းသိမ်းရေးအပိုင်းကို ပညာရှင်အဖွဲ့က ဆုံးဖြတ်မှာပေါ့" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နေဝင်ချိန်ကြည့် ဘုရားများအနက် ရွှေဆံတော်နှင့် ပြာသာဒ်ကြီးမှာ ထင်ရှားသည်။

"မြောက်ဂူနီက တော်တော်ပျက်စီးသွားတယ်။ ပြန်လည်ခွင့်ပြုမပေးသင့်တော့ဘူး။ ခရီးသွားတွေကတော့ ပုံမှန်ပါပဲ၊ ငလျင်လှုပ်ပြီးနောက်ပိုင်းတော့ ပြည်တွင်းခရီးသွားတွေ ပိုများလာတယ်" ဟု ပုဂံဧည့်လမ်းညွှန်များအသင်း ဥက္ကဋ္ဌဟောင်း ဦးခင်မောင်ချို က မှတ်ချက်ပြုသည်။

ပညာရှင်အဖွဲ့တွင် ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ရှေးဟောင်းသုတေသန ပညာရှင်များ နိုင်ငံခြားမှ ပညာရှင်များပါဝင်သော အဖွဲ့ကို ဖွဲ့စည်းထားပြီး လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ယင်းအဖွဲ့သို့ တင်သွင်းရမည်ဖြစ်သည်။

ယင်းအဖွဲ့မှ ဘုရားတစ်ဆူချင်း၊ အဆောက်အအုံတစ်ခုချင်းစီအလိုက် ပြုပြင်ထိန်းသိမ်းရမည့်အပိုင်းကို အသေးစိတ်ညှိနှိုင်းဆုံးဖြတ်မည်ဖြစ်သည်။ ■

## Voice Of The Week

"ဒါကတော့ လူ့သဘာဝအရ မိမိရဲ့ဘဝရပ်တည်နိုင်ဖို့ဆိုရင် မိမိဒုက္ခခံနိုင်သော်လည်း မိမိရဲ့သား၊သမီး၊ မိသားစုဒုက္ခရောက်လာရင်တော့ သူတို့တစ်တွေက မလုပ်ချင်လည်း လုပ်လာရတယ်။ တရားဥပဒေချိုးဖောက်မှုတွေ ဖြစ်လာနိုင်တယ်"

**အတွဲ ၇၊ အမှတ် ၃၁၁၊ စက်တင်လာ ၁၆ - ၂၂ ရက်နေ့ထုတ် The Hot News Weekly ပါ 'ပေါင်းစည်းဝေဖြာ ပြည်မြန်မာကို တည်ထောင်သူ ဦးချစ်ထွန်းဖေနှင့် တွေ့ဆုံမေးမြန်းခြင်း' ကဏ္ဍမှ ပေါင်းစည်းဝေဖြာ ပြည်မြန်မာကို တည်ထောင်သူ ဦးချစ်ထွန်းဖေ ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"တိုက်ပွဲတွေဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ နယ်ခြားစောင့်တပ်ရော၊ DKBA ကိုပါ ဆက်သွယ်ညှိနှိုင်းခဲ့ပါသေးတယ်။ ဘာမှတော့ မထူးခြားခဲ့ပါဘူး။ ကျွန်တော်တို့နယ်မြေမှာဖြစ်နေတဲ့အတွက် ကျွန်တော်တို့အပေါ် ကရင်ပြည်သူတွေ အထင်လွဲမှာကိုလည်း စိုးရိမ်ပါတယ်"

**အတွဲ ၄၀၊ အမှတ် ၇၉၂၊ စက်တင်ဘာ ၁၅-၂၁ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်ပါ 'ကရင်ပြည်နယ်အတွင်းက တိုက်ပွဲများ ရပ်တန့်ကြရန် KNU တောင်းဆို' သတင်းမှ ကရင်အမျိုးသားအစည်းအရုံး၏ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ဖဒိုစောသောသီဖွယ် ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"သုံးပွင့်ဆိုင်က လက်တွေ့ကျ မကျကိုပြန်လည်သုံးသပ်ဖို့လိုတယ်။နှစ်ပေါင်း ၆၀ ကျော်ဖြစ်နေတဲ့ ပြဿနာကို တရားသေပုံစံနဲ့သွားလို့မရဘူး။ သုံးပွင့်ဆိုင်နဲ့ပဲ သွားလို့လည်း အဆင်မပြေဘူး။ တချို့နေရာမှာ နှစ်ပွင့်ဆိုင်၊ သုံးပွင့်ဆိုင်၊ တချို့နေရာမှာ ငါးပွင့်ဆိုင်ဖြစ်သွားမယ်"

**အတွဲ ၁၂၊ အမှတ် ၃၅၊ စက်တင်ဘာ ၁၃- ၁၉ ရက်နေ့ထုတ် The Flower News ဂျာနယ်ပါ 'နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုမူဘောင်တွင် သုံးပွင့်ဆိုင်ပြင်ဆင်ပေးပါက NCA လက်မှတ်ရေးထိုးသွားမည်ဟု မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ နိုင်ဟံသာပြောသတင်း' မှ မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ နိုင်ဟံသာပြောကြားချက်မှ ကောက်နုတ်ချက်**

---

"ဘယ်သူမှ ဒီကိစ္စကို မလုပ်ပေမယ့် ကျွန်တော်က အမုန်းခံပြီးစလုပ်တဲ့ သဘောပဲ။ အဲဒီအတွက်လည်း ဖြစ်လာတာကို ကျွန်တော် ရဲရဲကြီးရင်ဆိုင်ဖို့ပဲရှိတယ်။ အဲဒီတော့ ကျွန်တော်တို့လောကမှာ ဒါမျိုးမဖြစ်အောင် ရုပ်ရှင်အစည်းအရုံးက လောကသားတွေကို Principle (စည်းကမ်း) တစ်ခုတော့ လုပ်ဖို့ကောင်းပြီ"

**အမှတ် ၁၂၁၀ ၊ စက်တင်ဘာ ၁၂ ရက်နေ့ထုတ် 7 Daily သတင်းစာပါ "ဖွေးဖွေးကိုအရေးယူဖို့ တိုင်ကြားတဲ့ စင်ရော်မောင်မောင်' သတင်းမှ ဒါရိုက်တာ စင်ရော်မောင်မောင် ပြောကြားချက်မှ ကောက်နုတ်ချက်**

# မင်္ဂလာဈေးသစ် အထပ်မပြောင်းရန် အစိုးရအဖွဲ့ထံ တောင်းဆိုမည်

**ရန်ကုန်၊ ဩဂုတ် ၁၅**

မီးလောင်ပျက်စီးခဲ့သည့် ရန်ကုန်မြို့တော်ရှိ မင်္ဂလာဈေးအသစ် တည်ဆောက်ရာတွင် ဆိုင်ခန်းများ အထပ်ရွှေ့ပြောင်းနေရာချထားမပေးရန် မြေညီဆိုင်ခန်းပိုင်ရှင်များ အစိုးရအဖွဲ့ထံတောင်းဆိုရန် စီစဉ်လျက်ရှိသည်။

ဆိုင်ခန်းများကို မူလအကျယ် ငါးပေပတ်လည်မဟုတ်ဘဲ ခုနစ်ပေအကျယ် တိုးချဲ့တည်ဆောက်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဈေးသူဈေးသားများက သဘောတူထားပြီး တိုးချဲ့မည့်အကျယ်ကြောင့် မြေညီထပ် ဆိုင်ခန်း ၈၀၀ ကျော်မှာ နေရာအခက်အခဲရှိနိုင်သဖြင့် အချို့မှာ ပထမထပ်သို့ ရွှေ့ပြောင်းရနိုင်ကြောင်း ယင်းဆိုင်ခန်းပိုင်ရှင်များက ပြောဆိုကြသည်။

"စည်ပင်က မူလ ငါးပေပတ်လည်ဆိုင်ခန်းတွေမဟုတ်ဘဲ ခုနစ်ပေပတ်လည်ချပေးမယ်ဆိုတာပြောထားလို့ ဈေးသူဈေးသားတွေက သဘောတူထားတယ်။ ဒါပေမဲ့ ခုနစ်ပေပတ်လည် ဆောက်မယ်ဆိုမြေညီက ဆိုင် ၈၄၉ ခန်း အားလုံးကိုမလောက်နိုင်လို့ အဆောက်အအုံပတ်လည်က မြေကိုတိုးချဲ့ဆောက်ဖို့လည်း လိုတယ်" ဟု မြေညီထပ်ကော်မတီဝင် ဆိုင်ခန်းပိုင်ရှင် ဦးတင်ဝင်းက ပြောကြားသည်။

ယင်း ခုနစ်ပေပတ်လည် ဆိုင်ခန်းများကို နှစ်ခန်းတွဲ ကျောချင်းကပ် အနံစာတုံးပုံစံ ဆိုင်ခန်းများ တည်ဆောက်ပေးရန်၊ မြေညီထပ်နှင့်ပထမထပ်ကိုယာဉ်ရပ်နားမည့်နေရာ မတည်ဆောက်ရန်၊ မြေညီထပ်ကိုအခြေပြုပြီး အခန်းနေရာချထားမှုကို ဆောင်ရွက်ရန်၊ မူလဆိုင်ခန်းများမှလွဲ၍ ဆိုင်ခန်းသစ်များ ဖြည့်စွက်ချထားပေးခြင်း မပြုရန်၊ ကောင်းမွန်သည့် မီးငြိမ်းသတ်မှုစနစ်တို့ပါဝင်ရန် စသည့် အချက်များကို အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများကို တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကိုယ့်နေရာလေးပဲ ကိုယ်ပြန်လိုချင်တယ်လေ။ ဖောက်သည်တွေကလည်း ကိုယ်ဒီနေရာမှာ ရှိတယ်ဆိုတာကို သိတယ်။ မြေညီနဲ့ ပထမထပ်က တန်ဖိုးလည်း ကွာတယ်။ တချို့ကျ အောက်မှာပဲဝယ်တယ်။ အပေါ်မတက်ကြဘူး။ မဖြစ်မနေ ရွှေ့ရမယ်ဆိုရင်တော့ အများကောင်းဖို့အတွက်ဆို လုပ်ပေးရမှာပေါ့" ဟု ဆိုင်ခန်းပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်အုန်းမြင့်က မှတ်ချက်ပေးသည်။

မင်္ဂလာဈေးသစ်တည်ဆောက်ရန် နှစ်လအတွင်း ဖြိုဖျက်ရေးလုပ်ငန်းများအပြီး ဆောင်ရွက်နိုင်မည့်ကုမ္ပဏီကို ယခုရက်သတ္တပတ်အတွင်း တင်ဒါခေါ်ယူရွေးချယ်မည်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက ပြောကြားသည်။

"ကျွန်တော့်အမြင်က ခုနစ်ပေဖြစ်သွားလို့ တချို့က ပထမထပ်ကိုရောက်သွားနိုင်တယ်။ ဒီလိုပဲ ပထမထပ်က လူကလည်း ဒုတိယထပ်ကို ရောက်သွားနိုင်တဲ့ အနေအထားတော့ရှိတယ်။ အရမ်းတော့ စိုးရိမ်စရာမရှိဘူး။ စည်ပင်ဘက်ကလည်း အတတ်နိုင်ဆုံး ညှိလုပ်မယ့်သဘောရှိပါတယ်" ဟု ၎င်းက ဆိုသည်။

မင်္ဂလာဈေးမှာ ၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တစ်ကြိမ် မီးလောင်ခဲ့သည်။

■

# မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် အတုယူစရာ

ဇော်ဝင်းသစ်

**ဝါး၏ဘက်စုံအသုံးဝင်မှုများ၊ မြေဆီလွှာအား ထိန်းသိမ်းနိုင်စွမ်း၊ အကြီးမြန်ခြင်း၊ ကာဗွန်ဓာတ်ငွေ့အား စုပ်ယူနိုင်သည့်အစွမ်း သတ္တိများရှိခြင်းတို့ကြောင့် ကမ္ဘာတစ်လွှား တစ်နေ့တခြား ရေပန်းစားလျက်ရှိပါသည်။ ဝါးကို ယခင်ကဆင်းရဲသားသုံးသစ် (wood for poor) ဟုတင်စားခဲ့ရာမှ ယခုအခါ ချမ်းသာသူတို့၏အလှတန်ဆာ (The ornament for rich) ဟူ၍လည်းကောင်း၊ ရွှေစိမ်း (Green Gold )၊ လူသားတို့၏မိတ်ဆွေ (Friend of People) ၊ သဘာဝ အမွေအနှစ် (Gift of nature) စသည်ဖြင့် အမျိုးမျိုး တင်စားခေါ်ဝေါ်လာကြပါသည်။ ဝါးသည် ကမ္ဘာပေါ်တွင် မျိုးစိတ် ၉၁ မျိုးနှင့် မျိုးကွဲပေါင်း တစ်ထောင်ကျော်ထိ ရှိပါသည်။ ဝါးသည်လွန်ခဲ့သည့် နှစ်သန်း ၃၀ မှ ၄၀ နှစ်ကပင် ပေါက်ရောက်ခဲ့ပြီး အကြီးမြန်ဆုံး အပင်မျိုး (Fastest growing woody plants) ဖြစ်သည်။ တစ်နေ့လျှင် ၉၁ မှ ၁၂၂ စင်တီမီတာအထိ ကြီးထွားနှုန်း ရှိပါသည်။**






မြန်မာနိုင်ငံတွင် ဝါးကို ယခင်က အသေးအဖွဲ့ သစ်တောထွက်ပစ္စည်းများ (Minor Forest Products) ဟု သတ်မှတ်ခဲ့ရာမှ ယခုအခါ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း (Non Timber Forest Product NTFP) ဟု ပြောင်းလဲခေါ်ဝေါ်လျက်ရှိသလို ဝါးသည် သာမန်သစ်တောထွက်ပစ္စည်း မဟုတ်ဘဲ အဓိကကျအရေးပါသည့်နေရာသို့ ရောက်ရှိနေပြီဖြစ်ပေသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် နှစ်အတော်ကြာ စနစ်ကျနမှန်ကန်ခြင်းမရှိသည့် နည်းစနစ်များဖြင့် ခုတ်ယူသုံးစွဲနေမှုကြောင့်လည်းကောင်း၊ တိုးတက်လာသည့် လူဦးရေကြောင့် သုံးစွဲမှုပိုလာခြင်း၊ မြေယာအသုံးချမှု ပြောင်းလဲခြင်းများကြောင့် ဝါးတောများ ဧရိယာ ယုတ်လျော့လာကာ ဝါးတောများ၏ အရည်အသွေး အဆင့်အတန်းမှာလည်း ကျဆင်းလာလျက်ရှိပါသည်။ ထို့ပြင် သဘာဝ ဝါးတောများတွင် ဝါးမျိုးများစွာရောနှော ပေါက်ရောက်ရှိရာ ဝါးအခြေခံသည့် စက်မှုလုပ်ငန်းသုံးဝါး အလုံအလောက်ရရှိစေရန် ဝါးစိုက်ခင်းများ ထူထောင်ဖို့လိုအပ်လာပါသည်။ ကမ္ဘာပေါ်တွင်လည်း ဝါးသည် အမြန်ဆုံး ပြန်လည်ဖြည့်တင်းနိုင်သည့် တောထွက်ပစ္စည်းဖြစ်ခြင်း၊ ရေသန့်၊ လေသန့်၊ မြေဆီလွှာတိုက်စားမှု လျော့စေရေး၊ လေကာကွယ်ပေးခြင်းအစရှိသည့် ဂေဟစနစ်အတွက် အထောက်အပံ့ဖြစ်စေသဖြင့် ဝါးစိုက်ပျိုးရေးနှင့်စနစ်တကျ သုံးစွဲရေးများအားစိုက်ဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံတွင် ဝါးစိုက်ခင်းများ ထူထောင်လျက်ရှိကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့် မရှိသေးချေ။ မြန်မာနိုင်ငံတွင် ဝါးစိုက်ခင်းများ ကျယ်ပြန့်စွာပေါ်ပေါက်စေရေး ဆောင်ရွက်ကြရန် အထူးလိုအပ်လျက်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဝါးစိုက်ပျိုးရေးနှင့် ဝါးအခြေခံစက်မှုလုပ်ငန်းများမှာ တစ်ရှိန်ထိုးတိုးတက်အောင်မြင်လာ၍ ယင်းတို့၏ လုပ်ဆောင်နည်းအရအားသာချက်မှုကိုအတုယူအသုံးချနိုင်ရန် တင်ပြလိုပါသည်။

ဝါးစိုက်ပျိုးရေးနှင့် ဝါးထွက်ကုန်ထုတ်လုပ်ရေးတွင် ရှေ့တန်းသို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ပြည်ပတင်ပို့မှုအခြေအနေကိုလေ့လာပါက ၁၉၉၀ ပြည့်နှစ်ထိ ပြည်ပပို့ကုန်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ သိန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံသို့ မြင့်တက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုအခါ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ကြောင်း သိရှိရမှတ်သားရပါသည်။

မြန်မာနိုင်ငံအနေဖြင့်မူ ၂၀၀၄ မှ ၂၀၁၄ ကာလတွင် တစ်နှစ်လျှင် ပျမ်းမျှဝါးထွက်ကုန်ပစ္စည်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၄ သန်းခန့်သာရရှိရာ ဝါးကဏ္ဍအား မြှင့်တင်ပေးပြီး ဂေဟစနစ်ထိန်းသိမ်းရေး အထောက်အကူဖြစ်စေရေး၊ ပြည်ပဝင်ငွေတိုးတက်ရရှိစေရေး၊ ကျေးလက်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေဖို့ ဆောင်ရွက်သင့်ပါသည်။ တရုတ်နိုင်ငံ၏ ဝါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုအား အတုယူနိုင်ရန် တင်ပြလိုပါသည်။ တရုတ်ဗဟိုအစိုးရမှ မူဝါဒလေးရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ အထူးအောင်မြင်လျက်ရှိကြောင်း လေ့လာရပါသည်။

ဝါးစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်အားအထောက်အပံ့ဖြစ်စေသဖြင့် ယင်းဂေဟစနစ်ကောင်းမွန်စေသောကိစ္စအတွက်(၂၀၀၀-၂၀၀၇)အတွင်း တစ်နှစ်လျှင်တစ်ဧက်တာ ၇၅ ယွမ်(တစ်ဧကလျှင် USS -5 နှုန်း) ထောက်ပံ့ပေးပါသည်။

ဒုတိယဝါဒအနေဖြင့် ဗဟိုသစ်တောပြန်လည်ပြုပြင်ရေး ရင်းနှီးမြှုပ်နှံမှုဝါဒဖြစ်ပါသည်။ ထိုမူအရ ၂၀၁၂ မတိုင်မီ ဝါးစိုက်သူ ထောက်ပံ့ငွေ တစ်ဟက်တာ ၃၀၀၀ ယွမ် (တစ်ဟက်တာလျှင် US$ 200 ခန့်) ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၂ နောက်ပိုင်းကာလတွင် တစ်ဟက်တာကို ၄၅၀၀ ယွမ်(တစ်ဧကလျှင် US$ 300 ခန့်) ပေးပါသည်။

တတိယမူဝါဒအနေဖြင့် လယ်ယာမြေကို သစ်တောမြေအဖြစ် ပြန်လည်လုပ်ဆောင်ရေးမူဖြစ်ပါသည်။ လယ်ယာမြေတွင် လယ်ယာစိုက်ပျိုးခြင်းထက်အကျိုး ပိုမိုများပြားသည့် ဝါးစိုက်ပျိုးခြင်းအား ခွင့်ပြုပေးသည့် အပြင် ၁၉၉၈ မှ ၂၀၀၆ ကာလတွင် လယ်ယာမြေကို (သစ်တောသစ်ပင်အပါအဝင်) စိုက်ပျိုးလျှင် တစ်ဟက်တာ ၃၀၀ ယွမ် (တစ်ဧကလျှင် US$ -20) ထောက်ပံ့ပေးပြီး ၂၀၀၇ နောက်ပိုင်းကာလတွင် တစ်သက်တာလျှင်၁၈၇၅ ယွမ်နှုန်း(တစ်ဧကလျှင် US$ -126) ဖြင့်ငါးနှစ်ချေးပေးပါသည်။

စတုတ္ထမူဝါဒအနေဖြင့် ဝါးထုတ်ကုန်အပေါ်တွင် အခွန်ပေးဆောင်ခြင်း ကင်းလွတ်ခွင့်ပေးထားပါသည်။

ထို့အပြင်ဒေသအစိုးရ (Regional Government) မှလည်း ဝါးစိုက်ပျိုးသူများအား ငွေကြေးထောက်ပံ့ခြင်း၊ အခြေခံအဆောက်အဦဖြစ်သော လမ်းဖောက်ခြင်း၊ ရေကန်/ဆည် အသေးစား ဆောက်လုပ်ခြင်းအတွက် ထောက်ပံ့ငွေပေးခြင်းတို့ ဆောင်ရွက်ပေးပါသည်။ ထို့အပြင် Bamboo Afforestation Investment Subsidies များလည်း ဒေသအစိုးရမှတစ်ဆင့် ပံ့ပိုးမှုများရှိပါသည်။

ဝါးစက်မှုလုပ်ငန်းများအတွက်လည်း သက်သာသည့် ချေးဖြင့် စက်မှုဇုန်မြေ ဝယ်ယူခွင့်ပေးပါသည်။ ချေးငွေရယူလိုပါလျှင်လည်း တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းဖြင့်သာ ချေးပေးပါသည်။ အထက်ပါဖော်ပြခဲ့သော ပံ့ပိုးမှုအားပေးမှုများနှင့် သိသာသော ပြောင်းလဲမှုများကြောင့် ဝါးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ရှင်သန်ဖွံ့ဖြိုးလာကြောင်း တွေ့ရပါသည်။ သစ်တောဧရိယာမှာလည်း သိသာစွာတိုးပွားလာကြောင်း အထင်အရှားတွေ့ရှိရပါသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင် ဝါးစိုက်ခင်းများမှသည် စက်မှုလုပ်ငန်းသုံး ဝါးစိုက်ခင်း ကြီးပေါ်ထွန်းလာရေးများ၊ ဝါးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းမှ လိုအပ်သည့် အားပေးမှု ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ပြုပြင်သင့်သည်များကိုပြင်ဆင်ပေးခြင်းနှင့် ပြည်သူများကလည်း ဝါးစိုက်ပျိုးရေးလုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ခြင်းဖြင့် ဆင်းရဲမှုလျော့ကျရေး၊ ပြည်ပဝင်ငွေ တိုးမြှင့်ရရှိရေးနှင့် ဂေဟစနစ်ထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်ပါရန် တင်ပြလိုက်ရပါသည်။ ■



# အမေရိကန်ခရီး ဤသို့မြင်သည်

**ဇေယျသူ**

သူကိုယ်တိုင် နောက်တစ်ကြိမ်သွားလျှင်ပင် ယခုကဲ့သို့ ထူးခြားသမိုင်းမဝင်နိုင်တော့သည့် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးကို ဤသို့မြင်ပါသည်။

၁) အာဆီယံပြင်ပခရီးစဉ်အဖြစ် တရုတ်သို့သွားခြင်းဖြင့် လည်းကောင်း၊ အိန္ဒိယသို့ သမ္မတဦးထင်ကျော်သွားခြင်းဖြင့်လည်းကောင်း အရှေ့ကို အလေးပြုခဲ့ရာမှ အနောက်သို့ ခြေဦးလှည့်လိုက်ခြင်းသည် အရှေ့၊ အနောက်အင်အားထိန်းညှိခြင်းဟုဘာသာပြန်လျှင်ငြင်းရခက်မည်ဖြစ်သည်။ အထူးသဖြင့်တရုတ်နှင့်အမေရိကန် မည်သည့်နိုင်ငံကိုမျှဦးစားပေးဆက်ဆံ၍ မဖြစ်နိုင်သလို နှစ်နိုင်ငံလုံးနှင့်လည်းအဆင်ပြေအောင် ဆက်ဆံရမည်သာ။ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ချိန်ကိုက်ကာ အချိန်ဇယားအရသွားရောက်ခြင်းလည်း ဖြစ်နိုင်သည်။

၂) ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်သည် သာမန်ပင်လယ်ရပ်ခြားခရီးစဉ်မဟုတ်ဘဲ မြန်မာနိုင်ငံကိုပွဲထုတ်သည့်ခရီးစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခေါင်းဆောင်အဖြစ် ပွဲလယ်တင့်လေလေ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ပွဲလယ်တင့်လေလေဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေငြင်းသည် လောလောဆယ်တွင် မြန်မာနိုင်ငံအတွက် အားသာချက်အများဆုံး ခေါင်းဆောင်ဖြစ်သည်မှာ ငြင်းစရာမလိုပါ။

၃) အိုဘားမားသည် မြန်မာနိုင်ငံကို ချဉ်းကပ်ဆက်ဆံရေးတွန်းခဲ့သူဖြစ်ရာ မြန်မာ့ပြုပြင်ပြောင်းလဲရေးအောင်မြင်မှုသည် သူ့အောင်မြင်မှုပင်ဖြစ်သည်။ လပိုင်းအတွင်းသက်တမ်းကုန်ဆုံးတော့မည့် အိုဘားမားကိုအချိန်မီသွားရောက်တွေ့ဆုံခြင်းသည် အိုဘားမားကို ဂုဏ်ပြုရာရောက်ပေသည်။ အိုဘားမားနောက်ပိုင်း သမ္မတတစ်ဦးဦးအတက်တွင် ဒေါ်အောင်ဆန်းစုကြည် လာရောက်လျှင်ပင် အိုဘားမားရှိစဉ် ထူးခြားမှုမျိုးမရနိုင်တော့ပါ။

၄) အမေရိကန်သမ္မတလောင်းဟီလာရီကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အိုဘားမား၏ မြန်မာ့ဗျူဟာတွင် အရေးပါသောနေရာမှ ပါဝင်ခဲ့သည်။ အိုဘားမားသည် ဟီလာရီကလင်တန်ကိုမဲဆွယ်ပေးနေရာ အိုဘားမား၏ အောင်မြင်မှုဖြစ်သောဒေါ်အောင်ဆန်းစုကြည်သည်အမေရိကန်သမ္မတလောင်းရွေးကောက်ပွဲတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သွားပေသည်။ ဒေါ်အောင်ဆန်းစုကြည်ကိုပြိုင်ဘက် ဒေါ်နယ်ထရမ့်တို့ဘက်ကပစ်ပစ်ခါခါပြောရန် ခက်ခဲသည်။

၅) ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ အမေရိကန်ပြည်ထောင်စုက အရေးယူပိတ်ဆို့မှုများကို မကြာမီရုပ်သိမ်းမည်ဟု ကြေညာလိုက်ခြင်းမှာ အထွေထွေညီလာခံတက်မည့် ဒေါ်အောင်ဆန်းစုကြည်အတွက် ထို့ထက်ကောင်းသောထောက်ခံချက်မရှိနိုင်တော့ပေ။ နိုင်ငံငယ်လေးတစ်နိုင်ငံမှ ခေါင်းဆောင်တစ်ဦးရနေကျ အသိအမှတ်ပြုမှုမျိုးထက် အဆပေါင်းများစွာ ဒေါ်အောင်ဆန်းစုကြည် ရရှိပေမည်။

၆) အရေးယူပိတ်ဆို့မှုအားလုံးကိုမကြာမီဖြုတ်ပေးမည်ဟု အိုဘားမားက ကြေညာလိုက်ခြင်းမှာ အရေးယူပိတ်ဆို့မှုများက မရည်ရွယ်ထားသော်လည်း ထိခိုက်နာကျင်နေသောသာမန်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် သတင်းကောင်းဖြစ်သည်။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းသည်မှာ အတန်ကြာပြီ ဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံသည့်အနေနှင့် ချမှတ်ခဲ့သောအရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းမည်ဟု ဒေါ်အောင်ဆန်းစုကြည် အာဏာရချိန်လပိုင်းအကြာတွင် ကြားရခြင်းဖြစ်သည်။ စင်စစ် ယခုမရုပ်လျှင် အိုဘားမား ဆင်းအပြီးနောက် အမေရိကန်အစိုးရသစ်တက်လျှင် ပြည်တွင်းရေး မဲနေရသည်နှင့်မြန်မာ့အရေးယူပိတ်ဆို့မှုများအချိန်ထပ်ကြာမည်။ Now or Never။

၇) အိုဘားမား၏ ကတိအတိုင်းအရေးယူပိတ်ဆို့မှုများ အားလုံးမကြာမီ ရုပ်သိမ်းလိုက်လျှင် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးတို့တိုးတက်နှုန်းမြန်လာမည်။ ယခုပင်လျှင် တာဝန်ခံမှုတာဝန်ယူမှုကြီးမားသော နိုင်ငံခြားကုမ္ပဏီများ Responsible Businesses ဝင်ရောက်လာသည့်အတွက် ယင်းတို့၏ဝန်ထမ်းများ၊ ယင်းတို့နှင့် တွဲဖက်လုပ်ကိုင်နေသောဌာနေမိတ်ဖက်ကုမ္ပဏီများတွင် လူ့အခွင့်အရေး၊ ကလေးလုပ်သား၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်များ တိုးတက်လာသည်။ တစ်နွယ်ငင်တစ်စင်ပါသဘောဖြင့် ယင်းကုမ္ပဏီများ ဝင်နေသောနယ်ပယ်အလိုက်တွင်ပါ ထိုအမြင်များတိုးတက်လာသည်။ အရေးယူပိတ်ဆို့မှုကို မကြောက်ရသဖြင့် အမေရိကန်မှ Responsible Businesses များ ဝင်ရောက်လာလျှင် မြန်မာ့စီးပွားရေး၊ လူမှုရေးတို့ တိုးတက်လာမည်။

၈) အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံကြီးဖြစ်သလို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အလွန်မြင့်သည်။ အမေရိကန်စီးပွားရေးလုပ်ငန်းများ၏ထောက်ခံစိတ်ဝင်စားမှုကို ရရှိခြင်းသည် အောင်မြင်သောကမ္ဘာ့နိုင်ငံများ၏ အမှတ်လက္ခဏာပင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုညစာတည်ခင်းရန် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီကစီစဉ်ထားရာ အမေရိကန်တို့၏ မြန်မာနှင့်စီးပွားဆက်ဆံရေးစိတ်အားထက်သန်မှုကို မြင်နိုင်သည်။ အမေရိကန်နည်းပညာကုမ္ပဏီကြီးများ American Tech Giants များဖြစ်သည့် Facebook၊ Google၊ Microsoft ကုမ္ပဏီကြီးများမှ ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့မည် မတွေ့မည်ကိုမူမသိရ။ အကယ်၍သာ ထိုခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မြန်မာ့နည်းပညာလောကကို အကူအညီပေးရန် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းနိုင်လျှင် မြန်မာနိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်။

၉) ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်မျိုး နောက်တစ်ကြိမ်ပြန်မရနိုင်ပါ။ ဤခရီးစဉ်မှ စတင်လိုက်သောအကျိုးကျေးဇူးများ အမှန်တကယ်ရရှိအောင် အကောင်အထည်ဖော်ရန် ပြည်တွင်းယန္တရားက မလိုက်ပါဘဲမဖြစ်နိုင်ပါ။ ■

**ဇေယျသူ**

---

စာမျက်နှာ ၁၃ | အမေရိကန်ကို ဘာရောင်းကြမလဲ မှအဆက် ...

အဆင်သင့်မဖြစ်သေးဟု ဦးရဲမြတ်သူက ရှုမြင်သည်။ လက်ရှိတွင် ကော်ဖီ၊ လက်ဖက်နှင့် လက်ဖက်ခြောက်တို့သာ အမေရိကန်သို့တင်ပို့နိုင်ရန် အခွင့်အလမ်းကောင်းသည်ဟု ၎င်းကဆိုသည်။ ကော်ဖီစိုက်ပျိုးရေးအတွက်လည်း အမေရိကန်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းဒေသဘက်တွင် ကူညီလျက်ရှိသည်။

"High Class Quality လုပ်ဖို့ ကျွန်တော်တို့မှာ အားသန်တာ ဘာမှမရှိဘူး။ နောက်တစ်ချက် ကျွန်တော်တို့ရဲ့ထုတ်လုပ်မှုစရိတ်က ဘယ်လိုနည်းနဲ့မှ ဗီယက်နမ်တွေ တရုတ်တွေကို ယှဉ်ဖို့မလွယ်ဘူး။ ပို့ဆောင်ရေး စရိတ်ကလည်း မြင့်သေးတယ်" ဟု ဦးရဲမြတ်သူက မှတ်ချက်ပြုသည်။

"ကြက်ဥတောင် ကျွန်တော်တို့ဆီမှာက ယိုးဒယားထက်ဈေးကြီးတယ်။ ကြက်ချင်းအတူတူ ဥတာတောင် သက်သာအောင်မလုပ်နိုင်ဘဲနဲ့"

စီးပွားရေးပိတ်ဆို့မှုဖွင့်လှစ်ပါက ကုန်သွယ်ရေးပိုင်းနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းမှာ တိုးတက်လာနိုင်သည်ဟု စီးပွားရေးဆောင်းပါးများစွာရေးသားခဲ့သူ ခင်မောင်ညို (ဘောဂဗေဒ) က ပြောကြားသည်။

"အလုပ်အကိုင်ရမယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်လာရင် ထောင်နေတဲ့ ဒေါ်လာဈေးကျမယ်။ (ကတ္တာအလိုက် မြင့်တင်ဖို့)



နည်းနည်းတော့ အချိန်ယူဦးမယ် ထင်တယ်။ (စီးပွားရေးဖွင့်မယ်ဆိုတာ) မူအရ ကောင်းပါတယ်။ ခါတိုင်းဆို ဒီစကား မပြောကြဘူးလေ" ဟု ၎င်းကဆိုသည်။

သို့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက သတ္တုတူးဖော်ရေးကဲ့သို့ ဆူလွယ်နပ်လွယ်လုပ်ငန်းမျိုးကိုသာ အများအားဖြင့် စိတ်ဝင်စားကြကြောင်း ခင်မောင်ညို (ဘောဂဗေဒ)က ဆိုသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တရုတ်နှင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ့ကျောက်စိမ်းကိုတရုတ်သို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိရာ အမေရိကန်သို့ မည်သည့်သယံဇာတ ပစ္စည်းမျိုးရောင်းချမည်နည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အမေရိကန်စီးပွားရေးဖွင့်လှစ်ခဲ့ပြီးသည့်နောက်ပိုင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်မည်ဟု မျှော်လင့်ကြသည်။ သို့သော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန်အတွက် အခြေခံများဖြစ်သည့် လမ်း၊ တံတား၊ ရေ၊ မီး အခြေခံအဆောက်အဦ မပြည့်စုံမှု၊ ရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲခြင်း မပြီးပြတ်မှု၊ အလုပ်သမားပြဿနာများ ဖြစ်ပေါ်မှု အစရှိသည်တို့က ရင်းနှီးမြှုပ်နှံမှုအတွက် အခက်အခဲများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟုလည်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များက ဆိုသည်။

"အခွင့်အလမ်းရှိလာပြီဆို ကျွန်တော်တို့မြန်မာတွေဟာ မည့်ကြပါဘူး။ ကြိုးစားပြီးတော့ ထိုးဖောက်နိုင်မယ်။ လုပ်ငန်းရှင်တွေကလည်း အရည်အသွေးရှိရှိနဲ့ လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ လမ်းပွင့်သွားပြီဖြစ်တဲ့အတွက် ဒီလမ်းကိုလျှောက်နိုင်အောင် ကြိုးစားရမှာပေါ့" ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆိုသည်။

စီးပွားရေးပိတ်ဆို့မှုစာရင်းတွင် တစ်သီးပုဂ္ဂလစီးပွားရေးထိန်းချုပ်မှုစာရင်းဝင်သူများကိုမူ ဆက်လက်ထားရှိဦးမည် ဖြစ်သည်။ အဆိုပါ ပိတ်ဆို့ခံစာရင်းဝင်သူများနှင့် လွတ်ကင်းသည့် မြန်မာ့စီးပွားရေးလုပ်ငန်းမှာလည်း ခပ်ရှားရှားပင်။ အမေရိကန်ကုမ္ပဏီများနှင့် လက်တွဲလုပ်နိုင်မည့် ဘဏ္ဍာရေးတောင့်တင်းသော ပြည်တွင်းကုမ္ပဏီကများများစားစားမရှိ။

"ဟုတ်တယ်။ အခုလည်း အဲဒီပြဿနာကြုံနေရတာပဲ။ သူတို့နဲ့တွဲလုပ်မယ့်လူ လိုက်ရှာရင် ဒီမှာ လုပ်ငန်းသေးသေးလေးပဲ ရှိပါတယ်" ဟု ခင်မောင်ညို (ဘောဂဗေဒ)က ဆိုသည်။

အမည်ပျက်စာရင်းဝင်သူများနှင့်ပတ်သက်၍လည်း ၂၀၁၅ ခုနှစ်တွင် အမေရိကအမည်ပျက်စာရင်းမှ လွတ်မြောက်ခဲ့သူ UMFCCI လက်ရှိဥက္ကဋ္ဌ ဦးဝင်းအောင်က ယခုလိုဆိုသည်။

"လူ၁၀၀ လုပ်တာထက်၁၅၀ လုပ်တာက ပိုပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်တာပေါ့။ စီးပွားရေးလုပ်နိုင်စွမ်းရှိသောပုဂ္ဂိုလ်များ ပိုမိုလုပ်ဆောင်နိုင်လေ ကောင်းလေပေါ့" ဟု ယမန်နှစ်က အမေရိကန်၏ အမည်ပျက်စာရင်းမှ ကင်းလွတ်ခဲ့သူ ၎င်းက ဆိုသည်။

"ကြိုးတုပ်ခံထားရတဲ့ လူတစ်ယောက်ပြေးနိုင်တာနဲ့ ကြိုးတွေမရှိတော့ လူတစ်ယောက် ပြေးနိုင်သလောက် ကွာသလိုကို ကွာပါတယ်"

အမေရိကန်စီးပွားရေးပိတ်ဆို့မှုမှ လွတ်မြောက်ပြီးနောက် ...

အမေရိကန်နာမည်ကျော် ကုန်တိုက်တွင် 'Made in Myanmar' အမှတ်တံဆိပ် မြန်မာပြည်ဖြစ် အင်္ကျီများကို တွေ့နိုင်မည်လားဆိုသည်က မျှော်လင့်ချင်စရာ။

ဦးရဲမြတ်သူကတော့ အမေရိကန်ကို ဘာရောင်းမလဲဆိုသည့် မေးခွန်းအတွက် ရယ်ရယ်မောမော ယခုလို ပြောသည်။

"လူတွေပို့ပေါ့ဗျာ ဘွဲ့တွေရပြီး အလုပ်မရှိတဲ့သူတွေ၊ ဘာမှမလုပ်တဲ့သူတွေ ပို့ပေါ့" ■

# လူသားတို့ အန္တရာယ်အရှိဆုံး အကောင်

ရလေး

**ကမ္ဘာ့အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်သော လူသားတို့၏ အသက်ဇီဝိန်ကို အများဆုံးခြွေနေသည့် သတ္တဝါကို သိပါသလား။**

တောကောင်တို့၏ဘုရင် ခြင်္သေ့၊ ခန္ဓာကိုယ်အကြီးဆုံး ကုန်းသတ္တဝါ ဆင်၊ ရေဘုရင် မိကျောင်း၊ တွင်းအောင်းနှင့် အဆိပ်ပြင်းတဲ့ မြွေတို့နှင့် လားလားမျှမသက်ဆိုင်သည့် 'ခြင်'ဟုပင် ဖြေရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်အရဆိုလျှင် လူသား ပယောဂကြောင့် သေသည့် လူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှ လေးသိန်း ခုနစ်သောင်းငါးထောင်ရှိချိန်တွင် ခြင်ကြောင့်သေသည့်လူမှာ ခုနစ်သိန်းနှစ်သောင်းငါးထောင်ဦးရေ ရှိနေခဲ့သည်။ လူလူချင်း သတ်သည်ထက် ခြင်က လူကိုသတ်သည်မှာ နှစ်ဆနီးပါးဖြစ်နေသည်။

လူများကြောက်လန့်လေ့ရှိသည့် မြွေ၊ ဆင်၊ ခြင်္သေ့၊ ဝံပုလွေ၊ ငါးမန်း သတ္တဝါများက ခြင်နောက်မှသာ လိုက်နေသည်။

သေးငယ်လှပြီး လူ့လက်နှစ်ဖက်ဖြင့် အလွယ်တကူ သတ်နိုင်သည့် ခြင်အန္တရာယ်ကောင်ကိုမူ လူတို့မဖြုံကြ။ လက်တွေ့တွင် မျက်စိဖြင့် ပင်မြင်နိုင်ရန် ခက်ခဲသည့် ခြင်ကိုက်ရာလေးမှာ အကိုက်ခံရပြီးသည်နှင့် အနီပြင်၊ အနီဖုလေးသာ အရာကျန်ခဲ့သည်ကို ပေ့ါဆမိရာမှ သေဆုံးခဲ့ရသည့် များပြားလှသူများမှာ ကမ္ဘာအနှံ့တွင် ရှိနေသည်။

ခြင်ကြောင့်ဖြစ်သည့် ရောဂါများအနက် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်ကို လတ်တလော ခြိမ်းခြောက်နေသည်မှာ ဇီကာဗိုင်းရပ်စ်ပင်ဖြစ်သည်။ ယင်းဗိုင်းရပ်စ်ကို အေးဒီးစ်ခြင်ကျားက သယ်ဆောင်ခြင်းဖြစ်ပြီး ယင်းခြင်မှာ မြန်မာနိုင်ငံတွင် အလွန်ပေါများလှကာ သေဆုံးမှုများမြင့်တက်နေဆဲဖြစ်သည့် သွေးလွန်တုပ်ကွေးနှင့် ချီကန်ဂန်ညာတို့ကို သယ်ဆောင်နေသူလည်းဖြစ်သည်။

ခြင်ကြောင့်ဖြစ်သည့်ရောဂါများအနက် မြန်မာနိုင်ငံတွင် အများဆုံးခံစားနေရသည့်ရောဂါများမှာ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဆင်တုပ်ကွေး၊ ဂျပန်တုပ်ကွေးဟု လူအများသိကြသည့် ချီကန်ဂန်ညာ ရောဂါများဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် ၂၀၁၅ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ လေးသောင်းကျော်ရှိပြီး သေဆုံးသူ ၁၅၀ ဝန်းကျင်ရှိခဲ့သည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် အယ်လ်နီညိုရာသီဥတုကြောင့် ရောဂါအလွန်အဖြစ်များခဲ့သည့် ကာလဟုလည်း ဆိုနိုင်သည်။

အယ်လ်နီညိုနှင့်အတူ ဇီကာရောဂါ တစ်ကျော့ပြန်ရောက်လာခဲ့ရာ ရောဂါစတင်ခဲ့သည့် ဘရာဇီးနိုင်ငံတွင်ပင် ဇီကာရောဂါ



ဓာတ်ပုံ-မြင့်မိုးညို

ကူးစက်ခံရသူ လူနာပေါင်း လေးသိန်းကိုးသောင်းမှ ဆယ့်ငါးသိန်းနီးပါးကြားရှိခဲ့ပြီး ဦးနှောက်သေးသည့်ကလေးစုစုပေါင်း ၃၅၀၀ ကျော်မွေးဖွားခဲ့သည်ဟု တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

ဇီကာဗိုင်းရပ်စ်ရောဂါမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ဖြစ်ပွားနေပြီး ရောဂါကူးစက်ခံထားရသူများတွင် မြန်မာနိုင်ငံနှင့် ကူးလူးဖြတ်သန်းမှုအများဆုံးဖြစ်သည့် စင်ကာပူနိုင်ငံတွင် မြန်မာနိုင်ငံသား တစ်ဦးနှင့် ထိုင်းနိုင်ငံ ချင်းမိုင်တွင် မြန်မာနိုင်ငံသားတစ်ဦးတို့ကိုပါ ကူးစက်နေပြီး ယင်းနိုင်ငံများတွင် ဆေးကုသမှုခံယူနေရသည်။

နိုင်ငံအများအပြားတွင် ခြောက်လှန့်ခဲ့သော ဇီကာဗိုင်းရပ်စ်၏ ဂယက်မှာ မြန်မာနိုင်ငံတွင်ပါ ခြောက်လှန့်လာကာ နိုင်ငံ၏မြို့ကြီးများဖြစ်သည့် မန္တလေး၊ ရန်ကုန် မကျန် နယ်မြို့များမှပင် ခြင်အန္တရာယ်ကြောက်လန့်၍ မြန်မာနိုင်ငံအထက်ပိုင်း ပြင်ဦးလွင်မြို့မှ ခြင်မလာပင်ဟု ခေတ်စားနေသည့် ထင်းရှူးမွှေးပင်၊ ပရုတ်မွှေးပင်ဟုခေါ်သည့် ခြင်ပြေးသည်ဟုဆိုသည့်အပင်ကိုပင် ဝယ်ယူမှုများ ရှိလာခဲ့သည်။

"စက်တင်ဘာ ပထမပတ်မှာအပင် သုံးရာကျော်ရောင်းရတယ်။ နယ်တွေက ပိုရောင်းရတယ်။ ပထမတော့ အိမ်တွင်း အလှစိုက်အပင်အနေနဲ့ ရောင်းတာ။ ခြင်မလာဘူး ပြောပြတော့ မန္တလေးကဝယ်စိုက်ရင်း တကယ်လည်း ခြင်မလာတာနဲ့ အရမ်းရောင်းရတာ"ဟု ခြင်မလာပင် ရောင်းချသည့် ဒိုင်ဖြစ်သည့် ပြင်ဦးလွင်မြို့မှ ဒေါ်မေသဥ္ဇာအောင်က ဆိုသည်။

ယင်းအခြေအနေအရဆိုလျှင် ခြင်အန္တရာယ်ကိုကြောက်နေသည့်သူများ ရှိနေပြီဟု ဆိုရမည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကမူ မြန်မာနိုင်ငံတွင်းသို့ ဇီကာဗိုင်းရပ်စ်ရောဂါဝင်မလာစေရန် ကာကွယ်တားဆီးရေးအနေနှင့် လူဝင်မှုအများဆုံးဖြစ်သည့် လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များတွင် စောင့်ကြည့်စစ်ဆေးရေးများကိုစစ်ဆေးနေပြီဖြစ်သည်။

"ဗီယက်နမ်ကပြန်လာတော့ ရန်ကုန်လေဆိပ်မှာ စက်ကြီးထောင်ထားတာ တွေ့တယ်။ ဖြတ်သွားရင် အရိုးခေါင်းလိုပုံ၊ နံရိုးတွေ ပေါ်တယ်။ ကောင်မလေးတစ်ယောက်က စောင့်ကြည့်နေတယ်။ ဗီယက်နမ်မှာတော့ စစ်တာမတွေ့ခဲ့ဘူး။ ပြင်ဆင်ထားတာလည်း မတွေ့ခဲ့ဘူး"ဟု ဗီယက်နမ်နိုင်ငံကို စက်တင်ဘာလဆန်းပိုင်းက အလည်အပတ် သွားရောက်ခဲ့သည့် ဒေါ်မေသက်ဟန်ကဆိုသည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံထားရသူနှင့် ဇီကာဗိုင်းရပ်စ်သယ်ဆောင်သည့်ခြင် မြန်မာနိုင်ငံတွင်းသို့ ဝင်မလာရန် လေဆိပ်တွင် စစ်ဆေးနေမှုများရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တွင်တွင်ပြောကြားထားသော်လည်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ်လ ၃၁ ရက်နေ့က ပြန်ရောက်လာသည့် ခရီးသည်တစ်ဦးကမူ လေယာဉ်ဆိုက်ရောက်ချိန် ညနေ ၆ နာရီကျော်သာရှိသေးသော်လည်း ဇီကာဗိုင်းရပ်စ်နှင့်ပတ်သက်၍ စစ်ဆေးနေမှုများကို မတွေ့ရသည့်အတွက် ရုံးချိန်အတွင်းသာ စစ်ဆေးနေခြင်း လောဟု မေးခွန်းထုတ်ခဲ့သည်။

၎င်း၏ အတွေ့အကြုံအရ ဖိလစ်ပိုင်နိုင်ငံ မနီလာလေဆိပ်သို့မဆင်းမီ လေယာဉ်ပေါ်တွင်ပင် ဖြားနာသည့် ရာဇဝင်ရှိ မရှိနှင့် ဇီကာဖြစ်နေသည့်နိုင်ငံများသို့သွားရောက်ခဲ့ဖူးခြင်း ရှိ မရှိတို့ကို ပုံစံစာရွက်တွင် ဖြည့်သွင်းရပြီး မြန်မာနိုင်ငံတွင်မူ စစ်ဆေးသည့်စက်ထားရှိသော်လည်း ကင်မရာမီးလင်းသည်ကိုပင် မတွေ့ရကြောင်း ပြန်လည်ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်နန်းလုံကမူ "စစ်လို့စစ်မှန်းသိမှာ မဟုတ်ဘူး။ စက်နဲ့စစ်နေတာ၊ အရင်ကလို ခေတ်မမီတာမဟုတ်ဘူး။ ခေတ်မီနေပြီ" ဟုဆိုသည်။

ယင်းကဲ့သို့ စစ်ဆေးနေမှုများအရ လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင် သံသယရှိသူ တစ်ဦးမျှ မတွေ့ရသေးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဌာနက ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ပြောကြားသည်။

မည်သို့ပင် စစ်ဆေးနေသည်ဟု ဆိုစေကာမူ ဇီကာရောဂါဖြစ်ခဲ့၊ ဖြစ်နေသည့် နိုင်ငံတွေရဲ့အတွေ့အကြုံအရ ခန့်မှန်းမည်ဆိုပါက နိုင်ငံတစ်နိုင်ငံကို ဇီကာပိုးရောက်လျှင် မိမိနိုင်ငံသားက နိုင်ငံခြားမှ သယ်လာလျှင်ဖြစ်စေ၊ နိုင်ငံခြားသားက သယ်လာသည်ဖြစ်စေ အချို့နိုင်ငံများတွင် နိုင်ငံ့လူဦးရေ၏ ၅၀ မှ ၇၀ ရာခိုင်နှုန်းထိ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေနှင့် တွက်ဆမည်ဆိုပါက လူဦးရေ ၂၆ သန်းမှ ၃၇ သန်းကြားကို ရောဂါကူးစက်ခံရမည် ဖြစ်သည်။ ကူးစက်ခံရသူများတွင် ကိုယ်ဝန်ဆောင်မိခင်များပါ ပါဝင်လာမည်ဖြစ်ရာ ၂၀၁၃ ခုနှစ် စာရင်းအရဆိုလျှင် မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကလေးဦးရေ ရှစ်သိန်းသုံးသောင်းကျော် မွေးဖွားသည့်အတွက် ကလေး ၈၃၀ ကျော် ဦးခေါင်းသေးသည့် ကလေးများ မွေးဖွားနိုင်ပြီး ၁၆,၀၀၀ ကျော်မှာ အာရုံကြောပိုင်းဆိုင်ရာ ရောဂါများဖြင့်မွေးဖွားလာနိုင်ကြောင်း ဂျမေကာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံသား ဆရာဝန်ဒေါက်တာတင်အောင်က သုံးသပ်ထားသည်။

၁၉၆၄ ခုနှစ်က မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါမှာ ကပ်ရောဂါအသွင်ဖြင့် စတင်ကူးစက်ခံလာရရာမှ နိုင်ငံတွင်း ခြင်နှိမ်နင်းရေးကို ၁၉၇၈ ခုနှစ်က စတင်ကာ အကြီးအကျယ်လုပ်ဆောင်ခဲ့သည်။

သို့သော်ပြည်သူလူထုထံ ကျန်းမာရေးပညာပေးရာတွင် ကြောက်စရာကောင်းသည့် ခြင်အန္တရာယ်ကို ကွက်ကွက်ကွင်းကွင်းမြင်စေမည့် သရုပ်ပြမှုများပြုလုပ်ရန် လိုအပ်နေဆဲဖြစ်ပြီး ယခုအချိန်ထိ ပညာပေးရမည့်အချိန်များတွင် LCD Projector ၊ ကွန်ပျူတာတို့ကို ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးဘဲ နှုတ်ဖြင့်သာ အသိပေးနိုင်သည့်အတွက်ပညာပေးကဏ္ဍတွင် ထင်သလောက် ထိရောက်မှု မရှိသေးချေ။

"ပညာပေးတဲ့အခါ နည်းလမ်းတွေ လိုအပ်တယ်။ သရုပ်ပြတာလုပ်သင့်တယ်။ ကြောက်လောက်အောင် အသိပညာပေးရမယ်။ ကြောက်လောက်အောင်ပညာပေးရမယ်ဆိုတဲ့နေရာမှာ ရင်ထဲထိရောက်သွားမယ့် နည်းလမ်းတွေနဲ့ပညာပေးရမယ်။ ခုက အိပ်ငိုက်ပြီး ပြန်သွားကြတယ်" ဟု ဒေါက်တာခင်နန်းလုံက မချိတင်ကဲဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုံမြို့နယ်တွင်မူ စက်တင်ဘာလ ၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ဇီကာဗိုင်းရပ်စ် ကာကွယ်ရေးအတွက်ဟုဆိုကာ ရပ်ကွက်များတွင် ခြင်ဆေးများဖျန်းခြင်း၊ အဘိတ်ဆေး (ပိုးလောက်လန်း မပေါက်

စာမျက်နှာ ၃၇ သို့

စာမျက်နှာ ၃၆ | လူသားတို့ အန္တရာယ်အရှိဆုံး အကောင် မှအဆက် ...

ပွားစေရန် ရေတွင်ခပ်သည့်ဆေး) များ ဖြန်းဝေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

"အင်္ဂလန်လို ခြင်မရှိတဲ့ဒေသမှာ ခြင်ရှိလာရင်လည်း နေရာကွက်ကွက်လေးဖြစ်တာမို့ခြင်ဆေးမှုတ်တာဟာ ထိရောက်တယ်။ ဒီတိုင်းပြည် (မြန်မာနိုင်ငံ) မှာ ခြင်ဆေးမှုတ်တာပဲဦးစားပေးတဲ့နည်းက မထိရောက်ဘူး။ တစ်နေရာကခြင်ကို တစ်နေရာကို မောင်းထုတ်သလိုပဲ ဖြစ်နေမှာ၊ နိုင်ငံတကာကမြင်ရင်လည်း ရှက်စရာကောင်းတယ်" ဟု ဒေါက်တာခင်နန်းလုံကဆိုသည်။

ယင်းအပြင် ပြည်သူလူထုများကြား အိမ်တိုင်းကို စစ်ဆေးမည်ဆိုလျှင် ပိုးလောက်လန်းမရှိသည့် အိမ်မရှိဟု ခြင်နှိမ်နင်းရေး ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများကဆိုကြပြီး ပြည်သူကို အသိပညာပေးရမည့် အာဏာပိုင်အဖွဲ့အစည်းများ၏ ရုံးများတွင်ပင် ပိုးလောက်လန်းများကို မြင်တွေ့နေရသေးသည်ဟု သိရသည်။

အာဏာပိုင်အဖွဲ့အစည်းများတွင်ပင် ပိုးလောက်လန်းနှိမ်နင်းရမည့်အသိမရှိကြကြောင်း ပိုးလောက်လန်းသွားရောက်စစ်ဆေးရာတွင် "ပိုးလောက်လန်းနှိမ်နင်းရေးသွားရင် ရယ်စရာလို့သတ်မှတ်ကြတယ်" ဟု ၎င်းကဆိုသည်။

ပိုးလောက်လန်းနှိမ်နင်းမှုများ၏ နောက်ကွယ်တွင် သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသည့် ကလေးငယ်များစွာရှိနေခဲ့ရာ ယခုတစ်ပြန်ဇီကာပိုင်းရပ်စ်ရောဂါမှာ ကမ္ဘာ့နိုင်ငံများအကြား ထပ်မံခေတ်စားလာပြီး အေးဒီးစ်ခြင်ကျားပေါများသည့် မြန်မာနိုင်ငံတွင် ယင်းရောဂါမရှိသေးဟု ဆိုနေခြင်းမှာ ကံကောင်းနေသေးသည်ဟု ဆိုရမည်။

"ဇီကာပိုင်းရပ်စ်က အသက်အန္တရာယ်မရှိဘူး။ ဒါပေမဲ့ လနုတဲ့ကိုယ်ဝန်ဆောင်က ကိုယ်ဝန်နုစဉ်မှာ အဲဒီခြင်ကိုက်ခံရရင် ဦးခေါင်းသေးကလေးမွေးတယ်။ ကိုယ်ဝန်လရင့်သွားတဲ့ နှောင်းပိုင်းဆိုရင်တော့ ပြဿနာမရှိဘူး" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်ကဆိုသည်။

ဇီကာရောဂါ လက္ခဏာများကို ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း စပြသည်။ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်ထွက်ခြင်း၊ မျက်စိနာခြင်း (အဖြစ်များသည်)၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်နာခြင်းတို့ ဖြစ်သည်။ ရောဂါကူးစက်ခံရသူ ငါးဦးတွင် တစ်ဦးသာ လက္ခဏာပြတတ်သည်။

နောက်ဆက်တွဲအနေဖြင့် အာရုံကြောအားနည်းသော ရောဂါများရနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်များတွင် ဦးနှောက်သေး၍ ဉာဏ်ရည်ချို့တဲ့သော ကလေးများ မွေးခြင်းတို့ ဖြစ်ပွားနိုင်သည်။

"လေဆိပ်၊ ရေဆိပ် နယ်စပ်ဝင်ပေါက်တွေက ဖျားတဲ့လူနာကိုစစ်တယ်။ တွေ့တယ်ဆိုတာနဲ့ ဓာတ်ခွဲစစ်ဆေးဖို့ ပို့မယ်။ ခုလောလောဆယ်ထိ သံသယရှိတဲ့ လူနာမတွေ့သေးဘူး" ဟု ဒေါက်တာ သန်းထွန်းအောင်က ဆိုသည်။

မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်းတွင် ဖျားခြင်း၊ ကိုက်ခဲခြင်း၊ မျက်စိနာခြင်း၊ အနီစက်ပေါ်ခြင်းစသည့် လက္ခဏာရှိသူများကို စစ်ဆေးပေးနေရာ အသက်လေးလနှင့် ဆယ်လအရွယ်ကလေးနှစ်ဦးအပါအဝင် လူရှစ်ဦးကို ဇီကာရောဂါ ရှိမရှိစစ်ဆေးပေးခဲ့ရာ နောက်ဆုံးပေါ် လူအများကြား ဂယက်ထခြောက်လန့်နေသည့် ဇီကာရောဂါကို မတွေ့ရသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ထို့ပြင်တာဝန်ရှိသူများက ဇီကာရောဂါကြောင့် အသက်အန္တရာယ်ထိခိုက်မှု မရှိဟုဆိုနေကြပြန်ရာ ပြည်သူလူထုအကြား ခြင်ပေါက်ပွားစေသည့်ပိုးလောက်လန်းနှိမ်နင်းရေးကို ပေ့ါလျော့ကြမဲ့ဖြစ်ဦးမည်မှာ မလွဲပေ။

မည်သို့ပင်ဖြစ်စေ ကလေးငယ်များ အပါအဝင် လူအများ၏ အသက်ကိုခြွေယူလေသော အဓိကတရားခံမှာ သွေးလွန်တုပ်ကွေးနှင့် ချီကန်ဂန်ညာတို့ကို သယ်ဆောင်သည့် အေးဒီးစ်ခြင်ကျားဖြစ်ပြီး ယင်းခြင်မျိုးစိတ်ကပင် ဇီကာရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးများကို သယ်ဆောင်ခြင်းဖြစ် သည်။ ၎င်းမျိုးတုံးစေရန် အကောင်းဆုံး လက်နက်မှာ ခြင်ပေါက်ဖွားမှုမရှိစေရန် ခြင်ပေါက်မည့် ပိုးလောက်လန်းများကို နှိမ်နင်းရန် အဓိကလိုအပ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက တညီတညွတ်တည်း ဆိုကြလေသည်။

ခြင်အကောင်ဖြစ်လာမှ နှိမ်နင်းသည်ထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ရမည့် သဘောဖြစ်သည်။

"ခြင်နှိမ်နင်းရေးမှာ ပိုးလောက်လန်းက အဓိကကျတယ်။ ဒါကို အစိုးရကိုယ်တိုင်တောင် မသိဘူး။ အစိုးရလက်ထက်အဆက်ဆက် ဆေးမှုတ်တာပဲပြတယ်။ ပိုးလောက်လန်းနှိမ်နင်းတာကို အစိုးရကလည်း မထောက်ပံ့ပေးဘူး။ ရောဂါနှိမ်နင်းရေးမှာ ခြင်ဆေးဖျန်းတာထက် ပိုးလောက်လန်းနှိမ်နင်းတာ အဓိကကျတယ်ဆိုတာ ပြည်သူတွေကိုသာမက လွှတ်တော်အမတ်တွေနဲ့ အာဏာပိုင်တွေကိုပါ ပညာပေးရမယ်" ဟု ဒေါက်တာခင်နန်းလုံက ထောက်ပြပြောဆိုသည်။

အိမ်တစ်အိမ်၏ အလေ့အကျင့်တစ်ခုပြောင်းလျှင် အိမ်တွင်းလုံခြုံရေးအတွက် မိဘတွင်တာဝန်ရှိပြီး မိဘက စတင်လုပ်ဆောင်ရသကဲ့သို့ပင် နိုင်ငံ၏ကျန်းမာရေး အသိပြောင်းလဲရန်မှာလည်း တာဝန်ယူထားသည့် အစိုးရတွင် ပိုတာဝန်ရှိနေသည်။

"ကြောက်လောက်အောင် ပညာပေးရမယ်။ ကလေးတွေ အသက်ဆုံးနေတာတွေရှိတယ်။ သေသောသူကြာလျှင် မေ့ဖြစ်သွားတယ်။ ကိုယ့်ကလေးဖြစ်မှ ကိုယ်သိမယ်" ဟု ဒေါက်တာခင်နန်းလုံက ကရုဏာဒေါသောဖြင့် ဆိုလိုက်လေသည်။

ယင်းကြောင့် ကျန်းမာရေးအသိပညာရှိ၍ လိုက်နာကျင့်သုံးရန် ဖင့်လေးနေသည့် ပြည်သူများ အနေနှင့် သွေးလွန်တုပ်ကွေးဖြင့် သေမည်လား၊ ဇီကာရောဂါဖြင့် ဦးနှောက်သေး ဉာဏ်ရည်ချို့တဲ့သည့်ကလေးများ မွေးမည်လား၊ အိမ်တွင်းပုန်း အမှောင်ကြိုက် အေးဒီးစ်ခြင်ကျား ပိုးလောက်လန်းကို သုတ်သင်ရှင်းလင်းမည်လားဟု တွေးဆရတော့မည်ဖြစ်သည်။■

### ခြင်ကြောင့်ဖြစ်သည့်ရောဂါများ မခံစားရလေအောင်

- ပိုးလောက်လန်းပေါက်နိုင်သည့် ရေတင်ကျန်နိုင်သောနေရာများကို သန့်ရှင်းပါ။
- နေအိမ်က ရေအိုးများကို ခြင်ကျားလောက်လန်းသေစေသည့် အဘိတ်ဆေးခပ်ပါ။
- ဘယ်နေရာအိပ်အိပ်၊ ဘယ်သူပဲအိပ်အိပ်၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်နဲ့အိပ်ပါ။
- ထူထဲသောအင်္ကျီ လက်ရှည်၊ ဘောင်းဘီရှည် ဝတ်ပါ။
- နေ့အခါ အလင်းရောင်ရရန် တံခါးများဖွင့်ထားပါ။
- နေအိမ်ကို ခြင်လုံဇကာတပ်ပါ။

# Voice From Abroad

**ယခုကဏ္ဍမှာ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှ ပညာရှင်များ၊ လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာအသီးသီး၏ ရေးသားထုတ်လွှင့်ချက်များကို ဘာသာပြန်ဖော်ပြခြင်းဖြစ်ပြီး The Voice ၏ အာဘော်မဟုတ်ကြောင်း ဖော်ပြလိုပါသည်။**

## ပြည်တွင်းအခြေအနေမှန်ကို သိပ်မသိကြတဲ့ အပြင်ကပုဂ္ဂိုလ်တွေ

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုကို အနီးကပ် ထောက်ခံအားပေးလျက်ရှိသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အနည်းငယ်သာ ပါဝင်ပတ်သက်လိုပုံရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရသစ်၏ တိုးတက်ပြောင်းလဲမှုများကို လာမည့်တစ်ပတ် ဝါရှင်တန်ခရီးစဉ်တွင် ဆွေးနွေးမည်ဖြစ်သည်။ တရုတ်နိုင်ငံမှာမူ မြန်မာနိုင်ငံမြောက်ပိုင်းမှ သူပုန်အုပ်စုများနှင့် ဆက်ဆံမှုမှတ်တမ်းများရှိခဲ့သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှမ်းမိုးပတ်သက်မှုရှိသည်ဟု ယူဆရသည်။ ဥရောပသမဂ္ဂသည် ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများကို အားတက်သရော ထောက်ခံအားပေးခဲ့ပြီး ဆက်လက်ထောက်ပံ့ရန်အတွက် ငြိမ်းချမ်းရေးပူးတွဲရန်ပုံငွေ ဒေါ်လာသန်း ၁၀၀ ကို မနှစ် က မတည်ပေးထားသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာ ထောက်ခံအားပေးနေသော ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အနောက်ဘက်ကမ်းရိုးတမ်းမှ ဗုဒ္ဓဘာသာဝင် ရခိုင်များနှင့် နိုင်ငံမဲ့ မွတ်ဆလင်ဘင်္ဂါလီများအကြားမှ တင်းမာမှုများကိုလည်းဖြေရှင်းရန် ယခုခရီးစဉ်တွင် မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။ ယင်းပြဿနာကို ဖြေရှင်းရန်အတွက် ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်ကို ဖွဲ့စည်းကြောင်း မကြာသေးမီက ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့သည်။ မြန်မာနိုင်ငံသည် ဘင်္ဂါလီများအပေါ် ခွဲခြားဆက်ဆံမှုကြောင့် နိုင်ငံတကာတွင် ပြစ်တင်ဝေဖန်ခြင်းကို ခံနေရသော်လည်းအခြေအနေမှန်ကို အပြင်လူများ နားမလည်ဟု ယခင်က တုံ့ပြန်ခဲ့သည်။ ကိုဖီအာနန်ကော်မရှင်၏ အကြံပေးမှုများသည် ပြည်တွင်းမှ ဒေသခံအများစု၏ လက်ခံမှုကို မရနိုင်သော်လည်း အစိုးရအား အကြံသစ်ဉာဏ်သစ်များအတွက် လမ်းဖွင့်ပေးနိုင်ဖွယ်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလက အာဏာရရှိလာပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မှန်ကန်သောပုံသဏ္ဌာန်ဖြင့် ပြန်လည်စတင်နိုင်ရန် မြန်မြန်ဆန်ဆန်လုပ်ဆောင်ခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်နှင့် လမ်းညွှန်မြေပုံကိုချမှတ်ခဲ့သည်။ ယခင်အစိုးရလက်ထက်က အပစ်အခတ်ရပ်စဲရေးစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အုပ်စု ရှစ်ဖွဲ့က လက်မှတ်ထိုးခဲ့သော်လည်း ကေအိုင်အေအပါအဝင် ခုနစ်ဖွဲ့က လက်မှတ်မထိုးခဲ့ကြပေ။ လက်မှတ်မထိုးသော ခုနစ်ဖွဲ့သည် မနှစ်က စာချုပ်ပါ နိုင်ငံရေးစည်းကမ်းချက်များကို လက်ခံရေးနှင့် ပတ်သက်၍ အစိုးရ၊ တပ်မတော်တို့နှင့် ညှိနှိုင်းမည်ဟု မျှော်လင့်ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေခြင်း၊ မတည်ငြိမ်ခြင်း၊ ဥပဒေစိုးမိုးမှုမရှိခြင်းတို့၏ အခြေခံအကြောင်းရင်းမှာ ပြည်တွင်းစစ်ပဋိပက္ခဖြစ်ကြောင်း သိရှိနားလည်သည့်အတွက် လူစုံတက်စုံပါဝင်သော အားလုံးသက်ဆိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် တိုင်းရင်းသားပဋိပက္ခကို မြန်နိုင်သမျှ မြန်မြန်ဖြေရှင်းရေးသည် သူမ၏အစိုးရသစ်အတွက် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း အကြိမ်ကြိမ်ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ညီလာခံမတိုင်မီတွင် တပ်မတော်က တအောင်း၊ ရခိုင်၊ ကိုးကန့် လက်နက်ကိုင် သုံးဖွဲ့အား လက်နက်ချရန် ဆက်လက်တောင်းဆိုခဲ့ပြီး ယင်းရပ်တည်ချက်ကို NLD အစိုးရက သဘောတူလက်ခံလိုက်သောအခါ တပ်မတော်၏ အာဏာဆုပ်ကိုင်ထားမှု ပေါ်လွင်သွားခဲ့သည်။ ယင်းအုပ်စုသုံးဖွဲ့က လက်နက်စွန့်ရန် ငြင်းပယ်ခဲ့ရာ ညီလာခံတက်ရောက်ခွင့်မရခဲ့ကြဘဲ ၎င်းတို့ အဖွဲ့ဝင်အဖြစ် ပါဝင်နေသော UNFC တပ်ပေါင်းစုအတွက် စိတ်ပျက်စရာဖြစ်ခဲ့ရသည်။ နယ်သာလန်အခြေစိုက် Transnational Institute မှ မြန်မာ့ရေးရာကျွမ်းကျင်သူ တွမ်ခရမ်မာကလည်း 'ဒီသုံးဖွဲ့မပါတာဟာ NLD ဦးဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အခက်တွေ့မယ့် လက္ခဏာဖြစ်ပါတယ်။ သူပုန်အုပ်စုအားလုံးဟာ မဟာမိတ်တွေပါ။ တချို့နဲ့ အပစ်ရပ်ပြီး တချို့နဲ့ ဆက်တိုက်နေလို့ဖြစ်မလား။ ဒီသုံးဖွဲ့ကို ဖယ်ထားရင် ဆိုးဝါးတဲ့ နိုင်ငံရေးနဲ့ စစ်ရေးဆိုင်ရာ အကျိုးဆက်တွေ ဖြစ်လာနိုင်ပါတယ်" ဟု သုံးသပ်ပြောဆိုသည်။ ■

**(Foreign Policy ၏ Can Suu Kyi End the Civil War in Myanmar မှ ကောက်နုတ်ချက်)**

---

## ပိတ်ဆို့မှုတွေအားလုံး အိုဘားမားဖယ်ရှားပေးတော့မှာလား

ယခုနောက်ဆုံး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဝါရှင်တန်ခရီးစဉ်သည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းအနေနှင့် ကြိုးပမ်းလုပ်ဆောင်နေပါသည်ဟူသော အချက်ကိုပေါ်လွင်စေမည့် ခရီးစဉ်ပင်ဖြစ်သည်။ ဗုဒ္ဓဟူးနေ့တွင် သမ္မတအိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အိမ်ဖြူတော်တွင်တွေ့ဆုံရာ၌ ကျန်ရှိနေသော ပိတ်ဆို့အရေးယူမှုအချို့အပြီးအပိုင်ရုပ်သိမ်းပေးရေးအတွက် ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အနေနှင့် မြန်မာပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေးအတွက် အမေရိကန်စီးပွားရေးအသိုင်းအဝိုင်းကြီးတစ်ခုလုံးကို ဆွဲဆောင်လိမ့်မည်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် စစ်တပ်က တိုင်းရင်းသားလူနည်းစုဒေသများတွင် အခွင့်အရေးချိုးဖောက်မှုများ ဆက်လုပ်နေသေးသောကြောင့် ပိတ်ဆို့အရေးယူမှုအချို့ကို ဆက်လက်ထားရှိစေလိုသည်ဟု လူ့အခွင့်အရေးအုပ်စုများက အခိုင်အမာပြောဆိုဆော်ဩလျက်ပင်ရှိသည်။ ■

**(AP သတင်းဌာန၏ Sanctions relief on agenda as Myanmar's Suu Kyi meets Obama မှ ကောက်နုတ်ချက်)**

စာမျက်နှာ ၂၄ | မန်းစည်ပင်ကော်မတီဝင်လောင်း ပြိုင်ပွဲ မှအဆက် ...

မဲဆွယ်စည်းရုံးမည့် အစီအစဉ်များကို သက်ဆိုင်ရာ မြို့နယ်ထွေအုပ်ရုံးသို့ တင်ပြရန်၊ စုဝေးဟောပြောမည့် အစီအစဉ်နှင့် စီတန်းလှည့်လည်မည့် အစီအစဉ်ကို ခွဲခြားတင်ပြရန်၊ အသံချဲ့စက်အသုံးပြုခွင့်ကို သက်ဆိုင်ရာ ရပ်ကျေး အုပ်ချုပ်ရေးမှူးများထံမှ ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန် စသည်ဖြင့် ထုတ်ပြန်ခဲ့သည်။

## မဲ ဘယ်လိုပေးရမလဲ

ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်က အရေးကြီးသည်။ တရားဝင်အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) ဖြင့် နေထိုင်သည့် အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲပေးပိုင်ခွင့်ရှိပြီး နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်သည်။

ယင်းအတွက် တောင်းဆိုလွှာပုံစံ(၂)ကိုသက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် တောင်းယူရမည်ဟု ကော်မရှင်ကကြေညာထားသည်။

ယင်းသို့ တောင်းယူဖြည့်စွက်ပြီး မဲဆန္ဒရှင် အမည်စာရင်း ပုံစံ (၃) တွင်ပါရှိရမည်ဖြစ်ပြီး စက်တင်ဘာလ ၂၅ ရက်တွင် ပြုလုပ်မည့် စည်ပင် ရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲရုံများထံ လာရောက်၍ မဲပေးကြရမည် ဖြစ်သည်။ မဲပေးရာတွင် မဲပေးလိုသည့် ကော်မတီဝင်လောင်း၏ အမည် တည့်တည့်လေးထောင့်ကွက်ထဲတွင် အမှန်ခြစ်အမှတ်အသားကို ဘောပင်ဖြင့် ထင်ရှားစွာရေးခြစ်ရမည်ဖြစ်ပြီး တစ်ဦးထက်ပို၍ မဲပေး၍ မရချေ။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က မိမိတို့နှင့် ငါးနှစ်တာလက်တွဲ လုပ်ဆောင်ရမည့် ကော်မတီဝင်များသည် ဒေသချစ်စိတ်၊ အများအကျိုး ဆောင်ရွက်လိုစိတ်တို့ ရှိရန်လိုအပ်ကြောင်း ပြောဆိုထားသည်။

ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ကို စက်တင်ဘာလ ၇ ရက်မှ ၂၃ ရက်နေ့ထိ ခွင့်ပြုပေးခဲ့ပြီး စက်တင်ဘာလ ၂၅ ရက် (တနင်္ဂနွေနေ့) တွင် ရွေးကောက်ပွဲကျင်းပမည် ဖြစ်သည်။

လက်ရှိအချိန်တွင် ကော်မတီဝင် လောင်းများအနေဖြင့် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးခြင်းများပြုလုပ်နေကြပြီး ၎င်းတို့အနေနှင့် ရွေးချယ်ခံခဲ့ရလျှင် လူထုကို ပြောခဲ့သည့် ကတိစကားများတည်ရန် လိုအပ်သည်ဟု မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်နေ ဦးကျော်ကျော်စိုးက မန္တလေး ပြည်သူများကိုယ်စား ပြောဆိုလေသည်။ ■

စာမျက်နှာ ၁၈ | ရခိုင်ပြဿနာနှင့် ရာဇပလ္လင် မှအဆက် ...

(၁) ပြည်သူ့ဆန္ဒနဲ့ မိမိဆန္ဒကို တစ်ထပ်ထဲဖြစ်အောင် မိမိစိတ်ကို မိမိပြုပြင်ရပါမယ်။

(၂) ဒီနေ့စစ်တပ်ကို ပြည်သူတွေက အခွင့်ရေးတွေ ပိုယူထားတဲ့ အဖွဲ့အစည်းလို့ မြင်နေကြပါတယ်။

ဘာကြောင့်လဲ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အရေးတွေအများကြီး ပိုပေးထားတဲ့အတွက်ကြောင့်ပါပဲ။ မှန်ပါတယ်။

ဒီပြဿနာနဲ့ပတ်သက်ပြီး ဦးစီးချုပ်အနေနဲ့ ပြည်သူကို ရှင်းပြပါ။

* ဒီ ၂၀၀၈ ဥပဒေအရ တပ်ကိုအထူးပေးထားတဲ့အခွင့်အရေးတွေကို နိုင်ငံအတွက် ... အဲ ... ပြည်သူ့အကျိုးစီးပွားအတွက် မသုံးမဖြစ်တဲ့ အခြေအနေ အချိန်အခါမျိုးမှလွဲပြီး ဘယ်တော့မှ ကျွန်တော်မသုံးဘူး။ ငါတို့ ပြည်သူနဲ့ တန်းတူအခွင့်အရေးပဲ ယူမယ်။ ပိုမယူဘူး။

* ဦးသန်းရွှေခေတ်က ဒီဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို ရေးဆွဲသွားခဲ့တာ စစ်အာဏာရှင်စနစ်က ဒီမိုကရေစီစနစ်ကို ပြောင်းလဲတဲ့ဆီမှာ ထွက်ပေါက် ... အင်္ဂလိပ်လိုတော့ ... Egress ... အဖြစ် သုံးခဲ့တာ။

ခင်ဗျားတို့ ဘာမှမပူနဲ့။ စစ်တပ်ဟာ ပြည်သူလူထုအထဲက ပြည်သူပဲ။ ပြည်သူ့သဘော ပြည်သူ့ဆန္ဒနဲ့ ဘယ်တော့မှ မဆန့်ကျင်ဘူး။ ပထမဆုံး ၂၁ ပင်လုံညီလာခံကိုသာ အောင်မြင်အောင် လုပ်ကြပါဦး။

အားလုံးလက်ခံနိုင်တဲ့ ဖက်ဒရယ်မူတစ်ခုကိုသာ ရအောင်ရှာကြပါ။ ညှိနှိုင်းကြပါ။

ဒီလိုသာပြောဝံ့ရင် စစ်တပ်အပေါ် လူထုအမြင် ချက်ချင်းပြောင်းသွားပါလိမ့်မယ်။

*** ဒီနေ့ NLD အစိုးရမှာ အခက်အခဲအမျိုးမျိုး ရှိနေပါတယ်။ ဒီနေ့နိုင်ငံရဲ့ စီးပွားရေးက အီနေပါတယ်။ အုပ်ချုပ်ရေးစနစ်ကလည်း လမ်းဟောင်းအပြင်ကို မထွက်နိုင်သေးပါဘူး။**

**ပြည်သူ့အားကို အများကြီးလိုသလို တပ်မတော်အားကိုလည်း အများကြီးလိုနေပါတယ်။**

**ဒေါ်အောင်ဆန်းစုကြည်ကို မိမိအစ်မအရင်းသဖွယ် သဘောထားပြီး သူမရဲ့အခက်အခဲတွေကို မိမိတတ်စွမ်းသမျှ အကူညီပေးလိုက်ပါ။ သူ့လူတွေ အောင်မြင်အောင် မလုပ်နိုင်တာတွေကို မိမိအောင်မြင်အောင် လုပ်ပြပါ။**

**ပြည်သူတစ်ရပ်လုံးရဲ့မေတ္တာ ချက်ချင်း မိမိအပေါ် သက်ရောက်လာပါလိမ့်မယ်။ လူထုခေါင်းဆောင် အလိုလိုဖြစ်သွားပါလိမ့်မယ်။ ■**

**ဦးလှဝင်း (လေသူရဲတစ်ဦး) ၈-၉-၂၀၁၆**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ဝင်ရောက်အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများစာရင်း

**အောင်မြေသာစံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၅ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးခင်မောင်ထွေး(ခ) ကိုသဲ | ၄၁ နှစ် | အုပ်ချုပ်မှုဒါရိုက်တာ၊ မန်းမြင့်မိုရ်ဟိုတိန်း ကုမ္ပဏီ |
| ၂။ | ဦးခိုင်မြင့်(ခ) ဦးမောင်မောင် | ၃၉ နှစ် | ရွှေကုန်သည်၊ ပန်းဥယျာဉ်၊ မြို့ပြအင်ဂျင်နီယာ |
| ၃။ | ဦးနေလင်း | ၄၉ နှစ် | အရောင်းအဝယ် |
| ၄။ | ဦးဖြိုးဝေသက်(ခ) ဆရာဖြိုး | ၄၁ နှစ် | ကျူရှင်ဆရာ၊ GEC နေ့အထူး |
| ၅။ | ဒေါ်သင်းသင်းအောင် | ၄၃ နှစ် | အထက်တန်းရှေ့နေ |

**ချမ်းအေးသာစံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၆ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးကျော်ဇေယျ | ၃၇ နှစ် | အိမ်ရှင်မ ငံပြာရည် |
| ၂။ | ဦးကျော်မြင့်ဦး(ခ) ဗိုလ်ဝက်ဖြူ | ၅၃ နှစ် | ကုန်သည် |
| ၃။ | ဦးခင်မောင်ကျော် | ၆၃ နှစ် | လ/ထညွှန်မှူး(အင်/ယာ)(ငြိမ်း)(MCDC) မန်းနေဂျင်းဒါရိုက်တာ၊ 'ကျော်' ရွှေမြန်မာကုမ္ပဏီ |
| ၄။ | ဦးစန်းမြင့် | ၇၁ နှစ် | ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) |
| ၅။ | ဦးဇော်ဟိန်း | ၅၈ နှစ် | AZA Construction |
| ၆။ | ဦးအောင်ငွေး | ၄၅ နှစ် | လုံးခင်းတည်းခိုခန်းနှင့် အောင်ချမ်းသာ စတိုး |

**မဟာအောင်မြေမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၃) မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၁၂ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးကျော်ဇောအောင် | ၃၉ နှစ် | ကျောက်စိမ်းကျောက်မျက် ရောင်းဝယ်ရေး |
| ၂။ | ဦးခင်မောင်ထွန်း | ၄၂ နှစ် | အမေရိကန်ကြက်သားထုတ်လုပ်ရေး |
| ၃။ | ဦးဇော်မောင်မြင့်(ခ) ကိုဇော် | ၃၈ နှစ် | ရတီ အထည်ချုပ်နှင့် STS Advertising Service Co., Ltd. |
| ၄။ | ဦးဇော်ဝိတ် | ၅၀ နှစ် | တရားလွှတ်တော်ရှေ့နေ |
| ၅။ | ဦးရွှေဝင်း | ၅၉ နှစ် | သီရိရွှေရည် စိန်ရွှေရတနာဆိုင် |
| ၆။ | ဦးနှင်းထွဋ်အောင် | ၃၈ နှစ် | ဝင်း အဆင့်မြင့်ပုဇွန်၊ ငါးပိရောင်းဝယ်ရေးနှင့် နေလ စတီးလ် အိမ်သုံးပစ္စည်း ရောင်းဝယ်ရေး |
| ၇။ | ဦးဖုန်းမြင့်ကျော် | ၃၆ နှစ် | ပေါက်ကျိုင်း ဒန်အိုးစက်နှင့် ရောင်းဝယ်ရေး |
| ၈။ | ဦးမျိုးဇော်ထွေး | ၃၁ နှစ် | အရောင်းအဝယ် |
| ၉။ | ဒေါက်တာမောင်မောင်ဝင်း | ၆၁ နှစ် | ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မုံရွာစီးပွားရေးတက္ကသိုလ် |
| ၁၀။ | ဦးလှစိုး | ၅၁ နှစ် | ကားပြုပြင်၊ ကားရောင်း/ဝယ် |
| ၁၁။ | ဦးလှထွန်း | ၅၆ နှစ် | ဖုန်းပစ္စည်း ရောင်းဝယ်ရေး |
| ၁၂ | ဦးအောင်ကိုကိုသိန်းဝင်း | ၃၅ နှစ် | Diamond Baby(1) Store နှင့် DB Mobile |

**ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၄) မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၆ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးကျော်ကိုကိုဦး | ၄၂ နှစ် | ရွှေသစ္စာ ပညာရေးဝန်ဆောင်မှုလုပ်ငန်း |
| ၂။ | ဦးဇော်မျိုးလွင်(ခ) ကိုမိုး | ၄၄ နှစ် | ရွှေပြည်မြန်မာ အုတ်၊ထုံး၊ သဲ၊ ကျောက် ရောင်းဝယ်ရေး |
| ၃။ | ဦးတင်မောင်မောင် | ၄၇ နှစ် | အင်ဂျင်နီယာ |
| ၄။ | ဦးထက်အောင်မျိုး | ၃၃ နှစ် | မန်နေဂျာ၊ မန္တလာဦး ကုမ္ပဏီ |
| ၅။ | ဦးမောင်ညို(ခ) ဦးမောင်မောင်ညို | ၅၆ နှစ် | တရားလွှတ်တော်ရှေ့နေ |
| ၆။ | ဦးအောင်နိုင်စိုး | ၄၂ နှစ် | အုပ်ချုပ်ရေးမှူး၊ MIA Private High School |

**ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၅) မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၃ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးကျော်မြင့်ဝေ | ၅၂ နှစ် | အရောင်းအဝယ် |
| ၂။ | ဦးစောဟန် | ၃၇ နှစ် | တရားလွှတ်တော် ရှေ့နေ |
| ၃။ | ဦးတင်မောင်အေး | ၅၉ နှစ် | ကျောင်းဆရာ(ငြိမ်း) |

**အမရပူရမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၆) မှ ယှဉ်ပြိုင်မည့် ကော်မတီဝင်လောင်း ၃ ဦး**

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးကိုကိုဇော်(ခ) ဦးဇော်ဝမ်း | ၄၅ နှစ် | ဇော် ရုပ်သေးနှင့် ရွှေချည်ထိုးလုပ်ငန်း |
| ၂။ | ဒေါက်တာကျော်သက်နိုင် | ၄၅ နှစ် | ရွှေမြန်မာ ထောပတ် |
| ၃။ | ဦးရဲမွန် | ၃၆ နှစ် | ဆင်မင်း အထည်စက်နှင့် စိန်ဆင်မင်း အထည်ဆိုင် |

**မှတ်ချက်။ ။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကားထားပါသည်။ ကိုယ်စားလှယ်လောင်းများစာရင်းကို အက္ခရာအလိုက် စီထားခြင်းဖြစ်သည်။**

# လူတစ်ဦး၏ ကမ္ဘာကြီးအပေါ် သဘောထားအမြင်

## ဥရောပ

ကောင်းထက်ဝင်း(ရန်ကုန်တက္ကသိုလ်)

### ဆုတ်ယုတ်ကျဆင်းနေမှုနှင့် မညီမညာသဘောထားကွဲမှု

၂၀၁၃ ခုနှစ်ဇွန်လအနေအထားအရ ယူရိုအသိုက်အဝန်းသည် ပြဿနာကို ငွေအလုံအလောက်သုံးဖြေရှင်းနည်းဖြင့် ကပ်ဘေးကိုရှောင်ခဲ့ပြီးပါပြီ။ သို့သော် အစိုးရအဖွဲ့ ၁၇ ဖွဲ့အနေနှင့် ဘဏ္ဍာရေးအရ မပေါင်းစည်းဘဲ ငွေကြေးအရ ပေါင်းစည်းထားသော ယူရိုအစီအစဉ်အတွင်းရှိအခြေခံ ဝိရောဓိကို ကိုင်တွယ်ဖြေရှင်းရန် ဘာလုပ်ရမည်ဆိုသည့် ပိုမိုခက်ခဲသော ပြဿနာကို မလွှဲရှောင်ဘဲ ရင်ဆိုင်ဖို့လိုအပ်ပါသည်။ ဤ ဝိရောဓိကို အချိန်အတော်ကြာသည်အထိ ရွှေ့ထားဖို့ သူတို့ကြိုးစားကောင်း ကြိုးစားကြမည်။ သို့သော် ထိုကဲ့သို့ အကန့်အသတ်မရှိရွှေ့ဆိုင်း၍မရကြောင်း၊ သို့မဟုတ် လျှင် သမိုင်းက သူ့ဘာသာ ထပ်ကျော့ပြီး အခြားအကျပ်အတည်းတစ်ခုပေါ်လာမည်ဖြစ်ကြောင်း သူတို့သိကြသည်။ ပိုကြီးမားသော ကူညီဆယ်မငွေများလိုသော ထိုအကျပ်အတည်းအတွက် အခြားရွေးချယ်စရာ ဘာမျှမရှိတော့လျှင် ဂျာမန်များက ဘဏ္ဍာရေးအရ တာဝန်ယူဖြေရှင်းရမည်မှာ သေချာသလောက်ဖြစ်ပါသည်။ အထူးသဖြင့် အနာဂတ်ကာလတစ်ချိန်ချိန်တွင် မဲဆန္ဒရှင်များ၏ စိတ်ထဲတွင် ကြွေးမြီအကျပ်အတည်း၏ စိတ်ဆင်းရဲရမှုနှင့် ထိတ်ထိတ်ပျာပျာဖြစ်မှုတို့ကို အမှတ်ရနေခြင်းက မေးမှိန်သွားသောကြောင့် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ဖို့ နိုင်ငံရေးဆန္ဒကလည်း အားနည်းသွားစရာအကြောင်းရှိသည်။ သို့ဖြစ်ရကား ချက်ချင်းအရေးယူဆောင်ရွက်ရေးမှာ ကြန့်ကြာဖင့်နွှေးမှုထက် အလွန်တရာ သာလွန်ကောင်းမွန်ပေသည်။

ကံမကောင်း အကြောင်းမလှစွာပင် လက်ရှိရွေးချယ်စရာများထဲက တစ်ခုမျှ လွယ်ကူသည့်အရာများမဟုတ်ကြ။ မြင်သာသည့်အဖြေမှာ ဥရောပသားများအနေနှင့် ဘဏ္ဍာရေးအရ ပူးပေါင်းမှုကိုလက်သင့်ခံကြရန်ပင်ဖြစ်သည်။ ဥရောပဗဟိုဘဏ်က ဖက်ဒရယ်ဗဟိုဘဏ်ဖြစ်လာပြီး ဘဏ္ဍာရေးဝန်ကြီးပေါင်းစုံအစား ယူရိုဇုန်နိုင်ငံအားလုံး၏ ဘတ်ဂျက်ကို ကြီးကြပ်ဖို့ ဘဏ္ဍာရေးဝန်ကြီးတစ်ဦးသာရှိလာမည်။ ဤအဖြေသည် ဥရောပသမဂ္ဂကို အလွန်လိုလားသူများက သတ်မှတ်ကြသည့် 'အစဉ်ပိုရင်းနှီးမှုရှိသော သမဂ္ဂ' ဆီဦးတည်သောခြွမ်းဆောင်မှုတစ်ခုဖြစ်ပါလိမ့်မည်။ ထို့ပြင် ယူရိုဇုန်ကို အမေရိကန်ပြည်ထောင်စုနှင့် ပို၍ ပို၍




တူလာစေပါလိမ့်မည်။ ဤသို့ ဖြစ်လာပါ့မလား။ မဲဆန္ဒရှင်များက သူတို့နိုင်ငံ၏ ဘတ်ဂျက်ဆိုင်ရာ ပါဝါတွေထဲမှ အရေးပါသော အစိတ်အပိုင်းတစ်ခုကို ဗဟိုအာဏာပိုင်အဖွဲ့တစ်ဖွဲ့အား လိုလိုလားလား လွှဲအပ်ပေးပါ့မလား။ နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် တရားမျှတပြီး တစ်ချိန်တည်းမှာပင် ယူရိုဇုန်တစ်ခုလုံးအတွက် အကျိုးရှိသော အခွန်ကောက်ခံရေးနှင့် ငွေကြေးသုံးစွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ဖို့ ထိုအာဏာပိုင်အဖွဲ့အား ယုံကြည်စိတ်ချရပ့ါမလား။ ဖြစ်နိုင်ခြေက ရေးရေးမျှသာရှိရာ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ထိုသို့ဖြစ်ပေါ်နေသည်ကိုကျွန်တော် မမြင်မိပါ။ သို့သော် အကယ်၍ ဖြစ်ကိုဖြစ်လာသည်ဆိုပါက အဘက်ဘက်မှ ခြုံကြည့်လျှင် ထိုအဖြစ်မှာ ကျန်တစ်ကမ္ဘာလုံးအတွက် အကောင်းဆုံးရလဒ်ဖြစ်မည်မှာ သေချာသလောက်ပါ။

ဖြစ်နိုင်စရာ ပိုရှိသော်လည်း လိုလားဖို့မကောင်းလှသောအဖြေမှာ ခွဲထွက်ခြင်း၊ သီးခြားငွေကြေးစနစ်များဆီ ပြန်လှည့်ခြင်းပင်ဖြစ်သည်။ ပါဝင်ပတ်သက်သူအားလုံးကို စိတ်မချမ်းမြေ့စေ၊ စိတ်ရှုပ်ထွေးစေပါလိမ့်မည်။ ခင်ဗျားက ဂရိလူမျိုးတစ်ယောက် သို့မဟုတ် ပေါ်တူဂီလူမျိုးတစ်ယောက် သို့မဟုတ် စပိန်လူမျိုးတစ်ယောက်ဖြစ်ပြီး ယူရိုငွေကြေးဖြင့် ခင်ဗျားငွေချေးယူထားခဲ့သည်။ ယခု ခင်ဗျားယူရိုငွေကြေးဖြင့်ပြန်ဆပ်ရမည်။ သို့သော် မည်သည့်ငွေလဲနှုန်းနှင့်လဲ။ ယူရိုဇုန်ထဲ မပေါင်းခင်က ငွေလဲနှုန်းဟောင်းနှင့်လား။ သို့မဟုတ် စိတ်ကူးပေါက်သလို သတ်မှတ်ထားသည့် ငွေလဲနှုန်းနှင့်လား။ ခွဲထွက်ခြင်းသည် ရှုပ်ထွေးပြီး တန်ဖိုးကြီးပါလိမ့်မည်။ ထိုဖြစ်ရပ်မျိုး အစပျိုးစမှာပင် ဘဏ်တွင် အပြေးအလွှားငွေထုတ်ယူမှုပေါ်ပေါက်လာခြင်းဆိုသည့် ကြီးမားသော အန္တရာယ်က ရှိနေပါသည်။ နေ့ချင်းညချင်း သူတို့ စုဆောင်းငွေများကို သေချာပေါက် တန်ဖိုးများစွာချထားသော ငွေကြေးအသစ်တစ်မျိုးနှင့် အတင်းအကျပ်ဖလှယ်ပေးလိုက်မည်ကိုစိုးရိမ်မှုဖြင့် ယူရိုငွေကြေးနှင့်စုဆောင်းထားငွေများကို ထုတ်ယူရန် သာမန်ပြည်သူများအား ကောလာဟလများက လှုံ့ဆော်ပေးလိုက်သောကြောင့်ဖြစ်သည်။ မသေချာမရေရာမှုက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း နှောက်တွန့်စေပါလိမ့်မည်၊ နှောင့်နှေးကြန့်ကြာမှုမကောင်းပုံအတွက် အခြားအကြောင်းပြချက်တစ်ရပ်ဖြစ်ပါသည်။ ယူရိုဇုန်ပြင်ပမှ တိုင်းပြည်များ အထူးသဖြင့် တရုတ်အပါအဝင်ဥရောပသို့အကြီးအကျယ်ကုန်ပစ္စည်းတင်ပို့နေသော တိုင်းပြည်များအတွက်လည်း ဤအချက်ကအတော်အတန်စီးပွားရေးကမောက်ကမဖြစ်မည့်အဓိပ္ပာယ်ဆောင်ပါသည်။ ကမောက်ကမဖြစ်နေသည့်ကာလနောက်ပိုင်းတွင် ကုန်သွယ်မှုပြန်လည်စတင်ပြီး အခြေအနေတွေက နောက်ဆုံးတွင် ငြိမ်သွားမည်ဖြစ်သော်လည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမှာ အကျိုးဆက်အရ အခိုက်အတန့်တော့ နှေးကွေးကျဆင်းသွားစရာအကြောင်းရှိပါသည်။

လုံးလုံးလျားလျား ခွဲထွက်ခြင်းနှင့် အပြည့်အဝပေါင်းစည်းခြင်းအကြားက တတိယအဖြေတစ်မျိုးရှိပါသေးသည်၊တစ်စိတ်တစ်ပိုင်းခွဲထွက်ခြင်းပါ။ ဤအမျိုးအစားအောက်တွင် အနာဂတ်ဖြစ်နိုင်ခြေမျိုးစုံရှိနေပါသည်။ ငွေကြေးစနစ်တစ်မျိုး၊ သို့မဟုတ် နှစ်မျိုးကို ဖွဲ့ထုတ်ရုံမျှဖြင့် ပကတိနီးပါး ဆက်လက်ရှင်သန်သည့် ယူရိုမှသည် တစ်နည်းမဟုတ် တစ်နည်း ထိခိုက်သော နိုင်ငံအများစုအထိ ရှိကောင်းရှိနိုင်ပါသည်။ နိုင်ငံအချို့က တစ်ကိုယ်တော်စွန့်စားခြင်းနှင့် ကျန်အခြားနိုင်ငံများက အသိုက်အဝန်းအသစ် နှစ်ခု သို့မဟုတ် သုံးခုများအကြား ရွေးချယ်ရခြင်းတို့ ရှိကောင်းရှိနိုင်ပါသည်။ ဤအနေအထားကိုပညာရှင်များက နှစ်လွှာဆင့်ထားသော သို့မဟုတ် သုံးလွှာဆင့်ထားသော ဥရောပဟု သမုတ်ကြသည်။ အလွှာအသီးသီးမှာ မတူညီသော အရှိန်တစ်ခုစီဖြင့် သွားနေကြမည်သာ။ ဤနေရာတွင် အဓိကကျသည့်မေးခွန်းတစ်ခုရှိနေပါသည်။ ကြီးမားသည့်ဗဟိုမှ ခွာထွက်အားရှိနေစေကာမူ သူ့မှာ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းရှိလာသောအခါ အတော်အသင့် တစ်သားတည်းဖြစ်အောင် စည်းလုံးပေးနိုင်သော ဥရောပအချက်အချာ မဏ္ဍိုင်တစ်ခုက ရှိကောရှိပ့ါမလား။ တစ်ခုရှိနေသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဤမဏ္ဍိုင်မျိုးကို အစုထဲတွင် ကြိုးစားအားထုတ်မှုအရှိဆုံး ဂျာမနီက ဦးဆောင်မည်မှာ ရှင်းနေပါသည်။ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် လူဇင်ဘတ်တို့ပါဝင်ပါလိမ့်မည်။ ပြင်သစ်တွေသည် ဂျာမန်တွေကဲ့သို့ စည်းနှင့်ကမ်းနှင့် ကျင့်သားရလာကြလိမ့်မည်ဟု ကျွန်တော်မထင်မိပါ။ သူတို့က ဒုတိယအလွှာတစ်ခု၏ မဏ္ဍိုင်ကိုဖွဲ့စည်းထူထောင်မည့် အလားအလာပိုရှိပါသည်။

သူ့အသိုက်အဝန်းအတွင်း စစ်ပွဲဆိုသည်မှာ ယခုအခါ စိတ်ကူးကြည့်၍မရဘဲ ငြိမ်းချမ်းရေးကသာ အမှန်ပင် လွှမ်းခြုံပျံ့နှံ့နေရကား ယူရိုကို ထိုမှတစ်ဆင့် တက်ပြီး ဥရောပယူနီယံကိုအောင်မြင်သည်ဟု ယူဆသင့်ကြောင်း အချို့က ဆင်ခြေပေးတင်ပြကောင်း တင်ပြကြပါလိမ့်မည်။ သို့သော် တစ်ဦးတစ်ယောက်အနေနှင့်လည်း ငြိမ်းချမ်းရေးမှာ အခြားအကြောင်းရင်းခံများ၏ ရလဒ်တစ်ခုပါဟု အလွယ်တကူ ငြင်းချက်ထုတ်လို့ရပါသည်။ ဆိုဗီယက်ယူနီယံ ပြိုကျသွားမှု၏ နောက်ဆက်တွဲဖြစ်ရပ်များက ဖော်ပြနေသည်မှာ ကြိုမြင်ရသည့်အနာဂတ်ကာလအတွင်း အနောက်နှင့် စစ်ရေးအရ ရင်ဆိုင်ယှဉ်ပြိုင်ခြင်းကို ရုရှားက စိတ်မဝင်စားတော့ပါ။ သည့်အတွက် သူ၏ ကာယ၊ ဉာဏ ကြိုးပမ်းအားထုတ်မှုများကိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်မှန်ကန်ကန်စူးစိုက်ထားပြီး (ထို့ပြင် ဆက်လက်စူးစိုက်ထားမည်) ဖြစ်ပေသည်။ ထို့ပြင် နေတိုးမဟုတ်သည့် အင်အားကြီးနိုင်ငံများက စတင်သည့်ဖြစ်နိုင်စရာ မည်သည့်စစ်ရေးလှုပ်ရှားမှုကိုမဆို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့အစည်းပုံစံဖြင့် လုံခြုံရေးအာမခံချက် အမေရိကန်တွေပေးထားသည်က လက်တွေ့မကျသလို ဖြစ်နေသည်။ ဤအသိုက်အဝန်းအတွင်းတွင် ကမ္ဘာစစ်ကြီးနှစ်ပွဲ၌ နှစ်ကြိမ်ရှုံးထားပြီးဖြစ်သော ဂျာမန်များသည် နောက်ထပ်စစ်ပွဲတစ်ပွဲကို အစပျိုးစရာအကြောင်း လုံးဝမရှိပါ။ သူတို့စစ်ကိုစိတ်ကုန်နေကြပြီ။ သူတို့၏ အေးအေးဆေးဆေး သာသောင့်သာယာဘဝများနှင့်သာ ခရီးဆက်ချင်ကြတော့သည်။ ဤအကြောင်းကြောင့်ပင် တစ်ပါးသူတို့ကို ကြိုးစားပြီး အကျိုးဆောင်ဖို့အပြင်းအထန်အားထုတ်နေကြခြင်းဖြစ်သည်။

နောက်ဆုံးတွင် ယူရို၏မှတ်တမ်းကို နောင်လာနောင်သားတို့က အလွန်ညံ့သည့်မှတ်တမ်းအဖြစ် ရှုမြင်ကြပါလိမ့်မည်။ ထို့ပြင် တစ်ခုတည်းသော ငွေကြေးစနစ်အစီအစဉ်အတွက် နိုင်ငံရေးဂုဏ်သရေဆယ်ဖို့မည်သည့်ကြိုးပမ်းမှုမဆို ဆန္ဒာဂတိကင်းကင်း၊ တိကျခိုင်လုံသော တကယ့်အမှန်တရားနှင့် ရင်ဆိုင်ရပါလိမ့်မည်။ ■

ကောင်းထက်ဝင်း
(ရန်ကုန်တက္ကသိုလ်)
၁၄-၉-၂၀၁၆

## နောက်ကျောဖုံး | စီးပွားရေးပိတ်ဆို့မှုဖယ်ရှားခြင်းကြောင့် မြန်မာအပေါ် အမေရိကန်လွှမ်းမိုးမှု လျော့ကျနိုင်မလား မှအဆက် ...

အရှေ့ တောင်အာရှနိုင်ငံ အပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်လျှော့ချမည်ဖြစ်ပြီး ကုန်သွယ်ရေးရာ ဦးစားပေးမှုပြန်လည်ပေးအပ်မည်ဟု ဒေါ်စုနှင့် တွေ့ဆုံပြီးနောက် သမ္မတအိုဘားမားက ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ မြန်မာ့ဒီမိုကရေစီ အကူး အပြောင်းကာလတွင် ယခုကဲ့သို့သော ထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းလည်း ဖြစ်သည်။

မှတ်သားလောက်သည့်အချက်မှာ အရေးယူမှု ပြန်လည်ဖယ်ရှားခြင်းတွင် မြန်မာနိုင်ငံ၏ ညစ်ညမ်းလှသော ကျောက်စိမ်းလုပ်ငန်းအပေါ် ပိတ်ဆို့ထားမှု ပြန်လည်ဖယ်ရှားခြင်းပါဝင်မည်ဖြစ်သည်။ ကျောက်စိမ်းကုန်သွယ်မှုသည် ဒေါ်လာဘီလီယံချီတန်ပြီး ရှုပ်ထွေးသည့် လမ်းကြောင်းများမှ တစ်ဆင့် အမှောင်ရိပ်ထဲရှိ အကျိုးစီးပွားများနှင့် ပတ်သက်လျက်ရှိသည်။ ယင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများတွင် တရားမဝင်ဂိုဏ်းများ၊ အကျင့်ပျက်စစ်အရာရှိများ ပါဝင်သည်။ ကျောက်စိမ်းလုပ်ငန်းမှ အကျိုးအမြတ်များမှာ လူမျိုးစုပဋိပက္ခများကိုလောင်စာထိုးပေးနေပြီး စစ်တပ်လွှမ်းမိုးမှု ဆက်လက်တည်မြဲရန်လည်း တွန်းအားပေးလျက်ရှိသည်။ ယင်းအချက်များသည် ငါးနှစ်တာ အလျင်အမြန် တိုးတက်မှုဖြစ်စဉ်ကို နောက်ပြန်ဆွဲရန် ခြိမ်းခြောက်လျက်လည်းရှိသည်။

“ကျွန်တော်ပထမအကြိမ်ရွေးကောက်ခံရတုန်းက ဒေါ်စုက နေအိမ်အကျယ်ချုပ်နဲ့ပဲ ရှိပါသေးတယ်” ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီးနောက် သမ္မတအိုဘားမားက ပြောကြားခဲ့သည်။ “အမေရိကန်နဲ့ကမ္ဘာ့အသိုင်းအဝိုင်းက တွန်းအားပေးမှုတွေ၊ ပိုပြီးအရေးပါတာက မြန်မာပြည်သူတွေရဲ့ပြန်လည်ရုန်းထနိုင်မှု၊ သတ္တိရှိမှု၊ ခွန်အားရှိမှုတွေကြောင့် ပြီးခဲ့တဲ့နှစ်တွေမှာ ရွေးကောက်ပွဲဆီ ကူးပြောင်းနေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်” ဟု အိုဘားမားက ဆက်လက်ပြောကြားသွားသည်။

မြန်မာ့ဒီမိုကရေစီ ကူးပြောင်းရေး လုပ်ငန်းစဉ်သည် အိုဘားမား၏ အိမ်ဖြူတော်ကာလအတွင်းအရေးပါသည့်မှတ်တိုင် တစ်ရပ်လည်းဖြစ်သည်။ အာရှဗဟိုပြုရေး မဟာဗျူဟာကို ၂၀၁၂ ခုနှစ်တွင် အိုဘားမား အုပ်ချုပ်ရေး အဖွဲ့က ချမှတ်လိုက်သော်လည်း ဒေသတွင်းရှိ မည်သည့်နိုင်ငံကမျှ အစီအစဉ်တိုင်း ဖြစ်မလာဘဲ မြန်မာနိုင်ငံသည်သာ နှိုင်းရအားဖြင့် အောင်မြင်မှုရှိထားသည့် နေရာတစ်ခုဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်တိုးတက်မှုများသည် အမေရိကန်နိုင်ငံရေးနယ်ပယ်တွင် သမ္မတအိုဘားမား လက်ထက်အမွေအနှစ်တစ်ခု အဖြစ်သာမကဘဲ ကျော်လွန်ရပ်တည်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း အဓိကသံတမန်ရေးရာရလဒ်တစ်ခု ဖြစ်သည်ဟူ၍လည်း ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်း ဟီလာရီကလင်တန်က ညွှန်ပြလျက်ရှိသည်။

မြန်မာ့အသွင်ကူးပြောင်းရေး ဖြစ်စဉ်စတင်ခဲ့သော လွန်ခဲ့သည့် ငါးနှစ်မှ စတင်ပြီး အမေရိကန်ပြည်ထောင်စုက အရေးယူပိတ်ဆို့မှု အများစုကို ဖယ်ရှားပေးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း စစ်တပ်ပိုင် ကုမ္ပဏီများ၊ စစ်အစိုးရဟောင်းနှင့် ဆက်နွှယ်နေသည့် ဒါဇင်နှင့် ချီသော လူပုဂ္ဂိုလ်များကို ဝါရှင်တန်က ဆက်လက်ပိတ်ဆို့ထားဆဲဖြစ်သည်။ ယင်းကြောင့်ပင် အမေရိကန် ဘဏ်များနှင့် လုပ်ငန်းများသည်လည်း မြန်မာနိုင်ငံတွင်း စီးပွားရေးလုပ်ရန် တွန့်ဆုတ်လျက်ရှိသည်။

ယနေ့အချိန်တွင်မူ လူပုဂ္ဂိုလ်နှင့် စီးပွားရေး လုပ်ငန်း ၁၁၁ ခုကို အမေရိကန်ဘဏ္ဍာရေးဌာနက ဆက်လက်ပိတ်ဆို့တော့မည်မဟုတ်ဘဲ မြန်မာစစ်တပ်နှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ဆောင်ခြင်းအပေါ် ပိတ်ဆို့ထားခြင်းကို ဖယ်ရှားမည်ဖြစ်သည်။ ထို့အပြင် ကျောက်စိမ်းနှင့် ပတ္တမြားအပေါ် ပိတ်ဆို့မှုကိုလည်း ဖယ်ရှားမည်ဖြစ်သည်။

သို့သော် ယင်းကဲ့သို့သော အရေးယူပိတ်ဆို့မှု ဖယ်ရှားလိုက်မှုကြောင့် မြန်မာနိုင်ငံ၏ ပြဿနာတက်နေသော နယ်ပယ်များအပေါ် အမေရိကန်လွှမ်းမိုးနိုင်မှု စွမ်းရည် ထိခိုက်နိုင်သည်ဟု အချို့သော ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိသည်။

“ပိတ်ဆို့မှုတွေ အမြဲတမ်းထားရမယ်လို့ဘယ်သူကမှ မပြောပါဘူး။ အရေးယူမှုဘယ်လိုဖယ်ရှားရမလဲဆိုတာပဲ မေးခွန်းမေးရမှာပါ။ ပိတ်ဆို့မှု ဖယ်ရှားလိုက်မယ်ဆိုတချို့သော တွန်းအားပေးနိုင်မှုတွေ ပြောင်းလဲသွားလိမ့်မယ်” ဟု Global Witness မှ ဂျမန်ကူဘာက ပြောကြားသွားသည်။

မြန်မာ့ကျောက်စိမ်းလုပ်ငန်းသည် ဒေါ်လာ ၃၁ ဘီလီယံထိတန်ပြီး မူးယစ်ဆေးဝါးရာဇာများနှင့် စစ်တပ် အီလစ်များက ထိန်းချုပ်ထားခြင်းဖြစ်သည်။ ၎င်းတို့သည် လူလေးဦးတွင် တစ်ဦးဆင်းရဲနေသည့် မြန်မာပြည်သူများထံသို့ နေ့ဥစ္စာစီးဝင်ခြင်းမရှိစေရန် တားဆီးနေသူများဖြစ်သည်။

“တွန်းအားပေးနိုင်ရေးက အဓိကအချက်ဆိုရင် ဒီနေ့ဆုံးဖြတ်လိုက်တာက လုံးဝကို အဓိပ္ပာယ် မရှိပါဘူး။ မြန်မာ စစ်တပ်နဲ့ဆက်ဆံရာမှာအရေးပါတဲ့ ကိရိယာတစ်ခုကိုအိုဘားမားနဲ့စုကြည်က အမှိုက်ပုံထဲ လွှင့်ပစ်လိုက်တာပါ” ဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဂျွန်ဆစ်တွန်က ပြောကြားသွားသည်။

အမေရိကန်အကြီးစား စက်မှုလုပ်ငန်းဖြစ်သည့် Caterpillar သည် မြန်မာနိုင်ငံတွင်း လုပ်ငန်း လုပ်ဆောင်ရာတွင် ကန့်သတ်မှုအနည်းငယ်သာထားရှိရန် ၂၀၁၂ ခုနှစ်မှ စတင်ပြီး တွန်းအားပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်းရှိ Caterpillar ကိုယ်စားလှယ်နှင့် အမေရိကန်နာမည်ပျက်စာရင်း ထည့်သွင်းခံထားရသည့် မူးယစ်ရာဇာတစ်ဦးကြား ဆက်နွှယ်မှုရှိသည်ကို Global Witness ကတွေ့ရှိထားသည်။ ထို့အပြင် သယံဇာတကြွယ်ဝသည့် နယ်စပ်ဒေသများရှိ ပဋိပက္ခများကို ကျောက်စိမ်းလုပ်ငန်းက ရန်ပုံငွေ ထောက်ပံ့ပေးလျက်ရှိပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုများကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။

အရေးယူပိတ်ဆို့မှု ဖယ်ရှားလိုက်ခြင်းကြောင့် မြန်မာပို့ကုန် ၅၀၀၀ ခန့်ကို အမေရိကန်ပြည်ထောင်စုသို့ အကောက်မဲ့တင်ပို့နိုင်မည်ဟု အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်က ထုတ်ပြန်သွားသည်။ သို့သော်အချို့သော ကန့်သတ်မှုများ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ မြန်မာ့မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် ပတ်သက်သည့် အရေးယူမှုများ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ထို့အတူ မြောက်ကိုရီးယားနှင့် စစ်ဘက်ကုန်သွယ်မှုကိုလည်း တားမြစ်ထားမည်ဖြစ်သည်။ အမေရိကန်သို့ ခရီးသွားရောက်မှုဗီဇာပိတ်ဆို့မှုများကိုလည်း ဆက်လက်ထားရှိမည်ဖြစ်သည်။ သမ္မတအိုဘားမား၏ လက်ရှိ ဆုံးဖြတ်ချက်သည် မြန်မာ စစ်သားများနှင့် အမေရိကန်စစ်တပ်ကြားပုံမှန် ဆက်သွယ်မှု ပေါ်ထွန်းလာစေမည်လည်း မဟုတ်ပေ။ ထို့ကြောင့် မြန်မာ စစ်တပ်သို့အမေရိကန် လက်နက်များ၊ ကိရိယာများနှင့် ထောက်ပံ့မှုများ ပေးအပ်နိုင်မည် မဟုတ်ပေ။

ယင်းအပြင် ၁၉၈၉ ခုနှစ်မှ စတင်ချမှတ်ထားသည့် မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေးရာ အခွင့်အရေးပေးမှု ဆိုင်းငံ့ထားခြင်းကိုလည်း ပြန်လည်ဖယ်ရှားရန် အမေရိကန်လွှတ်တော်သို့အိမ်ဖြူတော်က အကြံပေးမည် ဖြစ်သည်။ ယင်းကဲ့သို့သော ဖြစ်ပေါ်တိုးတက်မှုများကို မကြာမီ လက်တွေ့အကောင်အထည် ဖော်မည်ဟုလည်း အိုဘားမားက ပြောကြားထားသည်။

မြန်မာ့အသွင်ကူးပြောင်းရေး ဖြစ်စဉ်သည် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။ ယင်းတို့တွင် စစ်တပ်၏ ဩဇာနှင့်ပါဝါ ဆက်လက်ကြီးမားနေမှု၊ လူမျိုးစုပြည်တွင်းစစ်၊ နိုင်ငံတွင်းရှိ ရိုဟင်ဂျာများ အရေး၊ တိုင်းပြည်စုစုပေါင်း ပြည်တွင်းထုတ်ကုန်၏ ထက်ဝက်ခန့်ထိ တန်ဖိုးရှိသည့် ကျောက်မျက်နယ်ပယ်၊ မူးယစ်ဆေးဝါးရာဇာများနှင့် ခရိုနီကုမ္ပဏီ အရေးတို့ပါဝင်သည်။

“ဒီမိုကရေစီ ကူးပြောင်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုမြှင့်တင်ရေးမှာ ကျွန်တော်တို့ ဘယ်လိုအထိရောက်ဆုံး လုပ်ဆောင်နိုင်မလဲ ဆိုတာနဲ့ပတ်သက်ပြီး ( ဒေါ်အောင်ဆန်းစုကြည်ရဲ့) သဘောထားကို ကျွန်တော်တို့ သိရှိလိုပါတယ်” ဟုအမေရိကန်လက်ထောက်အမျိုးသားလုံခြုံရေး အကြံပေးဘန်ရိုဒ်က NPR ကို ပြောကြားသွားသည်။ “အသွင်ကူးပြောင်းမှုကလည်း မပြီးဆုံးသေးဘူးဆိုတာနဲ့ ဒီနိုင်ငံထဲမှာ ကျွန်တော်တို့ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ရေး၊ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ရေး တားဆီးမထားဘူးဆိုတာကို ဘယ်လို ချိန်ညှိမလဲဆိုတာက မေးခွန်းပါ” ဟု ၎င်းက ပြောကြားသွားသည်။

ယင်းကဲ့သို့သော ချိန်ညှိမှုနှင့် ပတ်သက်၍ အမေရိကန်အုပ်ချုပ်ရေး အဖွဲ့မှားယွင်းစွာ လုပ်ကိုင်လျက်ရှိသည်ဟူ၍လည်း အချို့သော လူ့အခွင့်အရေးသမားများက ထောက်ပြလျက်ရှိသည်။

“အမေရိကန်ဟာ မြန်မာနိုင်ငံထဲက လူ့အခွင့်အရေးထက်နိုင်ငံတွင်းက တရုတ်လွှမ်းမိုးမှုကို တန်ပြန်ရေးပိုပြီး ဂရုစိုက်နေပါတယ်” ဟု ဗြိတိန်နိုင်ငံတွင် နေထိုင်သည့် ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူ ထွန်းခင်က ပြောကြားသွားသည်။ “ဖိအားပေးမှုတွေ တိုးမြှင့်သင့်တယ်။ မလျှော့သင့်ပါဘူး” ဟု ၎င်းက တောင်းဆိုလိုက်သည်။ မြန်မာနှင့် တရုတ် နှစ်နိုင်ငံကြားကုန်သွယ်မှုသည် ပြီးခဲ့သည့် လများအတွင်း တိုးပွားလာသဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ပေါက်လျက်ရှိသည်။

“မြန်မာစစ်တပ်၊ သူတို့ရဲ့ကော်ပိုရေးရှင်းတွေ၊ ဆယ်စုနှစ်ချီတဲ့ စစ်အုပ်ချုပ်ရေးကြောင့် ချမ်းသာနေတဲ့သူတွေ၊ ခရိုနီတွေနဲ့ စီးပွားရေး လုပ်ဆောင်နိုင်ဖို့ပိတ်ဆို့မှုတွေ ဖယ်ရှားလိုက်တာ မှန်ကန်တဲ့အရာမဟုတ်ပါဘူး။ အဲဒါကသူတို့ကိုပဲ အများအားဖြင့် အကျိုးဖြစ်စေမှာပါ။ လူအနည်းငယ်ကိုပဲ အကျိုးဖြစ်စေမှာပါ။ သေချာတာကတော့ မြန်မာပြည်သူတွေ အကျိုးရှိမှာ မဟုတ်ပါဘူး” ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဂျွန် ဆစ်တွန်က ပြောကြားသွားသည်။ ထို့အပြင် မြန်မာ့စီးပွားရေးမြှင့်တင်ရေးကို အဓိက လုပ်ဆောင်လိုပါက အရေးယူ ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားခြင်းနည်းမသုံးဘဲ စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းများစွာရှိကြောင်း ၎င်းက မှတ်ချက်ပြုသွားသည်။

အိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးမူဝါဒကို သမိုင်းအမြင်ဖြင့် ကြည့်ပါက နားလည်ပေး၍ ရမည်ဖြစ်သည်။ သို့သော် အခြားသော အမြင်များလည်း ရှိနေသေးသည်။ “ဒီနေ့ဆုံးဖြတ်ချက် (အရေးယူမှုဖယ်ရှားရေး) ဟာ အိုဘားမား ရဲ့အမွေအနှစ်ကို ဆိုးဆိုးရွားရွား ပျက်စီးစေမှာပါ။ ဒီလုပ်ဆောင်ချက်က နိုင်ငံခြားရေးမူဝါဒအောင်ပွဲ တစ်ရပ်ဖြစ်စေဖို့ရည်ရွယ်တယ်ဆိုရင် ဒါက လမ်းမှန် တစ်ခုမဟုတ်ပါဘူး” ဟု ကူဘာက ပြောကြားသွားသည်။

■

**ကိုးကား-Foreign Policy**

**ချမ်းမြေ့**



Reuters

# မန်စီးတီးရဲ့အပြာရောင်ဂီတသံစဉ်မှာရင်ခုန်သံတွေ
# ဆူဝေကြရဦးမယ့်ည

## ပရီးမီးယားလိဂ်ပွဲစဉ်(၄)ပွဲကြိုသုံးသပ်ချက်



## BIG MATCH OF THE WEEK

ပရီးမီးယားလိဂ်ဟာ မိုင်တိုင်အမှတ်(၅)ဆီကို ရောက်ရှိလို့လာခဲ့ပါပြီ။ ကစားခဲ့ပြီးတဲ့ ပွဲစဉ်ပေါင်း ၄၀ မှာ အဆင်ပြေမှုတွေ ရှုံရှုံစိုခဲ့ပါရဲ့လား။ မော်ရင်ညိုရဲ့ဦးဆောင်မှုအောက်မှာတရိပ်ရိပ်မြင့်တက်လာခဲ့တဲ့မန်ယူရဲ့ဒီရေတွေမန်ချက်စတာဒါဘီပွဲစဉ်မှာ ထိုးကျသွားခဲ့ရလေတော့ ဘယ်လိုများခံစားလိုက်ရပါသလဲ။ ဂွါဒီယိုလာဟာ ပရီးမီးယားလိဂ်ကို တီတီကာကာနဲ့ မွှေနှောက်ပစ်နိုင်ခဲ့ရင် သူ့ကိုကျွန်တော်တို့ကမ္ဘာ့အကောင်းဆုံးနည်းပြအဖြစ် ခြွင်းချက်မရှိလက်နက်ချ လက်ခံပေးကြရပါတော့မယ်။ ဒီတစ်ပတ်မှာမန်စီးတီးကို အီတီဟတ်ဒ်ကွင်းကြီးဆီလာရောက်အံတုမှာက ဘုန်းမောက်ဖြစ်ပါသတဲ့။ အစုအဖွဲ့ချင်း၊ ကစားအားချင်း ကွာချင်တိုင်း ကွာလွန်းနေတဲ့အတွက် မန်စီးတီးဆီကို နောက်ထပ်ဂိုးပြတ်နိုင်ပွဲတစ်ပွဲထပ်မံရောက်ရှိလာလေမလား ဆိုတာကို စောင့်ကြည့်ကြရဦးမှာပါပဲ။ မန်ယူကတော့ ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းဆီကို သွားရောက်ကစားရမှာဖြစ်လို့ ပွဲကျပ်အနေအထားနဲ့ထပ်ကြုံရဦးမှာပါ။ စပါးနဲ့အာဆင်နယ်တို့နိုင်ပွဲတွေ ဆက်လက်ရယူနိုင်ကြလေဦးမလားဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။

## ဝက်ဖို့ဒ် VS မန်ယူ

**ထိပ်တိုက်တွေ့ဆုံမှု**

| ဝက်ဖို့ဒ်နိုင် | သရေ | မန်ယူနိုင် | ပေါင်း |
|---|---|---|---|
| ၂ | ၄ | ၁၃ | ၁၉ |

**ဝက်ဖို့ဒ်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဝက်ဖို့ဒ် | ၁- ၂ | မန်ယူ |
| ဝက်ဖို့ဒ် | ၁ - ၄ | မန်ယူ |
| ဝက်ဖို့ဒ် | ၁ - ၂ | မန်ယူ |

**ဂိုးခန့်မှန်း** 0-1

အင်တာနက်အကြိုက် မန်ယူ

The Voice အကြိုက် မန်ယူ

**ဝက်ဖို့ဒ်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်ဖို့ဒ် | ၁ - ၃ | အာဆင်နယ် |
| ဝက်ဖို့ဒ် | ၁ - ၂ | ဂျီလင်ဂမ် |
| ဝက်ဖို့ဒ် | ၁ - ၂ | ချယ်လ်ဆီး |

**မန်ယူ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဟားလ်စီးတီး | ၀ - ၁ | မန်ယူ |
| ဘုန်းမောက် | ၁ - ၃ | မန်ယူ |
| လက်စတာ | ၁ - ၂ | မန်ယူ |

မန်ယူဟာ ဝက်ဖို့ဒ်ကို အိမ်ကွင်းအဝေးကွင်းမရွေး နောက်ဆုံး ၁၀ ကြိမ်ဆက်တိုက် အနိုင်ကစားထားပါတယ်။ ကြားရက်တုန်းက ယူရိုပါလိဂ်ကစားခဲ့ရတဲ့ အရှိန်ကြောင့် မန်ယူပွဲပန်းနေနိုင်တာတစ်ချက်ကိုတော့ သတိပြုရမှာပါ။ ဂိုးပြတ်ဖို့တော့သိပ်မလွယ်လှပါဘူး။ မန်ယူကပ်နိုင်ပါလိမ့်မယ်။

## အဲဗာတန် VS မစ်ဒယ်ဘာရော့

**ထိပ်တိုက်တွေ့ဆုံမှု**

| အဲဗာတန်နိုင် | သရေ | မစ်ဒယ်ဘာရော့နိုင် | ပေါင်း |
|---|---|---|---|
| ၅၆ | ၂၈ | ၃၁ | ၁၁၅ |

**အဲဗာတန်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| အဲဗာတန် | ၂ - ၁ | မစ်ဒယ်ဘာရော့ |
| အဲဗာတန် | ၁ - ၁ | မစ်ဒယ်ဘာရော့ |
| အဲဗာတန် | ၂ - ၀ | မစ်ဒယ်ဘာရော့ |

**ဂိုးခန့်မှန်း** 2-1

အင်တာနက်အကြိုက် အဲဗာတန်

The Voice အကြိုက် အဲဗာတန်

**အဲဗာတန်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| အဲဗာတန် | ၁ - ၀ | စတုတ်စီးတီး |
| အဲဗာတန် | ၄ - ၀ | ယိုဗီးလ်တောင်း |
| အဲဗာတန် | ၁ - ၁ | စပါး |

**မစ်ဒယ်ဘာရော့၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၀ - ၀ | မစ်ဒယ်ဘာရော့ |
| ဖူလ်ဟမ် | ၂ - ၁ | မစ်ဒယ်ဘာရော့ |
| ဆန်းဒါးလန်း | ၁ - ၂ | မစ်ဒယ်ဘာရော့ |

တန်းတက်အသင်းတွေထဲမှာ မစ်ဒယ်ဘာရော့က ကစားအားအကောင်းဆုံးဖြစ်လို့နေပါတယ်။ ဒါပေမဲ့အဲဗာတန်ကလည်း သုံးပွဲဆက်အနိုင်ရလဒ်နဲ့အတူပုံစံကောင်းတွေပြသနေတာမို့မစ်ဒယ်ဘာရော့မလွယ်လောက်ပါဘူး။ အဲဗာတန်ကိုအားပေးတာကသာ ပျော်ရွှင်မှုနဲ့ နီးစပ်နိုင်ပါလိမ့်မယ်။

## စပါး VS ဆန်းဒါးလန်း

**ထိပ်တိုက်တွေ့ဆုံမှု**

| စပါးနိုင် | သရေ | ဆန်းဒါးလန်းနိုင် | ပေါင်း |
|---|---|---|---|
| ၄၂ | ၂၈ | ၃၄ | ၁၀၄ |

**စပါးအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| စပါး | ၄ - ၁ | ဆန်းဒါးလန်း |
| စပါး | ၂ - ၁ | ဆန်းဒါးလန်း |
| စပါး | ၅ - ၁ | ဆန်းဒါးလန်း |

**ဂိုးခန့်မှန်း** 3-1

အင်တာနက်အကြိုက် စပါး

The Voice အကြိုက် စပါး

**စပါး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၁ - ၁ | လီဗာပူး |
| စပါး | ၁ - ၀ | ခရစ္စတယ်ပဲလေ့စ် |
| စပါး | ၆ - ၁ | အင်တာမီလန် |

**ဆန်းဒါးလန်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဆောက်သမ်တန် | ၁ - ၁ | ဆန်းဒါးလန်း |
| မန်စီးတီး | ၂ - ၁ | ဆန်းဒါးလန်း |
| ဒေါ့မွန် | ၁ - ၁ | ဆန်းဒါးလန်း |

ဆန်းဒါးလန်းက ပွဲစဉ်လေးပွဲကစားပြီးတဲ့အထိ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့နိုင်ပွဲရှာဖွေတွေ့ရှိခြင်း မရှိသေးပါဘူး။ အိမ်ကွင်းကစား အားကောင်းတဲ့စပါးကို ဆန်းဒါးလန်းကသူတင်ကိုယ်တင် ယှဉ်ကစားနိုင်ဖို့ခက်ပါလိမ့်မယ်။ စပါးနဲ့လက်တွဲလိုက်တာက အကောင်းဆုံးပါပဲ။

## ဝက်စ်ဘရွန်း VS ဝက်စ်ဟမ်း

**ထိပ်တိုက်တွေ့ဆုံမှု**

| ဝက်စ်ဘရွန်းနိုင် | သရေ | ဝက်စ်ဟမ်းနိုင် | ပေါင်း |
|---|---|---|---|
| ၃၁ | ၁၆ | ၂၆ | ၇၃ |

**ဝက်စ်ဘရွန်းအိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၀ - ၃ | ဝက်စ်ဟမ်း |
| ဝက်စ်ဘရွန်း | ၄ - ၀ | ဝက်စ်ဟမ်း |
| ဝက်စ်ဘရွန်း | ၁ - ၂ | ဝက်စ်ဟမ်း |

**ဂိုးခန့်မှန်း** 1-1

အင်တာနက်အကြိုက် ဝက်စ်ဘရွန်း

The Voice အကြိုက် ဝက်စ်ဟမ်း

**ဝက်စ်ဘရွန်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | ၀ - ၀ | မစ်ဒယ်ဘာရော့ |
| ဝက်စ်ဘရွန်း | ၁ - ၂ | အဲဗာတန် |
| ဝက်စ်ဘရွန်း | ၁ - ၁ | လီဗာပူး |

**ဝက်စ်ဟမ်း၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၃ - ၁ | ဝက်စ်ဟမ်း |
| အက်စ်ထရာ | ၁ - ၁ | ဝက်စ်ဟမ်း |
| ချယ်လ်ဆီး | ၂ - ၁ | ဝက်စ်ဟမ်း |

နှစ်သင်းလုံးဟာ နိုင်ပွဲပျောက်မှုတွေနဲ့အတူ ဖိအားတွေကို ကိုယ်စီကိုယ်ငရင်ဆိုင်နေကြရပါတယ်။ ဝက်စ်ဟမ်းရဲ့အားနည်းချက်ကအမာခံပွဲထွက်တိုက်စစ်မှူးတွေ ဒဏ်ရာရရှိနေတာပါပဲ။ အမှတ်လိုအပ်ချက်တွေရှိနေတဲ့ ဒီနှစ်သင်းအတွက်သရေဟာ အမျှတဆုံးသောရလဒ်ဖြစ်နိုင်ပါတယ်။

## ဆောက်သမ်တန် VS ဆွမ်ဆီး

**ထိပ်တိုက်တွေ့ဆုံမှု**

| ဆောက်သမ်တန်နိုင် | သရေ | ဆွမ်ဆီးနိုင် | ပေါင်း |
|---|---|---|---|
| ၇ | ၃ | ၄ | ၁၄ |

**ဆောက်သမ်တန်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဆောက်သမ်တန် | ၃ - ၁ | ဆွမ်ဆီး |
| ဆောက်သမ်တန် | ၀ - ၁ | ဆွမ်ဆီး |
| ဆောက်သမ်တန် | ၂ - ၀ | ဆွမ်ဆီး |

**ဂိုးခန့်မှန်း** 2-1

အင်တာနက်အကြိုက် ဆွမ်ဆီး

The Voice အကြိုက် ဆောက်သမ်တန်

**ဆောက်သမ်တန်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဆောက်သမ်တန် | ၁ - ၁ | ဆန်းဒါးလန်း |
| ဆောက်သမ်တန် | ၁ - ၁ | ဝက်ဖို့ဒ် |
| ဆောက်သမ်တန် | ၁ - ၀ | ဘီလ်ဘာအို |

**ဆွမ်ဆီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| လက်စတာ | ၂ - ၁ | ဆွမ်ဆီး |
| ပီတာဘာရော့ | ၁ - ၃ | ဆွမ်ဆီး |
| ဘန်လေ | ၀ - ၁ | ဆွမ်ဆီး |

ဆောက်သမ်တန်က အိမ်ကွင်းပွဲစဉ်တွေဆိုရင် တည်တည်ငြိမ်ငြိမ်နဲ့ ကစားပြလေ့ရှိပါတယ်။ ဆွမ်ဆီးက တစ်ပွဲနဲ့တစ်ပွဲအကြား ရစ်သမ်သိပ်မမှန်လှသလိုခံစစ်ကလည်း စိတ်မချရပါဘူး။ ဆွမ်ဆီးအတွက်အမြင့်ဆုံးက သရေတစ်မှတ်သာဖြစ်ပါလိမ့်မယ်။ ဆောက်သမ်တန်ကို ရွေးချယ်လိုက်ပါ။

## ဟားလ်စီးတီး VS အာဆင်နယ်

**ထိပ်တိုက်တွေ့ဆုံမှု**

| ဟားလ်စီးတီးနိုင် | သရေ | အာဆင်နယ်နိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၂ | ၁၀ | ၁၃ |

**ဟားလ်စီးတီးအိမ်ကွင်း နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဟားလ်စီးတီး | ၀ - ၄ | အာဆင်နယ် |
| ဟားလ်စီးတီး | ၁ - ၃ | အာဆင်နယ် |
| ဟားလ်စီးတီး | ၀ - ၃ | အာဆင်နယ် |

**ဂိုးခန့်မှန်း** 1-3

အင်တာနက်အကြိုက် အာဆင်နယ်

The Voice အကြိုက် အာဆင်နယ်

**ဟားလ်စီးတီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ဟားလ်စီးတီး | ၀ - ၁ | မန်ယူ |
| ဟားလ်စီးတီး | ၂ - ၁ | လက်စတာ |
| ဟားလ်စီးတီး | ၁ - ၂ | တိုရီနို |

**အာဆင်နယ်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ပီအက်စ်ဂျီ | ၁ - ၁ | အာဆင်နယ် |
| ဝက်ဖို့ဒ် | ၁ - ၃ | အာဆင်နယ် |
| လက်စတာ | ၀ - ၀ | အာဆင်နယ် |

ဟားလ်စီးတီးရဲ့အိမ်ကွင်းဆီကို နောက်ဆုံးသုံးကြိမ်ဆက်တိုက်အလည်လာခဲ့ရာမှာ အာဆင်နယ်ကချည်းပဲ ဂိုးပြတ်နိုင်ပွဲတွေရယူသွားခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း အမာခံကစားသမားအများစု ဒဏ်ရာရရှိနေတဲ့ ဟားလ်စီးတီးဟာ အာဆင်နယ်တိုက်စစ်ကို တောင့်ခံနိုင်ဖို့ သိပ်မလွယ်လောက်ပါဘူး။ အာဆင်နယ်ကို ရွေးပါ။

## ခရစ္စတယ်ပဲလေ့စ် VS စတုတ်စီးတီး

**ထိပ်တိုက်တွေ့ဆုံမှု**

| ခရစ္စတယ်ပဲလေ့စ်နိုင် | သရေ | စတုတ်စီးတီးနိုင် | ပေါင်း |
|---|---|---|---|
| ၁၆ | ၆ | ၉ | ၃၁ |

**ခရစ္စတယ်ပဲလေ့စ်အိမ်ကွင်းနောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၂ - ၁ | စတုတ်စီးတီး |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၀ | စတုတ်စီးတီး |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၁ | စတုတ်စီးတီး |

**ဂိုးခန့်မှန်း** 1-1

အင်တာနက်အကြိုက် စတုတ်စီးတီး

The Voice အကြိုက် ခရစ္စတယ်ပဲလေ့စ်

**ခရစ္စတယ်ပဲလေ့စ်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၁ | ဘုန်းမောက် |
| ခရစ္စတယ်ပဲလေ့စ် | ၂ - ၀ | ဘလက်ပူးလ် |
| ခရစ္စတယ်ပဲလေ့စ် | ၀ - ၁ | ဝက်စ်ဟမ်း |

**စတုတ်စီးတီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| အဲဗာတန် | ၁ - ၀ | စတုတ်စီးတီး |
| စတီးဗင်နေ့ချ် | ၀ - ၄ | စတုတ်စီးတီး |
| မစ်ဒယ်ဘာရော့ | ၁ - ၁ | စတုတ်စီးတီး |

ဒီနှစ်ဘောလုံးရာသီမှာစတုတ်စီးတီး အခြေယိုင်နေပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်ကလုပ်အားနှုန်း ကျဆင်းနေချိန်မှာ ခံစစ်ကလည်း အမှားများနေလို့ ဒီအတိုင်းသာ ရှေ့ဆက်ခဲ့မယ်ဆိုရင် တန်းဆင်းဇုန်တိုက်ပွဲဆင်နွှဲရတဲ့ဘဝ ဆီစတုတ်စီးတီးက မလွဲမသွေရောက်သွားတော့မှာပါပဲ။ ခရစ္စတယ်ပဲလေ့စ်ကိုအကြိုက်တွေ့မိတယ်။

## မန်စီးတီး VS ဘုန်းမောက်

**ထိပ်တိုက်တွေ့ဆုံမှု**

| မန်စီးတီးနိုင် | သရေ | ဘုန်းမောက်နိုင် | ပေါင်း |
|---|---|---|---|
| ၂ | ၀ | ၀ | ၂ |

**နောက်ဆုံး(၂)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဘုန်းမောက် | ၀ - ၄ | မန်စီးတီး |
| မန်စီးတီး | ၅ - ၁ | ဘုန်းမောက် |

**ဂိုးခန့်မှန်း** 3-0

အင်တာနက်အကြိုက် မန်စီးတီး

The Voice အကြိုက် မန်စီးတီး

**မန်စီးတီး၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၃ - ၁ | ဝက်စ်ဟမ်း |
| မန်စီးတီး | ၁ - ၀ | စတူအာဘူခါရက် |
| မန်စီးတီး | ၂ - ၁ | ဆန်းဒါးလန်း |

**ဘုန်းမောက်၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၁ | ဘုန်းမောက် |
| မိုရီကမ်ဘီ | ၁ - ၂ | ဘုန်းမောက် |
| ဝက်စ်ဟမ်း | ၁ - ၀ | ဘုန်းမောက် |

မန်စီးတီးရဲ့အသင်းလိုက်ဟန်ချက်ညီမှုက ဘုန်းမောက်ကို အခက်တွေ့စေပါလိမ့်မယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲကစားခဲ့ရတာကြောင့် မန်စီးတီးရဲ့အမာခံကစားသမားအချို့ပွဲပန်းနေနိုင်ပေမယ့် ဘုန်းမောက်ဆိုတာက သူတို့အဖို့စာဖွဲ့လောက်စရာပြိုင်ဘက်မျိုး မဟုတ်ပါဘူး။ မန်စီးတီးပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

## ပွဲစဉ်(၄)အပြီး ဂိုးဖန်တီးမှုအများဆုံးပြုလုပ်ထားသူများ

| | | |
|---|---|---|
| ၁။ ကာဇိုလာ | အာဆင်နယ် | ၂ ကြိမ် |
| ၂။ အီရစ်ခ်ဆန် | စပါး | ၂ ကြိမ် |
| ၃။ ဒီဘရိုင်နေး | မန်စီးတီး | ၂ ကြိမ် |
| ၄။ မာတီရယ်လ် | မန်ယူ | ၂ ကြိမ် |
| ၅။ ရူနီ | မန်ယူ | ၂ ကြိမ် |
| ၆။ ပါယက် | ဝက်စ်ဟမ်း | ၂ ကြိမ် |

## ပွဲစဉ်(၄)အပြီး ဂိုးအများဆုံးသွင်းထားကြသူများ

| | | |
|---|---|---|
| ၁။ အန်တိုနီယို | ဝက်စ်ဟမ်း | ၄ ဂိုး |
| ၂။ အီဘရာဟီမိုဗစ် | မန်ယူ | ၄ ဂိုး |
| ၃။ ဒီယေဂိုကော်စတာ | ချယ်လ်ဆီး | ၄ ဂိုး |
| ၄။ အဂူရို | မန်စီးတီး | ၃ ဂိုး |
| ၅။ ကာပိုယီ | ဝက်ဖို့ဒ် | ၃ ဂိုး |
| ၆။ လုကာကု | အဲဗာတန် | ၃ ဂိုး |

## လက်စတာ VS ဘန်လေ

**ထိပ်တိုက်တွေ့ဆုံမှု**

| လက်စတာနိုင် | သရေ | ဘန်လေနိုင် | ပေါင်း |
|---|---|---|---|
| ၁၈ | ၁၈ | ၂၆ | ၆၂ |

**လက်စတာအိမ်ကွင်း နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| လက်စတာ | ၂ - ၂ | ဘန်လေ |
| လက်စတာ | ၁ - ၁ | ဘန်လေ |
| လက်စတာ | ၂ - ၁ | ဘန်လေ |

**ဂိုးခန့်မှန်း** 2-0

အင်တာနက်အကြိုက် လက်စတာ

The Voice အကြိုက် လက်စတာ

**လက်စတာ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| လက်စတာ | ၂ - ၁ | ဆွမ်ဆီး |
| လက်စတာ | ၀ - ၀ | အာဆင်နယ် |
| လက်စတာ | ၁ - ၂ | မန်ယူ |

**ဘန်လေ၏နောက်ဆုံး(၃)ပွဲရလဒ်**

| | | |
|---|---|---|
| ချယ်လ်ဆီး | ၃ - ၀ | ဘန်လေ |
| အက်ကရင်တန် | ၁ - ၀ | ဘန်လေ |
| ရီဒင်းဂျားစ် | ၁ - ၃ | ဘန်လေ |

လက်စတာဆီမှာ လက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်နိုင်လောက်မယ့်အစွမ်းအစမျိုးတွေမမြင်တွေ့ရတော့ပါဘူး။ ဒါပေမဲ့အိမ်ကွင်းပွဲစဉ်တွေကို အမှားအယွင်းကင်းကင်း ကစားနိုင်ခဲ့မယ်ဆိုရင်ဥရောပပြိုင်ပွဲပါဝင်ကစားခွင့်တစ်နေရာစာလောက်တော့လက်စတာရနိုင်စွမ်း ရှိနေပါသေးတယ်။ လက်စတာနဲ့စွန့်စားပါ။



# အလာဗက်စ်နဲ့ ပွဲစဉ်တုန်းကအမှားအယွင်းတွေကို ဘာစီလိုနာပြန်လည်ချေဖျက်ပြတော့မယ်

## စပိန်လာလီဂါ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

### လီဂါနက်စ် - ဘာစီလိုနာ

ဘာစီလိုနာဟာ အလာဗက်စ်နဲ့ပွဲစဉ်တုန်းကလိုခြေချော်တာမျိုး မဖြစ်ရလေအောင်သတိကြီးကြီးထားပြီး ကစားသွားရမှာပါ။ လီဂါနက်စ်ကတော့ အိမ်ရှင်ဆိုတဲ့အားသာချက်လေးရှိနေတာကလွဲရင် တခြားသောအကန့်တွေမှာ ဘာစီလိုနာကိုယှဉ်နိုင်ဖို့ သိပ်မလွယ်လှပါဘူး။ မက်ဆီ၊ နေမာနဲ့ဆွာရက်ဇ်တို့ဟာ သူတို့သုံးဦးအကြား အတွဲအဖက်ညီနေဆဲပဲဆိုတာကိုဆဲလ်တစ်နဲ့ပွဲစဉ်မှာ သက်သေပြသွားခဲ့ပြီးပါပြီ။ သုံးဂိုးပြတ်ဖို့ လိုအပ်ပေမယ့် ဘာစီလိုနာသာဆန္ဒရှိခဲ့ရင် ဒါဟာ မဖြစ်နိုင်လောက်တဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး။ ဘာစီလိုနာကိုအားပေးပါ။

### အက်သလက်တီကို - စပို့တင်းဂီဂျွန်

ရာသီအဖွင့်ပွဲစဉ်နှစ်ပွဲမှာတန်းတက်အသင်းတွေကို သရေသာကစားနိုင်ခဲ့တဲ့ အက်သလက်တီကိုဟာ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ဆဲလ်တာဗီဂိုနဲ့ပွဲမှာတော့ လေးဂိုးပြတ်နဲ့အနိုင်ယူပြီး ဖိအားတွေအောက်ကနေရုန်းထွက်လာနိုင်ခဲ့ပြီပဲ ဖြစ်ပါတယ်။ အက်သလက်တီကိုရဲ့အားသာချက်က ကစားခဲ့ပြီးတဲ့ ပွဲစဉ်လေးပွဲ(ပီအက်စ်ဗီနဲ့ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အပါအဝင်)မှာ ခံစစ်က ပေးဂိုးတစ်ဂိုးတည်းသာခွင့်ပြုခဲ့ရတာပါပဲ။ စပို့တင်းဂီဂျွန်ဟာ ကံကောင်းလွန်းမှပဲ သရေတစ်မှတ်ရယူနိုင်ပါလိမ့်မယ်။ အက်သလက်တီကိုနဲ့ပဲလက်တွဲထားလိုက်ကြရအောင်လား။

### အိုင်ဘား - ဆီဗီလာ

အိုင်ဘားနဲ့ထိပ်တိုက်ဆုံခဲ့သမျှမှာ ဆီဗီလာကအခက်အခဲကြုံခဲ့ရတာချည်းပါပဲ။ အိုင်ဘားဟာ ဆီဗီလာနဲ့ ယှဉ်ပြိုင်ခဲ့ဖူးတဲ့ ပွဲစဉ်လေးပွဲမှာနှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့နိုင်ပွဲရှာဖွေရရှိခြင်းမရှိခဲ့ပေမယ့်ပြိုင်ဘက်ကိုအကျပ်အတည်းဖြစ်အောင်အမြဲတစေကစားပြနိုင်ခဲ့ပါတယ်။ အခုတစ်ကြိမ်မှာလည်း အသင်းရစ်သမ်မမှန်သေးတဲ့ ဆီဗီလာအတွက်အိုင်ဘားက စိန်ခေါ်မှုပြင်းထန်တဲ့ ပြိုင်ဘက်မျိုးဖြစ်လာဦးမှာပါ။ တိုက်စစ်လုပ်အားနှုန်းလျော့ကျနေတဲ့ ဆီဗီလာဟာ သရေတစ်မှတ်လောက်ပဲရနိုင်ပါလိမ့်မယ်။ အိုင်ဘားကို သဘောကျမိတယ်။

### လာ့စ်ပါးလ်မားစ် - မာလာဂါ

ဒီနှစ်ဘောလုံးရာသီအဖွင့်မှာ လာ့စ်ပါးလ်မားစ်ကပရိသတ်အကြိုက်တွေ့တဲ့ အသင်းတစ်သင်းဖြစ်လို့နေပါတယ်။ တိုက်စစ်ကိုရဲရဲတင်းတင်းဖွင့်ကစားပြီး ဂိုးပြတ်နိုင်ပွဲနှစ်ပွဲဆက်တိုက်ရယူပြနိုင်ခဲ့သလို ဆီဗီလာနဲ့ ပွဲစဉ်တုန်းကလည်း ဦးဆောင်ဂိုးရပြီးတဲ့နောက်မှ ကံအကြောင်းမလှလို့အဆုံးသတ်မှာနှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ရတာပါ။ မာလာဂါကတော့ ကစားသမားကောင်းတွေကို လက်လွှတ်လိုက်ရပြီးချိန်ကတည်းက တစ်ပွဲနဲ့တစ်ပွဲအကြား ရစ်သမ်မမှန်လှတော့ပါဘူး။ လာ့စ်ပါးလ်မားစ်ကို လက်ကိုင်ပြုသင့်တယ်။

### အိုဆာဆူနာ - ဆဲလ်တာဗီဂို

နှစ်သင်းလုံးကအခုအချိန်တိုင်တဲ့အထိ နိုင်ပွဲရှာဖွေရရှိခြင်း မရှိသေးပါဘူး။ ဆဲလ်တာဗီဂိုဆိုရင်ကစားခဲ့ပြီးတဲ့ ပွဲစဉ်သုံးပွဲလုံးကို အရှုံးရလဒ်တွေနဲ့ချည်းကြုံဆုံဖြတ်သန်းခဲ့ရတာပါ။ ဒီကြားထဲအခြားတစ်ဖက်မှာ ယူရိုပါလိဂ်ကလည်း ကစားရဖို့ရှိနေလို့ ဆဲလ်တာဗီဂိုဟာ မနိုင်ဝန်ထမ်းတာမျိုးတွေဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ အိုဆာဆူနာက လာလီဂါမှာတန်းတင်ကျန်ရစ်နိုင်ရေးအတွက် အိမ်ကွင်းပွဲစဉ်တိုင်းကို အားထည့်ကစားပြီး အမှတ်ရှာဖွေဖို့ ကြိုးပမ်းသွားမှာပါ။ အိုဆာဆူနာကိုသဘောကျမိတယ်။

### ဘီလ်ဘာအို - ဗလင်စီယာ

နှစ်သင်းလုံး တပ်ပျက်နေကြတာချင်း တူညီပေမယ့်ဗလင်စီယာရဲ့ အခြေအနေက ပိုမိုဆိုးရွားနေပါတယ်။ အသင်းရဲ့အမာခံကစားသမားအများစုကို ရောင်းထုတ်ပစ်လိုက်တဲ့ အကျိုးဆက်ကဗလင်စီယာအပေါ် မလွဲမသွေသက်ရောက်လာတော့မှာပါ။ ဘီလ်ဘာအိုကရာသီအစမှာဆိုရင်အသင်းအထိုင်မကျဖြစ်တတ်လေ့ရှိတာဟာ ပြင်မရတဲ့ အရိုးစွဲအကျင့်တစ်ခုလိုတောင် ဖြစ်လို့နေပါပြီ။ အမှတ်လိုအပ်ချက်ပြင်းထန်တဲ့အသင်းနှစ်သင်းထိပ်တိုက်ဆုံတဲ့ပွဲစဉ်တွေမှာ အိမ်ရှင်တွေအသာစီးရတတ်လေ့ရှိတာကိုမမေ့သင့်ပါဘူး။ ဘီလ်ဘာအိုကိုအားပေးသင့်တယ်။

### ဗီလာရီးရဲလ် - ဆိုစီဒက်

ဗီလာရီးရဲလ်ဟာ နည်းပြသစ် အက်စ်ခရိုင်ဘာရဲ့ဦးဆောင်မှုအောက်မှာ တဖြည်းဖြည်းချင်း အသားကျလာခဲ့ပါပြီ။ ဆိုစီဒက်ကလည်း ရာသီအဖွင့်မှာ ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ရတဲ့ပွဲစဉ်ကလွဲလို့ ကျန်ပွဲစဉ်တွေမှာ အမှားအယွင်းများများစားစား မရှိခဲ့ပါဘူး။ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ဗီလာရီးရဲလ်ပွဲပန်းနေနိုင်ပေမယ့် အိမ်ကွင်းပွဲစဉ်ဖြစ်နေတာမို့ အနိုင်ရလဒ်ကိုဦးတည်ပြီး တိုက်စစ်ဖွင့်ကစားသွားလိမ့်မယ်လို့ ယူဆမိပါတယ်။ ဗီလာရီးရဲလ်ကပ်နိုင်သွားပါလိမ့်မယ်။

### အလာဗက်စ် - ဒီပို့တီဗို

ဘာစီလိုနာကို အနိုင်ရလိုက်တဲ့အတွက် အလာဗက်စ်ရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်ချက်က အမြင့်ဆုံးအထိရောက်ရှိသွားမှာပါ။ ကစားခဲ့ပြီးတဲ့ ပွဲစဉ်သုံးပွဲမှာတစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရယူနိုင်ခဲ့တာ ကအလာဗက်စ်လိုတန်းတက် အသင်းတစ်သင်းအတွက် မဆိုးလှတဲ့အနေအထားတစ်ရပ်ပါပဲ။ ဒါပေမဲ့အလာဗက်စ်ကို နောက်ထပ်တစ်ပွဲဆက်လက်လွှတ်ပြောက်ခွင့်ပေးလိုက်ရမှာတော့တွန့်တိုမိပါတယ်။ ညွှံ့သည်ဒီပို့တီဗိုဟာ အနိုင်မဟုတ်ခဲ့ရင်တောင် သရေလောက်တော့ကစားသွားနိုင်မှာပါ။ ဒီပို့တီဗိုနဲ့စွန့်စားကြည့်ချင်တယ်။

## BIG MATCH OF THE WEEK

### အက်စ်ပန်ညို - ရီးရဲလ်မက်ဒရစ်

ကတ်တလန်-မက်ဒရစ်ဒါဘီပွဲစဉ်ပါပဲ။ ကတ်တလန်အခြေစိုက်အက်စ်ပန်ညိုဟာ အိမ်ရှင်အခွင့်အရေးကိုလက်ကိုင်ပြုပြီး ရီးရဲလ်မက်ဒရစ်ကို ဘယ်ပုံဘယ်နည်း ခံတိုက်သွားလေမလဲဆိုတာ စောင့်ကြည့်ကြရမှာပါ။ စပို့တင်းလစ္စဘွန်းနဲ့အားပြိုင်ခဲ့ရတဲ့ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်မှာပွဲပြီးခါနီးနာကျင်အချိန်ပိုဆီရောက်တဲ့အထိ အားကုန်ရုန်းကန်ခဲ့ရတာကြောင့် ရီးရဲလ်မက်ဒရစ်ပွဲထွက်ကစားသမားအားလုံး ပွဲပန်းနေနိုင်ပါတယ်။ အက်စ်ပန်ညိုဟာ အတိတ်ကာလတုန်းက ရီးရဲလ်မက်ဒရစ်ကို ထိထိရောက်ရောက် ဒုက္ခပေးတာမျိုးတွေ ရှိခဲ့ဖူးပေမယ့် လက်ရှိကစားသမားအစုအဖွဲ့ကတော့ အဲဒီလိုမျိုး မှော်ဆန်ဆန်စွမ်းဆောင်ရည်တွေ ထုတ်ဖော်ပြသနိုင်ဖို့ သိပ်မလွယ်လှတော့ပါဘူး။ ရာသီအဖွင့်ပွဲစဉ်သုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တဲ့ အက်စ်ပန်ညိုဟာ စိတ်ဓာတ်ရေးရာအရ အောက်စည်းအနေအထားဆီရောက်နေတဲ့ သဘောမျိုးဖြစ်လို့နေပါတယ်။ ရီးရဲလ်မက်ဒရစ်သာ ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး ကစားလာခဲ့ရင် အက်စ်ပန်ညိုပျာယာခတ်ရဦးမှာပါ။ အခုနောက်ပိုင်းနှစ်တွေရဲ့ထိပ်တိုက်တွေ့ဆုံမှုတွေကိုကြည့်လိုက်ရင်လည်း အက်စ်ပန်ညိုနဲ့ဆုံသမျှမှာ ရီးရဲလ်မက်ဒရစ်ကချည်း ဂိုးပြတ်အနိုင်ယူသွားတာများပါတယ်။ ရီးရဲလ်မက်ဒရစ်ကိုပဲ ဝန်းရံလိုက်ကြရအောင်လား။

### ယခုသီတင်းပတ်အတွင်းယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၁၇-၉-၂၀၁၆(စနေနေ့)** | |
| **အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၅)** | |
| ၈း၃၀ နာရီ | ဟားလ်စီးတီး - အာဆင်နယ် |
| နံနက် ၈း၃၀ နာရီ | မန်စီးတီး - ဘုန်းမောက် |
| နံနက် ၈း၃၀ နာရီ | လက်စတာ - ဘန်လေ |
| နံနက် ၈း၃၀ နာရီ | ဝက်စ်ဘရွန်း - ဝက်စ်ဟမ်း |
| နံနက် ၁၁း၀၀ နာရီ | အဲဗာတန် - မစ်ဒယ်ဘရော့ |
| **စပိန်လာလီဂါ ပွဲစဉ်(၄)** | |
| ညနေ ၅း၃၀ နာရီ | လီဂါနက်စ် - ဘာစီလိုနာ |
| ည ၈း၄၅ နာရီ | အက်သလက်တီကို - စပို့တင်းဂီဂျွန် |
| ည ၁၁း၀၀ နာရီ | အိုင်ဘား - ဆီဗီလာ |
| **အီတလီစီးရီးအေပွဲစဉ်(၄)** | |
| ည ၁၀း၃၀ နာရီ | လာဇီယို - ပက်စ်ကာရာ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃)** | |
| ည ၈း၀၀ နာရီ | ဘိုင်ယန်မြူးနစ် - အင်ဂေါလ်စတတ်ဒ် |
| ည ၈း၀၀ နာရီ | ဒေ့ါမွန် - ဒရမ်းစတတ်ဒ် |
| ည ၈း၀၀ နာရီ | ဟမ်းဘတ် - လိုက်ပ်ဇစ်ဂျ် |
| ည ၈း၀၀ နာရီ | ဟော့ဖ်ဖန်ဟိမ်း - ဝုဖ်ဘတ် |
| ည ၈း၀၀ နာရီ | ဖရန့်ဖတ် - လေဗာကူဆင် |
| ည ၁၁း၀၀ နာရီ | မိုချင်ဂလက်ဘတ် - ဝါဒါဘရီမင် |
| **စပိန်လာလီဂါ ပွဲစဉ်(၅)** | |
| ည ၉း၃၀ နာရီ | မိုနာကို - ရန်းနက်စ် |
| **အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၈)** | |
| ည ၆း၀၀ နာရီ | ကာဒစ်ဖ် - လိဒ်စ်ယူနိုက်တက် |
| ည ၈း၃၀ နာရီ | ဘရစ္စတိုးစီးတီး - ဒါဘီ |
| ည ၈း၃၀ နာရီ | နော်တင်ဟမ် - နောဝစ်ချ် |
| ည ၈း၃၀ နာရီ | ဘလက်ဘန်း - ရိုသာဟမ် |
| ည ၈း၃၀ နာရီ | ဘာတန် - ဘရိုက်တန် |
| ည ၈း၃၀ နာရီ | ဟတ်ဒါးစဖီးလ် - ကျူပီအာ |
| ည ၈း၃၀ နာရီ | ဘန်စလေ - ရက်ဒင်း |
| ည ၈း၃၀ နာရီ | ဘရန့်ဖို့ဒ် - ပရက်စတန် |
| ည ၈း၃၀ နာရီ | အစ်ဆွစ်ချ် - အက်စတွန်ဗီလာ |
| ည ၈း၃၀ နာရီ | ဝီဂန် - ဖူလ်ဟမ် |
| ည ၈း၃၀ နာရီ | နယူးကာဆယ် - ဝုလ်ဗာဟမ်တန် |
| ည ၁၁း၀၀ နာရီ | ဘာမင်ဂမ် - ရှက်ဖီးဝမ်းနက်စ်ဒေး |
| **၁၈-၉-၂၀၁၆(တနင်္ဂနွေနေ့)** | |
| **အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၅)** | |
| ညနေ ၅း၃၀ နာရီ | ဝက်ဖို့ဒ် - မန်ယူ |
| ည ၇း၄၅ နာရီ | ခရစ္စတယ်ပဲလေ့စ် - စတုတ်စီးတီး |
| ည ၇း၄၅ နာရီ | ဆောက်သမ်တန် - ဆွမ်ဆီး |
| ည ၁၀း၀၀ နာရီ | စပါး - ဆန်းဒါးလန်း |
| **စပိန်လာလီဂါ ပွဲစဉ်(၄)** | |
| နံနက် ၁း၁၅ နာရီ | လာ့စ်ပါးလ်မားစ် - မာလာဂါ |
| ညနေ ၄း၃၀ နာရီ | အိုဆာဆူနာ - ဆဲလ်တာဗီဂို |
| ည ၈း၄၅ နာရီ | ဘီလ်ဘာအို - ဗလင်စီယာ |
| ည ၁၁း၀၀ နာရီ | ဗီလာရီးရဲလ် - ဆိုစီဒက် |
| **အီတလီစီးရီးအေပွဲစဉ်(၄)** | |
| နံနက် ၁း၁၅ နာရီ | နာပိုလီ - ဘိုလော့ဂ်နာ |
| ညနေ ၅း၀၀ နာရီ | အူဒီးနီးစ် - ချီယေဗို |
| ည ၇း၃၀ နာရီ | ကက်ဂလီယာရီ - အတ္တလန္တာ |
| ည ၇း၃၀ နာရီ | ခရိုတုန်း - ပါလာမို |
| ည ၇း၃၀ နာရီ | ဆက်ဆူအိုလို - ဂျီနိုအာ |
| ည ၇း၃၀ နာရီ | တိုရီနို - အမ်ပိုလီ |
| ည ၁၀း၃၀ နာရီ | အင်တာမီလန် - ဂျူဗင်တပ် |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃)** | |
| ည ၈း၀၀ နာရီ | အော့စ်ဘတ် - မိန့်ဇ် |
| ည ၁၀း၀၀ နာရီ | ဟာသာဘာလင် - ရှော်ကေး |
| **ပြင်သစ်လီဂူး ပွဲစဉ်(၅)** | |
| နံနက် ၀၀း၃၀ နာရီ | လိုရီးယန့် - လိုင်လီ |
| နံနက် ၀၀း၃၀ နာရီ | တူးလော့စ် - ဂူအင်ဂမ့် |
| နံနက် ၀၀း၃၀ နာရီ | နန့်စီ - နန့်တက်စ် |
| နံနက် ၀၀း၃၀ နာရီ | ဘော်ဒိုး - အန်ဂျားစ် |
| နံနက် ၀၀း၃၀ နာရီ | ဒီဂျွန် - မက်ဇ် |
| ည ၇း၃၀ နာရီ | မောင့်ပဲလီယာ - နိုက်စ် |
| ည ၉း၃၀ နာရီ | စိန့်အက်တီယန် - ဘတ်စ်တီးယား |

FOREIGN AFFAIRS
The VOICE Weekly
Vol.12 / No.34, Monday, September 19 - 25, 2016

# စီးပွားရေးပိတ်ဆို့မှုဖယ်ရှားခြင်းကြောင့် မြန်မာအပေါ် အမေရိကန်လွှမ်းမိုးမှု လျော့ကျနိုင်မလား

ချမ်းမြေ့

မြန်မာနိုင်ငံ၏ အမည်ခံမထားသည့် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံလိုက်ပြီးနောက် လူနည်းစုသာ မျှော်လင့်ထားသည့် ထုတ်ပြန်ချက်တစ်ရပ်ကို အမေရိကန်သမ္မတ ဘားရက် အိုဘားမားက ထုတ်ပြန်လိုက်သည်။ ၂၀၀၈ ခုနှစ် အိုဘားမားသမ္မတရာထူး စတင်ယူသည့် ကာလတွင်ဆိုပါက ယခုကဲ့သို့သော ထုတ်ပြန်ချက်မျိုး ပေါ်ထွက်လာမည်ဟု မည်သူမျှ မျှော်လင့်ခဲ့ကြမည် မဟုတ်ပေ။




စာမျက်နှာ ၄၀ သို့



The VOICE Saturday

Vol. 12 / No. 34 Established in 2004 ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် (Saturday, September 17, 2016)




# “စနေ၊ တနင်္ဂနွေမှာ ကျွန်မကို နေအိမ်အကျယ်ချုပ်ထားမယ်ဆိုရင် ကောင်းမှာပဲလို့ တွေးမိတယ်။ ဒါဆို ကျွန်မ နည်းနည်းနားလို့ရတာပေါ့”

## – ဒေါ်အောင်ဆန်းစုကြည်

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Theodore Roosevelt အထက်တန်းကျောင်းသို့ ရောက်ရှိစဉ် သူမ၏ နေအိမ်အကျယ်ချုပ် ဘဝအကြောင်း ပြန်ပြောင်းပြောဆိုသွားခဲ့သည်။

နေအိမ်အကျယ်ချုပ် ကာလများ အတွင်း စာဖတ်ခြင်းနှင့် ပြန်လည်သုံးသပ်ဆင်ခြင်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြောင်း ၎င်း၏ဖွင့်ဟပြောဆိုမှုကို AP သတင်းဌာနက ဖော်ပြခဲ့သည်။

“(အခုအချိန်မှာ)စနေ၊ တနင်္ဂနွေမှာ ကျွန်မကို နေအိမ်အကျယ်ချုပ်ထားမယ်ဆိုရင် ကောင်းမှာပဲလို့ တွေးမိတယ်။ ဒါဆို ကျွန်မ နည်းနည်းနားလို့ရတာပေါ့” ဟု အထက်တန်းကျောင်းသူများနှင့် တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

အသက် ၇၁ နှစ်ကျော်နေပြီဖြစ်သော ဒေါ်အောင်ဆန်းစုကြည် စာ 3



ဓာတ်ပုံ-မြင့်မိုးညို

## သူဌေးကြီးများ အသင်းချုပ် မြေအုတ်တို့ ပြိုမည်လော

စာ 12

## iPhone7 မြန်မာဈေးကွက်သို့ ယခုတစ်ပတ်စရောက်မည်

စာ 5

## ဇီကာဗိုင်းရပ်စ် သံသယရှိက အခမဲ့စစ်နိုင်

စာ 4

# ၂၇ နှစ်ကြာဆိုင်းငံ့ထားသော အမေရိကန် ကုန်သွယ်မှုအထူးကင်းလွတ်ခွင့် ပြန်ရမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအပေါ် ၂၇ နှစ်ကြာ ဆိုင်းငံ့ထားခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုအထူးကင်းလွတ်ခွင့် (Generalized System of Preferences-GSP) ကို ပြန်လည်ခံစားခွင့်ရမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၄ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ GSP အစီအစဉ်တွင် မြန်မာနိုင်ငံလည်း အကျုံးဝင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတအိုဘားမားက လက်မှတ်ရေးထိုးခဲ့ပြီး စာ 3


ဓာတ်ပုံ-မြင့်မိုးညို

# အာနန်ကော်မရှင်ကြောင့် တိုင်းပြည် အန္တရာယ်ကျရောက်လျှင် အစိုးရတာဝန်ဟု ကြံ့ခိုင်ရေးနှင့် ၁၀ ပါတီ ထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကြောင့် ပြည်ထောင်စုတစ်ခုလုံး အန္တရာယ်ကျရောက်မည့်အခြေအနေဖြစ်လာလျှင် လက်ရှိအစိုးရ၏ တာဝန်ဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အခြားနိုင်ငံရေးပါတီ ၁၀ ပါတီက ပူးတွဲထုတ်ပြန်လိုက်သည်။

ကြံ့ခိုင်ရေးပါတီနှင့် နိုင်ငံရေးပါတီ ၁၀ ပါတီတို့ ပူးတွဲထုတ်ပြန်ချက်တွင် စက်တင်ဘာလ ၁၄ ရက်နေ့က ရခိုင်ပြည်နယ်လွှတ်တော်၌ အတည်ပြုခဲ့သည့် ကိုဖီအာနန်ဦးဆောင်သည့်ကော်မရှင်ကို အသိအမှတ်မပြုကြောင်း အရေးကြီးအဆိုကို ထောက်ခံကြောင်း၊ ယင်းကော်မရှင်ဖွဲ့စည်းမှုမှာ စာ 2

# လိုင်ဇာအနီး KIA စခန်းများကို တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သော KIA ၏ ဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီးရှိ တပ်စခန်းများကို တပ်မတော်က စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ လက်နက်ကြီးဖြင့် ပစ်ခတ်နေကြောင်း KIA မှ ဗိုလ်မှူးကြီးနော်လီက ပြောဆိုသည်။

လိုင်ဇာအနီးရှိကာကင်းစခန်းများကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်နေပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ KIA ထိန်းချုပ်နယ်မြေတွင်လည်း တိုက်ပွဲငယ်များ ဆက်တိုက်ဖြစ်ပွားလျက်ရှိကြောင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ထံမှ သိရသည်။

"ကျွန်တော်တို့ ကာကင်းတွေ အထိအခိုက်ရှိပါတယ်။ ဒါတွေကိုလာပစ်နေတယ်။ ကျွန်တော်တို့ဘက်မှာ ရဲဘော်တွေ အထိအခိုက်အနည်းအပါးရှိတယ်။ သူပစ်ကိုယ်ပစ်ပဲ" ဟု KIA အဖွဲ့မှ ဗိုလ်မှူးကြီးနော်လီက ရှင်းပြသည်။

လိုင်ဇာအနီးရှိ KIA စခန်းများကို တပ်မတော်က လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်နေခြင်းနှင့် ပတ်သက်၍ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ဆက်သွယ်မေးမြန်းရာ "တိုက်ပွဲကြီးတွေဖြစ်နေတာမျိုး မဟုတ်ဘူး။ ပစ်တာခတ်တာကတော့ ခုရက်ပိုင်းဖြစ်တယ်။ သောင်းကျန်းသူတွေ မိုင်းထောင်လို့ထိတာတွေကတော့ ဖြစ်ရိုးဖြစ်စဉ်လိုဖြစ်နေပြီ။ တစ်နေ့ကတောင် တနိုင်းဘက်မှာ မိုင်းထိလို့ တစ်ယောက်ဒဏ်ရာရတယ်" ဟု တပ်မတော်အရာရှိတစ်ဦးက ပြန်လည်ဖြေကြားသည်။

KIA ဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီးသို့တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသည်မှာ လေးရက်ခန့်ရှိနေပြီး ယနေ့နံနက် ၇ နာရီခွဲခန့်အထိ လက်နက်ကြီးပစ်ခတ်သံ သုံးကြိမ်တိတိမြို့တွင်းမှ ကြားခဲ့ရကြောင်း လိုင်ဇာမြို့တွင်နေထိုင်သူ ဒေါ်အာရှယ်က The Voice သို့ ပြောဆိုသည်။ ■

# အမည်းရောင်ချင်းတွင်းမြစ်ရေ ဓာတ်ခွဲစစ်ဆေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ချင်းတွင်းမြစ်ရေ အမည်းရောင်ပြောင်းရခြင်းအကြောင်းရင်းကို အသေးစိတ် သိရှိရန် စက်တင်ဘာလ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးသန်းဌေးက ပြောကြားသည်။

အမည်းရောင်ပြောင်းသွားသည့် ချင်းတွင်းမြစ်ရေ တည်ရှိရာနှင့်အနီးဆုံးဒေသမှာ ခန္တီးမြို့ဖြစ်ပြီး မိုင် ၁၃၀ ကွာဝေးသည်။

မြစ်ရေအရောင်ပြောင်းသည့်နေရာသို့ အစိုးရအဖွဲ့များ သွားရောက်ကြည့်ရှုပြီးဖြစ်ပြီး ဓာတ်ခွဲခန်းမှ အဖြေထွက်ရှိလာပါက ပြည်သူများထံ အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ကနဦးလေ့လာမှုအရ ချင်းတွင်းမြစ်မြစ်ဖျားခံသည့် စာရာမေတိတောင်ခြေတွင် ကျောက်မီးသွေးကြောတွေ့ရှိခဲ့ရာ ယင်းနေရာကို ဖြတ်သန်းစီးဆင်း၍ ချင်းတွင်းမြစ်ရေ မည်းရခြင်းဖြစ်သည်ဟု ဦးသန်းဌေး ဆက်လက်ပြောကြားသည်။

"တီဘီစုလုကျေးရွာ စာရာမေတိတောင်ခြေ နန့်စလိန်ချောင်းအစနားမှာ ကျောက်မီးသွေး သက်တမ်းနုကြော ရှာဖွေတွေ့တယ်။ အခုဖြစ်တာက မိုးများပြီးတော့ မြေပြိုရင်းနဲ့ ကျောက်မီးသွေးတွေပါသွားလို့ထင်တယ်။ အရင်က ရေတစ်ခါမှ မမည်းဖူးဘူး" ဟု နာဂဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က ဆိုသည်။

ပြီးခဲ့သည့်လပိုင်းအတွင်း ချင်းတွင်းမြစ်ရေ အမည်းရောင်ပြောင်းသည့်သတင်းများ ထွက်ပေါ်လာရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စက်တင်ဘာလ ၇ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ တစ်ပတ်ခန့်ကြာမြင့်ခဲ့သည်။ ■

CARTOON OF THE WEEK



# မဟာသန္တိသုခအမှု ပိတ်သိမ်းပေးရန် လျှောက်ထားချက် ပယ်ချခံရ

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ပီနန်ဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့အကြား ပိုင်ဆိုင်မှုအငြင်းပွားနေသော မဟာသန္တိသုခကျောင်းတိုက်မှ လန်ဒန်ဆရာတော်အပါအဝင် သံဃာငါးပါးတရားစွဲခံရမှုကို ပိတ်သိမ်းပေးရန်လျှောက်ထားချက်ကို တာမွေမြို့နယ်တရားရုံးက ပယ်ချလိုက်သည်။

အဆိုပါသံဃာတော်ငါးပါး သာသနာ့စည်းမျဉ်းစည်းကမ်းများကို မလိုက်နာမှု ပုဒ်မ ၂၀/၉၀ ဖြင့် တရားစွဲဆိုခံထားရခြင်းဖြစ်သည်။ ယင်းအမှုကို ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစိန်မော်က တရားလိုပြု တိုင်ကြားခဲ့သော်လည်း ရုံးတော်သို့လာရောက်စစ်ဆေးခံခြင်း မရှိသောကြောင့် အမှုပြန်လည်ရုပ်သိမ်းပေးရန် သံဃာတော်များက လျှောက်ထားခဲ့ရာ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပယ်ချခံခဲ့ရခြင်း ဖြစ်သည်။

တရားလိုဖြစ်သူမှာ နိုင်ငံ့ဝန်ထမ်းဖြစ်၍ တရားလိုကိုယ်တိုင်ခွင့်တိုင်ကြားခြင်း မရှိသော်လည်း ဌာနက ၎င်းအတွက် ခွင့်တိုင်ပေးထားသောကြောင့် အမှုကိုဆက်လက်စစ်ဆေးရန် တာမွေမြို့နယ်တရားသူကြီးက အမိန့်ချမှတ်ကြောင်း လန်ဒန်ဆရာတော်၏ အကျိုးဆောင်ရှေ့နေ ဦးသိန်းဝင်းက ပြောကြားသည်။

"ဒီအမှုက ၂ နှစ်ကျော်နေပြီ။ တရားလိုဘက်က လာအစစ်ဆေးမခံလို့ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် အမှုပိတ်သိမ်းပေးဖို့ လျှောက်ထားခဲ့တယ်။ ဒါပေမဲ့ မြို့နယ်တရားသူကြီးက ပယ်ချခဲ့တာကြောင့် ခရိုင်တရားရုံး ဆက်လျှောက်ထားမယ်" ဟု ၎င်းကဆိုသည်။

၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက် ညသန်းခေါင်ချိန်က ရန်ကုန်တိုင်းဒေသကြီး သံဃနာယအဖွဲ့ပင့်လာသည့် သံဃာအပါး ၂၀၀ ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကာ မဟာသန္တိသုခကျောင်းတိုက်ကို ဝင်ရောက်စီးနင်းခဲ့ပြီး ကျောင်းတိုက်ကို ချိတ်ပိတ်ကာ လန်ဒန်ဆရာတော်အပါအဝင် သံဃာငါးပါးကိုဖမ်းဆီး၍ လူဝတ်လဲစေခဲ့သည်။

ယင်းနောက်အဆိုပါသံဃာတော်များကို သာသနာ ညှိုးနွမ်းစေမှု ပြစ်မှုပုဒ်မ ၂၉၅(က)၊ သာသနာစည်းမျဉ်းစည်းကမ်းများကို မလိုက်နာမှု ပုဒ်မ ၂၀/၉၀ တို့ဖြင့် တာမွေမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ■

# စင်ကာပူသူကို အငှားယာဉ်မောင်း အဓမ္မကျင့်ရန် ကြံစည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ညပိုင်းတွင် နေအိမ်သို့ အငှားယာဉ်ဖြင့် ပြန်လာသည့် စင်ကာပူနိုင်ငံသူတစ်ဦးကို ယာဉ်မောင်း မြန်မာအမျိုးသားက အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့ကြောင်း အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အသက် ၂၅ နှစ်အရွယ် ထိုစင်ကာပူနိုင်ငံသူသည် စက်တင်ဘာလ ၁၅ ရက်နေ့က ဗဟန်းမြို့နယ် ပုလဲကွန်ဒိုမှ လှိုင်မြို့နယ်ရှိ ရွှေဟသ်ာကွန်ဒိုသို့ပြန်လာစဉ် ယာဉ်မောင်းက အဓမ္မကျင့်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

"တက္ကစီမောင်းသူက ခရီးသည်အမျိုးသမီးရဲ့နေအိမ်ကို လိုက်မပို့ဘဲ RC 2 ထဲ ကားမောင်းခဲ့တယ်။ မှောင်ရိပ်ထဲရောက်တော့ ကားရပ်ပြီး နောက်ခန်းမှာပါတဲ့ အမျိုးသမီးရဲ့ပါးစပ်ကို လက်နဲ့ပိတ်တွန်းလှဲပြီး အဓမ္မပြုကျင့်ဖို့ ကြံစည်နေချိန် အမျိုးသမီးက ရုန်းကန်ပြီး ထွက်ပြေးခဲ့တာလို့ အမှုဖွင့်တိုင်ကြားချက်အရ သိရတယ်" ဟု အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

RC 2 ဟု ခေါ်သော တက္ကသိုလ်များ (လှိုင်နယ်မြေ) သည် လူပြတ်ပြီး ပြည်လမ်းနှင့် အင်းစိန်လမ်းအကြား ပါရမီလမ်းတွင် တည်ရှိသည်။

"အငှားယာဉ်မောင်းကို မမိသေးပါဘူး" ဟု အထက်ပါ ရဲအရာရှိက ဆိုသည်။

အဓမ္မပြုကျင့်ရန် ကြံစည်ခံရသည့် ယာဉ်၏နောက်ခန်းတွင် လက်ဆွဲအိတ်ကျန်ခဲ့ပြီး ယင်းအိတ်အတွင်း Lenovo အမျိုးအစား Laptop တစ်လုံး၊ i Pad Classic တစ်လုံး၊ မြန်မာငွေကျပ် နှစ်သောင်းနှင့်စင်ကာပူဒေါ်လာ ၃၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀ ပါရှိကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ သိရှိရသည်။ ■

မျက်နှာဖုံး – အာနန်ကော်မရှင်ကြောင့် တိုင်းပြည်အန္တရာယ်ကျလျှင် အစိုးရတာဝန်ဟု ကြံ့ခိုင်ရေးနှင့် ၁၀ ပါတီထုတ်ပြန် မှအဆက်...

တရားမဝင်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

"အပြန်အလှန် ထိန်းကျောင်းတဲ့အနေနဲ့ ဒီလိုထုတ်ပြန်တာပါ" ဟု ပူးတွဲထုတ်ပြန်ချက်အပေါ် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) အထွေထွေအတွင်းရေးမှူး ဦးနေမင်းကျော်က ပြောဆိုသည်။

အဆိုပါကော်မရှင်၏ အသုံးစရိတ်အတွက် OIC အဖွဲ့မှ အကူအညီယူ၍ သုံးစွဲမည်ကို ပြည်သူများက စိုးရိမ်နေပြီး အစိုးရဟောင်းက အသိအမှတ်မပြုခဲ့သော ရိုဟင်ဂျာအမည်ခံလူမျိုးများ တိုင်းရင်းသားဖြစ်ခွင့်ရသွားနိုင်ခြင်း၊ ရိုဟင်ဂျာစစ်တပ်ဖွဲ့စည်း၍ သီးခြားနယ်မြေထူထောင်ရန် ကြိုးပမ်းလာနိုင်ခြင်း စသည့် စိုးရိမ်ချက်များကို ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကြံ့ခိုင်ရေးပါတီနှင့် နိုင်ငံရေးပါတီ ၁၂ ပါတီတို့ ရန်ကုန်မြို့ကြံ့ခိုင်ရေးပါတီရုံးချုပ်တွင် စက်တင်ဘာလ ၁၆ ရက်နေ့က တွေ့ဆုံအပြီး အဆိုပါကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ ယင်းကြေညာချက်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူ) နှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) တို့ ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိပေ။

ပူးတွဲကြေညာသည့် ပါတီ ၁၁ ခုမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ ဝံသာနုဒီမိုကရက်တစ်ပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ 'ဝ' ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ပြည်သူ့ဒီမိုကရေစီပါတီတို့ ဖြစ်သည်။ ■

# မြန်မာ့ထိပ်တန်းကုမ္ပဏီများ ပွင့်လင်းမြင်သာမှုအားနည်း

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာ့ထိပ်တန်းကုမ္ပဏီများ ပွင့်လင်းမြင်သာမှု အားနည်းနေဆဲဖြစ်ကြောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) က တတိယအကြိမ်ထုတ်ပြန်သည့် (မြန်မာ့ကုမ္ပဏီများ ပွင့်လင်းမြင်သာမှုလေ့လာခြင်း) ပွင့်သစ်စစီမံချက်တွင် ဖော်ပြသည်။

အဆိုပါစီမံချက်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ထမ်းဆောင်မှုအများဆုံးဖြစ်သော ကုမ္ပဏီပေါင်းတစ်ရာကို အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်ပြီး ကုမ္ပဏီကြီးများသည် အများပြည်သူသိရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ ထုတ်ပြန်ရန် အားနည်းနေဆဲဖြစ်ကြောင်း MCRB ၏ ဒါရိုက်တာ ဗစ်ကီဘိုမန်က ပြောကြားသည်။

"ဒီလိုဖော်ပြချက်တွေလုပ်ဖို့ ကုမ္ပဏီတွေကစိတ်မဝင်စားကြဘူး" ဟုဧင်းကဆိုသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီကြီးများသည် ၎င်းတို့လုပ်ငန်းနှင့်ပတ်သက်သည့် နှစ်ပတ်လည်အစီရင်ခံစာ၊ လုပ်ငန်းနှင့်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံချက်၊ စီးပွားရေးစွန့်စားနိုင်ခြေရှိမှုတို့ကို ထုတ်ပြန်ရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။

ပွင့်သစ်စစီမံချက်၏ အစီရင်ခံစာတွင် ကုမ္ပဏီများ၏ အင်တာနက်စာမျက်နှာများပေါ်မှ အချက်အလက်များကို အဓိကလေ့လာခြင်းဖြစ်ပြီး မြန်မာ့ထိပ်တန်းကုမ္ပဏီပေါင်းတစ်ရာတွင် ကုမ္ပဏီ ၃၄ ခုမှာ အင်တာနက်စာမျက်နှာ (Website) ဖွင့်လှစ်ခြင်းမရှိဘဲ အချို့ကုမ္ပဏီများမှာလည်း ကောင်းမွန်စွာ လည်ပတ်ခြင်းမရှိကြောင်း MCRB ကဆိုသည်။

လက်ရှိအစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ပွင့်လင်းမြင်သာမှုအရှိဆုံးကုမ္ပဏီအဖြစ် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သော FMI ကုမ္ပဏီကို အဆင့်တစ်အဖြစ် ရွေးချယ်ထားပြီး နံပါတ်နှစ်တွင် Serge Pun & Associate (SPA)၊ နံပါတ်သုံးတွင် မက်စ်မြန်မာကုမ္ပဏီတို့က အစဉ်လိုက်ရပ်တည်ခဲ့သည်။

အခြားထိပ်တန်းကုမ္ပဏီကြီးများဖြစ်သည့် ရွှေတောင်၊ အေးရှားဝေါ၊ ထူးအုပ်စု ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှုအဆင့် နံပါတ် ၁၀ အောက်တွင်ရှိနေကြောင်း MCRB က ဆိုသည်။

ကုမ္ပဏီများ ပွင့်လင်းမြင်သာမှုရှိခြင်းသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အလွန်အရေးပါပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေနှင့် ၎င်းတို့နှင့် တွဲဖက်လုပ်ကိုင်ရန် မိတ်ဖက်ပြည်တွင်းကုမ္ပဏီများကို ရှာဖွေရာတွင် ပွင့်လင်းမြင်သာစွာထုတ်ပြန်သည့် အချက်အလက်များကို ကြည့်ရှုကြောင်း MCRB ကဆိုသည်။ ■

## ရောဝတီမြို့နယ်ငါးခုမှ တောင်သူနှင့် ရေလုပ်သားများ စုပေါင်းဆန္ဒပြ

**ပုသိမ်၊ စက်တင်ဘာ ၁၆**

ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်ငါးခုမှ တောင်သူများနှင့် ရေလုပ်သား ၅၀၀ ကျော်စုပေါင်း၍ ပုသိမ်မြို့တွင် စက်တင်ဘာ ၁၆ ရက်နေ့က ဆန္ဒပြခဲ့ကြသည်။

ပန်းတနော်၊ အိမ်မဲ၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဇလွန်မြို့နယ်တို့မှ လယ်ယာလုပ်ကိုင်သူ တောင်သူများနှင့် တစ်နိုင်တစ်ပိုင် ရေလုပ်သားတို့က ယခင်အစိုးရလက်ထက်က သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ အင်းကြေးတိုင်စနစ် ဖျက်သိမ်းပေးရေး၊ ဒေသခံရေလုပ်သားအစုအဖွဲ့ငယ်များ ဒေသတွင်းရှိ အင်းအိုင်များတွင် လုပ်ကိုင်ခွင့်ရရှိရေးအတွက် စုပေါင်းဆန္ဒပြခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်သူများထံမှ သိရှိရသည်။

အစိုးရသစ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဌာနတို့ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့က ထိရောက်စွာအရေးယူပေးရန် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

"ခရိုနီလူနည်းစုက ဒေသခံတွေအပေါ်မှာ အနိုင်ကျင့်နေတာ နှစ်ပေါင်း ၃၀ နီးပါး ရှိနေပါပြီ၊ ဒေသခံတွေ ငါးတစ်ကောင်ဖမ်းရုံနဲ့ ထောင်ချောက်လကျခဲ့တာတွေ ရှိခဲ့ပါတယ်။ ဆင်းရဲမွဲတေမှုက ပိုဖြစ်လာပါတယ်" ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူ ပန်းတနော်မြို့နယ်မှ ဦးဝင်းနိုင်က ပြောကြားသည်။

အစိုးရသစ်လက်ထက်တွင် တစ်နိုင်တစ်ပိုင်ရေလုပ်သားများကို လုပ်ကိုင်ခွင့်ပေးရန် ညွှန်ကြားထားသော်လည်း သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးခြင်းမရှိကြောင်း ၎င်းကဆိုသည်။ ■

မျက်နှာဖုံး – ၂၇ နှစ်ကြာဆိုင်းငံ့ထားသော အမေရိကန် ကုန်သွယ်မှုအထူးကင်းလွတ်ခွင့် ပြန်ရမည် မှအဆက်...

လာမည့်နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စတင်အသက်ဝင်မည်ဟု အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဌာနက ထုတ်ပြန်လိုက်သည်။

"လူကုန်ကူးမှုပြဿနာအပါအဝင် တခြားသော အရေးတယူလုပ်ဆောင်စရာ အများအပြား ကျန်နေပါသေးတယ်။ တစ်ဖက်မှာလည်း မကြာသေးမီ နှစ်များအတွင်း မြန်မာနိုင်ငံရဲ့ အလုပ်သမားအခွင့်အရေး ဆောင်ရွက်မှုမှာ အရေးကြီးတဲ့ တိုးတက်မှုတွေရှိခဲ့ပါတယ်" ဟုအမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဌာန ကိုယ်စားလှယ် Michael Froman က ဆိုသည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ အစိုးရသည် အတင်းအဓမ္မခိုင်းစေမှု၊ ကလေးလုပ်သားပပျောက်ရေးစသည့် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

"တကယ်တော့ GSP ရလို့ရှိရင် အထည်ချုပ်တစ်ခုတည်းတင် မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့တခြားကုန်စည်တွေ အတွက်လည်း လမ်းကြောင်းပွင့်သွားမှာ ဖြစ်ပါတယ်။ ဥပမာ အီလက်ထရောနစ်ပစ္စည်းတွေ တပ်ဆင်တဲ့လုပ်ငန်းမျိုးတွေလည်းရှိပါတယ်" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦး က ဆိုသည်။

မြန်မာနိုင်ငံကို ပေးထားသော အမေရိကန်ပြည်ထောင်စု၏ GSP အစီအစဉ်ကို ၁၉၈၉ ခုနှစ်တွင် ဆိုင်းငံ့ခဲ့ပြီး ၂၀၁၃ ခုနှစ်၌ အဆိုပါ GSP အစီအစဉ်ပြန်လည်ရရှိရေး မြန်မာအစိုးရက စတင်ကြိုးပမ်းခဲ့သည်။

GSP အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုသို့တင်ပို့သည့် ထွက်ကုန်အမယ်ပေါင်း ၅၀၀၀ ခန့်ကို အကောက်ခွန်ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လက်ရှိတင်ပို့နေသော ကြိမ်ထည်၊ သစ်၊ ကျောက်ပိုးအိတ်၊ ဘေးလွယ်အိတ်ကဲ့သို့ ခရီးသွားအသုံးအဆောင်ပစ္စည်းများလည်း ပါဝင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂ၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့က ပေးအပ်သော GSP အစီအစဉ်များကို မြန်မာနိုင်ငံက ရရှိထားပြီးဖြစ်သည်။ ■

## အဆင့်မြင့်ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် မြန်မာ–အမေရိကန် ဆွေးနွေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု၏ စံချိန်စံနှုန်းမြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် ဆွေးနွေးညှိနှိုင်းရန် နှစ်နိုင်ငံလုံးက အသိအမှတ်ပြု စိတ်ဝင်စားမှုရှိကြောင်း စက်တင်ဘာလ ၁၅ ရက်နေ့က ထုတ်ပြန်သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ပြည်ထောင်စုသမ္မတ အိုဘားမားနှင့် တွေ့ဆုံပြီးနောက်တွင် အဆိုပါပူးတွဲကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

စံချိန်စံညွှန်းမြင့်သော အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (High-Standard Bilateral Investment Treaty) အတွက် လိုအပ်ချက်များအပါအဝင် နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုတိုးမြှင့်ခြင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အပေါ် သက်ရောက်မှုရှိသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အမြင်ချင်း ဖလှယ်ရန် စိတ်ဝင်စားမှုရှိသည်ကို နှစ်နိုင်ငံလုံးက အသိအမှတ်ပြုကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အဆင့်မြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် ညှိနှိုင်းမှုအတွက် စတင်ဆွေးနွေးမယ်ဆိုတာ ထုတ်ပြန် ထားတာရှိတယ်။ သူတို့ဘက်က စိတ်ဝင်စားမှုရှိနေတယ်ဆိုတာ ပေါ်လွင်တယ်။ မကြာခင် အခြေအနေကောင်းတွေပေါ်လာမယ်လို့မျှော်လင့်ထားပါတယ်" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးကဆိုသည်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်စာချုပ်သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရန် အကာအကွယ်ပေးချုပ်ဆိုသည့် စာချုပ်မျိုးဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (BIT) ကို မြန်မာနိုင်ငံနှင့် လက်ရှိချုပ်ဆိုထားသော နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ဥရောပသမဂ္ဂနှင့် လက်ရှိဆွေးနွေးနေဆဲဖြစ်ကာ စင်ကာပူနိုင်ငံကလည်း မြန်မာနိုင်ငံနှင့် ဆွေးနွေးလိုကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက ယခုနှစ် မေလအတွင်းက ပြောကြားထားသည်။ ■

## အေဂျင်စီနှင့် စာချုပ်ပါအတိုင်းမဟုတ်သဖြင့် မြန်မာအလုပ်သမားများ ထိုင်းမှ တရားမဝင်အိမ်ပြန်

**ရန်ကုန်၊ ဩဂုတ် ၁၆**

ထိုင်းနိုင်ငံတွင် တရားဝင်နည်းလမ်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်သော်လည်း စာချုပ်ပါzအလုပ်တွင် မလုပ်ရဘဲ အခြားလုပ်ငန်းတွင် ခိုင်းစေသောကြောင့် မြန်မာ ၁၃ ဦး မြန်မာနိုင်ငံသို့ တရားမဝင်လမ်းကြောင်း(အောက်လမ်း)မှ ပြန်လာရကြောင်း အဆိုပါ အလုပ်သမားများထံမှ သိရှိရသည်။

တရားဝင်လိုင်စင်ရ မေဝင့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီက အဆိုပါအလုပ်သမားများကို ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီလက ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး စာချုပ်တွင်ပါရှိသည့် အလုပ်မှာ ကြက်သားစက်ရုံဖြစ်သော်လည်း အချိုရည်စက်ရုံတွင် ယာယီလုပ်ကိုင်ရကြောင်း အလုပ်သမားတစ်ဦးဖြစ်သူ မရွှေဇင်အိက ပြောကြားသည်။

အချိုရည်စက်ရုံတွင် လေးလကြာလုပ်ကိုင်ပြီးနောက် အချိုရည်စက်ရုံက အလုပ်ဖြုတ်လိုက်ပြီး အလုပ်သစ်လည်းရှာ၍မရသဖြင့် ပြန်လာရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

အေဂျင်စီက အလုပ်ရှာပေးမည်ဖြစ်၍ စောင့်ဆိုင်းရန် ပြောဆိုသော်လည်း ၁၀ ရက်ခန့်ကြာသည်အထိ အလုပ်မရဘဲစားရေးနေရေးအခက်အခဲဖြစ်လာ၍ မြန်မာနိုင်ငံသို့ ပြန်လာခြင်းဖြစ်ကြောင်း အလုပ်သမားများထံမှ သိရှိရသည်။

နိုင်ငံကူးလက်မှတ်နှင့် တရားဝင်အထောက်အထားများကိုလည်း ပွဲစားများက သိမ်းဆည်းထားသဖြင့် တရားဝင်ပြန်လာ၍ မရဘဲ ဇူလိုင်လ ၂၄ ရက်နေ့တွင် တရားမဝင် ပြန်လာရကြောင်း ၎င်းတို့ထံမှသိရသည်။

စာချုပ်ပါအလုပ်အတိုင်းသာ လုပ်ကိုင်စေခြင်းဖြစ်ပြီး အဆင်မပြေမှုကြောင့် တရားမဝင် ပြန်ရောက်လာသူ ၂၃ ဦးအနက် ၁၀ ဦးကို ကုမ္ပဏီဘက်မှ ညှိနှိုင်းဖြေရှင်း၍ တရားဝင်ပြန်လာရန် လုပ်ဆောင်ပေးသည့်အပြင် အလုပ်သစ်ကို လည်းရှာဖွေပေးထားပြီဖြစ်ကြောင်း၊ ကျန် ၁၃ ဦးနှင့်လည်း ညှိနှိုင်းမည်ဖြစ်ကြောင်း မေဝင့်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

မျက်နှာဖုံး – ဒေါ်အောင်ဆန်းစုကြည် မှအဆက်...

သည် ရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက် မျက်စိခွဲစိတ်မှုကို နှစ်ကြိမ်တိုင်ပြုလုပ်ခဲ့ရသေးသည်။

ထို့နောက်တွင် တရုတ်နှင့်အမေရိကန် အပါအဝင် ပြည်ပခရီးစဉ်များနှင့် နိုင်ငံတကာ အဆင့် အစည်းအဝေးပွဲပေါင်းများစွာကို တက်ရောက်ခဲ့ခြင်း၊ အမျိုးသားရင်ကြားစေ့ရေးအတွက် ၂၁ ရာစု ပင်လုံညီလာခံကို ကျင်းပခဲ့ခြင်းနှင့်အတူ အုပ်ချုပ်ရေးယန္တရား လည်ပတ်ရန် အဓိကမောင်းနှင်သူဖြစ်လျက်ရှိခြင်းတို့ကြောင့် အသက်အရွယ်နှင့်မမျှသော တာဝန်ကို ထမ်းဆောင်နေရသည်ဟု နိုင်ငံတကာမှ စောင့်ကြည့်နေသူများက ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတာဝန်တို့ကို ရယူထားရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ နိုဝင်ဘာလမတိုင်မီ နှစ်ပေါင်း ၂၀ အတွင်း အကျယ်ချုပ်ဘဝဖြင့် ၁၅ နှစ်ခန့် နေထိုင်ခဲ့ရသည်။ ပြီးခဲ့သည့် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံရှိ သားငယ်ကင်မ်၊ မြေးဖြစ်သူ ဂျေမီ၊ ဂျက်စမင်တို့နှင့် တွေ့ဆုံခဲ့သေးသည်။ ■

# တောင်းရမ်းစားသောက်သူများကို အစိုးရကာကွယ်စောင့်ရှောက်မည်

ရန်ကုန်၊ စက်တင်ဘာ ၁၆

ခိုကိုးရာမဲ့ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ လမ်းပေါ်မှ လေလွင့်လူငယ်များအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် တောင်းရမ်းစားသောက်နေရသူများကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရက ပြောဆိုလိုက်သည်။

ယနေ့ စက်တင်ဘာလ ၁၆ ရက်က ပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန်၏ မေးမြန်းမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ဖြေဆိုခဲ့ခြင်းဖြစ်သည်။

တောင်းရမ်းစားသောက်သူများကို ကာကွယ်ပေးရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်နေကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

နိုင်ငံသားများသည် စစ်ပွဲများကြောင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခြင်း၊ သဘာဝဘေးဒဏ်များကြောင့် ဒုက္ခရောက်ခြင်း၊ မိဘမဲ့ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်ရာမှ AIDS ကဲ့သို့သော ကူးစက်ရောဂါများ ရရှိခြင်း၊ မူးယစ်ဆေးဝါးကြောင့် စိတ်ဝေဒနာများ ခံစားရပြီး ဘဝရပ်တည်ရန်ကိုယ်တိုင်မစွမ်းနိုင်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် တောင်းရမ်းစားသောက်နေရကြောင်း ဦးအေးမင်းဟန်က ပြောဆိုသည်။

"ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ အကူအညီပေးဖို့လိုအပ်လှပါတယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် နှစ်များအတွင်း တောင်းရမ်းစားသောက်သူများ တိုးပွားလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ၌ ၁၉၆၇ ခုနှစ်ကစ၍ လမ်းပေါ်ထွက်တောင်းရမ်းခြင်းကို ခွင့်မပြုဘဲ ယင်းသို့လုပ်ဆောင်သူကို နေစရာပေး၊ စားစရာကျွေး၍ သန့်ရှင်းရေးအဖွဲ့ဖွဲ့ပေးခဲ့ကြောင်း ဦးအေးမင်းဟန်က ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လတ်တလောတွင် ရေ့ပြေးစီမံချက်အဖြစ် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ လမ်းပေါ်နေကလေးများ၊ ခိုကိုးရာမဲ့များနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူလျက်ရှိသည့်အပြင် သက်ဆိုင်ရာ အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးနေပြီး ရရှိသည့် ရလဒ်များအပေါ်မူတည်၍ အကောင်အထည်ဖော်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။ ■



ဓာတ်ပုံ-မြင့်မိုးညို

# ပျံ့ကျများသည့် မြို့နယ်များတွင် ဆီးချိုသွေးချို အခမဲ့ကုပေးမည်

ရန်ကုန်၊ စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပျံ့ကျလုပ်သားများသည့် မြို့နယ်များဖြစ်သော ထန်းတပင်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် ယခုနှစ်မှစတင်၍ ဆီးချိုသွေးချို အခမဲ့စစ်ဆေးကုသပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

ယင်းအစီအစဉ်မှာ ကျန်းမာရေးဝန်ထမ်းများက အိမ်အရောက် ကွင်းဆင်းကုသပေးမည့် အစီအစဉ်ဖြစ်ပြီး ယခုနှစ်အောက်တိုဘာလမှ စတင်မည်ဖြစ်ကာ လာမည့်နှစ် ၂၀၁၇ ခုနှစ်တွင် ဒလမြို့နယ်နှင့် သုံးခွမြို့နယ်တို့ကို တိုးချဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာခင်နန်းလုံက ပြောကြားသည်။

"ဆင်းရဲတယ်၊ ပျံ့ကျများတယ်ဆိုတဲ့ နေရာတွေ၊ ကျန်းမာရေးဌာနတွေနဲ့ဝေးပြီး ကျန်းမာရေးဝန်ထမ်း သိပ်မရောက်နိုင်တဲ့ နေရာတွေကိုရွေးထားတယ်" ဟုဒေါက်တာခင်နန်းလုံကဆိုသည်။

သွားလာရခက်ခဲသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသများအတွက်မူ သားဖွားဆရာမများကို သွေးချိုဆီးချို ကုသနည်း သင်တန်းများ ပို့ချပေးထားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားပါက အဆိုပါသားဖွားဆရာမထံတွင် ကုသမှုခံယူနိုင်မည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

"ဆီးချိုဖြစ်ပြီး နောက်ဆက်တွဲနှလုံး၊ ကျောက်ကပ်တွေပါဖြစ်လို့ ဆေးရုံလေးခေါက်တက်တာတွေတင် အားလုံးသိန်း ၂၀ ကျော်ကုန်တယ်။ ဆီးချိုဖြစ်လို့ ကုရင်း လေးနှစ်ကျော်မှာဆုံးသွားတယ်" ဟု ရန်ကုန်မြို့တော် သဃ်န်းကျွန်းမြို့နယ်မှ အမျိုးသမီးတစ်ဦးကဆိုသည်။ ၎င်း၏ လူနာဖြစ်သူမှာ ဆီးချိုရောဂါနှင့် အခြားရောဂါများကြောင့် ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

ဆီးချိုသွေးချိုရောဂါမှာ လူနေမှုဘဝပုံစံနှင့် အစားအသောက် မညီမျှမှုကြောင့် အဖြစ်များလာသည့် ရောဂါဖြစ်ပြီး အချိုရည်နှင့် အချိုဓာတ်များသည့် အစားအစာများ စားသောက်မှုကြောင့် ငယ်ရွယ်သည့်ကလေးများတွင်ပင် ဆီးချိုရောဂါ ခံစားနေရမှုများကို တွေ့ရှိလာရကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနထံမှ သိရသည်။

၂၀၁၄ ခုနှစ်က ကောက်ယူထားသော စစ်တမ်းအရ မြန်မာနိုင်ငံတွင် ဆီးချိုသွေးချိုရောဂါရှိသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ဆီးချိုသွေးချိုဖြစ်ပွားမှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုအသင်းထံမှ သိရသည်။ ■

ကြော်ငြာကိစ္စဆက်သွယ်လိုပါက
ဖုန်း - ၀၉၅၁၇၆၈၃၅၊ ၀၉၄ ၂၁၁၀၇၇၇၀

# မန္တလေးစည်ပင်ရွေးကောက်ပွဲ မဲပေးခွင့်ရှိသူများကို ကြေညာ

မန္တလေး၊ စက်တင်ဘာ ၁၆

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ စတင်ကြေညာထားပြီဖြစ်သည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင်ပြုလုပ်မည့် အဆိုပါရွေးကောက်ပွဲ၌ မဲပေးခွင့်ရသူများစာရင်းကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ကြေညာခြင်းဖြစ်ပြီး အမည်စာရင်း မပါသူများနှင့် မှားယွင်းမှုများကို ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာမြို့နယ်ခြောက်ခုတွင် ကြေညာထားကြောင်း အဆိုပါ ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူ ဦးကျော်ဇေဝဏ္ဏသူက ပြောကြားသည်။

ရွေးကောက်ပွဲ ကျင်းပမည့် မြို့နယ်ခြောက်မြို့နယ်အတွင်း မဲရုံပေါင်း ၂၃၀ ကျော်ရှိမည်ဖြစ်ပြီး မဲပေးနိုင်သူ အရေအတွက်မှာ တစ်သိန်းနှစ်သောင်းကျော်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ထံမှ ထပ်မံသိရှိရသည်။

ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုများနှင့် ရွေးကောက်ပွဲ သမာသမတ်ကျမကျ လေ့လာစောင့်ကြည့် သွားမည်ဖြစ်ကြောင်း မန္တလေးအခြေစိုက်မေတ္တာကမ်းပိန်း(လူငယ်)အဖွဲ့မှ ကိုသန်းမြတ်စိုးက ပြောကြားသည်။ ■

# ဇီကာဗိုင်းရပ်စ် သံသယရှိက အခမဲ့စစ်နိုင်

ရန်ကုန်၊ စက်တင်ဘာ ၁၆

ဇီကာဗိုင်းရပ်စ် ကူးစက်ခံနေရသည်ဟု သံသယရှိပါက ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းသို့မဟုတ် အထွေထွေရောဂါကုဆရာဝန်၏ ထောက်ခံချက်ဖြင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်းတွင် အခမဲ့စစ်ဆေးနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်နန်းလုံက ပြောကြားသည်။

အဆိုပါဓာတ်ခွဲခန်းသည် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးဇီဝကလမ်းတွင် တည်ရှိသည်။

ဇီကာရောဂါ၏ လက္ခဏာများဖြစ်သည့် ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်ထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်နာခြင်းတို့မှ အနည်းဆုံး လက္ခဏာနှစ်ခုဖြစ်ပေါ်နေလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းတွင်ပြသကာ ဆရာဝန်ထောက်ခံချက်ဖြင့် အဆိုပါဓာတ်ခွဲခန်းတွင် သွားရောက်စစ်ဆေး သင့်ကြောင်း ဒေါက်တာခင်နန်းလုံက ဆိုသည်။

"တော်တော်များများက မျက်စိနာကြတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် လူ ၄၀၀ အတွက် ဇီကာဗိုင်းရပ်စ်စစ်ဆေးသည့် ကိရိယာများ အသင့်ရှိနေပြီး လူ ၁၀၀ အတွက် ကိရိယာများ ထပ်မံဖြည့်ဆည်းမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် ဇီကာဗိုင်းရပ်စ်သံသယရှိ လူနာရှစ်ဦးကို စစ်ဆေးခဲ့ရာ ဇီကာဗိုင်းရပ်စ် မတွေ့ရှိခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"နေမကောင်းဖြစ်ရင်တော့ ချက်ချင်းတန်းခန်တော့(ဆေးခန်း)ပြခဲ့တယ်။ လက်ရှိထိ ဇီကာစစ်လို့ရတာကိုမသိသေးဘူး။ ဇီကာဖြစ်နေတယ်လို့ သံသယရှိရင်တော့ စစ်ချင်တယ်။ အခမဲ့စစ်ပေးမှာဆိုရင် သံသယရှိရင် စစ်ဖြစ်မယ်" ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်ဆွေဆွေစိုးနိုင်က ဆိုသည်။

ဇီကာဗိုင်းရပ်စ်ကို ယင်းရောဂါပိုးကို သယ်ဆောင်သည့် အေးဒီးဒ်ခြင်ကျားကိုက်ခံရခြင်း၊ ရောဂါပိုးရှိသည့် ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားကိုကူးစက်ခြင်း၊ ရောဂါပိုးရှိသူဖြင့် လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသည့် သွေးကို သွင်းမိခြင်းတို့ကြောင့် ကူးစက်ခံရနိုင်ပြီး မိခင်နို့ရည်မှ မကူးစက်နိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာ့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ဇီကာဗိုင်းရပ်စ် ကူးစက်ခံနေရပြီဖြစ်သည်။ ■

# iPhone 7 မြန်မာဈေးကွက်သို့ ယခုတစ်ပတ်စရောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

နာမည်ကျော် Apple ကုမ္ပဏီ၏ နောက်ဆုံးပေါ်ထုတ်ကုန်ဖြစ်သော iPhone 7 စမတ်ဖုန်းများ မြန်မာဈေးကွက်သို့ ယခုတစ်ပတ်အတွင်း စတင်ဝင်ရောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင်များထံမှ သိရသည်။

"iPhone 7 နဲ့ 7 Plus ကိုစောင့်မျှော်နေသူများအတွက် ၂၁ ရက် ဗုဒ္ဓဟူးနေ့လောက်မှာ ပစ္စည်းရောက်မယ်လို့မှန်းထားပါတယ်" ဟု စမ်းချောင်းမြို့နယ်အတွင်းရှိ Win Mobile World ဖုန်းအရောင်းဆိုင်က ကြေညာထားသည်။

iPhone 7 စမတ်ဖုန်းများ မြန်မာဈေးကွက်သို့ ဝင်ရောက်ချိန်တွင် စင်ကာပူနိုင်ငံ ဈေးကွက်ပေါက်ဈေးနှင့် မတိမ်းမယိမ်းသာရှိနိုင်ပြီး iPhone 7 Plus မှာမူ စင်ကာပူဈေးနှင့် နှစ်သိန်းဝန်းကျင်ခန့် ဈေးကွာဟမည်ဖြစ်ကြောင်း အဆိုပါဖုန်းအရောင်းဆိုင်ထံမှ သိရှိရသည်။

Apple အမှတ်တံဆိပ် နောက်ဆုံးပေါ် စမတ်ဖုန်းများကို စင်ကာပူဈေးကွက်တွင် သောကြာနေ့က စတင်ရောင်းချနေပြီဖြစ်ပြီး iPhone 7 32GB မှာ အမေရိကန်ဒေါ်လာ ၇၇၀ ဝန်းကျင် ကျသင့်မည်ဖြစ်သည်။ iPhone 7 Plus 32GB ကိုမူ အမေရိကန်ဒေါ်လာ ၉၁၅ ဝန်းကျင်ဖြင့် စင်ကာပူနိုင်ငံရှိ Apple စတိုးက ရောင်းချလျက်ရှိသည်။

ကင်မရာအရည်အသွေး မြှင့်တင်ထားခြင်း၊ ရေစိမ်ခံနိုင်ခြင်း၊ အသံစနစ်နှင့် Audio Port များ ပြောင်းလဲထားခြင်း စသည့် အပြောင်းအလဲသစ်များစွာနှင့် iPhone 7 ကို စက်တင်ဘာလ ၇ ရက်နေ့တွင် Apple က တရားဝင်မိတ်ဆက်ခဲ့ပြီး စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကမ္ဘာ့ဈေးကွက်၌ စတင်ဖြန့်ချိခြင်းဖြစ်သည်။

iPhone 7 နှင့် 7 Plus စမတ်ဖုန်းသစ်များကို အရောင်ငါးမျိုးဖြင့် ထုတ်လုပ်ပြီး လူကြိုက်များသည့် Jet Black အရောင် iPhone 7 များကို မြန်မာဈေးကွက်တွင် ချက်ချင်းဝယ်ယူနိုင်ဖွယ်မရှိသေးကြောင်း ဖုန်းအရောင်းဆိုင်များကဆိုသည်။ နိုင်ငံတကာ ဈေးကွက်တွင်လည်း ကြိုတင်မှာယူထားသူများမှအပ လက်ငင်းသွားရောက်ဝယ်ယူသူများအတွက် စိတ်ကြိုက် အရောင်ရွေးချယ်နိုင်မည် မဟုတ်သေးကြောင်း နိုင်ငံတကာသတင်းများက ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံဈေးကွက်တွင် iPhone 6S မှာ ဈေးနှုန်းအနိမ့်ဆုံး ၇၁၀,၀၀၀ ဝန်းကျင်ရှိပြီး 6S Plus မှာ ဈေးနှုန်း အနိမ့်ဆုံး ၈၃၀,၀၀၀ ကျပ် ဝန်းကျင်ရှိသည်။ iPhone များမှာ ဖုန်း၏ သိုလှောင်နိုင်မှုပမာဏအပေါ် မူတည်၍ ဈေးနှုန်းကွဲပြားပြီး iPhone 6S Plus 128GB ကို ရန်ကုန်ဈေးကွက်တွင် ၉၈၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ ■

## ထိုးဆင်းသွားသော ဝက်ဝံဈေးကွက် စတော့အနှစ်ချုပ် (စက်တင်ဘာ ၁၂ မှ ၁၆ ရက်နေ့အထိ)

ယခုသီတင်းပတ်အတွင်း ကုမ္ပဏီသုံးခု၏ အခြေအနေမှာ ပုံစံတစ်မျိုးစီ ထူးခြားမှုများ ဖြစ်ပေါ်ခဲ့သည်။

အစိုးရရုံးပိတ်ရက် တစ်ရက်ရှိခဲ့သည့်အတွက် ယခင်သီတင်းပတ်ထက် ရှယ်ယာရောင်းဝယ်မှု လျော့နည်းသွားသည်။

FMI ရှယ်ယာဈေးမှာ သီတင်းတစ်ပတ်လုံး ကျပ် ၁၈၅၀၀ ဖြင့် ဈေးတန်းနေခဲ့ပြီး MCB ရှယ်ယာဈေးမှာ အတက်အကျကြမ်းခဲ့သည်။

ယခုသီတင်းပတ်တွင် ရှယ်ယာအစုပေါင်း ၁၉,၂၀၄ စု၊ တန်ဖိုး ကျပ်သန်း ၃၆၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ရှယ်ယာရောင်းဝယ်မှုပမာဏ ၄၂ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်။

စတော့အညွှန်းကိန်းမှာ ၆၅၈ ဒသမ ၈၈ ဖြင့် ဈေးကွက်ပိတ်ခဲ့ပြီး သီတင်းပတ် ၁၈ ပတ်တွင် အနိမ့်ဆုံးဖြစ်ခဲ့သည်။

### FMI ရှယ်ယာ

ယခင်သီတင်းပတ်ထက် ရှယ်ယာဈေးကျပ် ၁၀၀၀ ထပ်မံကျဆင်းသွားပြီး ခြောက်လတာကာလအတွင်း အနိမ့်ဆုံးဈေးဖြစ်သွားသည်။

ရှယ်ယာဈေး စတင်ဖွင့်ခဲ့ချိန်က ကျပ် ၃၁,၀၀၀ ရှိရာမှ ယခုသီတင်းပတ်ဈေးကွက်ပိတ်ချိန်တွင် ကျပ် ၁၈,၅၀၀ သာဈေးပေါက်ခဲ့ပြီး မတ်လ ၂၅ ရက်နေ့ အဖွင့်ဈေးထက် ၄၀ ရာခိုင်နှုန်း ဈေးကျဆင်းသွားသည်။

ရှယ်ယာအစုပေါင်း ၉,၂၀၄ စု၊ တန်ဖိုး ကျပ်သန်း ၁၇၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အဖွင့်ဈေး၊ အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေးနှင့် အပိတ်ဈေးတို့မှာ ကျပ် ၁၈,၅၀၀ ဈေးတန်းလျက် ဈေးပိတ်ခဲ့သည်။

### MTSH ရှယ်ယာ

ရှယ်ယာရောင်းဝယ်မှု စံချိန်တင်အနည်းဆုံး သီတင်းပတ်ဖြစ်ခဲ့ပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရှယ်ယာအစု ၉၅ စုသာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရှယ်ယာအစု ၃၁၅၄ စု၊ တန်ဖိုး ကျပ်သန်း ၁၃၁ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အဖွင့်ဈေး ကျပ် ၄၂,၀၀၀၊ အမြင့်ဆုံး ကျပ် ၄၂,၀၀၀၊ အနိမ့်ဆုံး ကျပ်၄၁,၀၀၀ နှင့်သောကြာနေ့တွင် ကျပ် ၄၂,၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

အခြားကုမ္ပဏီနှစ်ခု၏ ရှယ်ယာဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပမာဏ များပြားခြင်းနှင့် ရှယ်ယာဈေးကျဆင်းမှုကြောင့် ရှယ်ယာထုတ်ရောင်းလိုသူနည်းပါးပြီး ရောင်းဝယ်ရခက်ခဲမှု (Liquidity Risk) ရှိနေသည်။

ထိုအခြေအနေအတိုင်း ဆက်ရှိနေပါက လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကျပ် ၄၂,၀၀၀ အောက်သို့ရှယ်ယာဈေး ထပ်မံကျဆင်းနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူအချို့က ခန့်မှန်းကြသည်။

### MCB ရှယ်ယာ

စတော့အိတ်ချိန်းသို့ ဝင်ရောက်ပြီးနောက်သီတင်းပတ်လေးပတ်အတွင်း ရှယ်ယာဈေးအတက်အကျ အများဆုံးဖြစ်ခဲ့ပြီး စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျပ် ၇၆၀၀ ဖြစ်ခဲ့ရာ ပထမဦးဆုံး ဈေးကွက်အဖွင့်ဈေး ကျပ် ၇၈၀၀ အောက်သို့ ကျဆင်းခဲ့သည်။

ရှယ်ယာအစုပေါင်း ၆၈၄၆ စု၊ တန်ဖိုး ကျပ် ၅၇ သန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ် ရှယ်ယာရောင်းဝယ်မှုပမာဏ အနည်းငယ် ကျဆင်းသွားသည်။

တနင်္လာနေ့အဖွင့်ဈေး ကျပ် ၉၅၀၀၊ အမြင့်ဆုံးဈေး ကျပ် ၉၅၀၀၊ အနိမ့်ဆုံး ကျပ် ၇၆၀၀ နှင့် သောကြာနေ့တွင် ကျပ် ၈၄၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ ■



## အိုင်တီဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်း KBZ Gateway ဖွင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာစေရန်ဟုဆိုကာ အိုင်တီပညာရပ်ဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်းကို ကမ္ဘောဇကုမ္ပဏီများအုပ်စုဝင် KBZ Gateway က တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါ လုပ်ငန်းခွင်အကြို သင်တန်းများကို မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ နိုဝင်ဘာလတွင်တစ်ကြိမ်၊ ဧပြီလတွင် တစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာသင်တန်းအတွက် အဆိုပါတက္ကသိုလ်တွင် သင်တန်းသားများ သွားရောက်ရွေးချယ်ခဲ့ကြောင်း KBZ Gateway ကုမ္ပဏီထံမှ သိရသည်။

လုပ်ငန်းခွင် အကြိုသင်တန်းဖွင့်ရခြင်းမှာ ကျောင်းသားများ လုပ်ငန်းခွင်မဝင်မီ တကယ့်လုပ်ငန်းခွင်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်ကြောင်း၊ ဒုတိယအကြိမ်သင်တန်းကို ၂၀၁၇ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်မည် ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်ပြောဆိုသည်။ ■

## စီးပွားရေးပိတ်ဆို့မှုဖယ်ရှားမည့် အမေရိကန်အစိုးရအစီအစဉ် GE ကြိုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုအားလုံး ဖယ်ရှားမည့် အစီအစဉ်ကို အမေရိကန်ကုမ္ပဏီကြီးဖြစ်သော GE က ကြိုဆိုလိုက်သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားလိုက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ပြောဆိုခြင်းဖြစ်သည်။

"အမေရိကန်အစိုးရရဲ့ဒီအစီအစဉ်ဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်နေတဲ့ မြန်မာအပေါ်ယုံကြည်မှုကို ပြလိုက်တာပါပဲ" ဟု အာဆီယံဒေသဆိုင်ရာ GE အမှုဆောင်အရာရှိချုပ် Wouter Van Wersh က မှတ်ချက်ပြုသည်။

မြန်မာအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ၏ အကျိုးဆက်မှာ ကြီးမားကြောင်း၊ ယင်းပိတ်ဆို့မှုများကြောင့် အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရခက်ခဲစေပြီး အခြားသော နိုင်ငံတကာကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်ရာတွင်လည်း မမျှတမှုများကို ကြုံတွေ့ရကြောင်း GE Myanmar ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

GE ကုမ္ပဏီသည် ၂၀၁၂ ခုနှစ်က အမေရိကန်အစိုးရ၏ စီးပွားရေးပိတ်ဆို့မှု တစ်စိတ်တစ်ပိုင်း ဖယ်ရှားချိန်တွင် မြန်မာနိုင်ငံသို့ အရင်ဆုံးဝင်ရောက်လာသည့် အမေရိကန်ကုမ္ပဏီကြီးဖြစ်သော်လည်း ကျန်ရှိနေသည့် ပိတ်ဆို့အရေးယူမှုများကြောင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်လုပ်ကိုင်ခွင့်ကို တားမြစ်ခံခဲ့ရသည်။ ■

## Morgan 2D




ဒီတစ်ပတ်အသစ်တင်တဲ့ နိုင်ငံခြားဇာတ်ကားကတော့ သည်းထိတ်ရင်ဖို သိပ္ပံအမျိုးအစားဇာတ်ကား Morgan ဖြစ်ပါတယ်။

လူသားအစစ်မဟုတ်ဘဲ တီထွင်ဖန်တီးထားတဲ့ လူတစ်ပိုင်း စက်တစ်ပိုင်း ကပြားလူသားဖန်တီးဖို့ သုတေသနလုပ်နေတဲ့ ကုမ္ပဏီတစ်ခုဟာ လီဝယ်သာစ်ကို ဒေသတစ်ခုကို စေလွှတ်လိုက်တယ်။ လီဝယ်သာစ်ဆိုတာ မျက်နှာကြောတင်းတင်း၊ မာမာထန်ထန်ရှိလှတဲ့ အမျိုးသမီးငယ်ဖြစ်ပြီး ကုမ္ပဏီရဲ့ ဆုံးရှုံးနိုင်ခြေကို တွက်ချက်သုံးသပ်တဲ့ ပညာရှင်ဖြစ်ပါတယ်။ ကုမ္ပဏီစေလွှတ်လိုက်တဲ့နေရာမှာ သူတို့စမ်းသပ်နေတဲ့ လူ-စက်ကပြား မော်ဂန်က သိပ္ပံပညာရှင်တစ်ယောက်ရဲ့မျက်လုံးကိုဓားနဲ့ထိုးပြီး သောင်းကျန်းနေချိန်ဖြစ်ပါတယ်။ မကြာခင်မှာပဲ မော်ဂန်ဟာ စိတ်ရောဂါပညာရှင်တစ်ယောက်ကို ထပ်သတ်လိုက်ပြန်တယ်။ လီဝယ်သာစ်ဟာ မော်ဂန်ရဲ့ဉာဏ်စွမ်းရည်ကို လျှော့တွက်လို့ မရမှန်းသိသလို သိပ္ပံပညာရှင်တွေဟာ သူတို့ဖန်တီးထားတဲ့ မော်ဂန်ကို အဆုံးစီရင်ဖို့ မလုပ်ရက်ဘူးဆိုတာကိုသိနေတယ်၊ ဒါကြောင့် မော်ဂန်ကို သူကိုယ်တိုင် အဆုံးသတ်ပေးဖို့ ကြိုးစားချိန်မှာ သိပ္ပံပညာရှင်တွေက လီဝယ်သာစ်ကို မေ့ဆေးပေးပြီး အခန်းတစ်ခုထဲ ပိတ်လှောင်ထားလိုက်တယ်။ သိပ္ပံပညာရှင်တွေက သူတို့နဲ့အတူ မော်ဂန်ကို ခေါ်ပြီး ထွက်ပြေးဖို့ကြိုးစားချိန် မော်ဂန်က သိပ္ပံပညာရှင် တွေအားလုံးကိုသတ်ပစ်လိုက်ပြန်တယ်။ မော်ဂန်သဘောအကျဆုံး အမျိုးသမီးဆရာဝန်ကိုတော့ မသတ်ဘဲ ပြန်ပေးဆွဲပြီး တောထဲကို ထွက်ပြေးခဲ့တယ်။ ပိတ်လှောင်ခံထားရတဲ့လီဝယ်သာစ်ပြန်လွတ်လာချိန်မှာ မော်ဂန်နောက်ကို ထပ်ကြပ်မကွာလိုက်ရင်း မော်ဂန်နဲ့ ရင်ဆိုင်ကြုံတွေ့ချိန်မှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖွယ်ဆက်လက်ကြည့်ရှုရပါမယ်။■

## Bounty Hunters



ဒီတစ်ပတ်တော့ ကိုရီးယား၊ တရုတ်နဲ့ ဟောင်ကောင်က အနုပညာရှင်တွေ ပါဝင်ရိုက်ကူးထားတဲ့ ဟာသအက်ရှင်ဒရမ်မာဇာတ်ကားအမျိုးအစား Bounty Huntersပါ။ ဒီဇာတ်ကားမှာ တောင်ကိုရီးယားနာမည်ကျော် အနုပညာရှင်လီမင်ဟိုက အဓိကပါဝင်သရုပ်ဆောင်ထားပြီး ဆုကြေးစားအဖွဲ့ရဲ့ လူဆိုးဂိုဏ်းတွေ လိုက်လံ ရှာဖွေဖမ်းပုံကို အတိုက်အခိုက် အသတ်အပုတ်တွေနဲ့ အတူ ကြည့်ရှုရမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံ တိုကျိုမြို့တော်က ဇိမ်ခံဟိုတယ်တစ်ခုမှာ အကြမ်းဖက် တိုက်ခိုက်ရေးသမားတွေက ဗုံးဖောက်ခွဲခဲ့တယ်။ အာရှတိုက်မှာရှိတဲ့ ထိပ်တန်းနိုင်ငံတွေမှာ အကြမ်းဖက်လုပ်ရပ်တွေကို ဆက်တိုက်လုပ်နေတဲ့ လူဆိုးအဖွဲ့ကို ရှာဖွေဖမ်းဆီးပြီး ဆုငွေထုတ်ဖို့ လီဆန်တို့အဖွဲ့ ကြိုးစားပါတော့တယ်။ အကြမ်းဖက်အဖွဲ့ဟာ တရုတ်၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ထိုင်းစတဲ့ နိုင်ငံတွေမှာ အကြမ်းဖက်လုပ်ရပ်တွေ ဆက်တိုက်လုပ်ဆောင်ခဲ့တယ်။ နောက်ဆုံး တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းက ဂျေဂျူးကျွန်းမှာ လီဆန်တို့အဖွဲ့ထဲ အဖွဲ့ဝင်သစ်တွေ ဝင်ရောက်လာပြီး အကြမ်းဖက်အဖွဲ့ကို လိုက်လံ ဖမ်းဆီးဖို့ကြိုးစားပုံကို စိတ်ဝင်စားဖွယ် ဆက်လက်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ■

## တစ်ပတ်အတွင်း ရုံတင်ပြသမည့် ရုပ်ရှင်ဇာတ်ကားများ

| ဇာတ်ကားအမည်နှင့် ဒါရိုက်တာ | ပါဝင်သည့် သရုပ်ဆောင်များ | ပြသမည့်ရုံ၊ ဖုန်းနံပါတ် |
|---|---|---|
| **အနူးဘစ်**<br>**ဒါရိုက်တာလူမင်း၊** | နေတိုး၊ ဝတ်မှုံရွှေရည်၊ ရွှေမှုံရတီ | Mingalar Cineplex<br>မင်္ဂလာ ဂမုန်းပွင့်(လှည်းတန်းစံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂<br>သမ္မတ - ၀၁ ၂၄၆၉၆၂၊ ၀၁ ၂၄၆၉၆၃<br>Top Royal (စိန်ဂေဟာပါရမီ) - ၀၉ ၄၂၀၁၈၆၂၉၁၊ ၀၉ ၄၂၀၁၈၆၂၉၂<br>ဝင်းလိုက် (မန္တလေး) - ၀၂ ၃၉၁၂၈၊ ၀၂ ၆၀၂၉၁<br>မြို့မ (မန္တလေး) - ၀၂ ၃၉၁၃၆၊ ၀၂ ၃၉၁၃၇<br>မင်္ဂလာ (၁) သိမ်ကြီးဈေး - ၂၄၃၀၅၇၊ ၂၄၃၀၅၈<br>မင်္ဂလာဒဂုံစင်တာ (၂) မြေနီကုန်း - ၀၉ ၇၃၂၅၄၀၉၁၊ ၀၉ ၇၃၂၅၄၀၉၂ |
| **Train to Busan-2D**<br>**Yeon Sang-ho** | Gong Yoo<br>Kim Su-an<br>Jung Yu-mi | နေပြည်တော် (၁) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>မင်္ဂလာဒဂုံစင်တာ (၂) မြေနီကုန်း - ၀၉ ၇၃၂၅၄၀၉၁၊ ၀၉ ၇၃၂၅၄၀၉၂<br>မင်္ဂလာဒိုင်းမွန်း (၂) (မန္တလေး) - ၀၉ ၄၀၂၇၆၅၆၄၁၊ ၀၉ ၄၀၂၇၆၅၆၄၂<br>မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **Pete'Dragon-3D**<br>**David Lowery** | Bryce Dallas Howard<br>Oakes Fegley , Wes Bentley | နေပြည်တော်(၃) - ၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄<br>မင်္ဂလာ ဂမုန်းပွင့်(လှည်းတန်း စံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **Bounty Hunters**<br>**Shin Terra** | Lee Min-ho, Wallace Chung<br>Tiffany Tang | မင်္ဂလာဂမုန်းပွင့်(လှည်းတန်း စံရိပ်ငြိမ်) - ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **The Angry Birds**<br>**Clay Kaytis** | Jason Sudeikis , Josh Gad<br>Danny McBride | နေပြည်တော်( ၂) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈ |
| **Morgan-2D**<br>**Luke Scott** | Kate Mara, Anya Taylor-Joy<br>Toby Jones | ရွှေဆောင် (၁)<br>၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄ |
| **ဘောစိ**<br>**ဒါရိုက်တာ ပြည်ဟိန်းသီဟ** | လူမင်း၊ ဂွမ်းပုံ ၊ ရတနာဗိုလ် | ရွှေဆောင် (၁)<br>၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄ |

## Event GUIDE

### အွန်လိုင်းကနေဝယ်ယူနိုင်မယ့် ကဗျာစာအုပ်သီးသန့်ဈေးရောင်းပွဲတော်

စာပေချစ်သူတွေအတွက် WE Distribution နဲ့ ကဗျာဆရာသမဂ္ဂတို့ ပူးပေါင်းစီစဉ်တဲ့ကဗျာစာအုပ် သီးသန့်ဈေးရောင်းပွဲတော်ကိုစက်တင်ဘာ ၁၆ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ https://www.facebook.com/wedistribution/?fref=ts အွန်လိုင်းမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီပွဲမှာ စိတ်ကူးချိုချို၊ ကျော်မွှေး၊ နှင်းဆီဖြူ၊ မျိုးဆက်သစ်၊ နွယ်နီနဲ့ ငါတို့စာပေ စာအုပ်တိုက်ကထုတ်ဝေထားတဲ့ စာပေတွေ ကို ၁၀ ရာခိုင်နှုန်း လျှော့ချရောင်းပေးသွားမှာ ဖြစ်ပါတယ်။

### ဥရောပရုပ်ရှင်ပွဲတော်

ရုပ်ရှင်ဝါသနာပါတဲ့သူတွေအတွက် ဥရောပ ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၆ ရက်နေ့ကနေ ၂၇ ရက်နေ့အထိ နေပြည်တော်ရုပ်ရှင်ရုံမှာအခမဲ့ပြသသွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ ပြသပေးမယ့်ရုပ်ရှင်တွေက အော်ရဂျင်နယ် စကားပြောနဲ့ အင်္ဂလိပ်စာတန်းထိုးဇာတ် ကားတွေကို တစ်ရက်ကို ပွဲချိန်နှစ်ပွဲပြသသွားမှာဖြစ်ပြီး ညနေ ၃ နာရီခွဲ နဲ့ ၆ နာရီခွဲတို့မှာ ကြည့်ရှုနိုင်မှာဖြစ် ပါတယ်။

### အခမဲ့ကြည့်နိုင်မယ့် ဂီတဖျော်ဖြေပွဲ

ဈေးဝယ်ရင်း ဖျော်ဖြေပွဲကြည့်ချင်သူတွေအတွက် Juntion Square မှာ စက်တင်ဘာ ၁၇ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၉ နာရီအထိ တေးသံရှင်တွေက စုပေါင်းသီဆိုဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ တေးသံရှင် ဘန်နီဖြိုး၊ သအို၊ ဂျီလတ်၊ Snare၊ Ar-Ti၊ ရဲလေး၊ ဝိုင်းစုခိုင်သိန်း၊ ပိုပိုဟေသာ၊ ဝိုင်းလေးစတဲ့ အနုပညာရှင်တွေ သီဆိုဖျော်ဖြေပေးမှာပါ။

### 4 Mtv တေးအယ်ဘမ်လ်ပရိုမိုးရှင်းပွဲ

တေးသံရှင် ရွှေထူး၊ X-Box၊ ထက်ယံ နဲ့ Lil'Z တို့ရဲ့4 Mtv တေးအယ်ဘမ်လ်ပရိုမိုးရှင်းပွဲကို စက်တင်ဘာ ၁၈ ရက်နေ့၊ ညနေ ၃ နာရီ၊ လှည်းတန်းစင်တာမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ဒီပွဲမှာတေးသံရှင် ရွှေထူး၊ X-Box၊ ထက်ယံ၊ Lil'Z နဲ့ အခြားအနုပညာရှင်တွေက အမှတ်တရလက်မှတ်ရေးထိုးပေးသွားမှာဖြစ်ပြီး ဂိမ်းအစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။

### ခရီးသွားပြပွဲ

ခရီးသွားဖို့ စီစဉ်ထားတဲ့သူတွေအတွက် Princess Amara Travels & Tour ကပြုလုပ်မယ့် ခရီးသွားပြပွဲကို စက်တင်ဘာ ၁၇ ရက်နေ့ကနေ ၁၈ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ၊ Sedona Hotel၊ Grand Ball Room မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ပြည်တွင်း၊ ပြည်ပမှာ ခရီးစဉ်တွေကိုအထူး Package တွေနဲ့လျှော့ချရောင်းပေးတဲ့ ခရီးစဉ်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းတွေ ရယူနိုင်မယ့်အစီအစဉ်စတဲ့ စိတ်ဝင်စားစရာ အစီအစဉ်တွေကို ပြသသွားမှာပါ။

### Wedding and Women Fashion ပြပွဲ

ဝါကျွတ်မှာ မင်္ဂလာဆောင်တော့မယ့် မောင်နှံတွေအတွက် Wedding and Women Fashion ပြပွဲကို စက်တင်ဘာ ၁၆ ရက်နေ့ကနေ ၁၉ ရက်နေ့၊ နံနက် ၉ နာရီခွဲကနေ ညနေ ၅ နာရီအထိ၊ တပ်မတော်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဖိနပ်ဆိုင်များ၊ မင်္ဂလာဝတ်စုံ၊ အမျိုးသမီးဖက်ရှင်နှင့် အဝတ်အထည်တွေ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

# PHOTO SOCIAL





(၁၃) ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ဒုတိယသမ္မတဦးမြင့်ဆွေ၊ Huawei မှ ဒုတိယဥက္ကဌ Mr. Jimmy Pang နှင့် Huawei နည်းပညာကုမ္ပဏီ (ရန်ကုန်)၏ အမှုဆောင်အရာရှိချုပ် Mr. Zhang Liman တို့ တွေ့ဆုံကာ မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ထည်နိုင်ရေးတို့အတွက် စက်တင်ဘာလ ၁၅ ရက်က ဆွေးနွေးခဲ့ကြစဉ်။



မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု ကော်မရှင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၆) နှင့် (၁၇/၂၀၁၆) တို့တွင် ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြုပ်နှံမှုများအတွက် စာနယ်ဇင်းရှင်းလင်းခြင်းကို စက်တင်ဘာလ ၁၅ ရက်နေ့က ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်ရုံး၌ ပြုလုပ်ခဲ့စဉ်။




Myanmar Media Development Center (MMDC) ၏ Diploma in TV Broadcasting Batch(7) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်နေ့က Park Royal Hotel ၌ ပြုလုပ်ခဲ့စဉ်။



စာတက်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ မြန်မာ့အသုံးလုံး(၅၂)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ သဘာပတိနာယကကြီး ဒေါက်တာဦးသန်းဦး အဖွင့်အမှာစကားပြောကြားနေစဉ်။



European Film Festival (စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ) နေပြည်တော်ရုံတွင် ပြသမည့်အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာလ ၁၄ ရက်နေ့က ကမ္ဘာအေးဘုရားလမ်းရှိ Goethe စံအိမ်၌ ပြုလုပ်ခဲ့စဉ်။



တေးသံရှင်နီနီခင်ဇော်၏ အနီရောင်ဒီဗီဒီခွေနှင့် Super Red နှုတ်ခမ်းနီဆိုးဆေးတို့တစ်ပြိုင်တည်း အောင်တိုဘာလ ၈ ရက်နေ့တွင် ဖြန့်ချီမည့်အကြောင်း သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာလ ၁၅ ရက်နေ့က Inya Ballroom, Melia Hotel Yangon ၌ ပြုလုပ်ခဲ့စဉ်။



Heineken, Zeekwat Collective, (ALDA Event ) တို့ ပူးပေါင်းပြီး We are Connected အမည်ဖြင့် ဂီတပွဲကို နိုဝင်ဘာ ၂၃ ရက်နေ့ပြုလုပ်မည့်အကြောင်း သတင်းစာရှင်းလင်းခြင်းကို စက်တင်ဘာလ ၁၄ ရက်နေ့က ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့စဉ်။

# YouTube TREND



## Celine Dion Raps

ဒီနေ့အတွက် ညွှန်ပေးချင်တဲ့ YouTube ဗီဒီယိုကတော့ Titanic ရုပ်ရှင်ဇာတ်ဝင်သီချင်း My Heart Will Go On နဲ့ ကမ္ဘာကျော်တဲ့ အဆိုတော် စလင်းဒီယွန်တစ်ယောက် ရက်ပ်ရွတ်တဲ့ဗီဒီယိုပဲ ဖြစ်ပါတယ်။

စလင်းဒီယွန်ဟာ နာမည်ကျော် အမေရိကန်ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ The Ellen Show မှာ အစီအစဉ်တင်ဆက်သူ အယ်လင်ရဲ့တောင်းဆိုမှုနဲ့ အဲဒီလိုရက်ပ်ရွတ်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာပဲ စလင်းဒီယွန်ဟာ ခေတ်ပေါ် သီချင်းတွေကိုလည်း ခေတ်ဟောင်းဂန္တဝင်သီချင်းပုံစံနဲ့ သီဆိုပြခဲ့ပါသေးတယ်။ ဒီအစီအစဉ်ဟာ စလင်းဒီယွန်ရဲ့ ပရိသတ်တွေကြားမှာ ရယ်မောပျော်ရွှင်စရာ အစီအစဉ်တစ်ခုအဖြစ် လူကြိုက်များခဲ့ပြီး YouTube ပေါ်မှာလည်း တစ်ရက်အတွင်း ကြည့်ရှုသူ ခြောက်သိန်းကျော်အထိ ရရှိထားပြီးဖြစ်ပါတယ်။ ဒီဗီဒီယိုရဲ့ကြာမြင့်ချိန်ကတော့ သုံးမိနစ်ပဲ ဖြစ်ပါတယ်။ ■



## THE AMAZING TRIPLE SPIRAL (15,000 DOMINOES)

ဒိုမီနို ပြားလေးတွေကို စီထားပြီး ထိပ်ဆုံးက တစ်ခုကိုလှဲလိုက်တဲ့အခါ ကျန်တာတွေပါ လိုက်လဲသွားတာမျိုး လူတိုင်းမြင်ဖူးကြပါလိမ့်မယ်။

ဒါပေမဲ့ ဒိုမီနိုပြားတစ်သောင်းကျော်ကို စနစ်တကျစီပြီး ထိပ်ဆုံးကတစ်ချပ်ကို လှဲလိုက်တဲ့အခါမှာ အနုပညာမြောက်တဲ့ တင်ဆက်မှုတစ်ခုအဖြစ် ပြောင်းလဲသွားတာကိုတော့ အလွယ်တကူ တွေ့မြင်ရဖို့မရှိပါဘူး။ အဲဒီလို မလွယ်ကူတဲ့တင်ဆက်မှုကို Hevesh 5 ဆိုတဲ့ YouTube Channel တည်ထောင်ထားတဲ့ ဒိုမီနိုအနုပညာရှင် မိန်းကလေးတစ်ယောက်က လက်တွေ့လုပ်ပြကာ သူ့ရဲ့ YouTube Channel မှာ တင်ဆက်လိုက်တဲ့အခါမှာတော့ တစ်ရက်အတွင်းမှာပဲ ကြည့်ရှုသူသန်းနဲ့ချီပြီး ရရှိသွားပါတယ်။

ဒိုမီနို အနုပညာရှင်လေးရဲ့ ၂၅ နာရီကြာ အချိန်ယူဖန်တီးခဲ့ရတဲ့ ဒိုမီနိုတင်ဆက်မှုကို နှစ်မိနစ်ကျော်သာရှည်လျားတဲ့ ဗီဒီယိုဖိုင်မှာ ကိုယ်တိုင်ကြည့်ရှုခံစားနိုင်ပါတယ်။ ■




## Fifty Shades Darker - Official Trailer (HD)

ဒီနေ့အတွက် YouTube မှာ ခေတ်စားနေတဲ့ ဗီဒီယိုတစ်ခုကတော့ ၂၀၁၅ ခုနှစ်အတွင်းက ထွက်ရှိခဲ့ပြီး ဝင်ငွေကောင်းသလောက် အငြင်းပွားစရာဖြစ်ခဲ့ရတဲ့ Fifty Shades of Grey ဇာတ်ကားရဲ့ နောက်ဆက်တွဲ Fifty Shades Darker ရုပ်ရှင်ရဲ့ တရားဝင် Trailer ပဲ ဖြစ်ပါတယ်။

နာမည်ကျော် ဗြိတိသျှစာရေးဆရာမ အီး၊ အယ်လ်၊ ဂျိမ်းရဲ့ Fifty Shades Trilogy ဝတ္ထု သုံးအုပ်တွဲရဲ့ဒုတိယမြောက်ဝတ္ထုကို အခြေခံရိုက်ကူးမယ့် Fifty Shades Darker ကို လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ရုံတင်ပြသမှာဖြစ်ပါတယ်။ Fifty Shades Darker ဟာ ရုပ်ရှင်မထွက်ခင် Trailer မှာတင် လူစိတ်ဝင်စားမှု မြင့်တက်ခဲ့ကာ YouTube မှာစတင်ပြီး တစ်ရက်အတွင်းမှာတင် ကြည့်ရှုသူ ခြောက်သန်းကျော်ရှိနေပြီဖြစ်ပါတယ်။ ကြာမြင့်ချိန် နှစ်မိနစ်နီးပါးရှိတဲ့ ဗီဒီယိုဖြစ်ပါတယ်။ ■

# TRAVEL


ဓာတ်ပုံ-ဥမ္မာလွင်

## မဲခေါင်မြစ်ရဲ့ မြစ်ဝကျွန်းပေါ်နိုင်ငံ ဗီယက်နမ်

ပြင်သစ်ကိုလိုနီအဖြစ် နှစ်ပေါင်း ၇၀ ကျော် နေထိုင်ခဲ့ရသော ဆိုင်ဂုံ။ စစ်အေးကာလအတွင်း ကွန်မြူနစ်ဝါဒကြောင့် တောင်ဗီယက်နမ်နဲ့ မြောက်ဗီယက်နမ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဗီယက်နမ်စစ်သားနဲ့ပြည်သူတွေရဲ့ အသက်သုံးသန်းကျော် သေဆုံးခဲ့ရတယ်။ ဗုံးဒဏ်၊ သေနတ်သံတွေကြားထဲက ရုန်းထွက်နိုင်ခဲ့တဲ့ ဆိုင်ဂုံ (ခေါ်) ဗီယက်နက်နိုင်ငံဟာ အခုဆိုဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတဲ့အပြင် ကမ္ဘာလှည့်ခရီးသွားတွေကို စစ်သမိုင်းကြောင်းနဲ့ ဆွဲဆောင်ထားပါတယ်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာတို့နဲ့ လူနေမှုပုံစံ၊ ယဉ်ကျေးမှုတွေပါ နီးစပ်တာကြောင့် သွားရောက်လည်ပတ်တဲ့အခါမှာ သူစိမ်းဆန်ဆန်မခံစားရဘဲ ရင်းနှီးသလို ခံစားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံထက် ရာသီဥတုအနည်းငယ်ပူပြင်းသော်လည်း မြို့တွင်းမှာ နှစ်ရှည်သစ်ပင်ကြီးများက စိုးမိုးထားလို့ အေးချမ်းလှတဲ့အရသာကို ခံစားရမှာပါ။

ဗီယက်နမ်နိုင်ငံကို သွားလည်မယ်လို့ စိတ်ကူးထားရင် သေချာရွေးချယ်ရပါမယ်။ အကြောင်းကတော့ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ် နှစ်ပိုင်းသတ်မှတ်ထားပြီး စိတ်ဝင်စားစရာတွေက နေရာနှစ်ခုလုံးမှာ မတူညီဘဲ ရှိနေလို့ပါ။

ဗီယက်နမ်ရဲ့မြို့တော်က ဟန္နိုင်းပါ။ သူက နိုင်ငံရဲ့ တောင်ဘက်ခြမ်းမှာရှိပါတယ်။ ဟန္နိုင်းကနေ လေယာဉ်နဲ့ တစ်နာရီ မိနစ် ၂၀ ခန့် စီးသွားရင်တော့ မြစိမ်းရောင်ပင်လယ်ထဲမှာ လှပတဲ့ကျောက်ဆောင်တွေ ထိုးထိုးထောင်ထောင်ထွက်ပေါ်နေတဲ့ ဟလောင်ကမ်းခြေ (Ha Long Bay) ကို ရောက်သွားမှာဖြစ်ပါတယ်။ အဲဒီမှာ နေပူစာလှုံရင်း၊ အုန်းရေသောက်ရင်း၊ ပင်လယ်ရေဆော့ကစားရင်း အနားယူနိုင်ပါတယ်။

အခုချိန်ကတော့ ခရီးသွားအများဆုံးအချိန်ပါ။ ကွန်ဖြူးရှပ် ကျောင်းဆောင်၊ ပြင်သစ်ကိုလိုနီအဖြစ်ကျရောက်ခဲ့ချိန်မှာ နိုင်ငံရေးသမားတွေကို အကျဉ်းချထားတဲ့ ဟန္နိုင်းအကျဉ်းထောင်၊ ၁၈၈၆ ခုနှစ်က ပြင်သစ်လက်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ရှေးဟောင်းဂီတ၊ ပြဇာတ်တွေကို လေ့လာနိုင်တဲ့ Hanoi Opera House တို့ကို သွားရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။

ဗီယက်နမ်တောင်ဘက်ပိုင်းမှာ လည်ပတ်စရာကုန်သွားရင် မြောက်ပိုင်းဒေသ ဟိုချီမင်း (ခေါ်) ဆိုင်ဂုံကလည်း စိတ်ဝင်စားဖွယ်နေရာတွေနဲ့ စောင့်ကြိုနေပါတယ်။

စစ်အေးကာလမှာ ဖြစ်ပွားခဲ့တဲ့ ပထမအင်ဒိုချိုင်းနားစစ်ပွဲအပြီး ထပ်မံဖြစ်ပွားခဲ့တဲ့ ကွန်မြူနစ် မဟာမိတ်တွေထောက်ပံ့တဲ့ မြောက်ဗီယက်နမ်နဲ့ ကွန်မြူနစ်ဆန့်ကျင်သူမဟာမိတ်တွေထောက်ပံ့တဲ့ တောင်ဗီယက်နမ်တို့ကြားဖြစ်ပွားတဲ့စစ်ပွဲမှာ အမေရိကန်တို့ အသုံးပြုခဲ့တဲ့လက်နက်၊ တင့်ကား၊ ဒုံးကျည်၊ ဓာတုဗေဒ ဗုံးဒဏ်ခံခဲ့ရတဲ့ ဗီယက်နမ်ပြည်သူတွေရဲ့ ဓာတ်ပုံတွေကို ပြသထားတဲ့ ဗီယက်နမ်စစ်သမိုင်းပြတိုက်ကို ဝင်ရောက်လေ့လာနိုင်ပါတယ်။ စစ်ပွဲပြီးသွားသော်လည်း နောက်ဆက်တွဲ ဆိုးကျိုးဒဏ်တွေကို ခံစားခဲ့ရတဲ့ အကြောင်းတွေကို ဓာတ်ပုံမှတ်တမ်းများနဲ့ ပြသထားပါတယ်။ စစ်ပွဲအတွင်း ဗီယက်ကောင်းတွေကိုခေါင်းဖြတ်သတ်တဲ့ ဓားစက်ကြီးကိုလည်း အသည်းယားစိတ်ဝင်စားဖွယ် လေ့လာနိုင်ပါတယ်။

ဟိုချီမင်းမြို့ထဲက စစ်ပွဲပြတိုက်ကိုလေ့လာပြီး ဟိုချီမင်းကနေ ကီလိုမီတာ ၄၀ ခန့် အကွာအဝေးမှာ တိုက်ပွဲဖြစ်ပွားခဲ့တဲ့ Cu Chi Tunnels လို့ခေါ်တဲ့နေရာကို ဆက်လက်သွားရောက်လေ့လာနိုင်ပါတယ်။ အဲဒီတူးမြောင်းရဲ့အရှည်က ပေ ၂၅၀ ခန့်ရှိပြီး စစ်သားတွေ ကျင်းခိုခဲ့ပုံတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ဆိုင်ဂုံကနေ ခြောက်နာရီခန့်ကားစီးပြီး ကန်သိုမြို့လေးကို သွားရောက်လည်ပတ်ပါက မဲခေါင်မြစ်ကြောင်း တစ်လျှောက်ကို လှေစီးလေ့လာနိုင်တဲ့အပြင် ဒေသရိုးရာ ရေပေါ်ဈေးကိုလည်း လေ့လာနိုင်မှာဖြစ်ပါတယ်။ မဲခေါင်မြစ်ရဲ့ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တဲ့ ဗီယက်နမ်မြောက်ပိုင်းမြို့လေးမှာ နေထိုင်စရိတ်၊ စားစရိတ်ကလည်း သက်သာလှပါတယ်။ ဗီယက်နမ်အစားအစာတွေကိုလည်း မြည်းစမ်းကြည့်ဖို့တိုက်တွန်းချင်ပါတယ်။ မဲခေါင်ငါးလို့ခေါ်တဲ့ ငါးခူအကြီးမျိုးကြော်ကလည်း ကျော်ကြားလှတဲ့ စားစရာပါ။

ဗီယက်နမ် အစားအစာထဲက Vietnamese Pancake ကလည်း ထူးခြားလှပါတယ်။ ခေါက်မုန့်လို ပြားပြားလေးထဲ ပုစွန်နဲ့ မှိုထည့်ကြော်ထားပြီး ဆန်နဲ့လုပ်ထားတဲ့ ကော်ပြန့်အသားနဲ့အတူ အရွက်မျိုးစုံထည့်လိပ်ပြီး အချဉ်လေးနဲ့တို့စားရတဲ့ အစားအစာတစ်ခု ဖြစ်ပါတယ်။

ဒေသတစ်ခုလုံးကို တစ်ပတ်ခန့် အချိန်ယူလေ့လာပြီး နောက်ဆုံးမှာတော့ ဒေသထွက်ကုန် လက်ဆောင်ပစ္စည်းများကို ဟိုချီမင်းမြို့မှာရှိတဲ့ မြို့မဈေးလို့ခေါ်တဲ့ (Ben Thanh Market) မှာ အိမ်အပြန်လက်ဆောင်အဖြစ် ဈေးဝယ်ထွက်နိုင်ပါတယ်။

ဗီယက်နမ်ကို ခရီးသွားရောက်လည်ပတ်လိုပါက ရန်ကုန်-ဟိုချီမင်း၊ ရန်ကုန်-ဟန္နိုင်းကို Vietjet လေကြောင်းလိုင်းနဲ့ Vietnam လေကြောင်းလိုင်းတို့က တိုက်ရိုက်ပျံသန်းပြေးဆွဲနေပြီး အောက်ပါခရီးသွားအေဂျင်စီတွေမှာ စုံစမ်းနိုင်ပါတယ်။

**Citi Avenue Travel and Tours** - ဖုန်း - ၀၉၇၃ ၂၃၅၆၊
**I Myanmar Travel and Tours** - ဖုန်း - ၀၉၉၇၁ ၂၉၀၉၁၀၊
**Tango Tour and Trek** - ဖုန်း - ၀၉ ၂၅၉၅၅၅၂၉၄
တို့ကို ဆက်သွယ်ရမှာဖြစ်ပါတယ်။ ■



# Domestic Flight Schedules

### YANGON TO MANDALAY

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 105 | 1,2,3,4,5,7 | 06:00 | 08:00 |
| YH 909/910 | Daily | 06:00 | 07:40 |
| YJ 255 | 5,7 | 06:00 | 07:25 |
| UB 561 | 4 | 06:00 | 06:55 |
| W9 201 | 7 | 06:15 | 07:40 |
| 6T 805 | 1,3,5 | 06:30 | 07:40 |
| UB 461 | 1,3,5 | 06:30 | 08:30 |
| UB 561 | 2,6 | 07:00 | 07:50 |
| UB 113 | Daily | 07:00 | 08:45 |
| YJ 261 | 6 | 07:00 | 08:25 |
| W9 201 | Daily | 07:00 | 08:25 |
| W9 201 | Daily | 07:00 | 08:25 |
| Y5 511 | 1,3,5 | 07:00 | 08:25 |
| Y5 533 | 2,4,6 | 07:00 | 08:25 |
| Y5 522 | 7 | 07:00 | 08:25 |
| UB 103 | 1,3 | 07:15 | 08:05 |
| UB 683 | 7 | 07:15 | 08:35 |
| UB 581 | 1 | 07:30 | 08:50 |
| 7Y 161 | Daily | 07:40 | 08:10 |
| K7 244 | Daily | 08:15 | 09:40 |
| 7Y 131 | Daily | 08:25 | 08:55 |
| 8M 6603 | 4 | 09:00 | 10:10 |
| ND 301 | Daily | 09:55 | 11:05 |
| YH 505/506 | 2 | 10:15 | 11:55 |
| YH 826/827 | 1,3 | 10:15 | 11:55 |
| YH 543/544 | 4 | 11:00 | 12:40 |
| YH 729/730 | 6 | 11:00 | 12:40 |
| YH 727/737 | 1,3,5,7 | 11:15 | 13:10 |
| UB 683 | 1,3,5 | 11:30 | 12:50 |
| YJ 253 | 1,2,3,4 | 12:30 | 13:55 |
| YJ 263 | 6 | 12:30 | 13:55 |
| 7Y 941 | 1,4 | 12:45 | 13:15 |
| 7Y 841 | 2,6 | 12:45 | 13:15 |
| 7Y 671 | 3,5 | 12:45 | 13:15 |
| 7Y 673 | 7 | 12:45 | 13:15 |
| W9 211 | 4 | 15:30 | 16:55 |
| W9 211 | 5,7 | 15:30 | 16:55 |
| ND 115 | 7 | 15:30 | 17:40 |
| YH 731/732 | 1,3 | 16:00 | 17:40 |
| UB 131 | Daily | 16:00 | 16:50 |
| 7Y 243 | 1,2,3,5,7 | 16:35 | 17:05 |
| ND 335/365 | Daily | 16:40 | 18:50 |

### YANGON TO NAY PYITAW

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 111 | 7 | 06:30 | 7:05 |
| UB 101 | 1,2,3,4,5,6 | 06:30 | 7:35 |
| Y5 101/101 | Daily | 06:00 | 07:20 |
| ND 101 | 1,2,3,4,5 | 07:00 | 07:55 |
| ND 105 | 1,2,3,4,5 | 08:00 | 08:55 |
| Y5 102 | 2,4,6 | 10:50 | 12:10 |
| ND 107 | 1,2,3,4,5 | 11:00 | 11:55 |
| ND 113 | 1,2,3,4,5,6 | 15:00 | 15:55 |
| UB 103 | 1,2,3,4,6 | 15:30 | 18:00 |
| UB 201 | 5 | 16:00 | 16:50 |
| ND 117 | 1,2,3,4,5,7 | 17:00 | 17:55 |
| SO 102 | Daily | 18:00 | 18:50 |
| ND 123 | 1,2,3,4,5 | 19:30 | 20:25 |

### YANGON TO NYAUNG U

| Flight | Days | Dep | Arr |
|---|---|---|---|
| K7 262 | Daily | 06:00 | 07:20 |
| YH 917/918 | Daily | 06:10 | 07:45 |
| 7Y 131 | Daily | 06:15 | 07:35 |
| W9 7891 | 3 | 06:50 | 08:10 |
| 6T 451 | Daily | 07:00 | 08:05 |
| K7 242 | Daily | 07:00 | 08:20 |
| Y5 104 | 6 | 08:00 | 09:20 |
| Y5 104 | 1,2,3,4,5,7 | 08:45 | 10:05 |
| K7 248 | Daily | 09:00 | 10:20 |
| W9 129 | 1,2,4,6,7 | 15:30 | 17:35 |
| W9 211 | 5,7 | 15:30 | 17:40 |
| ND 335 | Daily | 16:40 | 17:50 |
| W9 129 | 1,2,3,5,6 | 16:55 | 17:35 |
| UB 106 | Daily | 18:30 | 19:00 |

### YANGON TO MYITKYINA

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 835 | 1,3,4,6 | 07:00 | 09:50 |
| YH 831 | 5,7 | 07:00 | 09:25 |
| YJ 811 | 1 | 07:00 | 07:55 |
| 6T 803 | Daily | 11:00 | 12:40 |
| 7Y 841 | 2,6 | 11:20 | 14:40 |
| W9 251 | 2,5 | 11:30 | 14:25 |
| YJ 117 | 1,3,4 | 13:00 | 15:15 |

### YANGON TO PUTAO

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 835 | 1,3,4,6 | 07:00 | 10:45 |
| W9 251 | 2,5 | 11:30 | 15:25 |

### YANGON TO HEHO

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 06:20 | 08:35 |
| YH 915 | 2 | 06:30 | 08:45 |
| UB 481 | 1,3,7 | 06:30 | 08:40 |
| W9 201 | Daily | 07:00 | 09:10 |
| K7 266 | Daily | 08:00 | 09:10 |
| ND 601 | Daily | 09:35 | 10:40 |
| UB 417 | 4 | 08:00 | 09:10 |
| UB 425 | 2 | 08:05 | 09:10 |
| K7 266 | Daily | 10:15 | 10:50 |
| YH 505/506 | Daily | 10:30 | 11:55 |
| UB 413 | 1,3,5 | 11:00 | 11:45 |
| UB 417 | 7 | 11:30 | 12:40 |
| W9 7761 | 1,2 | 11:15 | 12:25 |
| YH 729/730 | 2 | 11:15 | 12:40 |
| YH 737/738 | 7 | 11:15 | 12:40 |
| YH 727/728 | 1 | 11:15 | 12:40 |
| UB 461 | 1,3,5 | 11:50 | 13:00 |
| UB 419 | 3,7 | 13:30 | 14:35 |
| 7Y 241 | Daily | 14:30 | 15:40 |
| 6T 501 | Daily | 14:30 | 15:25 |
| Y5 201/201 | 1,3,5,7 | 14:40 | 15:50 |
| K7 264 | Daily | 15:00 | 16:10 |
| YH 731/732 | Daily | 15:30 | 16:55 |
| W9 129 | 1,2,3,5,6 | 15:30 | 16:40 |
| UB 481 | 2,4,6 | 15:30 | 17:40 |
| YH 731/732 | 2 | 16:00 | 17:25 |

### YANGON TO MYEIK

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 303 | 1,3,5 | 06:30 | 07:25 |
| UB 307 | 2 | 06:30 | 08:30 |
| K7 319 | 1,3,5,7 | 07:00 | 09:05 |
| UB 303 | 4 | 07:30 | 08:25 |
| UB 337 | 2 | 07:30 | 09:00 |
| UB 373 | 6 | 07:30 | 10:15 |
| UB 325 | 4,6 | 08:00 | 10:15 |
| UB 303 | 7 | 09:00 | 11:05 |
| UB 303 | 5 | 10:30 | 12:35 |
| SO 204 | Daily | 12:50 | 14:50 |
| UB 303 | 7 | 14:30 | 15:20 |

### YANGON TO SITTWE

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 221 | 3 | 07:30 | 09:55 |
| UB 241 | 1,3,5 | 08:00 | 11:00 |
| K7 422 | 2,4,6 | 08:00 | 09:55 |
| 6T 611 | Daily | 08:00 | 09:05 |
| YH 511 | 1,3,5 | 10:30 | 12:20 |
| Y5 403/403 | 5,7 | 10:50 | 12:10 |
| W9 309 | 1,3,5,6 | 11:30 | 12:55 |
| 7Y 417 | Daily | 11:30 | 13:20 |
| Y5 406 | 2 | 12:40 | 14:00 |
| UB 217 | 6 | 13:00 | 14:20 |
| UB 271 | 2 | 13:00 | 15:00 |
| ND 501 | 1,2,3,4,5 | 13:05 | 14:15 |
| UB 201 | 4 | 15:30 | 16:20 |
| UB 201 | 1,3,5 | 16:30 | 17:20 |
| UB 201 | 7 | 17:30 | 18:20 |

### YANGON TO THANDWE

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 06:20 | 09:50 |
| UB 209 | 1,2,5,7 | 6:45 | 7:35 |
| UB 209 | 3 | 7:15 | 8:05 |
| YH 511 | 1,3,5 | 10:30 | 11:20 |
| YH 505 | 2,4,6,7 | 10:30 | 12:55 |
| W9 311 | 2,4,7 | 11:30 | 13:20 |
| W9 309 | 1,3,5,6 | 11:30 | 13:50 |
| Y5 407 | 6 | 12:00 | 12:50 |
| W9 311 | 2,5,7 | 12:50 | 13:20 |
| 6T 601 | 1,3,5 | 12:00 | 12:40 |
| K7 422 | Daily | 13:00 | 13:50 |
| ND 511 | Daily | 14:00 | 14:55 |
| 6T 601 | 2,4,6,7 | 14:15 | 14:55 |
| W9 129 | 1,2,3,5,6 | 16:55 | 17:35 |

### YANGON TO DAWEI

| Flight | Days | Dep | Arr |
|---|---|---|---|
| K7 319 | 1,3,5,7 | 07:00 | 8:10 |
| SO 201 | Daily | 07:35 | 08:45 |
| UB 301 | 4 | 10:00 | 10:45 |
| UB 301 | 6 | 10:30 | 11:10 |
| UB 301 | 1,2,3,5,7 | 11:00 | 12:10 |
| 6T 707 | 1,3,5,7 | 11:25 | 12:15 |

### YANGON TO LASHIO

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 119 | 3 | 08:00 | 09:45 |
| YH 729/730 | 4 | 11:15 | 13:15 |
| 7Y 671 | 3,5 | 11:20 | 15:55 |
| YJ 119 | 5,7 | 12:00 | 13:45 |

### MANDALAY TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| ND 362 | Daily | 07:00 | 09:10 |
| ND 332 | Daily | 07:00 | 09:10 |
| 7Y 161 | Daily | 08:25 | 11:15 |
| YH 918 | Daily | 08:30 | 10:45 |
| UB 104 | 1,3 | 08:35 | 09:25 |
| 7Y 151 | Daily | 08:40 | 10:35 |
| W9 201 | Daily | 08:40 | 10:35 |
| K7 223 | 1,3,5 | 08:55 | 11:00 |
| UB 462 | 1,3,5 | 09:00 | 10:55 |
| 7Y 131 | Daily | 09:10 | 11:05 |
| UB 114 | 2,4,5,6,7 | 09:25 | 10:20 |
| YJ 256 | 5,7 | 10:00 | 11:25 |
| 6T 806 | 1,3,5 | 10:30 | 11:40 |
| UB 562 | 2,4,6 | 10:50 | 11:40 |
| UB 684 | 7 | 11:25 | 12:45 |
| ND 302 | Daily | 11:30 | 12:40 |
| Y5 523 | 7 | 12:00 | 13:25 |
| UB 684 | 1,3,5 | 15:45 | 17:05 |
| UB 516 | 7 | 16:05 | 17:25 |
| Y5 512 | 1,3,5 | 16:30 | 17:55 |
| Y5 534 | 2,4,6 | 16:30 | 17:55 |
| YJ 264 | 6 | 16:40 | 18:05 |
| K7 225 | 2,4,6,7 | 16:50 | 19:00 |
| YJ 254 | 2,3,4 | 17:00 | 18:25 |
| YH 727/728 | 1 | 17:00 | 18:25 |
| W9 211 | 2,4,7 | 17:10 | 19:15 |
| 8M 6604 | 4 | 17:20 | 18:30 |
| 8M 903 | 1,2,4,5,7 | 17:20 | 18:30 |
| W9 7412 | 4,7 | 17:20 | 18:45 |
| 7Y 243 | 1,2,4,5,7 | 17:20 | 19:25 |
| YH 729/730 | 2,6 | 17:20 | 18:45 |
| YH 737/738 | 3 | 17:25 | 18:50 |
| UB 132 | Daily | 17:30 | 19:15 |
| 7Y 942 | 1,2 | 17:30 | 18:55 |
| W9 7414 | 5 | 17:30 | 18:55 |
| W9 7426 | 3 | 17:50 | 19:15 |
| YH 729/730 | 4 | 18:00 | 19:25 |
| W9 252 | 2,5 | 18:15 | 19:40 |
| W9 7252 | 2 | 18:25 | 19:50 |
| Y5 822/823 | 1,2,3,4,6,7 | 19:00 | 20:10 |
| 7Y 672 | 3,5 | 19:20 | 20:45 |
| 7Y 843 | 2,6 | 19:40 | 21:05 |
| 7Y 677 | 7 | 19:50 | 21:15 |
| Y5 822/823 | 5 | 20:00 | 21:10 |

### NAY PYI TAW TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| SO 101 | Daily | 06:20 | 07:10 |
| ND 100 | 1,2,3,4,5 | 06:30 | 07:25 |
| UB 102 | 1,2,3,4,5 | 07:05 | 08:10 |
| UB 102 | 6 | 07:45 | 08:35 |
| ND 102 | 1,2,3,4,5,6 | 08:30 | 09:25 |
| ND 104 | 1,2,3,4,5 | 09:30 | 10:25 |
| UB 104 | 1,2,3,4,5 | 09:30 | 10:25 |
| UB 112 | 7 | 11:55 | 12:30 |
| ND 110 | 1,2,3,4,5 | 13:30 | 14:25 |
| UB 202 | 5 | 17:20 | 18:10 |
| ND 118 | 1,2,3,4,5 | 17:30 | 18:25 |
| UB 104 | 1,2,3,4 | 18:25 | 19:15 |
| ND 122 | 1,2,3,4,5,7 | 18:30 | 19:25 |

### NYAUNG U TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| Y5 601/601 | 3,5,7 | 07:00 | 08:20 |
| Y5 601/601 | 1,2,4,6 | 07:20 | 08:40 |
| UB 105 | Daily | 07:25 | 8:30 |
| W9 141 | Daily | 07:55 | 10:55 |
| ND 332 | Daily | 08:00 | 09:10 |
| YH 909/910 | Daily | 08:25 | 09:45 |
| K7 263 | Daily | 10:55 | 12:15 |
| W9 7416 | 6 | 17:20 | 17:50 |
| K7 265 | Daily | 17:20 | 18:40 |
| W9 129 | 1,2,3,5,6 | 17:50 | 19:10 |
| Y5 201/201 | 1,3,5,7 | 17:50 | 19:10 |
| W9 211 | 4,7 | 17:55 | 19:15 |
| W9 7211 | 4 | 17:55 | 19:15 |
| YH 543/544 | 4 | 18:15 | 19:35 |
| YH 731/732 | Daily | 18:25 | 19:45 |

### MYITKYINA TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 812 | 1 | 08:30 | 09:25 |
| 6T 806 | 1,3,5 | 09:10 | 11:40 |
| YH 826/827 | 1,3 | 13:20 | 15:35 |
| YH 505/506 | 2 | 13:20 | 15:35 |
| Y5 506 | 3,5,7 | 14:40 | 15:50 |
| W9 252 | 2,5 | 16:45 | 19:40 |

### PUTAO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 252 | 2,5 | 15:45 | 19:40 |

### HEHO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 08:50 | 10:55 |
| 6T 452 | Daily | 09:05 | 10:00 |
| UB 482 | Daily | 09:05 | 10:15 |
| W9 7893 | 3,4,5,6 | 09:10 | 10:20 |
| YH 917/918 | 1,2,3,4,6 | 09:15 | 10:25 |
| 7Y 131 | Daily | 09:20 | 10:30 |
| Y5 101/101 | Daily | 09:20 | 10:30 |
| W9 201 | Daily | 09:25 | 10:35 |
| W9 7893 | 2 | 10:05 | 11:15 |
| K7 267 | Daily | 11:05 | 12:15 |
| ND 661/ND 512 | Daily | 11:05 | 13:25 |
| YJ 120 | 3 | 11:05 | 12:15 |
| UB 414 | 1,3,5 | 11:10 | 12:20 |
| Y5 104 | 1,2,3,4,5,7 | 11:15 | 12:25 |
| K7 249 | Daily | 11:30 | 12:40 |
| UB 456 | 6 | 11:50 | 13:00 |
| YH 505 | 2,6,7 | 11:55 | 14:00 |
| UB 418 | 4 | 12:15 | 13:25 |
| UB 426 | 2 | 14:55 | 16:00 |
| UB 418 | 7 | 15:45 | 16:55 |
| YH 728 | 1 | 16:00 | 18:10 |
| YH 912 | 2 | 16:15 | 17:25 |
| 6T 502 | Daily | 16:25 | 17:30 |
| YH 731/732 | Daily | 16:25 | 19:15 |
| W9 129 | 1,3,4,5,6 | 16:55 | 19:10 |
| UB 420 | 3,7 | 17:30 | 18:35 |

### MYEIK TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 304 | 1,3,5 | 08:30 | 08:50 |
| UB 304 | 4 | 09:00 | 09:55 |
| UB 338 | 2 | 09:30 | 12:10 |
| K7 320 | 1,3,5,7 | 11:30 | 13:35 |
| UB 326 | 4,6 | 13:25 | 15:40 |
| SO 402 | Daily | 15:15 | 17:15 |
| 6T 804 | Daily | 15:25 | 17:05 |
| UB 304 | 7 | 15:50 | 16:40 |

### SITTWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 612 | Daily | 09:20 | 10:25 |
| UB 222 | 3 | 10:25 | 12:50 |
| UB 242 | 1,3,5 | 11:30 | 14:30 |
| 7Y 413 | Daily | 12:50 | 14:10 |
| W9 309 | 1,3,5,6 | 13:10 | 14:55 |
| Y5 405 | 7 | 14:50 | 16:10 |
| ND 502 | 1,2,3,4,5 | 14:45 | 15:55 |
| UB 218 | 6 | 14:45 | 16:50 |
| K7 423 | Daily | 15:05 | 16:25 |
| UB 272 | 2 | 15:30 | 16:50 |
| UB 202 | 4 | 16:55 | 17:45 |
| UB 202 | 1,3,5 | 17:55 | 18:45 |
| UB 202 | 7 | 18:50 | 19:40 |

### THANDWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| UB 210 | 1,2,5,7 | 07:55 | 09:40 |
| W9 141 | Daily | 10:05 | 10:55 |
| 7Y 161 | Daily | 10:25 | 11:15 |
| ND 512 | Daily | 12:30 | 13:25 |
| 7Y 417 | Daily | 12:35 | 14:55 |
| 6T 602 | 1,3,5 | 12:55 | 13:35 |
| YH 505/506 | 6,7 | 13:10 | 14:00 |
| UB 105 | 2 | 13:15 | 16:00 |
| W9 311 | 2,4,7 | 13:35 | 14:25 |
| W9 7311 | 7 | 13:35 | 14:25 |
| W9 309 | 1,3,5,6 | 14:05 | 14:55 |
| Y5 102 | 2,4,6 | 14:50 | 15:40 |
| 6T 602 | 2,4,6,7 | 15:10 | 15:50 |
| ND 514 | Daily | 15:20 | 16:15 |
| Y5 408 | 6 | 16:05 | 16:55 |

### DAWEI TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| SO 202 | Daily | 11:15 | 12:25 |
| K7 320 | 1,3,5,7 | 12:25 | 13:35 |
| UB 302 | 6 | 14:05 | 14:45 |
| 6T 708 | 1,3,5,7 | 14:50 | 15:40 |
| UB 302 | 2 | 14:55 | 15:40 |
| UB 302 | 1,3,5,7 | 15:30 | 16:40 |

### LASHIO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 7Y 672 | 3 | 15:20 | 19:55 |
| 7Y 672 | 5 | 15:50 | 20:25 |
| YJ 120 | 5,7 | 16:40 | 18:25 |

## DOMESTIC AIRLINES

**Air Bagan (W9)**
Tel: 514861, 504888, Fax: [+95-1] 513300

**Air KBZ (K7)**
Tel: [+95-1] 9670014~20, 533158-159(airport), Hotline: [+95-1] 9670007, Counter: 09-8635287, Reservation: 01-9670001~13.

**Asian Wings (YJ)**
Tel: 515261~264, 512140, 512473, 512640
Fax: 532333, 516654

**Golden Myanmar Airlines (Y5)**
Tel: 09400446999, 09400447999
Fax: 8604051

**Mann Yadanarpon Airlines (7Y)**
Tel: 656969, Fax: 656998, 651020

**Myanmar Airways International (8M)**
Tel: 255260, Fax: 255305

**Myanmar National Airline (UB)**
Tel: 378603, 377840

**Yangon Airways (YH)**
Tel: 383100, 383107, 700264, 533258
Fax: 383212

**FMI Air Charter (ND)**
Tel: 240363, 240373, 09421146545

**APEX Airlines (SO)**
Tel: 95(1) 533300 ~ 311,
Fax: 95 (1) 533312

**Air Mandalay (6T)**
Tel: [+95-1] 501520, 525488,
Fax: 532275

## AIRLINES CODES

- W9 = Air Bagan
- K7 = Air KBZ
- 6T = Air Mandalay
- YJ = Asian Wings
- SO = APEX Airlines
- ND = FMI Air
- Y5 = Golden Myanmar Airlines
- 7Y = Mann Yandanarpon Airlines
- 8M = Myanmar Airways International
- UB = Myanmar National Airline
- YH = Yangon Airways

## Day

- 1 = Monday
- 2 = Tuesday
- 3 = Wednesday
- 4 = Thursday
- 5 = Friday
- 6 = Saturday
- 7 = Sunday

# မြစ်ဆုံစီမံကိန်းကော်မရှင်ပထမဆုံးမြေပြင်ခရီးစဉ် ဒေသခံများ တွေ့ခွင့်မရ

**မြစ်ကြီးနား၊ စက်တင်ဘာ ၁၆**

မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို ဧရာဝတီ-မြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအား လျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်က စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပထမဆုံးအကြိမ်လာရောက်လေ့လာခဲ့ပြီး ဒေသခံများ တွေ့ခွင့်မရကြောင်း အဆိုပါဒေသခံများထံမှ သိရှိရသည်။

အဆိုပါကော်မရှင်နှင့် အောင်မြင်သာရွာတွင် တွေ့ဆုံလိုသည်ဟု ဒေသခံများက တွေ့ဆုံခွင့်တောင်းသော်လည်း ကော်မရှင်က တွေ့ဆုံခွင့်မပေးသဖြင့် စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမတွင် ပြုလုပ်မည့် လူထုတွေ့ဆုံပွဲသို့ ဒေသခံများ တက်ရောက်မည်မဟုတ်ကြောင်း ဒေသခံဦးတူးခေါင်က ပြောကြားသည်။

ဒေသခံများအနေနှင့် အဆိုပါကော်မရှင်ကို အောင်မြင်သာကျေးရွာတွင်သာ တွေ့ဆုံလိုကြောင်း မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံထားရသည့် ကျေးရွာငါးရွာမှ ဒေသခံများ မူလနေရပ်တွင်ပြန်လည်နေထိုင်ခွင့်ရရှိရေး ကြိုးပမ်းမှုတွင် ဦးဆောင်သူတစ်ဦးလည်းဖြစ်သူ ၎င်းက ပြောဆိုသည်။

"အခုကော်မရှင်ကိုဒေသခံတွေရှိတဲ့ ရာမှာပဲ တွေ့ချင်တယ်။ အခုလာတဲ့ပုံစံက အကန့်အသတ်နဲ့လာတာ။ လွတ်လပ်ပြီး ပွင့်လင်းမှုမရှိဘူး။ အမှန်မှာ ဒေသခံတွေရဲ့ သဘောထားကိုလည်း တင်ပြခွင့်ရှိရမယ်။ ခွင့်တောင်းတာ မပေးဘူး" ဟု ၎င်းက ပြောသည်။

မြို့တော်ခန်းမတွင်တွေ့ဆုံလျှင် အကန့်အသတ်ဖြင့်သာ တင်ပြခွင့်ရမည်ဖြစ်ပြီး လွတ်လပ်မှုမရှိနိုင်သဖြင့် ယင်းတွေ့ဆုံပွဲသို့ မတက်လိုခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ဒေသခံ တစ်ရာကျော်တက်ရောက်ခွင့်ရသော်လည်း ဒေသခံများတက်ရောက်မည်မဟုတ်ကြောင်း မြစ်ဆုံစီမံကိန်းအနီးမှ ဒေသခံအချို့ကို မေးမြန်းချက်အရ သိရှိရသည်။

ကော်မရှင်အနေနှင့် ဒေသခံများနှင့် တွေ့ဆုံရန် အချိန်မရှိသဖြင့် မတွေ့နိုင်ခြင်းဖြစ်ပြီး လေ့လာရေးခရီးနောက်ဆုံးရက်ဖြစ်သည့် စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိမြို့တော်ခန်းမတွင် လာရောက်တွေ့ဆုံ ခွင့် ပြုထားကြောင်း အဆိုပါကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ ခက်အောင်က ပြောကြားသည်။

ကော်မရှင်၏ခရီးစဉ်မှာ လေးရက်ကြာမြင့်မည်ဖြစ်ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရေအားလျှပ်စစ်စီမံကိန်းရှိသည့် ချီဖွေဒေသသို့ ရဟတ်ယာဉ်ဖြင့်သွားရောက်လေ့လာမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်ထံမှ သိရှိရသည်။

အဆိုပါကော်မရှင်သည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကချင်ပြည်နယ်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံခဲ့ပြီး စက်တင်ဘာလ ၁၆ ရက်နေ့တွင် မြစ်ဆုံစီမံကိန်းသို့ သွားရောက်လေ့လာခဲ့သည်။ အဆိုပါစီမံကိန်းအနီးမှ ဒေသခံများကို ပြောင်းရွှေ့နေရာချထားသည့်အောင်မြင်သာ၊ တန်ဖရဲကျေးရွာတို့ရှိ စာသင်ကျောင်းများသို့ သွားရောက်ခဲ့သည်။ ■

## News in Brief

### တောင်ယာအရောင်းအဝယ် အငြင်းပွားရာမှ လူသတ်မှုဖြစ်

**တောင်ငူ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ်တွင် တောင်ယာအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားရန်ဖြစ်ရာမှ လူသတ်မှုဖြစ်၍ အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း အဆိုပါမြို့နယ် ရဲတပ်ဖွဲ့ရုံးမှ သိရှိရသည်။

ထန်းတပင်မြို့ခြံကြီးကျေးရွာအုပ်စု ဘုရားကျေးရွာတွင် စက်တင်ဘာလ ၁၅ ရက်နေ့က အသက် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားရန်ဖြစ်ပွားကြောင်း အဆိုပါမြို့နယ်ရဲစခန်းမှ ဒုတိယရဲအုပ်မြင့်သိန်းက ပြောကြားသည်။

ယင်းသို့ရန်ဖြစ်ရာမှ အမျိုးသမီးဖြစ်သူမှာ ပေါင်းခုတ်ဓားဖြင့် ခုတ်သတ်ခံရသဖြင့် အမျိုးသားဖြစ်သူကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူနေကြောင်း ၎င်းကဆိုသည်။

### အထက (၄) အလုံ ကျောင်းသားဟောင်းများအသင်း အစည်းအဝေးပြုလုပ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

အထက(၄)အလုံ (ယခင်ကူရှင်) ကျောင်းသားကျောင်းသူဟောင်းများအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် အသင်းရုံးခန်းသစ်ဖွင့်လှစ်သည့် အခမ်းအနားကို စက်တင်ဘာလ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပင်လုံအားကစားရုံ၌ ပြုလုပ်ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ အသင်းဝင်ကျောင်းသားကျောင်းသူဟောင်းများ စုံလင်စွာ တက်ရောက်ကြပါရန်နှင့်အသေးစိတ်သိလိုပါက အသင်းရုံးခန်းလိပ်စာ အမှတ် ၄၀၊ မြေညီထပ်၊ အောင်ရတနာလမ်း၊ သခင်မြပန်းခြံအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၁ ၂၂၅၁၄၃ သို့ ဆက်သွယ်စုံစမ်းကြပါရန် အသင်းက တိုက်တွန်းနှိုးဆော်ထားသည်။ ■

## CARTOON OF THE WEEK



# အသုံးလုံးလူမှုရေးလုပ်ငန်း စိတ်ဝင်စားသူများ ပူးပေါင်းဆောင်ရွက်နိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

အသုံးလုံးလုပ်အားပေးအဖွဲ့ဝင်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံတစ်ဝန်း ပညာရေးပံ့ပိုးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေလျက်ရှိသော မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၏ လူမှုအကျိုးပြုလုပ်ငန်းများသို့အသင်းဝင်မဟုတ်သေးသည့် အသုံးလုံးလုပ်အားပေးအဖွဲ့ဝင်ဟောင်းများနှင့် လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများပါ မည်သူမဆို ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ကြကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ကပြောကြားသည်။

အဆိုပါအသင်း၏ စီစဉ်မှုဖြင့် စက်တင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ကျင်းပခဲ့သောမြန်မာ့အသုံးလုံး(၅၂) နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်အစည်းအဝေးတွင် ၎င်းက တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကို တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ အသုံးလုံးလုပ်အားပေးအဖွဲ့ဝင် ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ် ၁၆ ခုရှိ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကာ အခြေခံပညာကျောင်းများတွင် ပညာရေးပံ့ပိုးမှုနှင့် သင်ကြားပို့ချမှု ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စာပေဗဟုသုတဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို စီစဉ်ပြုလုပ်ခဲ့ကြကြောင်း အသင်း၏ထုတ်ပြန်ချက်အရ သိရသည်။

အသင်းမဝင်ရသေးသည့် ၁၉၆၄-၁၉၈၄ အသုံးလုံးလုပ်အားပေးအဖွဲ့ဝင်ဟောင်းများ၊ ၂၀၀၃ ခုနှစ်နောက်ပိုင်း စာတတ်မြောက်ရေးလုပ်အားပေးများနှင့် အသင်း၏ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများသည် ဥက္ကဋ္ဌ ဦးမျိုးသန့် ၀၉ ၅၀၁၀၇၅၄၊ ဦးအောင်ကြည် ၀၉ ၄၂၀၁၇ ၂၁၁၃၊ ဦးစံနီမောင် ၀၉ ၇၀၄၆၁၈၇၁၊ ဒေါက်တာခင်မေစု ၀၉ ၅၀၀၇၉၅၅၊ ဦးအောင်ထိုး ၀၉ ၄၂၀၀၆၃၆၈၀၊ ဦးသက်ဦး ၀၉ ၃၁ ၂၈၀၈၀၅၊ ဦးအောင်ဝင်း ၀၉ ၇၃၀၁၅၉၇၈ တို့ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ ■

# သူဌေးကြီးများအသင်းချုပ် မြေအုတ်တို့ ပြိုမည်လော

ရဲနိုင်ဦး

**ပွဲ။ ဘာပွဲလဲ ။ UMFCCI အမည်ရ သူဌေးကြီးများအသင်းချုပ် ရွေးကောက်ပွဲ ဖြစ်ပါသည်။**

**စက်တင်ဘာလ ၁၇ ရက်နေ့ ဤနေ့တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ခန်းမကြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲကို ကျင်းပနေခြင်းဖြစ်သည်။**

UMFCCI အသင်းချုပ်သည် မြန်မာ့ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ အင်အားအကြီးဆုံးအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ တစ်ဖွဲ့တည်း ကြီးစိုးထားသော စီးပွားရေးဘီလူးကြီးဟုလည်းဆိုနိုင်သည်။ နိုင်ငံရှိထင်ရှားသော လုပ်ငန်းများသည် ဤအသင်းကြီး၏ အဖွဲ့ဝင်အဖြစ်သို့ ဝင်ရောက်ကြသည်။

သို့သော်လည်း ရွေးကောက်ပွဲမတိုင်မီ သီတင်းပတ်ကမူ ဤအသင်းချုပ်ကြီး၏ လူကြီးများအချင်းချင်း သဘောထားကွဲ၍ မသင့်မမြတ်ဖြစ်ကြသည်။ သတင်းစာရှင်းလင်းပွဲများ အပြိုင်အဆိုင်လုပ်ခဲ့ကြသည်။

လက်ရှိဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်ကမူဥက္ကဋ္ဌရာထူးမှ အနားယူတော့မည်ဖြစ်ပြီး ထပ်မပြိုင်တော့ဟု ကြေညာထားသည်။

“တိုင်းပြည်ကောင်းကျိုးလိုလားတဲ့ လူငယ်အများကြီးရှိတယ်။ သူတို့ရဲ့တိုင်းပြည်အတွက် လုပ်ချင်တဲ့စိတ်ကိုလည်း သတိပြုမိပါတယ်။ ဒီတော့ သူတို့လုပ်ဖို့ အခွင့်ပေးသင့်တယ်လို့လည်း ကျွန်တော်ထင်ပါတယ်” ဟု ဦးဝင်းအောင်ကဆိုသည်။

ဦးဝင်းအောင် မယှဉ်ပြိုင်တော့ဟု ပြောကြားပြီးနောက် ဥက္ကဋ္ဌအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ ပေါ်ပေါက်လာခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လက်ရှိတွင် တာဝန်ထမ်းဆောင်နေသော ဦးဇော်မင်းဝင်းလည်း ပါဝင်သည်။ ၎င်းသည် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ဦးသိန်းစိန်အစိုးရလက်ထက် စီးပွား/ကူးသန်း ဒု-ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာပွင့်ဆန်း၏ ဖခင်လည်းဖြစ်သည်။ ဥက္ကဋ္ဌဟောင်းဦးဝင်းမြင့်လက်ထက်ကတည်းက အထွေထွေအတွင်းရေးမှူးလုပ်လာသည့် သက်တော်ရှည်တစ်ဦး။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံရှိ လုပ်ငန်းအားလုံးနီးပါးနှင့် သက်ဆိုင်သည့် အသင်းလည်းဖြစ်သည်။

“အန်ကယ့်မှာ ပြည်တွင်းပြည်ပ အတွေ့အကြုံ အများကြီးရှိတယ်။ လူတိုင်းကလည်း ယုံကြည်မှုရှိတယ်။ ဘာပြစ်ချက်မှလည်း မရှိဘူး။ အန်ကယ့်အရွယ်အားဖြင့်လည်း ဒါက နောက်ဆုံးယှဉ်ပြိုင်တာပါ” ဟု ဦးဇော်မင်းဝင်းက ဆိုသည်။

UMFCCI ဥက္ကဋ္ဌနေရာသည် အဘယ့်ကြောင့် အရေးကြီးသနည်းဟု တစ်စုံတစ်ယောက်က မေးလာအံ့။ အမှန်ပင် အရေးကြီးကြောင်း ပြောရပေလိမ့်မည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီထောင်၍လုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းတိုင်းနီးပါးသည် ဤအသင်းကြီးနှင့်ပတ်သက်ရသည်။ ဘဏ်လုပ်ငန်းများကမူ သီးခြားဖြစ်သည်။ ဤအသင်းကြီးသို့ အသင်းဝင်ထားခြင်းဖြင့် ပြည်ပအဆက်အသွယ်နှင့် ဈေးကွက်များကို ချိတ်ဆက်ရှာဖွေနိုင်သည်။ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ သမ္မတသွားသည့် ပြည်ပခရီးစဉ်များတွင် လိုက်ပါရသူများသည် ဤအသင်းချုပ်ကြီး၏ဆိုင်ရာ ပုဂ္ဂိုလ်များပင်ဖြစ်သည်။ သာမန်အသင်းဝင်များကမူ ယင်းခရီးမျိုးကို လိုက်ပါခွင့်မရ။

ထိုနည်းတူ နိုင်ငံတကာလုပ်ငန်းရှင်များသည် မြန်မာ့ဈေးကွက် မျက်စိကျ၍ လုပ်ငန်းတွဲဖက်လုပ်မည်ဆိုပါက တစ်ဦးချင်းကို မဆက်သွယ်။ နိုင်ငံတကာ အလေ့အထအရ ဤအသင်းချုပ်မျိုးကိုသာ ဆက်သွယ်ကြသည်။ ထိုအခါ အသင်းကြီးက ဆိုင်ရာပြည်တွင်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ (Business Matching) ကို မကြာခဏပြုရသည်။

ထို့ကြောင့် သတင်းလက်ဦးမှု ရရှိခြင်း၊ စီးပွားရေးအဆက်အသွယ်ကောင်း ရရှိခြင်းကဲ့သို့ အကျိုးကျေးဇူးကြီးများကို ရရှိသည့်အပြင် ဆန္ဒရှိပါက နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လည်း လုပ်ဆောင်နိုင်ပေသေးသည်။

ဤသို့အကျိုးထူးများကြောင့်လည်း ပြီးခဲ့သည့် ကာလများအတွင်း တိုယိုတာကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းအောင်ကလည်းကောင်း၊ နစ်ဆန်းကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် ဒုတိယဥက္ကဋ္ဌကလည်းကောင်း လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

ယခင်ခေတ်ကမူ အသင်းချုပ်၏ဥက္ကဋ္ဌသည် စီးပွား/ကူးသန်း ဝန်ကြီးရာထူးကိုပင် မျှော်မှန်းနိုင်သေးသည်။ စီးပွား/ကူးသန်းဝန်ကြီးဟောင်း ဦးဝင်းမြင့်သည် အသင်းချုပ်ဥက္ကဋ္ဌဘဝမှ ပြည်ထောင်စုဝန်ကြီးဖြစ်သွားသည်။ ဦးဝင်းအောင်သည် ဦးဝင်းမြင့်အနားယူသွားသည့် ၂၀၁၁ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာသည်။ ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရတက်လာသည်။ ၂၀၁၃ ခုနှစ် အသင်းချုပ်၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ၌ ဦးဝင်းအောင် အနိုင်ရသည်။ ဦးခင်လှိုင် (ဇောတိက) နှင့် ရွေးကောက်ပွဲ၌ ပြိုင်ဘက်ဖြစ်ခဲ့ကြသည်။


ဓာတ်ပုံ-မြင့်မိုးညို

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်စပြုလာပြီး အမေရိကန်လုပ်ငန်းရှင်များ ဝင်ရောက်ရန်ပြင်ဆင်လာသည်။ ထိုအချိန်က အမေရိကန်အမည်ပျက်စာရင်းဝင် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ မည်သို့စကားပြောမည်နည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ တစ်ဖက်တွင်လည်း အမေရိကန်တို့ကို လက်ဦးမှုယူ၍ ဂျပန်တို့က သီလဝါစီမံကိန်းကို ဦးဝင်းအောင်နှင့်အတူ စတင်ထားသည်။ ထို့နောက်တွင် အမေရိကန်အမည်ပျက်စာရင်းမှ ဦးဝင်းအောင်ကို ပယ်ဖျက်ပေးလိုက်ရသည်။ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH) တွင် ဦးဝင်းအောင်က ဥက္ကဋ္ဌဖြစ်လာသည်။ မကြာမီကမူ MTSH က စတော့ဈေးကွက်သို့ ဝင်ရောက်လိုက်သည်။

ထို့ကြောင့်ပင် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ရွေးကောက်ပွဲဝင်မပြိုင်သည့် ၎င်း၏ဆုံးဖြတ်ချက်အတွက် ယခုလို အလေးအနက်ဆိုသည်။

“ဒီလိုဆုံးဖြတ်ချက်ချရတာ အန်ကယ်အတွက် ဘဝမှာ အင်မတန်ခက်ခဲပါတယ်”

သင်းဖွဲ့စည်းမျဉ်းအရ ဥက္ကဋ္ဌအဖြစ် သုံးနှစ်သက်တမ်းနှစ်ကြိမ်ဆက် ယှဉ်ပြိုင်ခွင့်ရှိရာ ရွေးကောက်ပွဲဝင်ပြိုင်ခွင့်ရှိကြောင်း၊ ပြင်ပတွင် သတင်းထွက်ပေါ်သကဲ့သို့ယှဉ်ပြိုင်ခွင့်မရှိ၍ မပြိုင်ခြင်းမဟုတ်ကြောင်း ဦးဝင်းအောင်က ပြောပြသည်။

ရွေးကောက်ပွဲမစတင်မီကမူ သင်းဖွဲ့စည်းမျဉ်းအတွက် အသင်းချုပ်လူကြီးများ အမြင်မတူဖြစ်ခဲ့ကြသေးသည်။ ဗဟိုအလုပ်အမှုဆောင်များအကြား သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ရန် ဆွေးနွေးခဲ့ကြသေးသည်။ ကိုယ်စားမဲပေးရန် တောင်းဆိုသူက တောင်းဆိုကြသည်။ ဗဟိုအလုပ်အမှုဆောင်အရွေးခံနိုင်ရန် အမှုဆောင်လုပ်သက် တစ်နှစ်ပြည့်ရမည်ဆိုသည့်အချက်ကို ပယ်ဖျက်ရန် တောင်းဆိုသူများလည်းရှိသည်။

“မဲဝယ်ထားသူတွေက ဘယ်သူမဆို မဲပေးခွင့်ရဖို့ (ကိုယ်စားမဲပေးခွင့်) ပြောနေကြတာပါ။ ဒါမှ ဝယ်ထားတဲ့ မဲတွေကိုထည့်လို့ရမှာ ။ သူတို့က အဲဒါငြင်းခုန်နေကြတာ” ဟု UMFCCI ရွေးကောက်ပွဲဝင်မည့် အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ဆိုသည်။

“Proxy (ကိုယ်စားမဲပေးခွင့်) က လူ လေးငါးဆယ်ဦးလောက်နဲ့ အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်ခဲ့တာ။ ဒါတွေကို လုပ်ချင်တယ်ဆို အသင်းသားအားလုံးကို အစည်းအဝေးခေါ်ပြီး လုပ်သင့်တာ။ Proxy နဲ့ ပေးချင်သူကလည်း ၂၀ ကျော်၊ ၃၀ လောက်ပဲရှိတာပါ” ဟု ၎င်းက ဖြည့်စွက်ပြောလိုက်သေးသည်။

ကိုယ်စားမဲပေးခွင့် ဆိုသည်မှာ အသင်းဝင်ကုမ္ပဏီများက ကုမ္ပဏီများမှတ်ပုံတင်ထားဌာနတွင် မှတ်ပုံတင်ရာ၌ ပါဝင်သော လူပုဂ္ဂိုလ်စာရင်း (ပုံစံ ၂၆) အနက် ပါဝင်သူများမဟုတ်ဘဲ အခြားပုဂ္ဂိုလ်က မဲပေးခွင့်ရရန် လုပ်ဆောင်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲနီးချိန်၌ ကိုယ်စားမဲပေးခွင့်ကိစ္စအတွက် ဗဟိုအလုပ်အမှုဆောင်များအချို့ကို အစည်းအဝေးခေါ်၍ ဆုံးဖြတ်ခဲ့သည်များရှိခဲ့ပြီး အသင်းချုပ်အကွဲအပြဲမှာလည်း ထင်ထားသည်ထက် ပိုမိုလာခဲ့သည်။

ယင်းအချက်အားလုံးကို အသင်းချုပ်ဥက္ကဋ္ဌ က ပါးပါးနပ်နပ်ကိုင်တွယ်နိုင်ခဲ့သည်။ ကိုင်တွယ်ပုံမှာ သင်းဖွဲ့စည်းမျဉ်းပါဖွင့်ဆိုချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုယ်စားမဲပေးခွင့်ကိစ္စများအတွက် အသင်းချုပ်၏ ဥပဒေရေးရာကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ ပို့၍ အကြံပြုချက်ယူလိုက်ခြင်းပင်။ အဖြေရလဒ်က တစ်ခုတည်း ထွက်လာသည်။

“လက်ရှိတည်ဆဲ သင်းဖွဲ့စည်းမျဉ်းအတိုင်းပဲ ကျွန်တော်တို့ကျင်းပမှာပါ” ဟု ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆိုသည်။

သင်းဖွဲ့စည်းမျဉ်းမှာ ခေတ်နှင့်မလျော်ညီ၍ ပြင်ဆင်စရာများရှိသော်လည်း ရွေးကောက်ပွဲနီးချိန်ဖြစ်၍ လိုသလိုပြင်သည်ဟု သတင်းများမထွက်ရန် အချို့သောပုဂ္ဂိုလ်များက နောင်တစ်ချိန်မှသာ ပြင်ဆင်စေလိုကြောင်း ၎င်းကရှင်းပြသည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရွေးကောက်ပွဲအရှုပ်တော်ပုံအတွက် အသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးမိုးမြင့်ကျော် ဦးဆောင်ပြီး သတင်းစာရှင်းလင်းပွဲလုပ်သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် သင်းဖွဲ့စည်းမျဉ်းပါပေးထားချက် အရှိတရားကိုလက်ခံရန်နှင့် အပြောင်းအလဲဟု ကြွေးကြော်တိုင်း အကောင်းဘက်သို့ ပြောင်းလဲရန်လိုကြောင်း ၎င်းက သတိပေးပြောကြားလိုက်သည်။

ရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြသော်လည်း စက်တင်ဘာလ ၁၅ ရက်နေ့ နေ့လယ် ၁၂ နာရီအထိအသေးစိတ်အစီအစဉ်များကမပြီးပြတ်။ အလုပ်အမှုဆောင်အစည်းအဝေးကို နေ့လယ် ၂ နာရီတွင်ပြုလုပ်ပြီး ညနေ ၅ နာရီထိုးခါနီးမှ ပြီးဆုံးသွားသည်။

အသင်းချုပ် ရွေးကောက်ပွဲကျင်းပပုံမှာ နိုင်ငံတစ်ဝန်းမှ ညီနောင်အသင်းတစ်သင်းလျှင် တစ်ဦးနှုန်းဖြင့် ၇၂ ဦး (အလိုအလျောက်အမှုဆောင်)၊ မဲပေးရန် စာရင်းတင်ထားသူ ၁၃၀၀ နီးပါးက အမှုဆောင်သစ်အဖြစ်ဝင်ရောက်အရွေးခံသူ ၁၉၆ ဦးအနက်မှ ၇၂ ဦးကို ရွေးချယ်မည်ဖြစ်သည်။ စုစု ပေါင်း ၁၄၂ ဦးကို အမှုဆောင်အဖြစ် ရွေးချယ်မည်။ ထို့နောက် ၁၄၂ ဦး ၏ ၄၀ ရာခိုင်နှုန်း ၅၇ ဦး သို့မဟုတ် ၅၈ ဦးကိုဗဟိုအလုပ်အမှုဆောင်၊ ထိုမှတစ်ဆင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ခုနစ်ဦး၊ အတွင်းရေးမှူးချုပ်အပါအဝင် စီမံခန့်ခွဲရေးအဖွဲ့ဝင် ၂၀ ခန့်ကို ထပ်မံရွေးချယ်မည်ဖြစ်သည်။

အသင်းချုပ်တွင် အသင်းဝင်ပေါင်း ၃၀,၀၀၀ ကျော်၊ တက်ကြွအသင်းသားပေါင်း ၁၀,၀၀၀ ကျော်ရှိသည်ဟု အထွေထွေအတွင်းရေးမှူးချုပ် ဦးမိုးမြင့်ကျော်က ဆိုသည်။

အသင်းဝင် ၃၀,၀၀၀ နှင့် မဲပေးရန်စာရင်းတင်ပြသူ ၁၃၀၀ ကျော်ကို နှိုင်းယှဉ်လျှင် ရွေးကောက်ပွဲကို လုပ်ငန်းရှင်ကြီးများနှင့် နီးစပ်သူများသာ စိတ်ဝင်စားကြကြောင်း တွေ့နိုင်သည်။

“အဲဒီနားနီးရင် စိတ်ဝင်စားကြတယ်။ နောက်နည်းနည်းကြာရင် ဘယ်သူမှမလာဘူး။ အဲဒီ အသင်းဝင်ကတ်ကိုင်ပြီး နိုင်ငံခြားပဲသွားနေကြတာ။ ပြီးရင်ဘာအလုပ်မှ မလုပ်ဘူး။ နောက်နှစ်လည်း ဒီလိုဖြစ်ကြဦးမှာပဲ” ဟု စီးပွားရေးလုပ်ငန်းရှင် ဦးရဲမြတ်သူက ဆိုသည်။

**စာမျက်နှာ ၁၃ သို့**


ဓာတ်ပုံ-ထွန်းထွန်းမြင့်

# အများနှင့် သက်ဆိုင်သော

ဆုအိန္ဒြေဦး၊ ဥမ္မာလွင်

**အများနှင့်သက်ဆိုင်သူသည် သာမန်လူထက် ဝေဖန်ကဲ့ရဲ့ခြင်း၊ အားပေးနှစ်သိမ့်ခြင်းတို့ကို ခံယူကြရသည်။**



ဓာတ်ပုံ-မြင့်မိုးညို

နာမည်ကျော်လူသိများသူ၊ အနုပညာရှင်၊ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည် ပရိသတ်၊ ပြည်သူများ၏ ချစ်ခြင်း၊ မုန်းခြင်းကို ခံကြရသည်။

နာမည်ကျော်ကြားသူများ၏ သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အလုပ်အပြင် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာများကိုပါ ပြည်သူလူထု၊ ပရိသတ်က ကြားသိလိုကြသည်။

စာနယ်ဇင်းပညာအရ နာမည်ကျော်ကြားသူများသည် Newsmaker သတင်းလူသားများ ဖြစ်သည်။

"ပြည်သူတွေ သိချင်တာကို မီဒီယာဘက်က ရေးသားနိုင်ဖို့လိုတယ်။ သတင်းအချက်အလက် မှန်မှန်ကန်ကန်နဲ့ ရေးရမယ်။ စွပ်စွဲခံရသူကိုလည်း မေးခွင့်ရှိရမယ်။ သူ့မှာလည်း ပြောခွင့်ရှိတယ်။ ရေးသားချက်မှာ Balance ဖြစ် (ဘက်မျှ) ဖို့လိုတယ်။ မပြောချင်ဘူးဆိုလည်း မပြောချင်ဘူးဆိုတာ ထည့်ပေးရမယ်" ဟု မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ဦးမြင့်ကျော်ကဆိုသည်။

လတ်တလော လူမှုကွန်ရက်စာမျက်နှာတွင် တေးသံရှင် နီနီခင်ဇော်၏ အတိတ်ကဖြစ်ပျက်ခဲ့သော ကိုယ်ရေးကိုယ်တာကိစ္စကို အမြင်မတူကွဲလွဲမှုအမျိုးမျိုးဖြင့် ပြောဆို၊ ဝေဖန်လျက်ရှိကြသည်။

ဝေဖန်၊ ကဲ့ရဲ့ ပုတ်ခတ်မှုများကို တရားဥပဒေအရအရေးယူမည့်နည်းလမ်းကို တေးသံရှင် နီနီခင်ဇော်က ရွေးချယ်လိုက်သည်။

ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ရေးသား၊ ပြောဆို၊ ပုတ်ခတ်မှုမှန်သမျှကို စက်တင်ဘာလ ၁၅ ရက်နေ့မှစတင်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း တေးသံရှင်နီနီခင်ဇော်က နိုင်ငံပိုင် ကြေးမုံသတင်းစာတွင် ကြေညာချက်ထုတ်လိုက်သည်။

အဆိုပါကြေညာချက်အရ တရားစွဲဆိုမည်ဆိုလျှင် အသရေဖျက်မှု ပုဒ်မ ၅၀၀ နှင့် ဆက်သွယ် ရေးဥပဒေ ပုဒ်မ ၆၆(ဃ)တို့ဖြင့် တရားစွဲဆိုနိုင်ကြောင်း Justice Trust အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေဦးသိန်းသန်းဦးက ဆိုသည်။

အနုပညာရှင်တိုင်း၊ နာမည်ကျော်လူသိများသူတိုင်း မဟုတ်မမှန်၊ ကောလာဟလ၊ အတင်းအဖျင်းသတင်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက်မှုကိုခံရလေ့ရှိပြီး ယင်းအပေါ် တုံ့ပြန်မှုချင်းမတူကြပေ။

"အမြင်မတူတာအားလုံးကိုဘယ်လိုမှ စိတ်သောကမရောက်ဘူး။ လူတိုင်းက ပြောဆိုပြီးကျရင် ပြီးသွားကြမှာလို့ထားလိုက်တယ်။ ဒါကိုလိုက်ခံစားရင် ကိုယ်လည်းပူလောင်တယ်။ ကိုယ်ဟာ ပတ်ဝန်းကျင်ကို အကျိုးမယုတ်စေတဲ့ အကြောင်းအရာတစ်ခု မလုပ်ထားဘူးဆိုရင် ကိုယ့်လိပ်ပြာကိုယ်လုံတယ်" ဟု အမျိုးသားဘဝမှ အမျိုးသမီးဘဝသို့ လိင်ပြောင်းလဲထားသူ အလှဖန်တီးရှင် မထက်ကဆိုသည်။

ပြည်တွင်းရှိ နာမည်ကျော်ကြားသူ အနုပညာရှင်များတွင် ချစ်ခြင်း၊ မုန်းခြင်း အများဆုံးခံရသူ စာရင်းတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်လည်း ပါဝင်သည်။

နှုတ်ခမ်းနီမလေးများ သည်းသည်းလှုပ်အားပေးမှုကိုခံယူရသူ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်မှာ တစ်ဖက်တွင်လည်း ပုံစံမျိုးစုံ၊ အမြင်မျိုးစုံဖြင့် ဝေဖန်၊ ပုတ်ခတ်၊ ပြောဆိုရေးသားခံနေရသူဖြစ်သည်။

အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်တွင် စိုင်းစိုင်းကို ဆန့်ကျင်တော်လှန်မည့် သူ့ရဲကောင်းများ အမည်ရှိ Group တည်ထောင်ကာ အပျော်နောက်သူများ၊ အတည်ဆဲသူများပင် ရှိသည်။

"ကျွန်တော် မှားရင်လည်း မှားမယ်။ အရိုးသားဆုံးနားလည်တာတော့ ကျွန်တော့်ကိုမုန်းတယ်လို့ မယုံကြည်ပါဘူး။ ကျွန်တော့်မှာ ပြောစရာတစ်ခုရှိနေလို့ ပျော်စေပျက်စေ နောက်ပြောင်တယ်၊ Troll (နောက်ပြောင်) လုပ်တယ်လို့ အဲဒီလိုပဲ နားလည်ပါတယ်" ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က အမြင်မတူ ဝေဖန်သူများနှင့် ပတ်သက်၍ သူ၏အမြင်ကို ဖြေကြားသည်။

လူမှုကွန်ရက်စာမျက်နှာတွင် အနုပညာရှင်၊ နာမည်ကျော်ကြား လူသိများပုဂ္ဂိုလ်များမှာ အကြောင်းအရာတစ်ခုမဟုတ် တစ်ခုနှင့် ဝေဖန်မှုကိုခံရလေ့ရှိပြီး တချို့အနုပညာရှင်များက ပြန်လှန်ခွန်းတုံ့စကားဆိုကြသော်လည်း တရားဥပဒေအရ ရင်ဆိုင်တုံ့ပြန်မှုမျိုး မပြုလုပ်ကြပေ။

"နီနီခင်ဇော်ကြေညာချက်က ဟန့်တားထားတဲ့သဘောပါ။ လူတွေကလည်း တရားရုံး၊ အမှုကိစ္စတွေနဲ့ပတ်သက်ရမှာကို ကြောက်ကြတော့၊ လူတွေမပြောရဲအောင် ခြောက်လှန့်တဲ့သဘောပါပဲ" ဟု ဦးမြင့်ကျော်က ဆိုသည်။

စက်တင်ဘာလ ၁၅ ရက်ထုတ် ကြေညာချက်သည် စာနယ်ဇင်းမီဒီယာ ဆရာသမားများကို ရည်ညွှန်းခြင်း မဟုတ်ကြောင်း အနီးရောင် MTV မိတ်ဆက်ပွဲတွင် တေးသံရှင် နီနီခင်ဇော်ကဆိုသည်။

"မိန်းကလေးတစ်ယောက်အနေနဲ့ လူသားတစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်းသာ ဖြစ်ပါတယ်။ အခုဖြစ်ပေါ်နေသော ပြဿနာများအားလုံးကို ဒီထက်ပိုပြီးတော့ ကြီးမသွားစေဖို့ ပရိသတ်နဲ့ အမြင်မှားအောင် ပြောဆိုနေတဲ့ စကားများမရှိစေဖို့အတွက် အခုချိန်မှာကြိုးစားပြီး နေထိုင်နေပါတယ်" ဟု ကြေညာချက်ထုတ်ခြင်းနှင့်ပတ်သက်၍ ၎င်းက ရှင်းလင်းပြောဆိုသည်။

"ကျွန်တော် ဘာလုပ်လုပ် အမြဲမကောင်းဘူးပြောနေတဲ့ ဝေဖန်မှုမျိုးတွေကို ဥပေက္ခာပြုပစ်ပါတယ်။ အဲဒီလိုဝေဖန်မှုတွေကို ပြန်ပြီးဆဲဆို၊ ပြန်ပြီးတုံ့ပြန်တာတွေကိုလုပ်ဖို့ အစီအစဉ်မရှိပါဘူး။ အားလုံးကို ဥပေက္ခာပြုပစ်ပါတယ်" ဟု လူငယ်များအကြား အောင်မြင်မှုရနေသည့် တေးသံရှင် G-Fatt က ပြောဆိုသည်။

အနုပညာရှင်၊ နိုင်ငံရေးသမား စသည့် အများနှင့်သက်ဆိုင်သူများသည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဝေဖန်ခြင်း၊ ရှုတ်ချခြင်း၊ အမနာပပြောဆိုခြင်းအမျိုးမျိုးကို သာမန်လူများထက် ပိုမိုရင်ဆိုင်ရလေ့ရှိသည်။

အနုပညာရှင်သည် အများနှင့်အလုပ်လုပ်ရသည့်အတွက် ဝေဖန်မှုကို ရှောင်လွှဲနိုင်မည်မဟုတ်ဘဲ အကောင်း၊ အဆိုး ဝေဖန်ခံရခြင်း၊ အမနာပ ပြောခံရခြင်း၊ အတင်းစကား ဆိုခံရခြင်း ကြုံတွေ့ရမည်ဖြစ်ကြောင်း ဦးသုရ (ခေါ်) ဦးဇာဂနာက ဆိုသည်။

"ပြောခံရတာကိုကြောက်ရင် အနုပညာလုပ်လို့မရဘူး။ အနုပညာသည်တွေ မှန်သမျှ အပြောခံရမှာပဲ။ ဒါက အခုမှမဟုတ်ဘူး၊ ခေတ်အဆက်ဆက်ဝေဖန်ခံနေရတာပါ" ဟု ၎င်းကဆိုသည်။

အများနှင့်သက်ဆိုင်လိုလျှင် ချီးမွမ်း၊ ဝေဖန်ခြင်းကို ပြုံး၍သော်လည်းကောင်း၊ မဲ့၍သော်လည်းကောင်း မလွဲမသွေ ခံကြရမည်ဖြစ်သည်။ ■

---

**စာမျက်နှာ ၁၂ | သူဌေးကြီးများအသင်းချုပ် မြေအုတ်တို့ ပြိုမည်လော မှအဆက် ...**

လွန်ခဲ့သော ခြောက်နှစ်ခန့်က တောင်ဒဂုံစက်မှုဇုန်တွင် အောင်မြင်သော အမှတ်တံဆိပ်အချို့ရည်များ ထုတ်လုပ်နိုင်ခဲ့သည့် လုပ်ငန်းရှင်တစ်ဦးကလည်း UMFCCI တွင် ထိပ်ပိုင်းပုဂ္ဂိုလ်များ၊ ၎င်းတို့နှင့်ရင်းနှီးကျွမ်းဝင်သူများသာ အဆင်ပြေကြပြီး အောက်ခြေအသင်းသားများနှင့် တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ အကျိုးအတွက် မဖော်ဆောင်ပေးနိုင်ကြောင်း မှတ်ချက်ပြုသည်။

လက်ရှိရွေးကောက်ပွဲတွင်မူ မြန်မာက လူရွယ်တန်းဟု ပြောလေ့ရှိကြသည့် အသက်သုံးဆယ်ကျော်၊ လေးဆယ်ကျော် လူရွယ်များလည်း ပါဝင်လာသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ထဲထဲဝင်ဝင် လုပ်ကိုင်နေသူများက ရွေးကောက်ပွဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်စပြုလာသည်။

မြန်မာ့မော်တော်ယာဉ်တင်သွင်းထုတ်လုပ်ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်းဦး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၊ Information Matrix အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းစုငြိမ်း၊ Myanmar Information Technology Pte. မှအမှုဆောင်အရာရှိချုပ်ဦးထွန်းသူရသက်၊ Zeya & Associates ကုမ္ပဏီဥက္ကဋ္ဌ ဦးဇေယျာသူရမွန်နှင့် Myanmar Makro Industry အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးမြင့်ကျော်တို့ကလည်း ရွေးကောက်ပွဲဝင်မည်ဖြစ်သည်။

UMFCCI အသင်းချုပ်ဥက္ကဋ္ဌကလူလူငယ်တွေကို နေရာပေးနိုင်ရန် ဝင်မပြိုင်တော့ဟု ဆိုထားသည်။

"ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌက နှစ်ပေါင်းမနည်းဘူး။ တချို့ဆို နှစ်ပေါင်း ၂၀ လောက်ရှိနေပြီ။ ဒါတွေလည်း ကိုယ့်ဘာသာနုတ်ထွက်ပေးရင် နောက်လူငယ်တွေအတွက် ပိုပြီး အခွင့်အရေးရတာပေ့ါ" ဟု ဒေါက်တာစိုးထွန်းကဆိုသည်။

"အစိုးရလည်း လူသစ်တွေနဲ့လက်တွဲလုပ်ချင်တယ်လေ။ ဒါမှ အစိုးရနဲ့ပုဂ္ဂလိကပေါင်းလုပ်မှ နိုင်ငံ့စီးပွားရေး တက်လာမယ်" ဟု ၎င်းကဆိုသည်။

ဝင်ပြိုင်ကြသူလူရွယ်အချို့က ဥက္ကဋ္ဌရာထူးကို မှန်းမထားကြ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ရန်သာ။ ၎င်းတို့၏ ဆိုင်ရာစီးပွားရေးကဏ္ဍတိုးတက်ရေး ပူးပေါင်းလုပ်ကိုင်ရန်သာ။

"ကျွန်တော်က MRF မှာလည်း အတွင်းရေးမှူးဆိုတော့ တာဝန်တွေကများနေပါပြီ။ ဥက္ကဋ္ဌအဖြစ် ဝင်အရွေးမခံပါဘူး။ ဒါပေမဲ့ ဗဟိုအမှုဆောင်အဖြစ်တော့ အရွေးခံမယ်။ ဒါမှလည်း ကိုယ့် Sector အတွက် ဆွေးနွေးလုပ်ကိုင်ကြတဲ့အခါ ကိုယ်စားပြုနိုင်မယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကလည်း "ဥက္ကဋ္ဌအဖြစ် အရွေးမခံပါဘူးဗျာ။ ကိုယ့်အခြေအနေကိုယ်သိရမှာပေ့ါ" ဟု ရယ်ရယ်မောမော ဆိုလိုက်သေးသည်။

မည်သို့ပင်ဆိုစေ စနေနေ့ (စက်တင်ဘာ ၁၇ ရက်) တွင် စီးပွားရေးဘီလူးကြီး UMFCCI ၏ ရွေးကောက်ပွဲကို ကျင်းပနေပြီဖြစ်သည်။

အဟောင်းအဟောင်းတို့ နေရာတွင် အသစ်အသစ်တို့က နေရာယူမြဲဖြစ်သည်။ ခေတ်တစ်ခေတ်ကိုပိုကောင်းလာရန်မြေအုတ်တို့ပြိုလေသော် ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်ခဲ့ကြသည်။ လူကြီးများအစား လူငယ်များက နေရာဝင်ယူဆဲ။ ယင်းသို့အပြောင်းအလဲတွင် ထိုင်ခုံမလွှတ်ချင်သူနှင့် ထိုင်ခုံလိုချင်သူများအကြား ထိုင်ခုံလုပွဲမှာလည်းဖြစ်မြဲ။

သို့သော်လည်း ယနေ့ရွေးကောက်ပွဲ၌ အသင်းချုပ်၏ မြေအုတ်တို့နေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးနိုင်မည်လား ...။

"ပုဂ္ဂိုလ်ရေးခင်မင်မှုထက် တိုင်းပြည်အကျိုးဆောင်ရွက်နိုင်သူကို လေ့လာဆန်းစစ်ပြီးမှ ရွေးချယ်ဖို့လိုပါတယ်" ဟု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆိုလိုက်လေသည်။ ■

**ရဲနိုင်ဦး**

# ဘာလီကျွန်းအနီး ခရီးသည်တင် မော်တော်ဘုတ်တစ်စင်းပေါက်ကွဲ၊ နှစ်ဦး သေဆုံး

**ဂျာကာတာ၊ စက်တင်ဘာ ၁၆**




ပေါက်ကွဲမှု ဖြစ်ပွားရာ ဂါလီကြောင် (၂) မော်တော်ဘုတ်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအနီးရှိရေပြင်တွင် ခရီးသည်တင် မော်တော်ဘုတ်တစ်စင်းပေါက်ကွဲခဲ့ခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိသွားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

သေဆုံးသွားသူမှာ ဩစတြေးလျအမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်သေဆုံးသူအမျိုးသမီးမှာ မည်သူမည်ဝါ ဖြစ်ကြောင်း ရှင်းလင်းစွာ မသိရသေးပေ။

ယခု ပေါက်ကွဲမှုသည် ဗုံးပေါက်ကွဲမှုမဖြစ်နိုင်ဘဲ လောင်စာဆီကန်အနီးရှိ လျှပ်စီးပတ်လမ်းမှ တစ်ဆင့်ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်နိုင်သည်ဟု အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြောကြားသွားသည်။

"ခရီးသည်တွေရဲ့ထွက်ဆိုချက်တွေ၊ မျက်မြင်တွေရှိမှုတွေ အရ ပေါက်ကွဲမှုက လောင်စာကန်ကနေ ဖြစ်ပွားလာတာလို့ ထင်ပါတယ်"ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ ဆူဒါဆိုက ပြောကြားသွားသည်။

ပေါက်ကွဲမှုကြောင့် မော်တော်ဘုတ်၏ ပြတင်းပေါက်များ ပျက်စီးသွားပြီး ထိုင်ခုံများလည်း ထိခိုက်ခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းများ တင်းကျပ်ခြင်းမရှိဘဲ လူသေမှုများ မကြာခဏပေါ်ပေါက်လျက်ရှိသည်။

ပေါက်ကွဲမှု ဖြစ်ပွားရာ ဂါလီကြောင် (၂) မော်တော်ဘုတ်တွင် နိုင်ငံခြားသားများအပါအဝင် ခရီးသည် ၃၀ ခန့်နှင့် ရေယာဉ်အမှုထမ်းလေးဦး လိုက်ပါလာပြီးအနီးရှိ ဂါလီထရာဝမ်ဂါကျွန်းသို့ဦးတည် ခုတ်မောင်းလာခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်းကလည်း ဘာလီကျွန်းနှင့် လွန်ဘောက်ကျွန်းကို ဆက်သွယ်ခုတ်မောင်းနေသည့် ဖယ်ရီတစ်စင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ခရီးသွား ဒါဇင်နှင့်ချီ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းပေါက်ကွဲမှုသည်လည်း ဖယ်ရီပေါ်ရှိ လောင်စာကန်မှ တစ်ဆင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ■




အမေရိကန်ပဲ့ထိန်း ဒုံးကျည်တပ်စစ်သင်္ဘော USS Mustin နှင့် ဂျပန် စစ်သင်္ဘော JS Kirisame တို့ တောင်တရုတ်ပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရစဉ်

# တောင်တရုတ်ပင်လယ်တွင် ဂျပန်ပိုမိုကင်းလှည့်မည်

**တိုကျို၊ စက်တင်ဘာ ၁၆**

ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း စစ်ရေးလေ့ကျင့်ခြင်း၊ အမေရိကန်နှင့် ပူးတွဲကင်းလှည့်ခြင်းများဖြင့် တောင်တရုတ်ပင်လယ်တွင်း ကင်းလှည့်မှုများကို ဂျပန်နိုင်ငံ ပိုမိုလုပ်ဆောင်သွားမည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါက ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

တောင်တရုတ် ပင်လယ်တွင်း တရုတ်နိုင်ငံက နယ်မြေတောင်းဆိုမှု လုပ်ဆောင်နေခြင်းကို ဂျပန်နိုင်ငံကလည်း အမေရိကန်ပြည်ထောင်စုနည်းတူ စိုးရိမ်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၏ ကာကွယ်ရေး စွမ်းရည်မြှင့်တင်ရေး ကူညီပေးသွားမည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး အီနာဒါက ဝါရှင်တန်မြို့တော်ရှိ မဟာဗျူဟာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာရေးစင်တာတွင် ပြောကြားသွားသည်။

ဂျပန်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍လည်း တရုတ်နှင့် အငြင်းပွားနေသည့် နိုင်ငံတစ်ခုဖြစ်သည်။

"အမေရိကန်ရေတပ် လုပ်ဆောင်နေတဲ့လွတ်လပ်စွာ သွားလာခုတ်မောင်းမှု စစ်ဆင်ရေးတွေကို ဂျပန်က ခိုင်ခိုင်မာမာ ထောက်ခံပါတယ်။ ဒေသတွင်း နိုင်ငံတွေနဲ့ နှစ်နိုင်ငံပူးပေါင်း စစ်ရေးလေ့ကျင့်မှု၊ နိုင်ငံပေါင်းစုံ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု၊ အမေရိကန်ရေတပ်နဲ့ပူးပေါင်း လေ့ကျင့်မှုတွေကတစ်ဆင့် တောင်တရုတ်ပင်လယ်အရေးမှာ ဂျပန်နိုင်ငံ ပိုမိုပတ်သက်သွားပါမယ်"ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြား သွားသည်။

ဒေသတွင်း ကမ်းရိုးတန်းနိုင်ငံများ၏ စွမ်းရည်မြှင့်တင်ရေး ကူညီပေးသွားမည်ဟု ဂျပန်က ပြောကြားသွားပြီး ဗီယက်နမ်နိုင်ငံကို ယခုလအတွင်း ကင်းလှည့်ရေယာဉ်များ ပေးအပ်ရန် သဘောတူညီထားပြီးဖြစ်သည်။

ထို့အပြင် တရုတ်နှင့် ပိုင်နက် အငြင်းပွားနေသည့် ဖိလစ်ပိုင်နိုင်ငံသို့လည်း အကြီးစား ကင်းလှည့်ရေယာဉ်နှစ်စင်းပေးအပ်ရန် နှင့် စောင့်ကြည့်ရေး စစ်လေယာဉ်ငါးစင်းအထိငှားရမ်းရန် ဂျပန်နိုင်ငံက သဘောတူထားသည်။

တောင်တရုတ် ပင်လယ်တွင်း ကင်းလှည့်မှု ပိုမိုလုပ်ဆောင်မည့် ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို အမေရိကန်ရေတပ်က ကြိုဆိုလိုက်ပြီး ဒေသတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုတိုးမြှင့်နိုင်ရေး ဂျပန်နိုင်ငံနှင့် ပူးပေါင်း လုပ်ဆောင်မည်ဟု အမေရိကန်ရေတပ်က ကြေညာချက် ထုတ်ပြန်လိုက်သည်။ ■

# ပြင်သစ်-တရုတ် နျူကလီးယားစက်ရုံတည်ဆောက်ရေး ဗြိတိန်ခွင့်ပြု

**လန်ဒန်၊ စက်တင်ဘာ ၁၆**

ဗြိတိန်နိုင်ငံတွင်း ပြင်သစ်နှင့် တရုတ်နှစ်နိုင်ငံမှ လုပ်ငန်းများ ပူးပေါင်းတည်ဆောက်မည့် ဒေါ်လာ ၂၄ ဘီလီယံတန် နျူကလီးယား စက်ရုံ တည်ဆောက်ရေးကို ဗြိတိန်အစိုးရက ခွင့်ပြုပေးလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဆယ်စုနှစ်တစ်ခုအတွင်း ဗြိတိန်နိုင်ငံ၌ ပထမဆုံးအကြိမ် စတင် ဆောက်လုပ်မည့် နျူကလီးယားစက်ရုံ တည် ဆောက်ရေး စီမံကိန်းကို ဝန်ကြီးချုပ်ထရီဆာမေ၏ အစိုးရက ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

သို့သော်လည်း အရေးကြီးသည့်အခြေခံအဆောက်အဦ လုပ်ငန်းများတွင် နိုင်ငံခြားလုပ်ငန်းများ ပါဝင်လာပါက အစိုးရအဖွဲ့၏ ထိန်းချုပ်မှု ပိုမိုခွင့်ပြုရေး ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒသစ်ကိုလည်း ဗြိတိန် အစိုးရက ထုတ်ပြန်လိုက်သည်။

အင်္ဂလန်အနောက်တောင်ပိုင်းတွင် ပြင်သစ်တည်ဆောက်ရေး လုပ်ငန်း EDF က တရုတ်နိုင်ငံမှ ထောက်ပံ့ငွေ ဒေါ်လာ ၈ ဘီလီယံ ရယူပြီး ဟင်ကလေး အမှတ် (၈) စီမံကိန်းကို တည်ဆောက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်း နှင့် ပတ်သက်သည့် စာချုပ်လက်မှတ်မထိုးခင် နာရီပိုင်းအလိုတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ ရှုထောင့်အပါအဝင် အမြင်အမျိုးမျိုးဖြင့် စာချုပ်ကို သုံးသပ်ရန်လိုသေးသည်ဟု အကြောင်းပြကာ လက်မှတ်ရေးထိုးရေးကို ဗြိတိန်ဝန်ကြီးချုပ်မေက ဆိုင်းငံ့ခိုင်းလိုက်သဖြင့် ရင်းနှီးမြှုပ်နှံသူများ အံ့အားသင့်ခဲ့ရသည်။

ထို့အပြင် နျူကလီးယား စက်ရုံ တည်ဆောက်မှု မပြီးခင်နှင့် အပြီးတွင် ပြင်သစ် EDF လုပ်ငန်းပိုင်ရှယ်ယာများ ရောင်းချခွင့် ဗြိတိန်အစိုးရက ထိန်းချုပ်ထားသည်။

ယင်းကဲ့သို့ကန့်သတ်လိုက်ပြီး စီမံကိန်းကိုခွင့်ပြုလိုက်ခြင်းကို ပြင်သစ် EDF လုပ်ငန်းနှင့် တရုတ်အစိုးရ အထောက်အပံ့ရရှိထားသည့် တရုတ်အထွေထွေ နျူကလီးယား စွမ်းအင်ကော်ပိုရေးရှင်းတို့က ကြိုဆိုလိုက်သည်။

အင်္ဂလန်အနောက်တောင်ပိုင်း ဟင်ကလေး ဒေသတွင် တည်ဆောက်မည့် နျူကလီးယားစွမ်းအင်စီမံကိန်းမှ တစ်ဆင့် ဗြိတိန်နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအား စုစုပေါင်း၏ ၇ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

တရုတ်လုပ်ငန်း CGN သည် ဗြိတိန်နျူကလီးယားစက်ရုံများ တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန် စီစဉ်လျက်ရှိပြီး ဗြိတိန်အစိုးရအဖွဲ့တွင် အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ပေါ်ပေါက်ခဲ့သည်။ ■




တရုတ်နှင့် ပြင်သစ် ပူးပေါင်းတည်ဆောက်မည့် နျူကလီးယားစက်ရုံပုံစံငယ်

# ရွှေ့ပြောင်းနေထိုင်သူများနှင့် ဂျာမန်ဒေသခံများ ဘောက်ဇန်မြို့၌ ပဋိပက္ခဖြစ်

ဘာလင်၊ စက်တင်ဘာ ၁၆

ဒုက္ခသည်ဆန့်ကျင်ရေး စိတ်ဓာတ်များ မြင့်တက်လျက်ရှိသည့် ဂျာမနီအရှေ့ပိုင်းရှိ ဘောက်ဇန်မြို့တွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် လက်ယာအစွန်းရောက် ဂျာမန် ဒေသခံများ ပဋိပက္ခဖြစ်ခဲ့ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဘောက်ဇန်မြို့တွင် လက်ယာအစွန်းရောက်ဟု ယူဆရသူ ၈၀နှင့် ရွှေ့ပြောင်းနေထိုင်သူ လူငယ် ၂၀ ခန့် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း ဂျာမန်ရဲတပ်ဖွဲ့က ပြောကြားသွားသည်။

အဆိုပါမြို့၌ တင်းမာမှုများ ဖြစ်ပွားနေသည်မှာ ရက်ပေါင်းများစွာ ကြာနေပြီဖြစ်ပြီး အသက် ၃၂ နှစ်အရွယ် ဒေသခံတစ်ဦး ပုလင်းဖြင့် ပေါက်ခံရပြီး ဒဏ်ရာရရှိသွားရာမှ တစ်ဆင့် ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

မြို့လယ်ရှိ ကောမတ်ဈေးဝယ် စင်တာကို ရွှေ့ပြောင်းနေထိုင်သူများ သိမ်းပိုက်လျက်ရှိသည်ဟု လက်ယာအစွန်းရောက်ဟု ယူဆရသူ ၈၀ ခန့်က ရွှေ့ပြောင်းနေထိုင်သူ လူငယ် ၂၀ ခန့်ကို စွပ်စွဲပြောကြားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသွားသည်။

ခိုက်ရန် ဖြစ်ပွားသူများကို ရဲတပ်ဖွဲ့က လူစုခွဲခဲ့သော်လည်း ရွှေ့ပြောင်းနေထိုင်သူများက ရဲတပ်ဖွဲ့ကိုပုလင်းများ၊ သစ်သားတုတ်များဖြင့် တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့က ငရုတ်ကောင်းမှုန့်ဘူးများ၊ နံပတ်တုတ်များ အသုံးပြုခဲ့ရသည်။

"ဘောက်ဇန်မြို့ကို လက်ယာအစွန်းရောက်တွေ လက်တည့်စမ်းတဲ့ ကစားကွင်းအဖြစ်မခံနိုင်ဘူး" ဟု အဆိုပါ မြို့တော်ဝန် အလက်ဇန်းဒါး အာရန်က ပြောကြားသွားသည်။

လက်ရှိတွင် ရွှေ့ပြောင်းနေထိုင်သူ လူငယ်များ အရက်မသောက်ရန်နှင့် ည ၇ နာရီကျော်လျှင် အပြင်မထွက်ရန် ဘောက်ဇန်မြို့တွင် အမိန့်ထုတ်ထားသည်။

ယခုနှစ် အတွင်း ဘောက်ဇန်မြို့၌ ရွှေ့ပြောင်းနေထိုင်သူများ ဆန့်ကျင်သည့် စိတ်ဓာတ်များ တိုးပွားလာပြီး သောကြာနေ့တွင်လည်း ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာ အိမ်ကိုမီးရှို့ရာ၌ ဒေသခံများ ဝိုင်းရံအားပေးခဲ့ကြသည်။

ဘောက်ဇန်မြို့သည် အစ္စလာမ့်စ်ဆန့်ကျင်ရေး ပီဂီဒါလှုပ်ရှားမှု အားကောင်းရာ ဒရက်ဒန်မြို့အရှေ့ဘက် ၃၈ မိုင်တွင်ရှိသည့် မြို့ဖြစ်သည်။

ဒုက္ခသည်ပေါင်း ၁ ဒသမ ၁ သန်း ပြီးခဲ့သည့် နှစ်အတွင်း ဂျာမနီနိုင်ငံတွင်း ဝင်ရောက်လာပြီးနောက် အထူးသဖြင့် နိုင်ငံ အရှေ့ပိုင်းဒေသများတွင် ရွှေ့ပြောင်းနေထိုင်သူများကိုဆန့်ကျင်သည့်သဘောထား တိုးပွားလာနေကာ အစ္စလာမ်ဆန့်ကျင်ရေး AfD ပါတီအပေါ် ထောက်ခံမှု တိုးပွားလာလျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွင်း မီးရှို့တိုက်ခိုက်မှု ၅၇ ခု အပါအဝင် ဒုက္ခသည်များ နေထိုင်ရာနေရာများကို တိုက်ခိုက်မှု ၇၀၀ ထိ ဖြစ်ပွားခဲ့ကြောင်း ဂျာမနီဖက်ဒရယ်ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ ■




ဘောက်ဇန်မြို့တွင် တွေ့ရသည့် ရွှေ့ပြောင်းနေထိုင်သူများ




မက္ကာပြည်နယ်အုပ်ချုပ်ရေးမှူး မင်းသားခါလက်အယ်ဖိုင်ဇယ်

## ဆော်ဒီကို ယှဉ်ပြိုင်ရေး လက်နက်အင်အားမသုံးရန် အီရန်အား ဆော်ဒီထိပ်တန်းအရာရှိသတိပေး

ရီးယာဒ်၊ စက်တင်ဘာ ၁၆

ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ဟက်ဂျ်ဘုရားဖူးဆိုင်ရာစီမံခန့်ခွဲမှုကို အီရန်နိုင်ငံက ဝေဖန်လာမှုအားတုံ့ပြန်ရာတွင် ဆော်ဒီကို ယှဉ်ပြိုင်ရေး လက်နက်အင်အား မသုံးရန် ဆော်ဒီထိပ်တန်းအရာရှိတစ်ဦးက အီရန်ကို သတိပေးလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ် ဘုရားဖူးကာလတွင် စနစ်တကျစီစဉ်ထားပြီး ဘုရင့်နိုင်ငံပေါ် စွပ်စွဲပြောကြားထားသည့် အလိမ်အညာအားလုံးကို တုံ့ပြန်ထားသည်ဟု မက္ကာပြည်နယ် အုပ်ချုပ်ရေးမှူး မင်းသားခါလက်အယ်ဖိုင်ဇယ်က အီရန်နိုင်ငံအပေါ် ရည်ညွှန်းပြောကြားသည်ဟု ယူဆရသည့် မှတ်ချက်တွင် ထည့်သွင်းပြောကြားသွားသည်။

ပြီးခဲ့သည့်နှစ် ဟတ်ဘုရားဖူးကာလတွင် ရှန်းရင်းဆန်ခတ် တက်နင်းမိသဖြင့် လူရာပေါင်းများစွာ သေဆုံးခဲ့ပြီး အများစုမှာ အီရန်နိုင်ငံသားများဖြစ်သည်။

အဆိုပါဖြစ်စဉ်အပြီးတွင် အီရန်နှင့်ဆော်ဒီကြား စကားလုံးစစ်ထိုး ပြောကြားမှု မြင့်တက်နေပြီး မက္ကာပြည်နယ်အုပ်ချုပ်ရေးမှူး၏ မှတ်ချက်ပေးမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

"ကျူးကျော်ဖို့သူတို့ (အီရန်) စီစဉ်နေတယ်ဆိုရင် ကျွန်တော်တို့ကို အလွယ်တကူ မချေမှုန်းနိုင်ဘူးဆိုတာ သိဖို့လိုပါတယ်။ ရန်လိုသူ မှန်သမျှကို ကျွန်တော်တို့ တားဆီးသွားမှာပါ" ဟု မင်းသားခါလက်က ဆော်ဒီ SPA သတင်းဌာနကို ပြောကြားသွားသည်။

ဆော်ဒီနှင့် စစ်ပြုရေးမည်သည့်အီရန် ထိပ်တန်းခေါင်းဆောင်ကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိသလို စစ်ဖြစ်ရေးကို နှစ်နိုင်ငံလုံးကလည်း မလိုလားပေ။

သို့သော်လည်း ပြီးခဲ့သည့်နှစ် ဟက်ဂျ်ဘုရားဖူးကာလဖြစ်ရပ်ဆိုးနှင့် ဇန်နဝါရီလတွင်း ဆော်ဒီနိုင်ငံတွင်းရှိ ထိပ်တန်း ရှီးယား ဘာသာရေး ခေါင်းဆောင် နာမာအယ်နာမာကို ဆော်ဒီက ကွပ်မျက်လိုက်ပြီးနောက် အီရန်နှင့်ဆော်ဒီကြား လပေါင်းများစွာကြာ အပြန်အလှန် ဝေဖန်လျက်ရှိသည်။

နာမာကွပ်မျက်ခံရပြီးနောက်တွင် အီရန်နိုင်ငံရှိ ဆော်ဒီသံရုံး တိုက်ခိုက်ခံလိုက်ရပြီး အီရန်နှင့် သံတမန် ဆက်ဆံရေးကို ဆော်ဒီက ဖြတ်တောက်လိုက်သည်။

ထို့အတူ နာမာသေဆုံးခဲ့ရမှုအတွက် ပြင်းပြင်းထန်ထန် လက်စားချေမည်ဟူ၍လည်း အီရန်နိုင်ငံ၏ အာဏာပြင်းလှသည့် တော်လှန်ရေး အစောင့်တပ်ဖွဲ့က ကတိပြုထားသည်။ ■

## CARTOON OF THE WEEK




ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဟီလာရီကလင်တန်တွင် အဆုတ်ရောင်ရောဂါရရှိပြီးနောက် ကျန်းမာရေးအခြေအနေ စိုးရိမ်နေရပုံကို သရော်ထားသည်

The VOICE Saturday FOREIGN AFFAIRS

Vol. 12 / No. 34, Saturday, September 17, 2016

# ဖိလစ်ပိုင်မှာ အမေရိကန်၏ ညီငယ်လေးမဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီး တုံ့ပြန်

**မနီလာ၊ စက်တင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ ခိုင်မာသည့်မဟာမိတ်တစ်ဦးဖြစ်သော်လည်း လူ့အခွင့်အရေးနှင့် ပတ်သက်လျှင် လက်ချာရိုက်ရန်မလိုဘဲ အမေရိကန်၏ ညီငယ်လေးတစ်ဦးကဲ့သို့ ဆက်ဆံစရာမလိုဟု နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုယာဆေးက တုံ့ပြန်ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။


Reuters

နိုင်ငံခြားရေး ဝန်ကြီး ပါဖက်တို ယာဆေး

လူထောင်ပေါင်းများစွာ သေဆုံးလျက်ရှိသည့် ဖိလစ်ပိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးစစ်ပွဲကို အမေရိကန်ပြည်ထောင်စုက ဝေဖန်ခြင်းကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဝေဖန်လိုက်ပြီး နှစ်နိုင်ငံဆက်ဆံရေးမှာ အပြန်အလှန် လေးစားမှုအပေါ်မှီတည်သင့်သည်ဟု တောင်းဆိုလိုက်သည်။

"ကျွန်တော်တို့ရဲ့ရည်မှန်းချက်တွေဟာ ဘာတွေလဲဆိုတာကိုသိဖို့အမေရိကန်မိတ်ဆွေတွေ၊ အမေရိကန်ခေါင်းဆောင်တွေလာကြည့်ဖို့တောင်းဆိုလိုပါတယ်။ အမေရိကရဲ့ ညီငယ်လေးအဖြစ် အမြဲတမ်းရပ်တည်မနေနိုင်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကြီးထွားလာဖို့နဲ့ ကျွန်တော်တို့ပြည်သူတွေအတွက် အစ်ကိုကြီး ဖြစ်လာဖို့လိုပါတယ်" ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ယာဆေးက ပြောကြားသွားသည်။

လက်ရှိ ဖိလစ်ပိုင်သမ္မတ ဒူတာတီး မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း လုပ်ကြံသတ်ဖြတ်မှုလုပ်ဆောင်ရန် လူသတ်သမားများကို အမိန့်ပေးခဲ့ကြောင်း သတင်းများပေါ်ထွက်နေခြင်းကြောင့်လည်း အမေရိကန်ပြည်ထောင်စုက စိုးရိမ်လျက်ရှိသည်။

ထို့အပြင် အမေရိကန်သမ္မတ အိုဘားမားကို 'ခွေးမသား' ဟု ဖိလစ်ပိုင် သမ္မတ ဒူတာတီးက ခေါ်ဆိုခဲ့ခြင်းကြောင့်လည်း ဝါရှင်တန်တွင် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

ယင်းအပြင် အမေရိကန် အထူးတပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ ပြန်လည်ရုပ်သိမ်းရန် ဒူတာတီးက တောင်းဆိုလိုက်ခြင်းကြောင့်လည်း မဟာမိတ် နှစ်နိုင်ငံကြားနားလည်မှုလွဲမှားခဲ့ရသည်။

တောင်ပိုင်းဒေသရှိ အဘူဆေယတ် စစ်သွေးကြွများကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များ မပိတ်မိစေရေး ယာယီတပ်ရုပ်ရန်သာ တောင်းဆိုခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြောကြားချက်ကို နားလည်မှုလွဲမှားခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ယာဆေးက ဖြေရှင်းထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းကင်းလှည့်ရေးမလုပ်ရန် သမ္မတ ဒူတာတီးငြင်းဆိုခြင်းမှာ သီးသန့်စီးပွားရေးဇုန်အရေးနှင့် ပတ်သက်နေခြင်းသာဖြစ်ပြီး ဖိလစ်ပိုင်ကမ်းရိုးတန်းမှ ရေမိုင် ၁၂ မိုင်အတွင်းမူ ပူးပေါင်းကင်းလှည့်မည်ဟု ဖိလစ်ပိုင်က ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နှင့် အမေရိကန် နှစ်နိုင်ငံသည် ခိုင်မာသည့်မဟာမိတ်နှစ်ဦးဖြစ်သော်လည်း လက်ရှိသမ္မတ ဒူတာတီး အုပ်ချုပ်သည့်ကာလတွင် အလွန်အကျွံ မှတ်ချက်ပေးပြောကြားမှုများကြောင့် နှစ်နိုင်ငံကြား အဆင်မပြေမှု မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ■

# ၁၉၈၀ နှစ်များအတွင်း လက်ဝဲနိုင်ငံရေးသမားများ သတ်ဖြတ်ခံရမှုအတွက် တာဝန်ရှိဟု ကိုလံဘီယာ အစိုးရ ဝန်ခံ

**ဘိုဂိုတာ၊ စက်တင်ဘာ ၁၅**

၁၉၈၀ပြည့်လွန်နှစ်များအတွင်း လက်ဝဲနိုင်ငံရေးပါတီတစ်ခုမှ ပါတီဝင်ထောင်ပေါင်းများစွာ သတ်ဖြတ်ခံရမှုအတွက် ကိုလံဘီယာနိုင်ငံတော်တွင် တာဝန်ရှိသည်ဟု ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့က ဝန်ခံပြောကြားလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။


Reuters

ကိုလံဘီယာ သမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့

ကိုလံဘီယာ တော်လှန်သောလက်နက်ကိုင်တပ်ဖွဲ့ ( FARC ) နှင့် ငြိမ်းချမ်းရေးစာချုပ်မချုပ်ဆိုခင် ရက်သတ္တပတ် နှစ်ပတ်ခန့်အလိုတွင် ကိုလံဘီယာသမ္မတ၏ ဝန်ခံပြောကြားမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ငြိမ်းချမ်းရေး သဘောတူညီမှုရရှိပြီးနောက် FARC သူပုန်များက မျိုးချစ်သမဂ္ဂကိုဖွဲ့စည်းခဲ့သော်လည်း အဖွဲ့ဝင်များ သတ်ဖြတ်ခံခဲ့ရသည်။

မျိုးချစ်သမဂ္ဂအဖွဲ့ဝင်များနှင့် လိုလားထောက်ခံသူပေါင်း ၅၀၀၀ ခန့်ကို နိုင်ငံတော် အထောက်အပံ့ ရရှိထား သည့် လက်ယာပြည်သူ့စစ်အုပ်စုများက သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

"အဲဒီဖြစ်ရပ်ဆိုး မဖြစ်ခဲ့သင့်ပါဘူး။ လုပ်ကြံသတ်ဖြတ်မှုတွေ၊ တိုက်ခိုက်မှုတွေ၊ တခြားသော အကြမ်းဖက်မှုတွေ ဖြစ်ပျက်နေတာကို အထောက်အထား ရှိနေပေမယ့်လည်း အစိုးရအဖွဲ့က ဝင်ရောက် တားဆီးဖို့ လုံလောက်စွာ မလုပ်ခဲ့ဘူးဆိုတာ ကျွန်တော်တို့ အသိအမှတ်ပြုဖို့လိုပါတယ်" ဟု မျိုးချစ်သမဂ္ဂအဖွဲ့ဝင်များနှင့် မိသားစုဝင် ၂၀၀ ခန့် တက်ရောက်သည့် အခမ်းအနားတစ်ခုတွင် သမ္မတဆန်းတို့က ပြောကြားသွားသည်။

ထို့အပြင် ရာစုနှစ်ထက်ဝက်နီးပါး ဖြစ်ပွားနေသည့် ပဋိပက္ခအတွင်း ရန်ပုံငွေရရှိနိုင်ရေး လူထောင်ပေါင်းများစွာကို ပြန်ပေးဆွဲခဲ့ခြင်းအတွက်လည်း FARC သူပုန်အဖွဲ့က တနင်္လာနေ့တွင် ဝန်ချတောင်းပန်သွားသည်။

မက်စ်ဝါဒီ FARC သူပုန်များ လက်နက်ချပြီးပါက ၎င်းတို့၏ လုံခြုံရေးကို ကိုလံဘီယာအစိုးရက တာဝန်ယူပေးမည်ဖြစ်ပြီး သူပုန်အဖွဲ့ကလည်း နိုင်ငံရေးပါတီတစ်ရပ်တည်ထောင်ကာ အစိုးရအဖွဲ့တွင် တာဝန်ယူနိုင်ရေး ပြင်ဆင်လျက်ရှိသည်။

လူပေါင်း ၂၂၀ ၀၀၀ ကျော် သေဆုံးပြီး သန်းနှင့်ချီနေရပ် စွန့်ခွာထွက်ပြေးခဲ့ရသည့် လက်နက်ကိုင်တိုက်ခိုက်မှု ရပ်ဆိုင်းရေး ကိုလံဘီယာအစိုးရနှင့် FARC သူပုန်အဖွဲ့ကြား ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိသည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင်ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး ယင်းစာချုပ်နှင့် ပတ်သက်သည့် လူထု သဘောထားကို သိနိုင်ရန် အောက်တိုဘာ ၂ ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်သည်။ ■